# စဆူရှိုင်ဦး

မိုးပေါ်ကမျော



## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအာ
ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော
တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအာ
ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖ
နှောင့်ယှက်သော ပြည်ပနိုင်ငံများအား
ဆန့်ကျင်ကြ။

* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်
အဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဆွေလှိုင်ဦး

## မိုးပေါ်ကမချော

# အခန်း (၁)

'ဟယ်....လှလိုက်တာ၊ ဒါ....ဒါ သမီးဖို့လား ဒယ်ဒီ'

ခင်စန္ဒီသည် ကားပေါ်မှ ချလာသော မော်တော် ဆိုင်ကယ် လှလှလေးကိုကြည့်ရင်း ဝမ်းသာအားရ ဖြစ်နေသည်။

အမည်က ယာမဟာ Yamaha XS-1100 E.

ကာလာ က Macho Maroon.

'သိပ်....သိပ်လှတာပဲနော်၊ သမီးစီးမယ်နော် ဒယ်ဒီ၊ ဒါ သမီးဖို့နော်'

ခင်စန္ဒီသည် အိမ်ကြီးမဟာရှေ့တွင် ရပ်ထားသော ဆိုင်ကယ်လေးကို ကြည့်၍ ဆွေ့ဆွေ့ခုန်နေသည်။

သမင်မကလေးလို မြူးကြွနေသည်။

'ဒီဒီက မိန်းကလေးပဲ၊ ဆိုင်ကယ်စီးလို့ ဘယ်သင့်တော်ပါ့မလဲကွယ်၊ ပြီးတော့ ဒီဆိုင်ကယ်က စက်အားကြီးတယ်၊ သောင်ဆင်စီစီ ဆိုတော့ သမီး နိုင်မှာမဟုတ်ပါဘူး'

'ဟွန့်'

ခင်စန္ဒီ နှုတ်ခမ်းကလေးက ကွေးတွန့်သွားသည်။

ခြေကလေးကို ဆောင့်သည်။ တစ်ကိုယ်လုံး လှုပ်ပစ်သည်။

'ဒါဖြင့် ဘယ်သူ့ဖို့လဲ၊ ဒယ်ဒီ စီးဖို့လား'

'မဟုတ်ဘူး၊ ငမန်းလေးဖို့'

ခင်စန္ဒီ အံ့ဩသွားရသလို စိုးနက်၏မျက်ခွက်ကြီးက ပုပ်သွားသည်။

သည် ယာမဟာ ခေတ်ပျံဆိုင်ကယ်ကြီးဟာ ငမန်းလေးအတွက်တဲ့။

'စိုးနက်'

'ခင်ဗျာ....ဆရာကြီး'

'သွား....ငမန်းလေးကို ခေါ်ခဲ့'

'ဟုတ်ကဲ့'

စိုးနက် မကျေမနပ်ဖြင့် ကားရုံဘက်သို့ ထွက်ခွာသွားသည်။

'ဒယ်ဒီက ဒီအကောင်စုတ်ကလေးကို ဘာဖြစ်လို့ ဒါလောက် မြှောက်စားနေရတာလဲ၊ သူ့အတွက် မနည်းကုန်နေပြီ မဟုတ်လား၊ သမီးကို ကင်မရာ ဝယ်ပေးပါဆိုတော့ မပေးဘူး၊ ဟွန့်.... သူ့ကျတော့ နီကွန်ဖက်တီတူးအတွေ ဘာတွေနဲ့ သူဌေးသားကျနေတာပဲ'

'ဒီဒီ....သမီး'

'ဘာလဲ'

ခင်စန္ဒီ စိတ်ကောက်နေသည်။

စိတ်ကောက်ချင်ယောင် ဆောင်နေသည်။





ကိုမျိုးခက်အတွက်ဆိုလျှင် ကျေနပ်ပြီးသား၊ ဝမ်းသာပြီးသား။

သို့သော်ငြားလည်း....

ဒယ်ဒီ့ ရှေ့တွင် အကောင်စုတ်ကလေးဟုခေါ်၍ အထင်သေးပြထားသည်။

စင်စစ်.... အထင်လည်း မသေး။

အကောင်စုတ်ကလေး မဟုတ်။

'ဘာပဲဖြစ်ဖြစ် ဒီဒီ စီးမှာပဲ၊ နောက်ကပဲ ထိုင်ရ ထိုင်ရ လိုက်စီးမှာပဲ'

'အဲ....ငါ့သမီးကလဲ၊ ဒီဆိုင်ကယ်က ပါဝါကြီးလို့ မစီးခိုင်းတာ၊ သမီးအတွက် ပေါ့ပေါ့ပါးပါး 'စကူတာ' လေး ဝယ်ပေးမှာပေါ့'

'ဘယ်တော့လဲ'

'ဒယ်ဒီ့ လုပ်ငန်းတစ်ခု အောင်မြင်ရင် ဝယ်ပေးမယ်'

'ဟင့်အင်း....ဒယ်ဒီ့ လုပ်ငန်းက ဘယ်တော့ အောင်မြင်မှန်းမှ မသိတာ'

'အဲဒါကို ပြောမလို့၊ ဒယ်ဒီ လုပ်ငန်းအောင်မြင်ဖို့ သမီး အကူအညီ လိုတယ်'

'ဘယ်လို....သမီးက ဒယ်ဒီ့ လုပ်ငန်းကိုမှ နားမလည်ဘဲနဲ့ ဥစ္စာ'

'အလွယ်လေးပါ သမီးရယ်၊ ငမန်းလေးဟာ ဖေဖေ့ လုပ်ငန်းမှာ အသုံးဝင်တဲ့ မုတ်ကောင်ကြီးတွေရှိတဲ့ နေရာကို သိတယ်'

'မုတ်ကောင်....မုတ်ကောင် ဘာလုပ်ဖို့လဲ၊ ပေါလွန်းလို့'

'မဟုတ်ဘူး သမီးရဲ့၊ အဲဒီ မုတ်ကောင်ကြီးတွေက ပုလဲမွေးမြူလို့ရတဲ့ Pearl Oyster တွေ၊ ဒယ်ဒီ ပုလဲမွေးဖို့အထက်ကို လိုင်စင်လျှောက်တာ ကျလာပြီကွ၊ ပုလဲတွေမွေးလို့ ရရင် သမီးလိုချင်တာ ဝယ်ပေးမယ်၊ သမီးက ဒယ်ဒီ့ကို အကူအညီပေး'

'ဘယ်လိုပေးရမှာလဲ ဒယ်ဒီ'

'အဲဒီ ပုလဲမုတ်ကောင်ကြီးတွေ ရှိတဲ့နေရာကို ငမန်းလေးက သိတယ်'

'ဒါဖြင့် ဒယ်ဒီ ဘာသာ မေးပါလား'

'မေးပြီးပြီ၊ မပြောဘူး၊ သူက တခြားသူဌေးတစ်ယောက်နဲ့ အလုပ်လုပ်ဖို့ စီစဉ်ထားပြီးပြီ၊ ဒယ်ဒီတို့ဆီမှာ အလုပ်မလုပ်ချင်တော့ဘူးတဲ့'

'ဟင်....'

ခင်စန္ဒီ ရင်ထဲတွင် လှုပ်ခတ်သွားသည်။

ကိုမျိုးခက် သွားတော့မယ်တဲ့။

သူသွားရင် ဒီဒီနဲ့ ခွဲရတော့မှာ။

'ဒါလောက်တောင် သူ့ကိုမြှောက်စားထားတာ၊ သွားချင်လဲ သွားပါစေပေါ့ ဒယ်ဒီ'

ခင်စန္ဒီ ညာပြောသည်။

'ဒယ်ဒီကတော့ သူ့ကို တူရင်းသားရင်း တစ်ယောက်လိုမြှောက်စားထားတာပဲကွယ်၊ သူ မနေချင်လဲ သွားပါစေ





ပေါ့၊ အဲ....ဒါပေမယ့် သမီး သူ့ကို နည်းနည်းပါးပါး ချော့မေးကြည့်ပါလား၊ လူငယ်ချင်းဆိုတော့ ပြောချင်ပြောမှာ'

စီးပွားရေးသမား အရင်းရှင်များသည် ငွေရမည်ဆိုလျှင် ကိုယ့်သွေးသားကိုပင် အသုံးချရန် ဝန်မလေးကတ်ကြပါ။

'ဟာ....ဒယ်ဒီကလဲ၊ ဒီဒီ....ဒီလိုဟာတွေနဲ့ အဖက်မလုပ်ချင်ဘူး'

အဖက်မလုပ်ချင်ဘူးဟု အိုက်တင်ခံလိုက်သည်။

မဟုတ်။

'ဟော....ငမန်းလေးလာပြီ'

မျိုးခက်သည် ဆရာကြီးဦးစောဗီရှေ့သို့ ရောက်လာ၏။ ခင်စန္ဒီကိုမကြည့်မိ။

'ဟော့ကောင်.... ငမန်းလေး၊ မင်း ဆိုင်ကယ် စီးတတ်သလား'

'စီးတတ်ပါတယ်'

'ရော့....ဒီကတ်တလောက်ကို ဖတ်ကြည့်၊ အဲဒီအထဲမှ အားလုံးပါတယ်၊ ဟော့....စိုးနက်၊ သူ့ကိုဝတ်စုံတွေပေးလိုက်'

'ဟုတ်ကဲ့ ဆရာကြီး'

စိုးနက်သည် ပလတ်စတစ်အိတ်ကြီးနှင့် ထည့်ထားသော ဆိုင်ကယ်စီးဝတ်စုံနှင့် ဟဲလမက်ကို မျိုးခက်အား ပေးလိုက်သည်။

မကျေနပ်။

စိုးနက် လုံးဝကိုမကျေနပ်။

'အဲဒါဖတ်ပြီး ခြံထဲမှာစီးကြည့်၊ စက်နှိုးကြည့်၊ ပြီးရင် မင်းကို မဇင်လေဆိုင်ကို ခိုင်းမလို့၊ အဲဒီဆိုင်ကယ်နဲ့ သွားရမယ်'

'ဟုတ်....ဟုတ်ကဲ့ ဆရာကြီး'

'အေး....ပြီးရင် ငါ့အလုပ်ခန်းထဲကိုလာခဲ့'

ဦးစောဒီတို့ ထွက်သွားသည်။

မျိုးခက်သည် အင်မတန်လှပသော မော်တော်ဆိုင်ကယ်ကြီးကို ကြည့်၍ ဝမ်းမသာမိချေ။

ဒါတွေဟာ ငါးစာတွေသာဖြစ်ကြောင်း သူ ကောင်းကောင်း သဘောပေါက်သည်။

ဦးစောဒီသည် သူ့ကိုပစ္စည်းဥစ္စာတွေနှင့် မျှားနေသည်။ သူသည် လူလည်စီးပွားရေးသမားကြီး။

ပြီးတော့....

ပုလဲမုတ်ကောင်ကြီးတွေ ရှိသောနေရာကို အခွင့်သင့်သလို ချော့မေးနေခဲ့သည်။

သူ မပြောခဲ့။

စင်စစ်....

သည်မော်တော်ဆိုင်ကယ်သည် သူတွေ့ထားသော ပုလဲမုတ်ကောင်ကြီးများထဲမှ ရွှေရောင်ပုလဲလုံး Round Golden Pearl တစ်လုံးလောက်မျှပင် တန်ဖိုးမရှိ။

ကိစ္စမရှိ။

မုတ်ကောင်ကြီးများရှိသော ကျောက်မရဏစွယ်ကို ချစ်ချစ်နှင့် သူသာသိထားပါသည်။





မျိုးခက်သည် ယာမဟာ မော်တော်ဆိုင်ကယ် ကတ်လောက်စာအုပ်ထဲတွင်ကြည့်၍ ခေတ်ဆီထည့်သည်။

စက်နှိုးကြည့်သည်။

ဂိုဟာထိုး၍ ခြံထဲတွင် စီးကြည့်သည်။

ရသည်။

သူသည် ကားရုံပေါ်သို့ ပြန်လာခဲ့သည်။

အိမ်ကြီးမဟာ၏ အပေါ်ထပ်မှကြည့်နေသော မိုးပေါ်က မချောကလေးကို သူမမြင်။

မျိုးခက်သည် သူ့ အဝတ်အစားများကို ချွတ်၍ မော်တော်ဆိုင်ကယ်ပြိုင်ပွဲဝင်သော ဝတ်စုံများကို ဝတ်လိုက်သည်။

အဝါရောင် ကိုယ်ကျပ်အင်္ကျီ။

နီညိုရောင် ဖိုင်ဘာဦးထုပ်။

ပြီးတော့ ဇစ်တပ်လည်ရှည်ဖိနပ်။

အပြတ် သားနားသွားသည်။

သူသည် ကားရုံထဲမှ ထွက်ခဲ့သည်။

ခင်စန္ဒီသည် မျိုးခက်ကိုကြည့်၍ ဟုတ်မှ ဟုတ်ရဲ့လားဟု သံသယ ဖြစ်မိသည်။

ပင်ကိုက ခံ့ထည်ချောမောသော သူ့ချစ်သူကလေးမှာ သားသားနားနား ဝတ်စားလိုက်တော့ မမှတ်မိနိုင်အောင် သားနားနေသည်။

'ဒယ်ဒီ'

ခင်စန္ဒီသည် သူမဖခင်၏ အလုပ်ခန်းသို့ အပြေးအလွှား ရောက်ရှိသွားပြီး ခေါ်သည်။

'အဲဒါဖတ်ပြီး ခြံထဲမှာစီးကြည့်၊ စက်နှိုးကြည့်၊ ပြီးရင် မင်းကို မဇင်လေဆိပ်ကို ခိုင်းမလို့၊ အဲဒီဆိုင်ကယ်နဲ့ သွားရမယ်'

'ဟုတ်....ဟုတ်ကဲ့ ဆရာကြီး'

'အေး....ပြီးရင် ငါ့အလုပ်ခန်းထဲကိုလာခဲ့'

ဦးစောဒီတို့ ထွက်သွားသည်။

မျိုးခက်သည် အင်မတန်လှပသော မော်တော်ဆိုင်ကယ်ကြီးကို ကြည့်၍ ဝမ်းမသာမိချေ။

ဒါတွေဟာ ငါးစာတွေသာဖြစ်ကြောင်း သူ ကောင်းကောင်း သဘောပေါက်သည်။

ဦးစောဒီသည် သူ့ကိုပစ္စည်းဥစ္စာတွေနှင့် မျှားနေသည်။

သူသည် လူလည်စီးပွားရေးသမားကြီး။

ပြီးတော့....

ပုလဲမုတ်ကောင်ကြီးတွေ ရှိသောနေရာကို အခွင့်သင့်သလို ချော့မေးနေခဲ့သည်။

သူ မပြောခဲ့။

စင်စစ်....

သည်မော်တော်ဆိုင်ကယ်သည် သူတွေ့ထားသော ပုလဲမုတ်ကောင်ကြီးများထဲမှ ရွှေရောင်ပုလဲလုံး Round Golden Pearl တစ်လုံးလောက်မျှပင် တန်ဖိုးမရှိ။

ကိစ္စမရှိ။

မုတ်ကောင်ကြီးများရှိသော ကျောက်မရဏစွယ်ကို ချစ်ချစ်နှင့် သူသာသိထားပါသည်။





မျိုးခက်သည် ယာမဟာ မော်တော်ဆိုင်ကယ် ကတ်လောက်စာအုပ်ထဲတွင်ကြည့်၍ ခေတ်ဆီထည့်သည်။

စက်နှိုးကြည့်သည်။

ဂီယာထိုး၍ ခြံထဲတွင် စီးကြည့်သည်။

ရသည်။

သူသည် ကားရုံပေါ်သို့ ပြန်လာခဲ့သည်။

အိမ်ကြီးမဟာ၏ အပေါ်ထပ်မှကြည့်နေသော မိုးပေါ်က မချောကလေးကို သူမမြင်။

မျိုးခက်သည် သူ့အဝတ်အစားများကို ချွတ်၍ မော်တော်ဆိုင်ကယ်ပြိုင်ပွဲဝင်သော ဝတ်စုံများကို ဝတ်လိုက်သည်။

အဝါရောင် ကိုယ်ကျပ်အင်္ကျီ။

နီညိုရောင် ဖိုင်ဘာဦးထုပ်။

ပြီးတော့ ဇစ်တပ်လည်ရှည်ဖိနပ်။

အပြတ် သားနားသွားသည်။

သူသည် ကားရုံထဲမှ ထွက်ခဲ့သည်။

ခင်စန္ဒီသည် မျိုးခက်ကိုကြည့်၍ ဟုတ်မှ ဟုတ်ရဲ့လားဟု သံသယ ဖြစ်မိသည်။

ပင်ကိုက ခံ့ထည်ချောမောသော သူ့ချစ်သူကလေးမှာ သားသားနားနား ဝတ်စားလိုက်တော့ မမှတ်မိနိုင်အောင် သားနားနေသည်။

'ဒယ်ဒီ'

ခင်စန္ဒီသည် သူမဖခင်၏ အလုပ်ခန်းသို့ အပြေးအလွှား ရောက်ရှိသွားပြီး ခေါ်သည်။

'ဘာလဲ ဒီဒီ၊ ဒယ်ဒီ အလုပ်များနေတယ်'

'ဟို....ဟို.... မော်တော်ဆိုင်ကယ်အသစ်ကို သမီး စီးကြည့်ချင်လို့'

'သမီးကလဲ၊ မိန်းကလေးနဲ့မသင့်တော်လို့ ပြောနေတာ'

'သမီး အားကစားထရက်ဆုကို ဝတ်သွားမှာပေါ့၊ ဟိုကောင်လေးနောက်က ထိုင်လိုက်သွားမှာပါ၊ ဒီဒီကိုယ်တိုင်မစီးပါဘူး'

'ဒါဖြင့်လဲပြီးရော၊ ဩော်....ဟို ဒယ်ဒီပြောတဲ့ ပုလဲမုတ်ကောင်ကြီးတွေကို ရအောင်မေးခဲ့နော်'

ဦးစောဒီ ပြုံး၍ ကျန်ရစ်သည်။

'ဟုတ်ကဲ့ ဒယ်ဒီ၊ မေးခဲ့ပါမယ်'

ခင်စန္ဒီသည် ဒယ်ဒီ့ အလုပ်ခန်းထဲမှ ပြေးထွက်သည်။

အောက်ထပ်သို့ ပြေးဆင်းသွားသည်။

အခန်းထဲသို့ ပြေးဝင်သည်။

အားကစားဝတ်စုံ ထရက်ဆု အနီကလေးကို အပြေးအလွှား ဝတ်သည်။

သူမ အဝတ်လဲနေစဉ် မျိုးခက်သည် ဦးစောဒီအခန်းသို့ ပြေးတက်သွားသည်။

ခင်စန္ဒီ အိမ်ကြီးမဟာရှေ့သို့ ပြေးထွက်ခဲ့သည်။

ဆိုင်ကယ်ပေါ်တွင် အစွင့်သားထိုင်စောင့်နေသည်။

မျိုးခက်သည် ဦးစောဒီအခန်း ရောက်သွားသည်။

'လာ.... ငမန်းလေး၊ မင်း မော်တော်ဆိုင်ကယ်စမ်းရင်း လုံးသာချိုင်က ဒေါ်အုန်းစိန်တဲကိုဝင်၊ ကိုဖြွေးနဲ့တွေ့၊ မော်





လမ်ကြိုင်ကို သွားတဲ့ မင်းအဘ ဦးနန္ဒရဲ့စက်လှေ မနက်ဖြန်ရောက်လာလိမ့်မယ်၊ ရောက်ရောက်ချင်း ဒေါက်တင်ဖို့ ပြော၊ နားလည်လား'

'လည်ပါတယ် ဆရာကြီး'

'လုံးသာချိုင်ကအပြန် မဇင်လေဆိပ်ကိုဆက်သွား၊ ဒီနေ့ ညနေဝင်မယ့် ဖော်ကာလေယာဉ်နဲ့ စစ်တွေက ပစ္စည်းတွေ ပါလာလိမ့်မယ်၊ အဲဒါကို ယူခဲ့'

'ဘာပစ္စည်းတွေလဲ ဆရာကြီး'

'ဘာပစ္စည်းပဲဖြစ်ဖြစ်ကွာ၊ ငါ့နာမည်နဲ့ပါတဲ့ ပစ္စည်းဆိုရင် ယူသာယူခဲ့၊ မပါဘူးဆိုရင် ဘာမှဆက်မမေးနဲ့၊ အိမ်ကို ပြန်ခဲ့'

'ဟုတ်ကဲ့'

'ကဲ....သွားတော့၊ ဩော်....ခင်စန္ဒီ မင်းနဲ့လိုက်လိမ့်မယ်'

'ဗျာ....'

'ဖြည်းဖြည်းစီး'

'ဟုတ်....ဟုတ်ကဲ့ခင်ဗျ'

အပေါက်ဝတွင် စိုးနက်နှင့် တိုက်မိသည်။

'ဆောရီးဗျာ'

အမှန်မှာ....

မျိုးခက် အံ့သြနေခြင်းသာ ဖြစ်ပါသည်။

ဦးစောဒီက သူ့ သမီး ခင်စန္ဒီကို ခေါ်သွားရမတဲ့။

အံ့သြစရာကြီး။

သည်လူကြီး ဘာတွေကြံစည်နေပါလိမ့်။

သူသည် အိမ်ကြီးမဟာရှေ့သို့ ထွက်ခဲ့သည်။

ခင်စန္ဒီသည် မော်တော်ဆိုင်ကယ်ကို ခွရင်း စောင့်နေ
သည်။

'တို့လဲ လိုက်မလို့'

'ရပါတ ၊ အမိအဖေက ခေါ်သွားတဲ့'

'ပြောပြီးသား'

'ဟုတ်လား၊ အံ့သြစရာကြီးနော်'

'ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်လို့ပါ'

'ဘာလဲ....သူက ဒီဒီ့ကို မခေါ်ချင်လို့လား'

'ခေါ်ချင်ပါတယ်'

'ကဲ....ဒါဖြင့်တက်လေ၊ ဒီဒီက နောက်ကထိုင်မယ်'

'ထိုင်သိုင် ထထ ရတယ်၊ လိမ့်ကျရင်တော့ တာဝန်မယ
ဘူး၊ လှကလှပါတိသနဲ့၊ အမာရွတ်တွေ ထင်သွားရင်....'

ခင်စန္ဒီ မျက်စောင်းကြီးနှင့်ထိုးသည်။

'တော်ပြီ၊ ဆက်မပြောနဲ့'

'ဟုတ်ကဲ့'

မျိုးခက် ဆိုင်ကယ်ကို စက်နှိုးသည်။

ခင်စန္ဒီက သူ့နောက်က။

'ဝေါ်'

'အမယ်လေး'

ဆိုင်ကယ်က အသစ်စက်စက်ကလေးဆိုတော့ ကလပ်ချ်ကို
ဆောင့်လွှတ်မိသဖြင့် ဆောင့်ထွက်သွားသည်။





ဂီယာက ငါးချက်။

သူ့ခါးကိုဖက်တွယ်ရင်း ခင်စန္ဒီ ပါလာသည်။

'ဝေါ....ဝေါ'

ဗိုလ်ကုန်းပေါ်မှ ဆင်းလာသည်။

မင်းစောပန်းခြံဘေးမှ အကျဉ်းထောင်ဘက်ကို ကွေ့ပတ်
ရင်း ထွက်လာသည်။

သာယာလိုက်သည့် ညနေကလေး။

ညနေကလေးတွင် ဆိုင်ကယ် လှလှကလေးပေါ်မှ လူ
ကလေးနှစ်ယောက်က ပို၍လှသည်။

လမ်းကွေ့တွင် ခါးကလေးကို စောင်း၍ ကွေ့လိုက်သည်၊
ဆိုင်ကယ်ကလေးက လဲကျလုမတတ် မြေပြင်ကိုကပ်၍
စောင်းသွားသည်။

'အို....ကိုမျိုးခက်'

'ခါးကို ဖက်ကိုင်ထား'

'ဝေါ....ဝေါ....ဝေါ'

S.T.C

ဒိုးတောင်။

နန်းချောင်း။

ရာဘာခြံတွေကိုဖြတ်၍ ငပလီ လမ်းဆုံသို့ ဆယ်မိနစ်နှ
စီးလာသည်။

ခင်စန္ဒီသည် သူ့နောက်မှ တအားဖက်ရင်း လိုက်ပါလ
သည်။

သူမ၏ဆံပင်တွေက လေတွင် တဖျပ်ဖျပ် လွင့်ပျံနေသလို လမ်းကျဉ်းတွေ၊ လမ်းချိုင့်တွေကြားထဲရောက်တိုင်း အသည်းအေးရသည်။

ဆိုင်ကယ်ကလေးသည် မြောက်ခနဲ ကြွခနဲ လမ်းနှင့်လွတ်သွားသလို ခင်စန္ဒီလည်း ထိုင်ခုံနှင့်လွတ်၍ ကြွ၍သွားသည်။

အဲလိုမျိုးများ အသည်း အေးရတယ်ဆိုရင် ခင်စန္ဒီတို့ အကြိုက်ပေါ့။

မျိုးခက် စပိုလျှော့လိုက်သည်။

မြန်ရာမှ နှေးပစ်လိုက်သည်။

'ဘယ့်နှယ်လဲ၊ စီးလို့ကောင်းရဲ့လား ဒီဒီ'

'ကောင်းတယ်၊ သိပ်အသည်းအေးတာပဲ'

'ကိုယ်တော့ အသည်းပူတယ်'

'ဟယ်....ဘာဖြစ်လို့'

'ဒီဒီ့ ဖားသားကြီးက သူ့သမီးကို ကိုယ်နဲ့ ထည့်လိုက်တာ အကြောင်းတစ်ခု ရှိမလားလို့ပါ'

'မရှိပါဘူး၊ ဒီဒီက အတင်းလိုက်ချင်တယ်လို့ ပူဆာမိလို့ ထည့်လိုက်တာ သိလား၊ သူများကတော့ သူနဲ့စကားပြောရအောင် အကြံအဖန် လုပ်လိုက်ရတာ၊ သူကတော့ ကျောက်တုံးကြီးလိုပဲ'

'မာလို့လား'

'သွား....သိပ်မထုံဘက်သေးနိုင်တာပဲ၊ မတုန်မလှုပ်နဲ့'

'အခု လှုပ်နေတာပဲ'





'ကြည့်....ကိုမျိုးခက်နော်၊ ဒီဒီ့ကို မဟုတ်မဟုတ် မပြောနဲ့၊ ဆိုင်ကယ်ပေါ်က ခုန်ချပစ်လိုက်မှာ'

'အမယ်လေးဗျာ....ကျွန်တော့်မှာ ဒီရည်းစားလေး တစ်ယောက် ရှိတာပါ၊ ခုန်ချလိုက်လို့ တစ်ခါတည်းသေသွားရင် တော်သေးတယ်၊ မသေဘဲ ပေါင်နှစ်ချောင်းစလုံး ကျိုးသွားရင် ဒုက္ခ'

'ကြည့်ပါလား၊ ကိုမျိုးခက်နော်'

'ဩော်....ပေါင်ကျိုးမလေးရဲ့လင်လို့ အခေါ် မခံချင်လို့ပါ'

'ကြည့်စမ်း....ကြည့်စမ်း၊ သူ့ကျောကြီးကို ထုပစ်လိုက်မယ်၊ ကဲ....ကဲ'

'ထုပြီးပြီလား'

'အင်း....'

'မနာပေါင်'

'နာအောင်လဲ မထုရက်ပါဘူးဟယ်'

အသံငယ်လေးနှင့် ဆိုရှာသည်။

အဲသည်တော့လည်း ခင်စန္ဒီကို သနားမိရပါသည်။

ယာမဟာဆိုင်ကယ်ကလေးသည် အရှိန်လျှော့၍ ဇိမ်လေးနှင့် ပြေးလာသည်။

စကားလေးတွေပြောရတာ ခင်စန္ဒီ သိပ်ပျော်သည်။

ငှက်ပျောချောင်းဆည်နှင့် လင်းသာတံတားကို ဖြတ်ခဲ့သည်။

စမ်းတောင် စေတီကွေ့ကို လွန်လာသည်။

'ကဲ....မြမြဖက်ထား၊ စက်ကုန်ဖွင့်မယ်'

'ရတယ်၊ ဖွင့်'

လေအပင့်တွင် ခင်စန္ဒီ ဆံပင်တွေက ဖျပ်ဖျပ်လူးအောင် လွင့်ပျံနေသလို ဆိုင်ကယ်ကလေးက မိုးပေါ်သို့ ပျံတက်တော့မည့်အလား ပြေးထွက်လာသည်။

ဝါးထောင်ကွင်း။ လင်းသာ။ မြပြင်။

ဂျိဘ်တောကို နောက်ချန်ထားခဲ့ပြီး လုံးသာ ပင်လယ်ချိုင့်ကလေးသို့ ရောက်လာသည်။

မျိုးခက်သည် ယာမဟာကို မီးပြတိုက်ကလေး ဘေးတွင် ရပ်လိုက်ပြီး ပင်လယ်ကမ်းစပ် တောင်ကတုံးလေး ဘေးမှ ဒေါ်အုန်းစိန်တဲသို့ သွားသည်။

'ဒေါ်အုန်းစိန်....ဒေါ်အုန်းစိန်'

'ဘယ်သူလဲ'

တံငါတဲကလေးထဲမှ အသံထွက်လာသည်။

ပြီးတော့....ထဘီရင်ရှားနှင့် မိန်းမကြီးတစ်ယောက် ထွက်လာသည်။

'ကျွန်တော့်ကို ဦးစောဒီက လွှတ်လိုက်လို့ပါ'

'ဘာကိစ္စလဲ ငဲ့'

'ကိုဒွေး ရှိလား'

'ပင်လယ် ထွက်သွားသကော'

'ဆရာကြီး ဦးစောဒီက ပြောခိုင်းပါတယ်၊ အဘ ဦးနန္ဒရဲ့ စက်လှေဝင်လာရင် ဒေါက်တင်ဖို့ ကိုဒွေးကို မှာလိုက်တယ်'

'အင်း....ပြောလိုက်မယ်၊ ဒါပဲလား'





'ဒါပါပဲ'

တံငါတဲထဲသို့ မိန်းမကြီး ပြန်ဝင်သွားသည်။

သူတို့တစ်တွေသည် အင်မတန်ရိုးသားသော ပင်လယ် တံငါများ ဖြစ်ကြဟန် ရှိသည်။

ဦးစောဒီသည် သည်လူတွေကို ငွေအင်အားဖြင့် ခြယ်လှယ် အသုံးချနေသည်မှာ ရင်နာဖို့ ကောင်းသည်။

မည်သို့ပင်ဖြစ်စေ အဘဦးနန္ဒပြန်ရောက်လျှင် ဖြစ်ကြောင်း ကုန်စင်ကို ပြောပြ၍ အိမ်ကြီးမဟာကို အပြတ်ရှင်းပစ်ရမည်။

မျိုးခက်သည် ပင်လယ်ကမ်းခြေရှိ မီးပြတိုက်ကလေး ဘေးသို့ ပြန်လာသည်။

ခင်စန္ဒီ မရှိတော့။

'ဒီဒီ....ခင်စန္ဒီ'

သူသည် ခင်စန္ဒီကို ခေါ်ရင်း အင်ဒရူး သင်္ဘော ကျက်တီ ပျက်ကြီးရှိရာသို့ လျှောက်ခဲ့သည်။

တံတားပျက်ကြီးသည် အင်္ဂလိပ်ခေတ်က ပင်လယ်ကူး သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ရန် တည်ဆောက် အသုံးပြုခဲ့ သော်လည်း ယခု မသုံးတော့ပြီ။

ပြည်တော်ညွှန့်သင်္ဘောက လုံးသာချိုင့်နှင့် မျက်နှာချင်း ဆိုင်ဖြစ်သော မေရိုးဘေးဆိပ်ကမ်းကို ကပ်သည်။

ခင်စန္ဒီ ဘယ်နေရာမှာကပ်၍ ပုန်းနေသည်မသိ။ မရှိ။

'ခင်စန္ဒီ....ဒီဒီ'

သူသည် ပင်လယ်ထဲသို့ ထိုးထွက်နေသော တံတားပျက် ကြီး၏ အလယ်သို့ ရောက်သွားသည်။

လှိုင်းကလေးတွေ အိနေသည်။

သဲပြင်ကလေးလည်း အိနေသည်။

ခင်စန္ဒီသည် သဲအိအိကလေးပေါ်တွင်....

တင်အိအိကလေးနှင့် ထိုင်ရင်း....

လှိုင်းရှုရှုကလေးတွေကို ခြေထောက်ကလေးဖြင့် တို့ခတ် ကစားနေသည်။

'ရှာလိုက်ရတာဗျာ'

'ပုန်းနေတာ'

'ဘာဖြစ်လို့'

'ကြောက်လို့'

'ဘယ်သူ့ကိုလဲ'

'သူ့ကို'

'ဟော်စမ်းပါ၊ ဟိုဘစ်ခါ ကိုယ် ငါးလာပစ်တုန်းက ဒီဒီ လိုက်လာတာ မှတ်မိသေးလား'

'အသည်းထဲကကို မမေ့သေးဘူး'

မျိုးခက်သည် တံတားပျက်ကြီးပေါ်မှ ခင်စန္ဒီ့ ဘေးသို့ ခုန်ချလိုက်သည်။

'အို....ကြည့်ပါလား'

သူနှင့် ဘေးချင်းယှဉ်၍ သဲပြင်ရှုရှုတွင် လဲကျသွားသည်။

ခင်စန္ဒီ့ ပခုံးကစ်ကစ်လေးကို ဖက်မိသည်။

'ဒီဒီ'

'ရှင်'

'ဟိုရှေ့တည့်တည့်က ဘာလဲ'





'မေရိုးဘေး'

'အဲဒီ နောက်ကကော'

'မှော်ရုံတော'

'ဟိုးပင်လယ်ထဲက ကျွန်းမည်းမည်းကလေးက ဘာခေါ် သလဲဟင်'

'ကသစ်ကျွန်း'

'ဟောဒီ တောင်တန်းကြီးကကော'

'မဒေးတောင်'

'ကိုယ့်ဘဝမှာ မေရိုးဘေး၊ မှော်ရုံတော၊ ကသစ်ကျွန်း၊ မဒေးတောင်တွေ ဝန်းရံနေတဲ့ ဟောဒီ လုံးသာချိုင်ပင်လယ် ကွေ့ကလေးကို မမေ့နိုင်သလို ဒီဒီဆိုတဲ့ မိုးပေါ်က မချော ကလေးကိုလဲ မမေ့နိုင်ပါဘူး ဒီဒီ၊ ဒါပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီဒီနဲ့ ကိုယ်ဟာ ဟောဒီ ပင်လယ်ကွေ့မှာ မမျှော်လင့်ဘဲ တွေ့ခဲ့ရသလို မမျှော်လင့်ဘဲ ခွဲချင်ခွဲရမှာ'

'မပြောပါနဲ့တယ်'

'ပြောရမယ်လေ၊ ဒီဒီ့ ဖေဖေဟာ ကိုယ့်ကို ကိစ္စတစ်ခုမှာ အသုံးချချင်လို့ ဒါလောက် မြှောက်စား အရေးပေးထား တာပါ၊ အဲဒီကိစ္စ ပြီးသွားတာနဲ့ ကိုယ့်ဘဝဟာ မရေရာ မသေချာတဲ့ အခြေအနေမျိုးပါ၊ ဒါကို ဒီဒီ သိပါတယ် နော်'

'ဟော်တော့ကွယ်၊ ဒီဒီ ဘာမှ မသိချင်ဘူး၊ မေးလဲမမေး ချင်ဘူး'

'ဘာမေးချင်လို့လဲ'

‘မမေးချင်ပါဘူးလို့ ဆိုနေ’

‘ဒီဒီ့ ဖေဖေက တစ်ခုခုကို အမေးခိုင်းလိုက်တယ် မဟုတ်လား’

‘သိရင်လဲ ပြီးရော၊ ဒါပေမယ့် ဒီဒီ မမေးရက်ဘူး’

‘အိုက်တင်ခံနေတာပါ’

‘ပြော ရက် လိုက် တာ ဟယ်၊ ကဲ....ဘာမှ မမေးဘူး၊ ဒီအကြောင်းတွေကို မပြောနဲ့တော့’

မပြောနဲ့ဆိုသော အကြောင်းတွေကို မျိုးခက် သိလိုသည်။ ဦးစောဒီသည် ခင်စန္ဒီကို သူနှင့် ထည့်လိုက်သည်မှာ အကြောင်းတစ်ခု ရှိရမည်။

‘ဒီဒီ’

သူမ မေးဖျားကလေးကို ပင့်မလိုက်သည်။

နှုတ်ခမ်းကလေး ကြွ၍ မျက်တောင်ကလေး လဲသွားသည်။

‘ရှင်’

‘ချစ်လား’

‘အင်....’

‘ချစ်လားလို့’

‘မေးနေရသေးသလားဟယ်’

အနမ်းငယ်ကလေးနှင့် သူမ လည်တိုင်ကြော့ကို ပွတ်ချော့လိုက်သည်။

ကျောကလေး ကော့သွားရှာသည်။

‘ကို....’

‘ဗျာ....ဗျာ’





‘ဒယ်ဒီ ပြောလိုက်တာတွေ သိချင်လား’

‘ပြောမှာလား’

‘အင်း....ရင်ထဲမှာ တစ်ဆို့ဆို့ကြီး’

‘ဒါဖြင့် ပြောလေ’

‘အို....’

‘ပါးစပ်ကို အရမ်းကြီးပိတ်ထားတော့ ဘယ်လိုလုပ်ပြောမလဲလို့၊ သွားစမ်းပါ၊ ဒယ်ဒီက မှာလိုက်တယ်၊ ကိုဟာ မုတ်ကောင်ကြီးတွေရှိတဲ့နေရာကို သိတယ်တဲ့’

‘အင်း’

‘အဲဒီနေရာကို ဒီဒီ့ကို အမေးခိုင်းတယ်’

မျိုးခက် ပြုံးလိုက်ရသည်။

‘မုတ်ကောင်ရှိတဲ့နေရာတော့ မသိဘူး၊ ဟောဒီနေရာလေးရှိတဲ့....’

မျိုးခက်၏ လက်ညှိုးကလေးက မှော်ရုံတောနှင့် ကသစ်ကျွန်းကလေးကို ထိုးလိုက်သည်။

ခင်စန္ဒီ ရယ်သည်။

‘ဒီနေရာလေးဟာ တို့နှစ်ယောက်အတွက် ချစ်ကမ္ဘာလေးလေ’

‘သူ ညာနေပြီ’

‘ဟုတ်တယ်၊ ညာနေတာ’

‘သိပါတယ်၊ သိရဲ့သားနဲ့ အညာခံနေရတာ၊ သူ ဒီဒီ့ကို မချစ်ပါဘူး’

‘ချစ်၊ ဒီလို....ဒီလိုမှုန့်နေအောင်ချစ်’

သဲမှုန့်ကလေးများသည် ရေကြည်ကြည် ပင်လယ်စပ်တွင် ဝင်းလက်နေသည်။

လေတိုက်တော့ လှိုင်းကလေးတွေက ဘာရှရှလှုပ်ခတ်လာသည်။ မျိုးခက်သည် စောင့်စည်း ထိန်းသိမ်းရမည့်စည်းကို မကျော်မိအောင် ထိန်းသိမ်းထားသည်။

ခင်စန္ဒီကို ငါးကြင်းကလေးလို သဘောထား၍ ငါးကြင်းဆီနှင့် ပြန်၍ ကြော်ချင်သည်။ ဦးစောဒီအကြောင်းကို မေးရမည်။

'ဒီဒီ'

'အင်'

'ဒီဒီ့ ဖေဖေက ဘာတွေလုပ်လို့ ဒါနလာဘ်ချမ်းသာနေတာလဲဟင်'

'ဒီဒီ မသိဘူး'

'တကယ်မသိဘာလား'

'အဟုတ်ပါ မောင်ရယ်'

'ခေါစမ်း....ခေါစမ်း၊ ထပ်ခေါစမ်း'

'မောင်ရယ်'

ပျော်တယ်ကွယ်၊ ဒီဒီ့ ရင်ထဲမယ် သိပ်ပျော်တယ်။

သူတို့ နှစ်ယောက်သည် သဲနုနုကလေးများပေါ်တွင် မှောက်လျက်သား ဘေးချင်းယှဉ်၍ စကားပြောကြသည်။

အပျော်ကလေးအွေက ရက်စက်သည်။

မျိုးခက်ကတော့ ခင်စန္ဒီထံမှ စကားတွေကို နှိုက်သုတ်နေသည်။





သူသိလိုသော အိမ်ကြီးမဟာအကြောင်းကို ကြားညှပ်၍ နှိုက်နှိုက်ချွတ်ချွတ် မေးသည်။

ခင်စန္ဒီ . အကယ်ပင် မသိရှာပါ။

သိတာကလေးတွေကိုတော့ ပြောရှာပါသည်။

သူမမိခင်သည် သူငယ်စဉ်ကပင် ဆုံးပါးခဲ့ပြီး မိတဆိုးကလေး ဖြစ်ခဲ့ရပုံ။

ဒယ်ဒီ၏စီးပွားရေးမှာ သူမ မွေးဖွားပြီးမှ ဒိုရေအလားတိုးတက်ခဲ့ပုံ။

သူမ၏ ဖခင်သည် တပ်ညှိဘာပနီး အလွန်များပြား၍ စက်လှေကြီးများကို မော်လမြိုင်၊ ရေး၊ မြိတ်၊ ထားဝယ်နှင့် စစ်တွေဘက်တွင် ထားရှိပုံ။

'ဒါ ဒေါ်တင်မျိုးဆွေက ဒီဒီတို့အိမ်ကြီးမဟာကို ဘယ်လို ရောက်လာတာလဲ ဒီဒီ'

သူ့ မိခင်အကြောင်းကို မေးမိသည်။

ခင်စန္ဒီကလည်း သည်အကြောင်းကို သိပ်ပြောချင်သည်။

အန်တီတင်မျိုးဆွေ နှင့် ကိုမျိုးခက်က သားအမိ။

ဒါကို သူမ သိထားသည်။

'ဒီနှစ်အေပရယ်လတုန်းက မော်လမြိုင်သင်္ကြန်ကိုမရောက်ဖူးလို့ ဒယ်ဒီ့ ကို လိုက်အပ့်ခိုင်းတယ်၊ မော်လမြိုင်သင်္ကြန်က သိပ်ပျော်စရာကောင်းတာ'

'အဲဒီမှာ မေ...အဲ....ဒေါ်တင်မျိုးဆွေနဲ့ တွေ့တာလား'

သူ့ စကားထဲတွင် 'မေ'ဟူသော အမှားကလေးပါလာသည်။

သေချာပြီ။

ကိုမျိုးခက်၏ မေမေသည် ဒေါ်တင်မျိုးဆွေ ဆိုသည်မှာ ယုံမှားသံသယ ရှိစရာ မလိုတော့။

'ဒေါ်တင်မျိုးဆွေနဲ့ တွေ့တာ မော်လမြိုင်မြို့ပေါ်မှာ မဟုတ်ဘူး ကိုမျိုးခက်၊ ရိုးဂိုးဘုရားပွဲမှာ တွေ့တာ'

'ဩော်....ဩော်....'

ရိုးဂိုးဘုရားပွဲမှာ မြန်မာနှစ်ဆန်းတွင်ကျင်းပလေ့ရှိသည်။ သင်္ကြန်တက်သွားပြီ ဖြစ်သော်လည်း ရေလည်းပက်သည်။

သာယာကုန်း၊ မြိုင်ကုန်း၊ တာပသွန်၊ နိုင်းမြိုင်၊ ကော့ခိုက်၊ ကျွဲဝှမ်း အစရှိသောရွာများနှင့် မုဒုံ၊ မော်လမြိုင်မြို့များမှ ရိုးဂိုးဘုရားပွဲတော်ကို လာကြသည်။

ညဘက်ထက် နေ့ခင်းပိုင်း ဘုရားဖူးတွေကများသည်။

တစ်ယောက်နှင့် တစ်ယောက် ရေပက်ရင်း ပျော်စရာ ရွှင်စရာကလေးများကို စကြ နောက်ကြသည်။

ပျော်စရာကောင်းသည်။

လူစည်ကားသည်။

မျိုးခက်ငယ်စဉ်က ကော့ခိုက်တွင် နေခဲ့ဖူးသည်။

ရိုးဂိုးဘုရားပွဲတော်ကို နှစ်စဉ်လို ရောက်ဖြစ်ခဲ့သည်။

'အဲဒီ ရိုးဂိုးဘုရားပွဲမှာ လူကသိပ်စည်၊ ရေကလဲ အတင်းပက်တော့ ဒယ်ဒီတို့အုပ်စုနဲ့ ဒီဒီ ကွဲသွားတယ်၊ ကာလသား အုပ်စုံကလဲ ဒီဒီ့ကို သဲသဲမဲမဲ ရေဝိုင်းပက်ကြတာပေါ့၊ ဒီဒီလဲ ကြောက်ကြောက်နဲ့ ဘယ်သွားရမှန်းမသိ ဖြစ်နေတဲ့ အချိန်မှာ ဒေါ်တင်မျိုးဆွေနဲ့ တွေ့တာ'





'ဩော်....ဩော်'

'အန်တီတင်မျိုးဆွေက ဒီဒီ့အခက်အခဲကို ရိပ်မိပြီး အကူအညီပေးခဲ့တယ်လေ၊ ဒီဒီက မော်လမြိုင်မြို့ကို ရောက်ဖူးတာ မဟုတ်တော့ မသွားတတ် မလာတတ် ဖြစ်နေတာပေါ့၊ အန်တီတင်မျိုးဆွေက ဒီဒီ့ကို မော်လမြိုင်ကအိမ်ကို သူကိုယ်တိုင် လိုက်ပို့ပေးခဲ့တယ်၊ ဒယ်ဒီလဲ အန်တီတင်မျိုးဆွေကို သိပ်ကျေးဇူးတင်သွားခဲ့တာပေါ့'

'နောက်တော့ကော'

'သံတွဲကိုမရောက်ဖူးလို့ အလည်လိုက်လာတာ'

'သူ တစ်ယောက်ယောက်ကို လာရှာတာလား'

'တစ်ယောက်ယောက်၊ ဟင့်အင်း....ဒီဒီ မသိဘူး၊ ကိုမျိုးခက်က အန်တီတင်မျိုးဆွေကို သိလို့လား'

'မသိပါဘူး၊ မသိပါဘူး'

မျိုးခက် အတင်းငြင်းသည်။

သူ့မျက်နှာပျက်နေသည်ကို ခင်စန္ဒီ ရိပ်စားမိသည်။

အဲသည်တော့လည်း သူ့ကိုသနားမိရသည်။

မိခင်အရင်းကိုပင် မသိပါဟု လိမ်ပြောနေရသော ဖအေမရှိသည့် သူ့ဘဝကလေးက သနားစရာ။

'သွားကြပါစို့ကွာ'

သူ သဲပြင်ပေါ်မှထသည်။

ခင်စန္ဒီကို လက်ကလေး ကမ်းလာသည်။

သူ့လက်ကိုဆွဲ၍ ခင်စန္ဒီ ထရသည်။

သူ စိတ်မကောင်းဖြစ်နေဟန်တူသည်။

မျိုးခက်သည် ခင်စန္ဒီကို ယာမဟာနောက်တွင် တင်၍ စီးခဲ့သည်။ တစ်လမ်းလုံး စကားမပြော။

ဝတောင်ကွင်းကို ကျော်လာသည်။

'ကိုမျိုးခက်'

'ဟင်....'

'အခု ဘယ်သွားဦးမှာလဲ'

'မဇင်'

'အဲသလိုဆိုရင် ပင်လယ်ကမ်းစပ်က စီးရအောင်'

'ရပါတယ်'

ငလီလမ်းဆုံအရောက်တွင် ကားလမ်းမှခွဲ၍ ပင်လယ်ကမ်းစပ်သို့ ဆင်းလိုက်သည်။

သဲပြင်သည် တင်းနေသည်။

ဝင်းနေသည်။

လှိုင်းအိအိကြီးတွေ လျှောဆင်းသွားသော သဲပြင်ရေစပ်တွင် ယာမဟာကို တအားစီးရသည်မှာ တအားအရသာရှိလှပါသည်။

ကွေ့ကလေးတွေ....

ကျောက်ကမူလေးတွေ....

ရေစပ်ကလေးတွေ....

လှိုင်းအိအိကြီးတွေကို ကွေ့၍ ပတ်၍ ဖြတ်၍ စီးသွားသော ကိုမျိုးခက်၏ခါးကို လက်ကလေးနှင့်ဖက်၍ လိုက်ရသည်မှာ သိပ်အသည်းအေးရသည်။





ယာမဟာဆိုင်ကယ်ကလေးသည် ဦးခင်မောင်ငွေး ဘန်ဂလိုကို ကျော်ခဲ့သည်။ သောင်ယံဦးကို လွန်ခဲ့သည်။ မောင်တော် ကျောက်ကို ဖြတ်ခဲ့သည်။

'အဲဒီ ပင်လယ်ကမ်းစပ်က ညောင်ပင်ကြီးက သိပ်လှတာပဲနော် ဒီဒီ'

မျိုးခက်သည် ပင်လယ်ကမ်းစပ်တွင် စိမ်းညို့အုံ့မှိုင်း၍ အကိုင်းအခက်များ ဝေဆာနေသော ညောင်ပင်ကြီးကိုကြည့်၍ ပြောသည်။

'အဲဒါ ညောင်ပင်မဟုတ်ဘူး ကိုမျိုးခက်ရဲ့၊ ပုန်းညက်ပင်'

'ဪ....ဪ'

မောင်တော်ဆိုင်ကယ်လေးသည် ပုန်းညက်ပင်ကြီးကို ဖြတ်ကျော်သွားသည်။

ဒေါ်တင်မျိုးဆွေသည် ဘန်ဂလိုထဲမှထွက်၍ ပုန်းညက်ပင်ကြီးအောက်သို့ တဖြည်းဖြည်း လျှောက်လာသည်။

မော်တော်ဆိုင်ကယ်ကလေးက တဖြည်းဖြည်း ဝေးသွားသည်။

ငါးနာရီ မိနစ်နှစ်ဆယ်။

*

## အခန်း (၂)

ညနေ ငါးနာရီ မိနစ်နှစ်ဆယ်။

ပုန်းညက်ပင်ကြီးသည် ပင်လယ်ကမ်းစပ်ရှိ ဘန်ဂလိုရှေ့
တွင် စိမ်းမြဝေဆာလျက် ရှိသည်။

ထို ပုန်းညက်ပင်ကြီးကို ပတ်လည် ဝိုင်း၍ ခုံတန်းလျား
ကလေးတစ်ခုကို ဝိုင်းပတ်ပြုလုပ်ထားပါသည်။

ပုန်းညက်ရိပ်သာ။

'ဒီ'တက်လာလျှင် ပုန်းညက်ပင် ခြေရင်းတိုင်အောင် ပင်
လယ် လှိုင်းတွေ ရောက်သည်။

ဒီရေမတက်တော့ လှိုင်းတွေ မရောက်သေး။

သူလည်း ရောက်မလာ။

သူ ချိန်းသောနေရာကို သွားခဲ့ပေမယ့် သူ မလာ။

သူ....သူ.... ကိုဘခက်၊ ကပ္ပတိန် ဘခက်။

တင်မျိုးဆွေသည် ပုန်းညက်ပင်ကြီးအောက်တွင်ထိုင်ရင်း
ငိုင်နေသည်။

တွေးနေသည်။ ဆွေးနေသည်။





နေသည်ပင်လျှင် လင်းရိုးမော်တောင်ပေါ်သို့ ကျော်စ
ပြုလာပြီ။ သူ မလာ။

ကြာတော့ ဝမ်းနည်းမှုကလေးတွေ ရင်ထဲမှာ ပြည့်လာ
သည်။

သူမသည် ပုန်းညက်ပင်ကြီး အောက်မှထ၍ နှစ်ခန်းတွဲ
ဘန်ဂလိုပုပုကလေးထဲသို့ ဝင်ခဲ့သည်။

ခြေတင် ပက်လက်ကုလားထိုင်ပေါ်တွင်မှီ၍ မျက်လုံးတွေ
ကို မှိတ်လိုက်သည်။

ဩော်....လောကဆိုသည်မှာမျှော်လင့်ချက်နှင့် အသက်ရှင်
နေကြတာပါကလား။

မျှော်လင့်သလို ဖြစ်မလာသောအခါ အသက်မသေသော်
လည်း ဘဝသေသည်။

ကြိုးစင်ပေါ်ကလူတစ်ယောက်၏ မျှော်လင့်ခြင်းမျိုးသည်
သုည။

သူမဘဝကလည်း ကြိုးစင်ပေါ်က သေမိန့်ချခံရသော
ရာဇဝတ်သားလိုမျိုးလား။

သားကလေးအတွက် မျှော်လင့်ချက်တွေ ထားခဲ့သည်။

သည်မျှော်လင့်ချက်များသည် တိကျမှန်ကန်သော သီအိုရီ
များ မဟုတ်ချေ။

ဖြစ်ချင်လည်း ဖြစ်မည်။ မဖြစ်ချင်လည်း မဖြစ်မည်။

မျှော်လင့်ခြင်းသည် Confusion Theory.

ရှုပ်ထွေးနေသော သီအိုရီတစ်ရပ်သာ ဖြစ်သည်ကို ခေတ်
ပညာတတ်ခဲ့သော မဆွေ သိပါသည်။

ကုံတာရားပေါ့။

မစဉ်းစားဘာဘဲ ကောင်းသည်။

မျှော်လင့်ရသည်မှာ စိတ်ပင်ပန်းလွန်းသည်။

စိတ်ကျဉ်းကျပ်လွန်းသည်။

တင်မျိုးဆွေသည် ယုန်မွေးဆွယ်တာကလေး၏ အပေါ်ဆုံး ကြယ်သီးကို ဖြုတ်လိုက်ပါသည်။

'ကျွီ....'

ပိတ်ထားသောအခန်းတံခါး ပွင့်သွားသည်။

ပိတ်ထားသော မဆွေ့ မျက်လွှာကလေးတွေ ပွင့်သွားသည်။

'ဟင်....ကိုဘခက်'

'ဟုတ်ပါတယ်၊ ကိုဘခက် နောက်ကျသွားတယ်'

မဆွေ ကုလားထိုင်ပေါ်တွင်ပက်လက်အိပ်နေရာမှ လူးလဲထရသည်။

သူ့ရှေ့မှာ သည်လိုမနေသင့်။

'မဆွေ မောင်တော်ကျောက်ကို ရောက်သေးတယ်'

'မခင်ဖြူပြောပါတယ် မဆွေ'

'အရက်တွေ သောက်လာသလား၊ နံလိုက်တာ'

'အိုးဘရန်ဒီ ပုလင်းတစ်ဝက် ချောသွားတယ်'

'စိတ်ညစ်လို့လား'

'မသိဘူး၊ ခါတိုင်းတော့ သုံးပက်ဟာ အလွန်ဆုံးပဲ'

'မဆွေဆီကိုလာရင် သောက်မလာနဲ့လို့ပြောထားသားနဲ့'

'မေ့သွားလို့'





'ကဲ....ကဲ လာ၊ အပြင်ကို သွားပြီး ပုန်းညက်ပင်ကြီးအောက်မှာ စကားပြောကြရအောင်'

'ဟင့်အင်း၊ အခန်းထဲမှာပဲ ပြောကြမယ်'

'ကိုဘခက်ရယ်၊ မသင့်တော်လို့ပါ'

'အပြင်မှာ ပိုပြီး မသင့်တော်သေးတယ်၊ ချွတ်ချွတ်တို့ဒီဘက်ကို လမ်းလျှောက်လာရင်းတွေ့သွားရင် ဘယ့်နှယ်လုပ်မလဲ၊ တလွဲထင်သွားမယ်'

'ကိုဘခက်ရယ်၊ မဆွေ ကြောက်တယ်ကွယ်၊ အရက်တွေလဲ အရမ်းကြီးသောက်ထားတာ'

ဟုတ်ပါသည်။

ဘခက် အရက်လည်း မူးနေသည်။

အချစ်လည်း မူးနေသည်။

အချစ်ဦးမူလေးနှင့်တွေ့တော့ ဣန္ဒြေတွေ၊ သိက္ခာတွေ၊ စောင့်စည်းရမည့်စည်းတွေ မေ့သွားသည်။

အို....အားလုံးကို သူ အလိုအလျောက် မေ့ပစ်လိုက်မိသွားသည်။

'ကိုက်မစားပါဘူး'

'မယုံဘူး၊မယုံအောင်ဖြစ်ခဲ့လို့ သားကလေး တစ်ယောက်ရခဲ့ပြီ မဟုတ်လား ဟင်'

'အဲဒီတုန်းက ဘာလို့မပြောသလဲ၊ ပြောရင် ချက်ချင်းလက်ထပ်ယူလိုက်မှာပေါ့၊ ကိုဘခက်ရင်ထဲက အချစ်ဦးဟာ မဆွေပါ၊ ဒါကို မဆွေ သိမှာပါ'

သိတာပေါ့။

ဆေးရုံတက်နေစဉ်တုန်း ကိုဘခက် မဆွေလက်ကိုကိုင်ပြီး ပထမဆုံးချစ်စကားလေး ပြောခါနီးမှာ နူနူချွတ် ဝင်လာတာလေ။

သို့တစေ....

'မဆွေဟာ မိန်းမသားပါ၊ အင်မတန် ကြွေ သိက္ခာကို ထိန်းခဲ့တဲ့ မိန်းမသားပါ၊ ဒါပေမယ့် အချစ်ဟာ ဘက်ယံချစ် ပြီဆိုရင် သိက္ခာတွေ၊ စောင့်ထိန်းရမယ့်စည်းတွေ မရှိခဲ့တာ တော့ အမှန်ပဲ ကိုဘခက်၊ မဆွေ ကိုယ်ဝန်ရှိတဲ့အချိန်မှာ ချွတ် ချွတ်နဲ့ကိုဘခက်တို့ လူကြီးမိဘတွေ သိထားတဲ့ ချစ်သူတွေဖြစ် နေကြပြီ၊ ဒါပေမယ့် မဆွေမှာ ကိုဘခက်နဲ့ ရင်သွေးရှိနေတာ ထုတ်ပြောဖို့ ဆုံးဖြတ်ပါသေးတယ်'

'ဘာလို့မပြောတာလဲ မဆွေရယ်၊ အဲဒီအချိန်တုန်းကသာ မဆွေသာ ဖွင့်ပြောခဲ့ရင် ချွတ်ချွတ်ကလဲ ခွင့်လွှတ်မှာပါ'

'မဆွေ သိတာပေါ့၊ ချွတ်ချွတ်ရဲ့ဦးနှောက်က ခွင့်လွှတ်နိုင် ပေမယ့် ချွတ်ချွတ်အသည်းနှလုံးက ခွင့်လွှတ်မှာမဟုတ်ဘူး ကို ဘခက်၊ချွတ်ချွတ်မှာ အဲဒီအချိန်ကတည်းက နှလုံးအားနည်း တဲ့ အနီးမီးယားရောဂါဖြစ်နေပြီ၊ဒါကို ချွတ်ချွတ်ကလဲစာရေး ပြီးပြောတယ်၊ ကျောင်းပြန်ဖွင့်တော့ အင်းလျားဆောင်မှာ ချွတ်ချွတ်မိဘတွေကိုယ်တိုင် သူတို့သမီးလေးကို စိတ်ချမ်းသာ အောင် ထားပေးဖို့ မဆွေကို အကူအညီတောင်းခဲ့တယ်'

'အဲဒါတွေ ကိုဘခက် လုံးဝမသိခဲ့ဘူး'

'တကယ်တော့ မဆွေဟာ ညီမရင်းလေးလို ချစ်တဲ့ ချွတ် ချွတ်နဲ့ အသက်လောက် ချစ်ရတဲ့ ကိုဘခက်ကို ညာတာလိုက်





တာပါ၊ အဲဒီ ညာတာမှုကြောင့် မဆွေဟာ မိဘဆွေမျိုးတွေ ရဲ့ စွန့်ပစ်တဲ့ဒဏ်၊ ပတ်ဝန်းကျင် တံတွေးခွက်မှာ ပက်လက် မျောတဲ့ ဒဏ်တွေကို ခံခဲ့ရတယ်၊ ကိုဘခက်ရဲ့သားကလေးကို မွေးခဲ့ပြီး အနှစ် နှစ်ဆယ်လုံး စိတ်သောက ရောက်ခဲ့ရသူပါ ကိုဘခက်ရယ်'

သူမ အသံက ဟိုးအဝေးကြီးမှ လာနေသကဲ့သို့ ဖြစ်သည်။

ဆွေးမြည့် ကြေကွဲလို့ နေသည်။

ကပ္ပတိန်ဘခက် ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။

နှလုံးသား၏ ခံစားမှုကို ဦးနှောက်က မစဉ်းစားနိုင် တော့။

စိတ်ပညာ သမားကြီး၏ စိတ်တွေ ကမ္ဘာမြေပေါ်မှ လွင့် ထွက်သွားပြီ။

အရာရာကို မေ့သွားခဲ့ပြီ။

'အို....ကိုဘခက်'

သူ့ရင်ခွင်ထဲသို့ မဆွေကို ပွေ့ယူလိုက်သည်။

'မဆွေ....မဆွေကို ကိုဘခက် ချစ်တယ်၊ မပစ်နိုင်တော့ဘူး၊ မခွဲနိုင်တော့ဘူး၊ကိုဘခက် အသည်းတွေ ဘယ်လိုဖြစ်နေသလဲ ဆိုတာ မဆွေ သိမှာပါ'

'လွှတ်ပါ၊ ကိုဘခက် မူးနေတယ်'

ကျောက်သားရုပ်တွေ၊ ပန်းချီကားချပ်တွေ မဟုတ်တဲ့ ကျွန်မဟာ အနှစ် နှစ်ဆယ်ကျော် ခွဲခွာနေခဲ့ရတဲ့ ကျွန်မ ယောကျ်ားရဲ့ ရင်ခွင်မှာ ပျော့ခွေနေမိပါပြီ။

တင်မျိုးဆွေ မမှားပါဘူး။

ကျွန်မ မှားတာပါ။

မိန်းမသားတစ်ယောက် မှားတာပါ။

အသည်းနှလုံးတွေ၊ ခံစားမှုတွေ၊ တုံ့ပြန်မှုတွေက မှားမိတာ ဖြစ်မှာပါ။

'ကို'

'မဆွေ'

'ဖယ်တော့ကွယ်....ဒီလောက် အထိတော့....'

သူမ ပါးစပ်ကလေး ပိတ်သွားသည်။ နှုတ်ခမ်းတွေက လှုပ်လို့မရ။ တစ်ကိုယ်လုံးလည်း လှုပ်လို့မရ။

ကြွနေသော လှိုင်း လုံး ကြီး သည် ပုန်းညက်ပင်ကြီး၏ အောက်ခြေမှ မြစ်ဆုံကြီးကို စုန်းခနဲ ရိုက်ခတ်လိုက်သည်။

'အို....ကိုရယ်'

ပင်လယ် ဒီရေသည် တစုန်းစုန်း ရိုက်ခတ် တက်ကြွနေသည်။ ပုန်းညက်ပင်ကြီး၏ မြစ်ဆုံမှာ ရေလှိုင်းဖွေးဖွေးတွေဖြင့် ရွှဲနစ်သွားသည်။

သည်နေ့ လဆန်းငါးရက်။

ငါးနာရီတွင် ဒီရေတက်သည်။

ပင်လယ် တံငါများသည် ဒီရေ အတက်အကျကို လဆန်းလဆုတ်နှင့် တွက်၍ အတက်အဆင်းကို သိကြသည်။

ဤသည်မှာ ပင်လယ်ပညာ။

ကပ္ပတိန် ဘခက်ကတော့ ပင်လယ်ပညာကို မတတ်။

ကျန်တာတွေ အားလုံး တတ်သည်။





သူသည် မဆွေ၏ အိုးစီးခဲ့ယား ပက်လက် ကုလားထိုင်ကြီးပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ရင်း စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။

သောက်ထားတာတွေ ကုန်ပြီ။

ဗိုက်ထဲက အရည်တွေ ကုန်ပြီ။

အမူးပြေသွားပြီ။

'ခွင့်လွှတ်တယ်မဟုတ်လား'

'သွား....မပြောနဲ့'

'လမ်းလျှောက်ကြရအောင်'

'ချွတ်ချွတ်နဲ့တွေ့ရင် မကောင်းဘူး'

'မဇင် လေဆိပ်ဘက်ကို သွားမယ်လေ၊ သူတို့ အဲဒီကို မသွားတတ်ကြဘူး'

'ရေချိုးလိုက်ဦးမယ်....ဟွန်း'

မျက်စောင်းလှလှကလေးနှင့် သူ့ကိုထိုးသည်။

ထဘီရင်ရှားနှင့် ရှားရှားပါးပါး ချစ်မယားလေးသည် ရေချိုးခန်းထဲသို့ ဝင်သွားသည်မှာ ခနော်နီ ခနော်နဲ့ နိုင်လှသည်။ လုပ်လီလုပ်လဲ့ ရှိလှသည်။

ရေချိုးခန်းတံခါး ပိတ်သွားသည်။

ရေကျသံ တဖြန်းဖြန်း ကြားရသည်။

မဆွေ သိပ် အသန့်ကြိုက်သည်ကို ကျောင်းမှာ တုန်းကတည်းက ဘခက် သိခဲ့ပါသည်။

'ကြာလိုက်တာ၊ မြန်မြန်ချိုး'

'အိုး....ကိုယ့်သဘော၊ ကြာကြာ'

'ကောင်းပါပြီဗျာ'

ရေချိုးခန်း တံခါး တစ်ချပ် ခြား၍ ဟိုဘက် သည်ဘက် စကားပြောကြသည်၊ ရယ်ကြသည်၊အပျော်စိတ်ဆိုးကြသည်။

သည်လိုဘဝမျိုးကို အနှစ် နှစ်ဆယ်ကျော် မဆွေ စောင့်စားခဲ့ရသည်။

လင်နှင့် မယား။

အားလုံးကို ခဏလေး မေ့ထားပါရစေရှင်။

တစ်စက္ကန့်လေး.... တစ်မိနစ်လေး။

တစ်နာရီလေးဖြစ်ဖြစ် စိတ်ချမ်းသာမှု၊ လင်၏ယုယလိုက်လျောမှု၊ကြမ်းတမ်းခက်ထန်မှု၊အပြုံးအပျော် အလှိုက်အမောကလေးတွေကို တစ်ဘဝမှာ ခဏလေး ခံစားပါရစေ။

ရေချိုးပြီးပြီ။

'ဟိုဘက်လှည့်'

'မလှည့်ဘူး'

'ကွယ်....အလှပြင်မလို့ဥစ္စာ'

'လှပြီးသားပဲကွာ'

'တော်ပါ၊ သူ တော်တော်ဆိုး'

'မဆိုးပါဘူး'

'တော်တော့၊ မပြောနဲ့'

'ဟုတ်ကဲ့'

'အို....ဘာလို့ ထလာတာလဲ'

'အလှပြင်ပေးမလို့၊ ကိုဘခက် ရန်ကုန်က တင်ထွန်း မိတ်ကပ်နဲ့ အလှပြင်ဆိုင်မှာ အလှပြင်သင်တန်း တက်ခဲ့ဖူးတယ်'





'ကြံ့ကြံ့ဖန်ဖန်၊ အလှပြင်တာ မိန်းမတွေအလုပ်'

'မိန်းမတွေ အလုပ်ကို ယောကျ်ားတွေ လုပ်နေကြတာ အများကြီး၊ အဲသလိုပဲ ယောကျ်ားတွေအလုပ်ကို မိန်းမတွေ လုပ်နေကြတာလဲ တလျှော့ကြီး၊ အာကာသတောင် တက်ပြီး ကမ္ဘာကို ပတ်ပြတဲ့ မိန်းမ ရှိသေးတယ်၊ ရုရှားအမျိုးသမီး အာကာသယာဉ်မှူး ဗလင်တီနာတရက်ရှ်ကိုဗာလေ၊ သိတယ် မဟုတ်လား၊ တကယ်ပြောတာ၊ တပ်ကထွက်ရင် ဗြူတီပါ လာ ဖွင့်မလို့လေ၊ ကံကောင်းချင်တော့ ဘီ-အော-စီမှာ လေယာဉ်မှူး ပြန်ဖြစ်သွားတယ်'

အညာကလေးတွေကိုလည်း သူ ပြောတတ်တယ်။

'ဟယ်....ကိုကလဲ၊ ဖယ်စမ်းပါ'

'နှုတ်ခမ်းနီကို ဟောဒီလို လိုင်နာကလေး ခံပြီး ဆိုးရ တယ်ဗျ'

'တော်ပြီ၊ အပျိုပေါက်စလေးမှ မဟုတ်တာ'

'အပျိုပေါက်စကလေးထက်တောင်....'

'သွား' -

'ဟုတ်တယ် ဆွေ၊ ဆယ် ကျော် သက် မ လေး တွေထက် တောင် လှသေးတယ်'

'မြောက်ပြီ၊ ကဲ....ဘာစားမလဲ'

'စားချင်တာ ပြောရမလား'

'ကိုနော်....ဟွန်း'

'အော်တိုပတ်စ်လေ၊ တချို့က ရေမျောက်လို့ ခေါ်တယ်၊ င်လှယ် သတ္တဝါထဲမှာ သူက စားလို့အကောင်းဆုံး'

'ဟုတ်တယ်၊ မခင်ဖြူတို့ ရွာကျွေးလို့ မဆွေ စားဖူးတယ် သိပ်အရသာရှိတာပဲ'

'အဲဒီအကောင်က ရေထဲက ကျောက်ဆောင်တွင်းတွေထဲ မှာ နေတာ၊ ပုစွန်စာကို တုတ်သေးသေးနဲ့ညှပ်ပြီး တွင်းဝက ချရတယ်၊ အစာအနံ့ရပြီး ခေါင်းပြူထွက်လာတော့မှ ရှူ သွား အဲ...မှိန်းနဲ့ စောင့်ထိုးရတာ'

'သနားစရာကြီးနော်'

'ဒါနဲ့ စောစောကတော့ ကောင်းတယ်ဆို'

'ကောင်းတော့ ကောင်းတာပေါ့'

'မဲအိုးခွဲတယ်ဆိုတာ သိသလား'

'ဟင့်အင်း'

'အော်တိုပတ်စ်ကို မှိန်းသွားနဲ့ ထိုးလိုက်လို့ ချက်ကောင် ကို မထိရင် သူ့ကိုယ်ထဲက မင်အမည်းရည်တွေလို ထည့်ထား တဲ့ အရည်အိတ်ကို ခွဲဖောက်ပစ်လိုက်ပြီး ထွက်ပြေးရော'

'ဘယ်လို...ဘယ်လို'

'ဒီလိုလေ...ပင်လယ်ရေကကြည်နေတယ်၊ အော်တိုပတ် ကို ထိုးလိုက်လို့ မထိရင် ရေတွေမည်းပြီး သူ့ကိုမမြင် အောင် သူ့ကိုယ်ထဲက အမည်းအိတ်ကို ညှစ်ခွဲပြီး ရေမည်း သွားအောင်လုပ်ပြီး ထွက်ပြေးရော၊ မီးခိုးဗုံး Smoke Bomb ခွဲသလိုပေါ့၊ အဲဒါကို မဲအိုးခွဲတယ်လို့ ခေါ်တယ်၊ ကဲ... မချော မြန်မြန်လုပ်၊ ကျုပ် သိပ်အရေးကြီးတဲ့စကားတွေ ပြောစရာ ရင်နဲ့တစ်လုံး ပါလာတယ်'





'အံ့မယ်...အခုမှလောနေလိုက်တာ၊ သွားစမ်းပါ ဟိုနား ကို'

'ကျောကချိတ်ကလေးကို တပ်ပေးမလို့'

မဆွေ သက်ပြင်းချမိသည်။

'တပ်ပေးတာက အရေးမကြီးဘူး ကိုရယ်၊ မဆွေ သိပ် ရင်လေးမိတာပဲ၊ မောင်မျိုးခက်လိုမျိုး....'

'မတော်ဘူး၊ မဆွေရင်ထဲမှာ အလုံးအခဲဖြစ်နေတဲ့ မောင် မျိုးခက်နဲ့ ချစ်ချစ်ပြဿနာကို ပြောရဦးမယ်'

'ဟုတ်တယ် ကို၊ ဒီကိစ္စအတွက် မဆွေမှာ မရှုနိုင် မရှိုက်နိုင် ဖြစ်နေရတယ် ကို၊ သူတို့နှစ်ယောက်ကလဲ သိပ်ချစ် နေကြတယ်'

'ချစ်ကြပါစေလေ'

'ဘာ...သူတို့ဟာ ဖအေတူ မအေကွဲ မောင်နှမရင်း၊ အခု ခေတ်ဟာ မဟာဆီမဟာသွေးတွေ မောင်နှမချင်း လက် ဆက်တဲ့ ပဒေသရာဇ်ခေတ် မဟုတ်တော့ဘူးရှင့်'

'ကဲပါ မဆွေရယ်၊ ဒါတွေကို နောက်တော့မှ ကိုယ်ရှင်း ပြပါ့မယ်၊ အခု အလှဆုံး ချစ်မယားလေးနဲ့တွဲပြီး အလှဆုံး ပေလီကမ်းခြေက အလှဆုံး နေဝင်ချိန်မှာ လမ်းလျှောက် ချင်တယ်၊ လိုက်မယ်မဟုတ်လား'

'မယား...ဟုတ်လား'

'မဟုတ်ဘူးလား'

'ဘယ်နှစ်ယောက်လဲ'

'နှစ်ယောက်'

'ချွတ်ချွတ်သာသိသွားရင်တော့ မဆွေဟာ သစ္စာမဲ့မကြီး ဆိုပြီး သူ့စိတ်နှလုံးကို ထိခိုက်သွားလိမ့်မယ် ကိုရယ်၊ အခုလဲ မဆွေဘဝမှာ အမည်းစက်ကြီး ထင်သွားပြန်ပြီ'

'ချွတ်ချွတ်ဟာ မဆွေကို သိပ်ချစ်တယ်မဟုတ်လား'

'ချစ်တာပေါ့၊ မဆွေကလဲ ချွတ်ချွတ်ကို ချစ်တာပဲ'

'ကျောင်းတုန်းက မုန့်တောင် ဝေစားကြသေးတယ် မဟုတ်လား'

'ဒါက မုန့်မှ မဟုတ်တဲ'

'ဘာလဲ'

'ဘာမှမလဲနဲ့တော့၊ လာ....သွားမယ်၊ သူနဲ့ စကားပြောရတာ ရင်ဘတ်ကြီးကို ဆွဲလိမ်ပစ်ဖို့ကောင်းတယ်'

'အမယ်....ဘိုင်ဆီဘိုင်ဆာပေါ့၊ ဘယ်ရလိမ့်မလဲ၊ ပါးရိုက်ရင် နားကိုက်မှာပေါ့'

'ကို နော်....ဟွန်း'

'တကယ်ပြောတာ'

'သွားစမ်းပါ'

၁၅၀၀။

တစ်ထောင့်ငါးရာ မေတ္တာဆိုသည်မှာ အချစ်ဆုံး အချစ်၊ အပူလောင်ဆုံး မီး၊ အနက်ဆုံး ချောက်ဖြစ်ပါသည်။

ဂေါတမ စိန္တေယျာ သက်တော်ထင်ရှား ရှိစဉ်အခါက တရားမသိသေးသည့် များစွာသော တိတ္ထိ တက္ကတွန်းတို့သည် ထွင်းရန်သူတည်းဟူသော ကိလေသာကို ချိုးဖျက်လိုသော ဆာသာကြောင့် ဗလာကိုယ်တည်း ခါးမှာအဝတ်မစည်းဘဲ





လုံသူကလုံ၊ တုံးခုန်သူတွေကလည်း ပေါများ၊ ရေသွား သူက စိမ်၊ ပူရိသလိင်ကို ဖြတ်သူက ဖြတ်၊ ညစ်ပတ်သော ကျင့်ဆိုးတွေနှင့် အမျိုးမျိုးသော ကိလေစက်ကို ဘယ်လိုပင် ဖျက်သော်လည်း တရားမသိ၍ အမှားအတိသာ ဖြစ်ခဲ့ သည်။

ကိလေသာဆိုသည်မှာ ၁၅၀၀ မေတ္တာ။

၁၅၀၀ ဆိုသည်မှာ ဘာလဲ။

နာမ်တရား ၅၃ ပါး။

လက္ခဏာရုပ် ၄ ပါး။

နိပ္ဖန္နရုပ် ၁၈ ပါး။

စုစုပေါင်း ၇၅ ပါး။

၎င်းတို့ကို အဇ္ဈတ္တနှင့် ဗဟိဒ္ဓသန္တာန်နှစ်ပါးနှင့် မြှောက် ၁၅၀ ရရှိသည်။

၎င်း ၁၅၀ ကို လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ နှ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ည်းဟူသော ကိလေသာဆယ်ပါးနှင့် မြှောက်သော် တစ် ထောင့်ငါးရာ။

မဆွေ သာယာမိသွားခဲ့ပါသည်။

ဆိုက်ကိုသမားကြီး ကပ္ပတိန်ဘခက်၏ ခိုင်မာသော စိတ် ဓာတ်တွေ အရည်ဖြစ်သွားသည်။

အင်မတန် သစ္စာရှိလှသည့် သစ္စာ ှင်မကြီး မဆွေ၏ စာတွေ အရည်ပျော်သွားပါသည်။

သူတို့တစ်တွေ မှားကြသလား။

တခက်နှင့် တင်မျိုးဆွေ မှားကြသလား။
မမှားပါ။ သူတို့ မမှား။
သူတို့၏ ဖွဲ့စည်း တည်ဆောက်ထားသော ခန္ဓာကိုယ်နှ
ခံစားမှုဖီလင်ကလေးတွေက မှားသွားကြခြင်း ဖြစ်ပါသည်
အာသဝေါမကုန်ခန်းသေးသည့် ပုထုဇဉ်မနှင့်ပုထုဇဉ်ထ
တို့အား မှားသည်ဟု မဆိုနိုင်ပါ။
တဒင်္ဂသာယာကျေနပ်မှု၊ ပျော်ရွှင် ကြည်နူးရမှုကလေ
တွေကို အနှစ် နှစ်ဆယ်အစား ကုန်လွန်သွားသော မိ
ကလေး နှစ်ဆယ်က အစားထိုးပေးလိုက်ပါပြီ။
ညနေကလေးက သာယာလှပါသည်။
လှနေပါသည်။
လေညင်းလေးတွေက တဝေဝေ။
လှိုင်းတွေက တငြိမ့်ငြိမ့်။
သူတို့နှစ်ယောက် ပင်လယ် ကမ်းစပ် ရှိ လင်းရိုးလေ
တောင်ဘက်သို့ ထွက်ခဲ့ကြသည်။
အလှကလေးတွေ၏ အလှကို မဆွေ မခံစားနိုင်ရှာပ
'အင်း....တဒင်္ဂစိတ်အလိုကို လိုက်မိတဲ့ အမိုက်မ မဆွေပ
ဘယ်လိုဘဝမျိုးနဲ့ ရင်ဆိုင်တိုးရဦးမလဲ မသိဘူး'
'ဒါတွေ မပြောပါနဲ့လား မဆွေရယ်'
'ပြောရမယ် ကို ပြောရမယ်၊ အေးလေ....မဆွေ မိုက်
ပါ'
'ကို မိုက်တာပါ၊ မဆွေမကြိုက်တဲ့အရည်တွေကို သေ
လာခဲ့မိလို့'





'အဲ့ဒါကော မူးနေတုန်းပဲလား'
'အရက်တော့ မမူးတော့ဘူး၊ အချစ်ပဲမူးတယ်'
'ကိုရယ်....ဒီဘဝဒီမျှနဲ့ နိဂုံးချုပ်လိုက်ကြပါစို့၊ မဖြစ်နိုင်
တာ၊ မဖြစ်ဝံ့တာတွေကို စိတ်ကူးယဉ်ပြီး မျှော်ကိုးနေမယ့်
အစား သားကလေးနဲ့ ချစ်ချစ်ရဲ့ ပြဿနာကို ဖြေရှင်းကြပါ
စို့လား၊ မဆွေဟာ သားလေးကို သိပ်ချစ်တယ်၊ သူ့အတွက်
အိမ်ကြီးမဟာကိုရောက်ခဲ့တယ်၊ အိမ်ကြီးမဟာရဲ့ပိုင်ရှင် မုဆိုး
ဖိုကြီး ဦးစောဒီဟာ မဆွေကို ငွေနဲ့မျှားပြီး လက်ထပ်ဖို့ ခွင့်
တောင်းခဲ့တယ်'
'အိမ်ကြီးမဟာ'
'ဟုတ်တယ်၊ သူဌေးကြီး ဦးစောဒီရဲ့ အိမ်ကြီးမဟာလေ၊
ကိုနဲ့ ချွတ်ချွတ်တို့ ဘုရားဖူးသွားတဲ့နေ့က မဆွေကို လာခေါ်
တဲ့ အိမ်ကြီးပေါ့၊ မောင်မျိုးခက်ဟာ အခု ဦးစောဒီဆီမှာ
အလုပ်လုပ်နေပြီ၊ ဦးစောဒီဆီမှာ မဆွေ နေလို့ မဖြစ်တော့
ဘူး၊ သားကလဲ မအေ့မျက်နှာကို မကြည့်ချင်လောက်အောင်
နာကြည်းနေတယ်၊ နောက်ပြီးတော့ ဦးစောဒီက မဆွေ
ကို....'
'မဆွေကို ဘာလုပ်သလဲ ဟင်'
'ကော်ဖီထဲမှာ အင်မတန်ပြင်းတဲ့ အိပ်ဆေးတွေ ထည့်
ပြီး....'
'ထည့်ပြီးတော့....'
'မဆွေကို အကြံမိုးနည်းနဲ့ ကြံစည်တာပေါ့ ကိုရယ်၊ ဒါပေ
မယ့် ကံကောင်းချင်တော့ ခင်စန္ဒီမွေးထားတဲ့ ကြောင်

ကလေးဟာ မဆွေ စာဖတ်နေတုန်း အဲဒီကော်ဖီကို လျှ
ကလေးနဲ့ လျက်ပြီးသောက်လိုက်တာ စားပွဲပေါ်မှာ တုံးခ
လဲပြီး အိပ်ပျော်သွားပါလေရော'

'မဆွေကော သောက်....သောက်မိသေးလား ဟင်'

'ကြောင်ကလေးကို နှိုးလို့မရတော့ အိပ်ဆေးတွေ ခတ
ထားတယ် ထင်မိတာ၊ ဒါနဲ့ မဆွေလဲကြောက်ပြီး ဦးစောဒိ
သမီး ခင်စန္ဒီ့ အခန်းထဲမှာ တစ်ညလုံး မအိပ်ဘဲ စာထိုင်ဖတ်
နေခဲ့ရတယ်၊ ခင်စန္ဒီကတော့ အိပ်ပျော်နေလို့ မသိလိုက်ဘူး
အဲ....ဒီနေ့မနက်ပဲ မော်လမြိုင်ကို ပြန်သွားပြီဆိုပြီး စာရေ
ခဲ့တယ်၊ မနက်အစောကြီး အိမ်ကြီးမဟာက ထွက်လာခဲ့
တယ်'

'ဖြစ်မှဖြစ်ရလေ မဆွေရယ်'

'ဟုတ်တယ်၊ မဆွေဘဝဟာ ကိုနဲ့တွေ့ကတည်းက ကံဆိုး
တာ အခုအထိပဲ၊ ဒါပေမယ့် မဆွေမှာ တာဝန်ရှိသေးတယ်
သားကလေးရဲ့ အဖေကို ပြရမယ့်တာဝန်ပေါ့၊ ပြီးတော
ချစ်ချစ်ကိစ္စ'

'ချစ်ချစ် အားလုံးသိသွားပြီ'

'ရှင်....'

'မောင်တော်ကျောက်ဘေးမှာ မဆွေနဲ့ကိုယ် စကားပြေ
တာတွေကို သူကြားသွားတယ်'

'ဘာ....'

တင်မျိုးဆွေ ထိတ်လန့် အံ့ဩသွားရပါသည်။





'ဒါပေမယ့် သမီးလေး ချစ်ချစ်ဟာ စိတ်ခတ်ခိုင်ပါတယ်၊
သမီးနဲ့ ကိုယ် အကျေအလည် ဆွေးနွေးပြီးပြီ'

'ဘာတွေ ဆွေးနွေးတာလဲ၊ သူတို့ဟာ မောင်နှမ၊ ဖအေ
တူ မအေကွဲ မောင်နှမ'

'မဟုတ်ဘူးဗျ'

'ဟင်....ချစ်ချစ်ဟာ ကို့သမီး မဟုတ်ဘူး'

တင်မျိုးဆွေက အံ့ဩစွာဖြင့် မေးသည်။

'မဟုတ်ဘူး၊ ဒီအကြောင်းတွေကို ချစ်ချစ်လဲ မသိဘူး၊
ကိုယ့်ဇနီး ချွတ်ချွတ်လဲ မသိဘူး၊ ချစ်ချစ်ရဲ့အဘွား နုနုချွတ်ရဲ့
မိခင် ဒေါ်နုထွေးတစ်ယောက်ပဲ သိတယ်'

'ဒါဖြင့် ချစ်ချစ်ဟာ ကို့သမီး မဟုတ်ဘူးပေါ့'

'အဲဒီလိုတော့ ချစ်ချစ်ကို မပြောသေးဘူး၊ သမီးလေး
စိတ်အားငယ်သွားမှာစိုးလို့၊ ဒါပေမယ့် သမီးဟာ တွေးတတ်
တယ်၊ သူစဥ်းစားနိုင်အောင်တော့ ကိုယ်ပြောခဲ့တယ်၊သူ့ဘဝ
ကို သူရင်ဆိုင်နိုင်တယ်၊ ခက်နေတာက ချွတ်ချွတ်....နုနုချွတ်၊
ကိုယ့်ဇနီးဟာ သမီးကို သူ့သမီးအရင်းလို့ပဲ သိခဲ့တာ'

'ဘယ်သူ့သမီးလဲ'

'နောက်တော့ ကိုယ်ပြောမယ်၊ ဒါကို ချွတ်ချွတ် မသိပါ
စေနဲ့'

'ဟုတ်တာပေါ့၊ သူ့မှာ အမီးနီးယား ရှိနေတဲ့ဥစ္စာ၊ စိတ်
ထိခိုက်လို့ ဘယ်ဖြစ်မလဲ၊ ကဲ....အဲလိုဆိုရင် သားလေးရဲ့အဖေ
ကို ဖော်ဖို့ကိစ္စကော ကို ဘယ်လိုစဥ်းစားထားလဲဟင်'

မဆွေရင်ထဲတွင် အလုံးကြီးတစ်လုံးတော့ ကျသွားပါပြီ။

တစ်လုံးသာ ကျန်တော့သည်။

'မောင်မျိုးခက်ဟာ ကိုယ့်ကို လေးစားရှိသေတယ်၊ ခင်မင်တယ်၊ ကိုယ် အေးအေးဆေးဆေး ရှင်းပြမယ်ဆိုရင် သူ့မှာ လက်ခံနိုင်လောက်တဲ့ Attitude တွေရှိတယ်၊ အသိဉာဏ်ကြွယ်တယ်၊ စဉ်းစားတတ်တယ်၊ အဲ...ဒါပေမယ့် သားဟာ ကိုယ့်စိတ်မျိုးပဲ၊ မဟုတ်ရင်တော့ မခံဘူး'

'အဲဒီတော့...'

'ဘနက်ဂ်ခန္ဓနေ့မနက် ဆယ်နာရီတိတိမှာ ကိုယ်ရယ်၊ မဆွေရယ်၊ သမီးလေးချစ်ချစ်နဲ့ မောင်မျိုးခက်ပါ ပုန်းညက်ရိပ်သာမှာတွေ့ပြီး အေးအေးဆေးဆေး စကားပြောကြမယ်၊ သူတို့လေးတွေ လက်ခံ သဘောပေါက်လောက်အောင် ပြောပြနိုင်ဖို့က ကိုယ်နဲ့မဆွေရဲ့ တာဝန်ပဲ'

'ဝမ်းသာသိုက်တာ ကိုရယ်၊ မဆွေ ဝမ်းသာလိုက်တာ'

သူမ မျက်နှာလေးမှာ အပြုံးပန်းတစ်ရာ။

ဒါပါပဲလေ....

ကျွန်မ ဖြစ်ချင်တာ။

မဆွေ ဖြစ်စေချင်တာဟာ ဒါပါပဲ။

အသည်းကလေးတွေရေ....

အချစ်စစ်တစ်ခုလုံး ဆုံးရှုံးရပေမယ့်လို့ သားနဲ့ သမီးရဲ့ အချစ်သစ်ကလေးအတွက် မဆွေ ပြုံးနိုင်ပါပြီ။ ကွဲအက်ခဲ့ရတဲ့ အသည်းကလေးတွေ အအက်ခံရကျိုး နပ်တော့မှာပါ။

သားကလေး မောင်မျိုးခက်ရယ်။

သူ့အဖေ ကိုဘခက်ရယ်။





သမီးလေးချစ်ချစ်ရယ်။

အင်မတန်ချစ်ရတဲ့ ညီမလေး နုနုချွတ်တို့ဘဝတွေ သာယာချမ်းမြေ့ကြမယ်ဆိုရင် မဆွေ သေပျော်ပါပြီကွယ်။

မင်းတို့ဘဝလေးတွေ သာယာချမ်းမြေ့ကြပါစေ။

လှကြပါစေ၊ ကျေနပ်ကြပါစေ။

ညနေကလေး ပြီးဆုံးသွားပြီ။

နေဝန်းနီသည် ပင်လယ်အောက်သို့ ငုပ်ဆင်းသွား၏။

အမှောင်ရိပ်တွင် အနီ၊ လိမ္မော်၊ မရန်းရောင်တွေပြောင်းလာသည်။ မရန်းရင့်ရောင်မှ အမှောင်သို့ ပြောင်းတော့မည်။

လူ့ဘဝဆိုသည်မှာလည်း တိမ်သွေးရောင်နှယ် အပြောင်းအလဲ များလွန်းလှသည်။

ကပ္ပတိန်ဘခက်နှင့် တင်မျိုးဆွေသည် လက်ချင်းတွဲ၍ သဲပြင်ပေါ်မှ ရှုရှုကလေးလျှောက်ပြီး ပြန်လာကြသည်။

ထိုအချိန်တွင် မျိုးခက်နှင့် ခင်စန္ဒီသည် မဇင်လေဆိပ်တွင် ရောက်ရှိနေကြသည်။ ဦးစောဒီ၏ ပစ္စည်းတွေ လေယာဉ်နှင့် ပါမလာသဖြင့် မော်တော်ကားလမ်းမှ ဆိုင်ကယ်ကိုစီးကာ အိမ်ကြီးမဟာသို့ ပြန်ခဲ့ကြသည်။

ပင်လယ်ကမ်းနှင့် ကားလမ်းကား မဝေးလှသော်လည်း သူတို့တစ်တွေ နီးလျက်နှင့် ဝေးသွားကြသည်။

တံငါလှေငယ်လေးတစ်စင်းသည် နေမဝင်မီကပင် တင်
မျိုးဆွေနှင့် ဘခက်ကို ပင်လယ်ထဲမှ စောင့်ကြည့်သည်။

လှေကကြည့်ခြင်းမဟုတ်။

လှေပေါ်မှ တံငါသည်ကဲ့သို့ ပုံဖျက် ဝတ်ဆင်ထားသော
ထိလပ်နှင့် အောင်ကျော်စိန်တို့က ကြည့်နေခြင်းပင်။

သူတို့လက်ထဲတွင် အဝေးကြည့်မှန်ပြောင်းတစ်လက်။

*



## အခန်း (၃)

သူ့လက်ထဲတွင် အဝေးကြည့်မှန်ပြောင်းတစ်လက် ရှိနေသည်။

နံနက် ရှစ်နာရီ။

ဦးစောဒီသည် မှန်ပြောင်းကို စိုးနက်အား လှမ်းပေးရင်း သူ့အိတ်ထဲမှ ပင်လယ်မြေပုံကြီးကို ထုတ်လိုက်သည်။

'စိုးနက်၊ မင်းမှတ်ထားတဲ့နေရာ ရောက်ပြီလားလို့ ကြည့်စမ်း'

စိုးနက်သည် မှန်ပြောင်းဖြင့် ကမ်းခြေသို့ကြည့်ရင်း သူ အမှတ်အသားပြုထားသော နေရာဟုတ်မဟုတ် သံလိုက်အိမ်မြှောင်ကိုထုတ်၍ကြည့်သည်။

'ဘယ်ဘက်ကို ဆယ်ဒီဂရီလောက် စောင်းပြီး ဆက်မောင်းဦး'

ဦးစောဒီ၏ဝန်ချီစက် Crane ပါသော တိုင်းကျော်အမည်ရှိ စက်လှေကြီးသည် ညာဆယ်ဒီဂရီသို့ စောင်း၍ မောင်းလာသည်။

'စက်ပိတ်'

စိုးနက်သည် သံလိုက်အိမ်မြှောင်ကလေးကို လင်းရိုးမေ
တောင်ဘက်သို့ ချိန်လိုက်သည်။

North East 45 Degrees Three Minutes.

South 180 Degrees.

သေချာပြီ။

'ကျောက်ချ'

သူ အော်လိုက်သည်။

တဝေါဝေါ ကျောက်ဆူးကြိုးချသံနှင့်အတူ ကျောက်ဆူ
ကြီး ပင်လယ်အောက်သို့ ကျသွားသည်။

ဟုတ်သည်။

သူတို့တစ်တွေ မြေပုံထဲတွင် အမှတ်အသားပြုထားသော
အရှေ့မြောက်၄၅ ဒီဂရီနှင့် ၃မိနစ်နှင့် တောင် ၁၈၀ ဒီဂရီ
သို့ သူတို့၏ စက်လှေကြီး ရောက်လာပြီ။

စက်လှေပေါ်တွင် ဦးစောဒီ၊ စိုးနက်၊ ဆင်နူ၊ ခွေးရှည်
ကြာဖူးတို့နှင့်အတူ ငမန်းလေးမျိုးခက်နှင့် ဆလုံကြီးဦးပိန်တို့
ပါလာကြသည်။

စက်လှေပေါ်တွင် လူတွေရှိသည်။

ရေအောက်တွင် ယာမာဇူစကီး၏ ရတနာသေတ္တာကြီးရှိ
သည်။

ယာမာဇူစကီး။

ယာမာ ဆိုသည်မှာ မြင့်မားသောတောင်။

ဇူစကီး၏ အဓိပ္ပာယ်မှာ စီတန်း၍နေခြင်း။





ကျောက်တောင်ကြီးတွေ စီတန်း၍နေသလို ကျောက်
တောင်တန်းကြီးအမည်ရှိ ဂျပန်ဗိုလ်မှူးကြီး ယာမာဇူစကီး
သည် ပုလဲမွေးမြူရေးလီမိတက်ဘစ်ခုမှ ပရော်ဖက်ဆာကြီး
တစ်ယောက် ဖြစ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသောအခါ မြန်မာ့မြေ၊
မြန်မာ့လေကို လွတ်လပ်ရေးအတုကြီးပေး၍ ဂျပန်တွေ သိမ်း
ပိုက်စိုးမိုးခဲ့စဉ်က သူ့ကို ဗိုလ်မှူးရာထူးပေး၍ မြန်မာ့ပင်လယ်
ပြင်မှ အဖိုးတန် ပုလဲမုတ်ကောင် Pearl Oysterများကို လှေ
လာခိုင်းခဲ့သည်။

လောဘသမားကြီး ယာမာဇူစကီးသည် ပြည်သူလူထုထံမှ
ရခဲ့သော ကျောက်မျက်ရတနာတွေကို ကိုယ်ကျိုးအတွက်
အသုံးချခဲ့၏။

ယခု သူမရှိတော့။ သေသွားပြီ။

နှစ်ပေါင်းများစွာကြာခဲ့ပြီ။

'ဒီနေရာ သေချာပြီလား စိုးနက်'

'သေချာပါပြီ ဆရာကြီး၊ မြေပုံထဲမှာ အသေအချာ မှတ်
ထားတဲ့နေရာပါပဲ'

လှိုင်းငြိမ်သည်။ လေငြိမ်သည်။

ငြိမ်သက်စွာထိုင်နေကြသော ငမန်းလေးနှင့် ဆလုံကြီးကို
ဦးစောဒီ ကြည့်လိုက်ပါသည်။

'ကဲ....ရေအောက်မှာ သေတ္တာကြီးရှိမရှိ ငုပ်ကြည့်ကြကွာ၊
ဘယ်သူအရင်ငုပ်မလဲ'

'ကျုပ် အရင်ငုပ်မယ်'

ဆလုံကြီးက ပြောပြောဆိုဆို ခါးတောင်းမြှောင်အောင် ကျိုက်၍ ဓားပါသော သားရေပြား ခါးပတ်ကြီးကို ပတ်နေသည်။

မျိုးခက် ဆလုံကြီးအတွက် စိုးရိမ်မိသည်။

ထိုအချိန်မှာပင် ငါးပုံသုံးကောင်သည် ရေပြင်ပေါ်မှ ဘွားခနဲ ခုန်တက်ပုံပဲပြီး ရေပြင်ထဲသို့ ထိုးစိုက်ကျဆင်းသွားသည်ကို အားလုံးမြင်လိုက်ရသည်။

'ရေအောက်မှာအန္တရာယ်ရှိတယ်'

'ဘာပြောတယ် ဆလုံကြီး'

'အန္တရာယ်လေ၊ ငါးပုံတွေကို မြင်လိုက်တယ် မဟုတ်လား၊ သူတို့ကို ငါးကြီးလိုက်လို့ ရေပေါ်ကို တက်လာတာ'

'ငါးကြီး'

'ဟုတ်တယ် ဆရာကြီး၊ လူသားစားတဲ့ ငါးကြီး'

'ငါးမန်းလား'

'ငါးမန်းလဲဖြစ်နိုင်တယ်၊ ငါးတောက်တူလဲ ဖြစ်နိုင်တယ်'

'အဘိုးကြီး၊ ကျုပ်ကို ပတ်မနေနဲ့၊ အခုဆင်းငုပ်စမ်း'

ဦးစောဒီအသံက မာလာသည်။

'ကျွန်တော် ဆင်းပါ့မယ် ဆရာကြီး'

'အေး....မင်းကမှ သတ္တိရှိသေးတယ်၊ ဒါမှ ငါ့တပည့်ကွ'

ဆလုံကြီးက မျိုးခက်ကို စိုးရိမ်စွာ ကြည့်သည်။

'ကိစ္စမရှိပါဘူး အဘ၊ ကျွန်တော့်မှာ မြားသေနတ် ပါတယ်'

မျိုးခက်သည် အင်္ကျီဘောင်းဘီများကို ချွတ်လိုက်သည်။





ရေငုပ်မှန်ကို မျက်နှာတွင်စွပ်သည်၊ ရေယက်ပြားကြီးကို ခြေထောက်တွင် တပ်သည်။

သူ့ခါးတွင် ဓား။

ဓားဘစ်လက်ကို ညာခြေသလုံးတွင်ချည်လိုက်သေးသည်။

ပြီးတော့မှ Harpon Spear Gun ကို မောင်းတင်လိုက်သည်။

သူသည် စက်လှေဦးသို့ ခပ်တည်တည်လျှောက်သွားသည်။

'ဝုန်း'

'ဝုန်း'

ငမန်းလေးမျိုးခက်သည် သူကျွမ်းကျင်ရာ ရေအောက်ကမ္ဘာသို့ ထိုးဆင်းလိုက်သည်နှင့် ဆလုံကြီး ဦးပိန်ကလည်း သူ့နောက်လိုက်၍ ထိုးဆင်းလာသည်။

ရေအောက်ကမ္ဘာသည် သာယာလှသည်။

သို့ပါသော်လည်း....

ဦးပိန်၏ ရေအောက် အတွေ့အကြုံက ငမန်းလေးမျိုးခက်ထက် ပို၍ များသည်။ ငါးညှီနံ့ ရသည်။ သူသည် ကြည်လင်သော ရေပြင်ထဲတွင် အောက်သို့ ထိုးဆင်းနေသော မျိုးခက်ကို ရေပေါ်သို့ ပြန်တက်ရန် လက်ဖြင့် အချက်ပြလိုက်ပြီး ရေပေါ်သို့ ပြန်အတက်....

ကိုယ်ထည် ကွက်ကျားနှင့် ကျားငါးမန်း Tiger Shark ခပ်ငယ်ငယ် တစ်ကောင်သည် ရေအောက်မှ ထိုးတက်လာ၏။

ဓားကို ဆလုံကြီး ဆွဲထုတ်လိုက်သည်။

ငါးမန်းသည် ငယ်ငယ်ဆိုသော်လည်းလေးပေခန့်ရှိသည်။

လူကို အန္တရာယ် ပေးနိုင်သည်။

သူတို့နှစ်ယောက်သည် လှုပ်ရှားမှုတွေကို ရပ်ပစ်လိုက်သည်၊ ငါးမန်း၏ အာရုံတွင် သူတို့ကို မသိတွေ့နိုင်စေရန် ဖြစ်သည်။

ကျားငါးမန်းသည် လူငမန်းနှင့်ဆလုံကြီးကို ခပ်ဝေးဝေးမှ ဝိုင်းပတ်၍ ကူးယက်သည်။

ဖြူဖွေးသော သွားကြီးများ။

ခိုင်မာသော ဆူးတောင်။

ဟဟားသော ပါးစပ်က လူသားနှစ်ဦးအား ဝါးမျိုရန် အဆင်သင့် ဖြစ်နေလေပြီ။

ကျားငါးမန်းသည် ဆလုံကြီးအား စတင်တိုက်ခိုက်သည်။

မြားတစ်စင်းလို ဆလုံကြီးထံ ပြေးဝင်လာလေသည်။

ဆလုံကြီးသည် ငါးမန်း၏အထာကို သိသည်။

ငါးမန်းသည် အခြားငါးတွေလို ရေယက်မပါ။

သူ့ခန္ဓာကိုယ်တွင် ပါသော ကျောရိုးဆူးတောင် Finနှင့် အမြီးမှာ ခန္ဓာကိုယ်ကို လိုရာသို့ တည့်မတ်ပေးနိုင်ရုံသာ ဖြစ်သည်။

ရှေ့ကိုသွားနိုင်စေရန် သူ၏ ခါးအားကို ယူရသည်။ ခါးကို ယမ်းခါပေးရသည်။

အမြီး Tail Elevator ကို ယမ်းခါပေးရသည်။ အရှိန်ယူရသည်။ အတိမ်းအစောင်း အကွေ့အပတ် နှေးတတ်သည်။

ကျားငါးမန်းကြီးသည် ဆလုံကြီးထံသို့ အရှိန်နှင့် ပြေးဝင်လာသည်။





ငြိမ်နေသော ဆလုံကြီးသည် သူ့အနားသို့ သွားဖြူဖြူကြီးတွေ ရောက်လာမှ ဘယ်ဘက်သို့ လှစ်ခနဲ တိမ်းပေးလိုက်ရင်း ဓားနှင့် အောက်မှပင့်၍ ခွဲထည့်လိုက်၏။

ရဲခနဲ။

သွေးတွေနီရဲသွားသလို ကျားငါးမန်းသည် သူ့အရှိန်နှင့် ရှေ့သို့ ကျွံထွက်သွားသည်။ ရုတ်တရက် ပြန်လှည့်၍မရ။ ဗိုက်ပွင့်ထွက်သွား၍ ရေကြည်ကြည်တွင် သွေးရောင်တန်းကြီး ဖြာထွက်သွားသည်။ အူတွေ အခွေလိုက် ထွက်ကျလာပြီး ရေအောက်သို့ ထိုးဆင်းသွားသည်။

'တက်စို့'

လက်ဖြင့် မျိုးခက်ကို ထပ်၍ အချက်ပြသည်။

သွေးနံ့ရလျှင် ငါးမန်းတွေ အုပ်လိုက်ဝင်လာနိုင်သည်။

သူတို့ နှစ်ယောက်သည် ရေပြင်ပေါ်သို့ ပြိုင်တူပေါ်လာသည်။ ဦးစောဒီတ ကြိုးလှေကားချပေးသည်။

'ဘယ့်နှယ်လဲ ဆလုံကြီး'

'ရေအောက်မှာ ငါးမန်းအုပ်ရှိတ ်'

'ဟုတ်တယ် ဆရာကြီး၊ တိုက်ဂါးရှပ်တွေ၊ သိပ် ကြောက်စရာကောင်းတယ်'

ဦးစောဒီ မျက်နှာကြီး နီသွားသည်။

ဆလုံကြီးနှင့်ငမန်းလေးတို့အဖွဲ့ကျနေကြသည့်အကြောင်းကို သူ့ဘာပည့်တွေက ပြောခဲ့သည်။

ငမန်းလေးနှင့်ဆလုံကြီးသည် ယာမာဇူစကီး၏သံသေတ္တာကြီးကို အပိုင်စီးလို့၍လော....။

'ဟော့ကောင်တွေ၊ မပြီးသေးဘူးလား'

ဦးစောဒီ အော်လိုက်သည်။

ဆင်နူနှင့် ခွေးရှည်သည် ဂျိမ်းစ်ဘွန်းကဲ့သို့ ရေငုပ်ဝတ်စုံ Skin Suit တွေ၊ မြားသွားဖင်တွင် ယမ်းအားကျည်နှင့် ပစ်ရသော Hydro Blastic သေနတ်တွေနှင့် ထွက်လာသည်။

သူတို့ကျောတွင် ရေအောက်၌ ကြာရှည်စွာ အသက်ရှူနိုင်မည့် အောက်စီဂျင် အသက်ရှူဘူး ကိုယ်စီ တပ်ဆင်ထားသည်။

ခေတ်မီ ရေအောက်သုံးပစ္စည်းတွေကို ဦးစောဒီ သူ့နည်းသူ့ဟန်ဖြင့် ရရှိထားသည်။

ခင်စန္ဒီ ပြောခဲ့သော အိမ်ကြီးမဟာ မြေအောက်တိုက်ခန်းထဲမှ ရေငုပ်ပစ္စည်းတွေ၊ ကိရိယာတွေ ဖြစ်သည်။

ဒါတွေကိုသာ ရလိုက်လျှင် စနေနေ့ညတွင် သိပ်အသုံးဝင်မည်။

ခင်စန္ဒီကို အပိုင်ကိုင်၍ သည်ပစ္စည်းတွေကို အရယူရန် သူဆုံးဖြတ်လိုက်သည်။

အမယ်.... ဆင်နူ လည်ပင်းမှာ ကော်နီကာ စီ သာတီဖိုက် Konica C-35 ရေအောက်ရိုက် ကင်မရာနှင့်ပါလား။

ခွေးမသားတွေ ကြီးပွားနေပါသည်။

မသာတော့ ပေါ်တော့မည်။

'မင်းတို့ သိပ်သတ္တိနည်းတာပဲ၊ ငါ့ကောင်တွေ ဆင်းလိမ့်မယ်၊ ကဲ....ဆင်နူ၊ ရေအောက်က သေတ္တာကြီးကို ဓာတ်ပုံသေသေချာချာ ရိုက်ယူခဲ့'





'ဟုတ်ကဲ့ ဆရာကြီး'

သူတို့နှစ်ယောက်သည် ရေငုပ်မှန်များကို မျက်နှာတွင် စွပ်လိုက်ကြပြီး ကြိုးလှေကားမှ ရေအောက်သို့ ဆင်းသွားကြသည်။

'အင်း....ဒုက္ခတော့ တွေ့တော့မှာပဲ'

ဆလုံကြီး၏ စိတ်ထဲမှ ညည်းတွားမိသည်။

မျိုးခက်ကို အထင်တကြီး မြှောက်စားထားသော ဦးစောဒီသည် မကျေမနပ်သောအကြည့်ဖြင့် သူ့ကို ကြည့်ပါသည်။

ဒါကို မျိုးခက် မခံချင်ပါ။

'ဆရာကြီး'

'ဘာလဲကွ'

'ကျွန်တော်ဟာ ဆရာကြီး အပေါ်မှာ သစ္စာရှိပါတယ်၊ ဒါပေမယ့်....'

'ဘာဒါပေမယ့်လဲ၊ မေန်းလေးလို့ မင်းကို နာမည်ပေးထားကြတာ အလကားပဲ'

'ကျွန်တော်က လူမေန်း၊ ဟိုဟာက ရေငါးမန်း၊ လူဟာ ရေမှာ ဘယ်လောက် ကျွမ်းကျွမ်း ရေအောက် သတ္တဝါလောက်တော့ ဘယ်ကျွမ်းကျင်ပါ့မလဲ ဆရာကြီး'

'တော်စမ်းကွာ၊ မင်းကို မြှောက်စားထားတာ အလကားပဲ'

မျိုးခက် ငြိမ်သွားသည်။

ငြိမ်သက်နေသော ရေပြင်ကို ဦးစောဒီ စောင့်ကြည့်နေသည်။

သိပ်မကြာလိုက်ပါ။

ငါးမိနစ်သာသာလောက်တွင် ကြည်လင်သော ရေပြင်ပေါ်သို့ သွေးရောင်တွေ လွှမ်းတက်လာသည်။

နောက် ဆင်နူ တက်လာသည်။

ခြေထောက်တစ်ဖက် ပါမလာတော့။

ဒူးဆစ်မှပြတ်၍ ငါးမန်းပါးစပ်ထဲသို့ ပါသွားသည်။

သူ့ကို ကြိုးလှေကားမှ ဆွဲတင်ပေးရသည်။

သည်အကောင် သွေးပျက်လာသည်။

'ရေအောက်မှာ ငါး....ငါးမန်း....ငါးမန်းကြီးတွေ၊ ရောမ အ....အကောင်ကြီးတွေ'

သူ့ပါးစပ်မှ ကယောင်ကတမ်းတွေ ထွက်လာသည်။

အဲသည်တော့မှ ဦးစောဒီ ဖျားသွားသည်။

ဆလုံကြီးနှင့် ငမန်းလေးတို့ စကားတွေက အမှန်တွေ။

'ဟော....ခွေးရူးကော'

'ငါးမန်းအုပ်ကြီးထဲမှာ ပျောက်.... ပျောက်သွားတယ်၊ ဆ....ဆရာ'

'ကင်မရာကော၊ မင်း သံသေတ္တာကြီးကို တွေ့ခဲ့သလား'

သနားညှာတာတတ်သော ဦးစောဒီသည် ခြေတစ်ဖက်ပြတ်၍ သွေးစိမ်းရှင်ရှင် ထွက်နေသည့် ဆင်နူ၏ ခြေတစ်ဖက်ပြတ် ဒဏ်ရာကို ဂရုမစိုက်။

သူ သိလိုသော ရေအောက် သေတ္တာကြီးနှင့် ကင်မရာကို မေးနေပါသည်။





'ကင်....မရာ ရေအောက်မှာ ကျ....ကျန်....ကျန်ရစ်ခဲ့ပြီ ဆ....ဆရာကြီး၊ ကျွန်....ကျွန်တော့်ကို ကယ်....ကယ်'

ဆင်နူ မေ့မြောသွားသည်။

'အေး....မင်းဘာမှ မဖြစ်စေရပါဘူး ဆင်နူ၊ ငါဆေးရုံကို ပို့ပေးမှာပါ၊ တော့ကောင်ကျွေ၊ ဆင်နူကို ဗေလယံ အိုင်ဗီထိုးပြီး ရေချိုးခန်းထဲထည့်၊ ရေဖွင့်ထား'

ငမန်းလေး တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။

သတိမရသည့် လူကို Valium IV အကြောဆေးထိုးလျှင် လုံးဝ သတိပြန်လည်တော့မည် မဟုတ်။

ရေဖွင့်ထားကော့ သွေးနှင့်ရေသည် စက်လှေပေါ်မှ ရေအောက်သို့ ကောင်းကောင်းကြီး ကျလေတော့မည်။

ဆင်နူ၏ ခန္ဓာကိုယ်မှ သွေးများသည် ကမ်းခြေသို့ သူတို့ စက်လှေ ပြန်မရောက်မီ တစ်စက်မှ ကျန်တော့မည် မဟုတ်။

ယုတ်မာလှသော ဦးစော ဒီကို ထသတ်ချင်လောက်အောင် မျိုးခက် ရှိရှာစက်ဆုပ်သွားခဲ့ပါသည်။

သို့ရာတွင် စနေနေ့ည ကိုးနာရီတွင် ချစ်ချစ်နှင့် စီစဉ်ထားသော ကိစ္စက အရေးကြီးသည်။ သည်းညည်းခံရမည်။

တိုင်းပြည်အတွက်။ ကိုယ့်အတွက် မဟုတ်။

သည် ဒုစရိုက်ကောင်ကြီး၏ ယုတ်မာမှုတွေကိုလည်း ပြည်သူ ပြည်သားကောင်း ပီသစွာ ဖော်ထုတ်ရဦးမည်။ ဦးစောဒီသည် ယုတ်မာသူ၊ ရက်စက်သူ။

'စိုးနက်'

'ဗျာ....ဆရာကြီး'

'စက်လှေ ထွက်မယ်၊ ကျောက်ဆူးတင်'

'ဟုတ်....ဟုတ်ကဲ့ ဆရာကြီး'

စက်လှေထွက်သည်နှင့် ဦးစောဒီက မျိုးခက်နှင့် ဆလုံကြီး
ကို ခေါ်၍ တောင်းပန်စကား ပြောသည်။

သူတို့ စကားကို နားမထောင်မိ၍ သူ့ တပည့်များဆုံးရှုံ
ရကြောင်း။

သည်အကြောင်းများကိုလည်း မည်သူ့ ကိုမျှ မပြောရန်
နှုတ်ပိတ်သည်။ ဆလုံကြီးနှင့် ငမန်းလေးအား ဘောနပ်
ငွေငါးရာစီ ပေးသည်။

'အေး....သစ္စာတော့ ရှိကြကွာ၊ ဒါနဲ့ဒီငါးမန်းတွေကို မိုင်
ဗုံးနဲ့ခွဲရင် ထွက်ပြေးမလား'

'အဲဒါတော့ ကျွန်တော် မသိဘူး ဆရာကြီး၊ ငါးမန်းဟာ
သွေးနံ့ ရရင် ပိုလာတယ်၊ သူတို့ အချင်းချင်းတောင် ပြန်စာ
တယ်၊ အခု ခွေးရှည်ရဲ့ သွေးနံ့ နဲ့ ပိုလာကြလိမ့်မယ်၊ ကျွ
တော်တို့ ခုနစ်ရက်လောက် စောင့်ကြည့်ရင် ကောင်းမယ်
ထင်တယ်၊ ဆရာကြီးရဲ့ တပည့်တွေသာ နှုတ်လုံပါစေ၊ ကျွ
တော်နဲ့ ဆလုံကြီးကတော့ ဘာဆိုဘာမှ မမြင် မသိ မကြာ
ပါပဲ ဆရာကြီး၊ ကိုစိုးနက်နဲ့ ကျန်တဲ့လူတွေသာ....'

'ဒီကောင်တွေဟာ သစ္စာမဖောက်ရဲကြပါဘူး၊ သူတို့
လျှို့ဝှက် ရာဇဝတ်မှုတွေ၊ လူသတ်မှုတွေဟာ ငါ့ဖိုင်တွဲမှာ
တယ်၊ ငါ့လက်ထဲက ရေပါ'





သာယာသော ငပလီပင်လယ်ပြင်တွင် သွေးစီးကြောင်း
ကြီး ထွက်ကျနေသည်။ စက်လှေ၏ ရေချိုးခန်း ပိုက်လုံးမှ
တစ်ဆင့် ရေအောက်သို့ ကျဆင်းနေလေ၏။

ဆင်နူ၏ သွေးတွေ။

ရေထဲတွင် ဆူးတောင် မည်းမည်းကြီး တစ်ခု စက်လှေ
နောက်ကို လိုက်ပါလာနေသည်။ ဦးစောဒီ မြင်သည်။

'တောက်....ခွေမသား ငါးမန်း'

'ကျွန်တော့် ကို ဆဲတာလား ဆရာကြီး'

'ငါ့လခွီးမှပဲ၊ မင်းက ငမန်းလေး၊ဟိုမှာ လိုက်လာတာက
ငါးမန်းကြီး၊ အဲဒီ အကောင်ကြီးကို ဆဲတာ၊ နေနှင့်ဦးပေါ့
ကွာ၊ မင်းတို့ ဒီနေရာက မခွာရင် အမဲသားတုံးတွေထဲကို
အဆိပ်တွေထည့်ပြီး ကျွေးပစ်မယ်၊ဒီသေတ္တာကြီး ငါ့လက်ထဲ
က မလွတ်နိုင်ပါဘူး'

*

## အခန်း (၄)

'ဒီဟာမကြီး ငါ့လက်ထဲက မလွတ်နိုင်ပါဘူး စိုးနက်၊ သူ့နေရာကို သိနေမှတော့ အလစ်ဝင်ဆွဲလိုက်ရုံရှိတော့တာပေါ့'

'ဟုတ်တော့ ဟုတ်ပါတယ် ဆရာကြီး၊ ဒါပေမယ့် ဆရာကြီးရဲ့ ဟာမကြီးက ဘီအေစီက လေယာဉ်မှူးတစ်ယောက်နဲ့ တွဲနေတယ်'

'ဟုတ်တယ်၊ သူ့ကို ငါသိတယ်'

'ဘယ်သူလဲ ဆရာကြီး'

'ကပ္ပတိန် ဘခက်'

'စစ်တပ်ကလား'

'အရင်က လေတပ်က မေဂျာ၊ အခု ဘီအေစီလေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်းမှာ ဖော်ကာလေယာဉ်မှူး ဖြစ်နေတယ်၊ သူ့သမီးက ချစ်ချစ်တဲ့၊ အပေါ်ရေကျွန်းက၊ မရင်းဘိုင်အိုလော်ဂျီ သင်တန်းသူ၊ သူတို့တစ်တွေဟာ ငမန်းလေးနဲ့ ပတ်သက်နေတယ်၊ ချစ်ချစ်နဲ့ ငမန်းလေးတို့ မှတ်ငုပ်ကြတာ



မင်းမြင်သားပဲ၊ အဲ....ငါ့သမီး ခင်စန္ဒီကလဲ သူတို့တစ်တွေနဲ့ ခင်မင်နေကြတယ်ကွ'

'ဟုတ်တယ်၊ တစ်ခါတုန်းက သူတို့တစ်တွေ ဘုရားဖူး အတူသွားကြတယ်၊ ဆရာကြီး ဘယ်လိုလုပ်မလဲ'

'ဒီနေ့ ဘာနေ့လဲ'

'စနေနေ့'

'စနေ နေတက် မီးမထွက်တဲ့၊ မီးထွက်အောင် နေကျကို စောင့်ကြတာပေါ့ကွာ၊ ငါ့မှာ အစီအစဉ် လုပ်ပြီးသားပါ၊ ဒါနဲ့ ဆင်နူကိစ္စ ဘာဖြစ်သေးလဲ'

'ပင်လယ်မှာ ငါးမန်းအကိုက်ခံရတာလို့ ရိုပို့ပေးခဲ့တယ်၊ သူ့ကိုယ်မှာ ငါးမန်းကိုက်တဲ့ဒဏ်ရာနဲ့ဒူးဆစ်တစ်ဖက်ပြတ်နေတော့ ဘာမှ ပြဿနာမရှိနိုင်ပါဘူး ဆရာကြီး'

'အေး....ကောင်းတယ်'

'မှတ်ကောင်ကြီးတွေ ကိစ္စရော ငမန်းလေးကို မမေးတော့ဘူးလား ဆရာကြီး'

'အဲဒါထက် ယာမာဇူစကီးရဲ့ သံသေတ္တာကြီးက ပိုပြီး အရေးကြီးတယ်စိုးနက်၊ သံသေတ္တာကြီးကိုဆယ်ပြီးမှ ဒီကောင်လေးကို အကျပ်ကိုင်ပြီး မေးရမယ်၊ ဒါနဲ့ မင်းတို့ ဟိုနေ့က ပစ္စည်းတွေပို့တာ အဆင်ပြေရဲ့လား'

'ပြေပါတယ် ဆရာကြီး၊ စက်လှေလဲ အချိန်မီရောက်တယ်၊ သင်္ဘောက ကျောက်ချပြီး စောင့်နေတယ်'

'အေး....မင်းဟာ ငါ့ရဲ့ အယုံကြည်ရဆုံး အတွင်းလူ တစ်ယောက်၊ မင်း သစ္စာမဖောက်နဲ့၊ ရှင်းရှင်း ပြောမယ်ကွာ၊ မင်းဟာ တစ်နေ့မှာ ငါနဲ့ ဆွေမျိုးတော်လာနိုင်တယ်'

စိုးနက်ရင်ထဲတွင် ကလိကလိ ဖြစ်သွားသည်။

'အဟဲ....'

ဆွေမျိုးတော်လာနိုင်တယ်တဲ့။

ဘယ်လိုတော်ရမှာလဲ။ ယောက္ခမနှင့် သမက်။

မက်လုံးကလေး တစ်ခုကို ဦးစောဒီ ပေးလိုက်သည်။

သူသည် ငါးစာချတတ်သော တံငါကြီးပင်။

အစာကို အရင်ပြသည်၊ ငါးမျှားချိတ်ကို မမြင်စေရ။

လူကိုမျှားသော အတတ်ပညာကို ဦးစောဒီ ကျွမ်းကျင်ပါသည်။

ခင်စန္ဒီတစ်ယောက် ငမန်းလေးနှင့် အချောတဝင်နေသည်ကိုလည်း ဦးစောဒီသိခဲ့သည်။ လွှတ်ထားသည်။

ဝိသမလောဘသမားများသည် ငွေသာရမည် ဆိုပါက ကိုယ့်နှမ၊ ကိုယ့်သမီးကိုပင် ရောင်းစားရဲသော သတ္တိတွေ ရှိသည်။

'ကဲ....စိုးနက်၊ မင်းနဲ့ငါ ကျွန်းကိုသွားကြမယ်၊ တို့ကောင်တွေအတွက် ရိက္ခာနဲ့ လိုတာကလေးထွေ စီစဉ်ထား၊ တိုက်မှာ အောင်ကျော်စိန် တစ်ယောက်တည်း ထားခဲ့၊ ကျန်တဲ့ အကောင်တွေပါ ခေါ်ခဲ့ကွာ'

'အခုလား ဆရာကြီး'

'အေး'





မကြာမီ....

ဦးစောဒီနှင့် စိုးနက်တို့အဖွဲ့ ထွက်ခွာသွားကြသည်။

သူတို့၏ လျှို့ဝှက် စပိဘုတ်ထားရာသို့ ဖြစ်သည်။

ခင်စန္ဒီသည် ဒယ်ဒီနှင့် စိုးနက်တို့ ထွက်သွားသည်နှင့် ပေါ်ထပ်ရှိ ဖေဖေ၏အလုပ်ခန်းထဲသို့ ဝင်ခဲ့သည်။

မြေအောက် စတိုခန်းသော့ကို ရှာသည်။ မတွေ့။ တွေ့မှ ကိုမျိုးခက်နှင့်အတူ ရေငုပ်နိုင်မည်။

ကိုမျိုးခက်ကလည်း သူမနှင့်အတူ ရေငုပ်ချင်သည်ဟုပဲ ပြောနေသည်။ ရေထဲမှာ သူဘာလုပ်မလို့လဲ။

ပုလဲကြီးတွေ ရှာချင်ပုံရသည်။

အဲသည်လိုမျိုးဆိုရင် ရင်သိမ့်တုန်စရာကြီးပေါ့ဟယ်။

ခင်စန္ဒီသည် ဒယ်ဒီ့အခန်းထဲသို့ ဝင်ခဲ့သည်။

သော့ကို ရှာသည်။

ခေါင်းအုံးအောက်တွင် ပစ္စတိုသေနတ်ကလေးနှင့် သော့တစ်ချောင်း တွေ့ပါသည်။

'ဒါ စတိုခန်းသော့ ဖြစ်မှာပဲ'

ခင်စန္ဒီသည် မောင်နီ၊ ဒေါ်ဖွားရှင်နှင့် အိမ်ဖော်များ လစ်တွင် အိမ်ကြီးမဟာ၏ မြေအောက်ခန်းကို ဖွင့်ကြည့်သည်။ ရသည်။ ပစ္စည်းတွေကိုလည်း မြင်ရသည်။

ကိုမျိုးခက်လိုချင်သည့် ရေငုပ်ပစ္စည်းတွေပါပဲ။

အဲ....ဒါပေမယ့် ပစ္စည်းတွေ၊ အောက်စီဂျင်ဘူးတွေ၊ ရေအောက်သုံး ကိရိယာတွေက အများကြီး။

ခင်စန္ဒီ မရွေးတတ်။ မယူတတ်။

ယူတတ်သော ကိုမျိုးခက်ထံသို့ အလစ်တွင် ထွက်ခဲ့သည်။ သော့ကို ပြန်ပိတ်ထားခဲ့သည်။

'ကိုမျိုးခက်'

'ဟင်....ဒီဒီ'

'ဒီမှာ ကိုမျိုးခက်'

တံခါးဖွင့်သည့် သော့ကလေးကို ထောင်ပြသည်။

မျိုးခက်က ဘာမှမပြ။

အနမ်းလှလှကလေး နှင့် ဆုပေးလိုက်ပါသည်။

'သူ မကောင်းဘူးကွာ'

'ချစ်လို့ပါ'

'ညာနေတာ'

'တံခါးဖွင့်လို့ ရသလား'

'ရတယ်၊ ဒီဒီ ဖွင့်ပြီးပြီ'

'ပေး....အဲဒီသော့'

'ရော့....'

မျိုးခက်သည် ဒိုင်းမွန်း အာမခံသော့တံကြီးကို ဆပ်ပြာခဲထဲသို့ အဆုံး ထိုးထည့်လိုက်သည်။

အသာကလေး ဆွဲနှုတ်သည်။ ပြီးတော့....

သော့ကို ဘေးစောင်းကပ်သည်။ ခေါင်းနှင့် ကပ်သည်။ ဖင်နှင့်ကပ်သည်။

'အဲဒါ ဘာလုပ်တာလဲ ကိုမျိုးခက်'

'သိချင်သလား'

'အင်းပေါ့၊သူဘာတွေလျှောက်လုပ်နေမှန်းမှမသိတဲ့ဥစ္စာ'





'သော့တံကို ဆပ်ပြာခဲထဲကို ထိုးသွင်းတာက သော့တံရဲ့ အရှည်ကို သိချင်လို့၊ သဘောပေါက်ပြီလား'

'အင်း....အင်း....ဟုတ်တယ်....ဟုတ်တယ်'

'ဘေးစောင်းကပ်တာက သူ့ရဲ့ပုံသဏ္ဌာန်ကို သိချင်လို့'

'နားလည်ပါပြီ၊ တော်ပါတော့'

'သော့ရဲ့ဖင်ကို....'

'အို....ဒီဒီ သိပါပြီလို့ဆိုနေ၊ ကိုမျိုးခက် သော့အတုတစ်ခု လုပ်မလို့ မဟုတ်လား၊ ဟွန်း.... သူသိပ်လည်တာပဲ'

'အခုမှ သိသလား'

'သွားစမ်းပါ၊ အာလူး'

'ဖုတ်စားမယ်၊ အာလူးယူခဲ့'

'ကွယ်....သူနော်'

'ဩော်....သေတော့မှာပဲ၊ ကိုမျိုးက အာလူးမီးဖုတ် သိပ်ကြိုက်တာ၊ အာလူးကို မီးကျီးနဲ့မြှုပ်ဖုတ်၊ အပေါ်ယံကတင်းပြီး အက်လာတော့ အခွံကို အသာကလေးခွာ၊ နှမ်းဆီစစ်စစ် ကလေးကိုဆမ်း၊ အရမ်းအရသာရှိတာပဲ'

'ကဲ....တော်ပါတော့၊ သူချွားဟောင်သွားရည်ကျလာပြီ'

'သွားရည်ကျလာရင်ကိုမျိုးလုပ်ကျွေးမယ်လေ၊စားမလား'

'ပင်လယ်ကိုသွားမယ်ဆို၊ ဒယ်ဒီတို့လဲ မရှိဘူး'

'ဈေးဝကို အရင်သွားမယ်၊ သော့အတု လုပ်မလို့'

'ဟွန့်....အခုသွားချင်တယ်၊ လှိုင်းစီးချင်တယ်'

သွားချင်လည်း ရပါတယ်၊ ခြေထောက်ပါသွားပဲ။

မျိုးခက်သည် ကားရုံအောက်ထပ်ကို ဆင်း၍ အတွင်းမှ တံခါးကို ပိတ်လိုက်ပြီး ပြန်တက်သွားသည်။

ဒါကို အောင်ကျော်စိန် မြင်သည်။

ခင်စန္ဒီ ကားရုံထဲကို ဝင်သွားကတည်းက သစ်ပင်အကွယ်မှ ချောင်းကြည့်နေသည်။

အောင်ကျော်စိန်သည် ကားရုံရှိရာသို့ နောက်ဖေးမှ ကပ်လာသည်။ ကားရုံနောက်တွင် ကပ်ပေါက်နေသော တမာပင်ကြီးအောက်သို့ ရောက်သွားသည်။

ဦးစောဒီမွေးထားသော အမွေးစုတ်ဖွားဖွား ခွေးမလေး အယ်နီနှင့် အင်းခွေးကြီး ငလုံးတို့သည် တမာပင်ကြီးအောက်တွင် တစ်ကောင်နှင့်တစ်ကောင် ဆော့ကစားနေကြသည်။

ကျီစယ်နေကြသည်။

အောင်ကျော်စိန်ကို မြင်တော့ ငလုံးက မာန်ဖီပြီး သွားတွေဖြဲပြသည်။

သူတို့အနားသို့ လူတစ်ယောက်လာသည်ကိုမကျေနပ်ဟန်ပြသည်။

ဟ....သည်ငလုံး ဘာဖြစ်နေတာလဲ။

အရင်က ငါ့ကိုခင်ပါတယ်၊ ငါ အစာကျွေးနေကျပဲဟာ။

အင်းခွေးကြီး ငလုံးသည် အင်မတန်ဆိုးသည်။

အကိုက်သန်သည်။

'အယ်နီ....အယ်နီ၊ ငလုံး....ငလုံး'

သူက အသံတိုးတိုးကလေးနှင့် အဝေးက ခေါ်သည်၊ မလာ။ တမာပင်အောက်မှ မခွဲမခွာ။





ဒုက္ခပါပဲ၊ ဪ....သီတင်းကျွတ်တော့မည်ကိုး။

အောင်ကျော်စိန်သည် ကြည်နေသော ခွေးနှစ်ကောင်ကို လက်လျှော့လိုက်ပြီး ကားရုံဘေးသို့ ကပ်ခဲ့ပြန်သည်။

သူသည် ရေပိုက်လုံးမှတွယ်၍ အပေါ်သို့ ကုတ်ကပ်တက်ခဲ့သည်။

အတွင်းမှ စကားသံကို နားထောင်နေသည်။

ဒေါ်ဖွားရှင်သည် အိမ်ကြီးမဟာ၏ ဘေးရှိ ရေတိုင်တွင် အဝတ်တွေကို တဘုတ်ဘုတ်နှင့်ဆောင့်လျှော်နေရာမှ ကားရုံပေါ်သို့ ခိုးကြောင်ခိုးဝှက်တက်နေသော အောင်ကျော်စိန်ကို မသက်ာ။

သည်သတ္တဝါ ဘာခိုးမလို့လဲ။

သူမစိတ်ထဲတွင် သင်္ကာမကင်းမှုတွေက များလာသည်။

ဒေါ်ဖွားရှင်သည် လက်တွင် ပေနေသော ဆပ်ပြာမြှုပ်များကို ဝတ်ထားသောထဘီနှင့် ပြောင်အောင် သုတ်လိုက်သည်။

ကားရုံဘေးသို့ အသာကလေး ကပ်သွားသည်။

'ဟဲ့....အကောင်၊ အောင်ကျော်စိန်'

အောင်ကျော်စိန် မျက်လုံးပြူးသွားပြီး အောက်သို့ငုံ့အကြည့် သူ့ကို ခါးထောက်၍ကြည့်နေသော ဒေါ်ဖွားရှင်ကို မြင်သဖြင့် ကယောင်ကတမ်းအဆင်း။

ပိုက်လုံးကို ကိုင်ထားသောလက်က ချော်၍ ခွေးကျ, ကျသည်။

ဒေါ်ဖွားရှင်က အောက်က။

'အမယ်လေးတော်....လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ဒီမသာကောင် ကျွန်မအပေါ် ခုန်ချသတော့'

ဒေါ်ဖွားရှင်က အော်တော့သည်။

မောင်နီထွက်လာသည်။

မျိုးခက်နှင့် ခင်စန္ဒီတို့လည်း ကြားသည်။

'ဒီဒီ'

'ဟင်....ဟင်'

ခင်စန္ဒီ လန့်နေသည်။

'ကားတစ်စီးကိုမောင်းပြီး ကွာနြွေမပျက် ထွက်သွား'

'ဟုတ်....ဟုတ်ကဲ့ ကိုမျိုးခက်'

သူမသည် ဝီလီကို စက်နှိုးသည်။

မျိုးခက်က တံခါးဖွင့်ပေးသည်။

ဂိယာထိုး၍ တစ်ရှိန်ထိုး မောင်းထွက်ခဲ့သည်။

ထွက်သာထွက်ခဲ့ရသည်၊ ဘယ်ဆီကိုသွားရမှန်း မသိ။

ရင်သိမ့်တုန်လိုက်ပါဘိတယ်။

တို့ပြောတာတွေ အောင်ကျော်စိန် ကြားသွားသလား။

တို့ကို မြင်သွားသလား။

အို....ဒယ်ဒီ့ ကိုမျိုး တိုင်ပြောလိုက်ရင်ဖြင့် ဒုက္ခပါပဲ။

သူမသည် ရဘနာသမ်းမှ သီတာတို့တိုက်သို့ ရောက်သွားသည်။

'မီဒီဒီပါလား၊ ဘာဖြစ်လာတာလဲ၊ ပြူးတူးမြဲတဲနဲ့'

'ဒီဒီ....ဒီဒီ ဘာဖြစ်လို့လဲ'

'မင်းကို ကြည့်ရတာ သရဲနဲ့ တွေ့လာသလားလို့'





အဲသည်တော့မှ ကွာနြွေကလေးကို ဆည်မိသည်။

'ရေချိုးမလို့ပါဟယ်၊ တို့တိုက်မှာ ရေမလာလို့'

'အဝတ်အစားတွေကော'

'မပါဘူး၊ နင့်ဟာတွေ ဝတ်မှာပေါ့'

'မိညစ်ပတ်'

ထိုအချိန်တွင်....

မျိုးခက်သည် ယာမဟာကိုစီး၍ ထွက်ခဲ့သည်။ ဈေးဝရှိ သော့ပြင်ဆရာထံတွင် ငွေအစိတ်ပေး၍ ဆပ်ပြာခဲတွင် ပုံသွင်းယူလိုက်သော မြေအောက် တိုက်ခန်း သော့ကို အလုပ်ခိုင်းသည်။

ပြီးတော့ ဆရာ မောင်မောင်ဦးထံ သွား၍ အကျိုးအကြောင်း တိုင်ပင်ဆွေးနွေးပြီးအိမ်ကြီးမဟာသို့ပြန်ခဲ့သည်။

သူ့အခန်းကို မတက်သေးဘဲ ဆလုံကြီးထံသို့ သွားသည်။

'လာဟေ့....မင်း နည်းနည်း နောက်ကျသွားတယ်၊ ဘယ်သွားနေတာလဲ'

'ဈေးဝ၊ ဘာဖြစ်လို့လဲဗျ'

'မဖွားရှင်က အောင်ကျော်စိန်ကို ပါးချတာ ဖြန်းခနဲ ဖြန်းခနဲ နေတာပဲ'

'သိသားပဲ၊ ကျွန်တော်တို့ စကား ပြောတာကို တက်ချောင်းတာ၊ အခု ဒီကောင် ဘယ်ရောက်သွားသလဲ'

'ရှက်ရှက်နဲ့ အပြင်ကိုလစ်သွားပြီ'

'ဒီမှာကြည့်စမ်း အဘ'

'သော့'

'ဟုတ်တယ်၊ ဦးစောဒီရဲ့ မြေအောက်တိုက်ခန်းသော့၊ ဒီသော့နဲ့ဖွင့်ပြီး ရေငုပ်ပစ္စည်းတွေ လစ်ရမယ်၊ ဒီနေ့ စနေ နေ့လေ'

'သော့ကို ဘယ်ကရလာသလဲ'

'ခင်စန္ဒီက ပေးတာ'

'ဟေ'

'သူက ကျွန်တော့် ရည်းစား နံပါတ်နှစ်'

'ချစ်ချစ်က တစ်လား၊ မျှားလှချည်လားဟ'

'သော့ရအောင် အကြံအဖန်လုပ်ရတာပေါ့၊ ခင်စန္ဒီ ကား ရုံထဲကို ဝင်လာတာကို အောင်ကျော်စိန် မြင်သွားပြီး ကျွန် တော်တို့ ဘာတွေပြောကြသလဲဆိုတာ တက်ချောင်းတုန်း ဒေါ်ဖွားရှင်နဲ့ မိသွားတာ'

'ဒါနဲ့ မင်းတို့ပြောတာတွေ ကြားသွားသလား'

'မကြားပါဘူး၊ စကားမှမပြောတဲ့ဥစ္စာ၊ အဲ....သော့ပေး ပြီး ကောင်မလေး ကား ထွက်သွားတယ်၊ ကျွန်တော်လဲ ထွက်ပြီး သော့အတုသွားလုပ်တာလေ'

'ပင်လယ်ကို ဘယ်တော့သွားမလဲ'

'အခြေအနေအရပေါ့၊ ရေငုပ် ပစ္စည်းတွေကို အလစ် ချောင်းပြီး ခိုးရဦးမယ်'

'အဲသလိုဆိုရင် ဒီအချိန်ဟာ အကောင်းဆုံးပဲကွ'

'ဒေါ်ဖွားရှင်ရှိတယ်'

'ဒီအဘွားကြီးကို ငါပိုင်ပါတယ်၊ သူက အပျိုကြီး၊ ငါက မုဆိုးဖို၊ မင်းတို့လိုပေါ့ကွ'





'အဘနော်၊ ကြီးတောင်ကြီးမှားနဲ့'

မျိုးခက်က ပြုံးရင်းဆိုသည်။

'ဟ....လူကြီးလဲ အဲ....ပုတီးကိုင်တဲ့အချိန်ကိုင်ပေါ့ကွ၊ ငါ့ ဇလနဲ့ ဖွဲ့တစ်အိတ်တော့ နိုင်ပါသေးတယ် ငမန်းလေးရ'

ရယ်ရသည်။ နှစ်ယောက်စလုံး ရယ်ကြသည်။

'မောင်နီကို မင်းက တစ်နေရာရာခိုင်းလိုက်ကွာ၊ မုန့်ဖိုး ငါးကျပ်လောက်ပေးလိုက်'

'ကောင်းပြီ အဘ၊ ပစ္စည်းတွေကိုရရင် သံတွဲချောင်းစပ် က ချုံပုတ်ထဲမှာ ဝှက်ထားမယ်'

'ကောင်းတယ်'

အဆင်ပြေသည်။ သူတို့ စီစဉ်ထားသကဲ့သို့ ဖြစ်လာသည်။

ဒေါ်ဖွားရှင်နှင့် မောင်နီတို့ကို တစ်ဦးစီခွဲ၍ အပြင်သို့ လွှတ်လိုက်သည်။

မြေအောက်တိုက်ခန်းကိုဖွင့်၍ ရေအောက်သုံးပစ္စည်းကိရိ ယာများကို ယူကြသည်။

ခင်စန္ဒီသည် ရေမိုးချိုး၊ ထဘီလဲ အင်္ကျီလဲပြီးသည်နှင့် သီတာတို့တိုက်မှအပြန် ဦးကျော်ရင် လမ်းထိပ်တွင် ကား ရှေ့ဘီး ပေါက်သည်။

ကားကို လမ်းဘေးတွင်ထားခဲ့ပြီး ပရိတ်ကျောင်းလမ်းမှ ဗိုလ်ကုန်းကို တက်ခဲ့သည်။

အိမ်ကြီးမဟာထဲသို့ အဝင် ကိုမျိုးခက်နှင့် ဦးပိန်တို့ ရေ ငုပ်ပစ္စည်းများနှင့်အတူ အိမ်ကြီးမဟာထဲက ခိုးကြောင်ခိုးဝှက် ထွက်လာကြ၏။

ဘယ်သူမှမရှိ။

ခင်စန္ဒီသည် အိမ်ကြီးမဟာ၏ ခြံဝ ပုဏ္ဏရိက်ပင်အကွယ်
ကြည့်နေပါသည်။ ဘာလုပ်ကြတာလဲလို့။

တို့နှစ်ယောက်သွားမယ်ဆိုပြီးတော့။

အခုတော့ ကိုမျိုးခက်နှင့် ဦးပိန်သည် အိမ်ကြီးမဟာ
နောက်ဖေး အပေါက်မှ သံတွဲချောင်းထဲသို့ ဆင်းသွား
သည်။

ခင်စန္ဒီ လိုက်ချောင်းသည်။

သူတို့နှစ်ယောက် ပစ္စည်းတွေကို ချုံထဲတွင်ဝှက်၍ ပြ
တက်အလာ....။

ခင်စန္ဒီမှာ စွယ်တော်ပင်ကြီးအောက်ရှိ ချုံဘေးတွင် ကပ်
၍ ပုန်းနေလိုက်ရပါသည်။ စွယ်တော်ပင်ကြီး အောက်တွင်
သူတို့နှစ်ယောက်ရပ်၍ ဦးပိန်က ဆေးတံကို ဆေးဖြည့်သည်။

'ဒါဖြင့် ရေအောက်က ပစ္စည်းတွေကို ငုပ်ယူပြီးတာနဲ့
အိမ်ကြီးမဟာက မင်းထွက်ပြေးမယ်ပေါ့'

'လစ်ရတော့မှာပေါ့ အဘ၊ ဦးစောဒီ သိတာနဲ့ ကျွန်တော်
ကို သတ်တော့မှာ'

'မင်းထွက်ပြေးမယ်ဆိုရင် ငါလဲမနေဘူး၊ တစ်ခါတည်း
လိုက်မယ်ကွာ'

'ကောင်းပါတယ်၊ နေရင် အဘလဲ အသတ်ခံရမှာပဲ၊
အဲ....ဒါပေမယ့်လို့ ကျွန်တော် ခင်စန္ဒီကို သနားတယ်၊ သူ့ကို
တစ်ယောက်တည်း ရက်ရက်စက်စက် ထားခဲ့ရမှာ သနား





တယ်၊ ကျွန်တော်ဟာယောကျ်ား၊ သူနဲ့ကျွန်တော် ကျူးကျူး
န်လွန် ဖြစ်ပြီးပြီ၊ သူ့ကို ကျွန်တော်ယူရမယ် အဘ'

'ဟ....ဒါဖြင့်ရင်လဲ ထွက်ပြေးပြီးမှ ပြန်လာခိုးကွာ၊ မင်း
တာမလေးသာ လိုက်ဖို့အရေးကြီးတာ'

'ကဲပါဗျာ....ဒါတွေထားလိုက်ပါဦး၊ ညရှစ်နာရီတိတိမှာ
မ်ကခိုးထွက်ပြီး ဟိုင်းနဲ့ ထွက်မယ်၊ အသံ မကြားအောင်
လှော်တက်နဲ့လှော်ပြီး အဝေးရောက်မှ စက်နှိုး၊ ဆင်ခေါင်း
နေ ပင်လယ်ကို ထွက်မယ်၊ ကြားဘယ်နော် အဘ'

'အေးပါဟ....ကြားပါတယ်'

ခင်စန္ဒီသည်း ကြားပါသည်။ ကိုမျိုးခက် ထွက်ပြေးတော့
ည်။ သြော်....သူတို့အကြံအစည်တွေက သည်လိုကိုး။

ဒိဒိ ကို အသုံးချပြီး ဒယ်ဒီ၏ ရေအောက်ငုပ်သည့် ပစ္စည်း
တွေကို ခိုးကြတာကိုး။

သူမသည် အချစ်အတွက် အသုံးချခံ သတ္တဝါမလေးတစ်
ယောက်၏ ဘဝမျှသာပင်။

ခင်စန္ဒီ ရင်ထဲတွင် နာသွားသည်။

ကိုမျိုးခက်သည် သူမကို လှည့်စားခဲ့ပါသည်။

ကိုမျိုးခက် အိမ်ကြီးမဟာမှ သွားတော့မည်။

ဒိဒိ ကို ထားပစ်ခဲ့တော့မည်။

ခင်စန္ဒီ အံကြိတ်လိုက်သည်။

အချစ်သည် သိပ်ချစ်လာလျှင် သိပ်ကြောက်စရာကောင်း
သည်။

*

## အခန်း (၅)

ည....

လက်ကနာရီက ခုနစ်နာရီခွဲ။

ခင်စန္ဒီ အသည်းနှလုံးတွေ လှုပ်ခတ်နေသည်။

သူ သွားတော့မည်။ ရှစ်နာရီတွင် အိမ်ကြီးမဟာမှ အပြီးတိုင် ထွက်ခွာသွားတော့မည်။

သည်အကြောင်းကို ဒယ်ဒီ့ကို ပြောလိုက်လျှင်....

အို...,ကိုမျိုးခက် ဒုက္ခတွေ့သွားမှာပေါ့။

ဒယ်ဒီသည် ရက်ရက်စက်စက် လုပ်တတ်သည်ကို ခင်စန္ဒီ သိပါသည်။

သည်ပြဿနာကို တစ်နေ့တာလုံး စဉ်းစားခဲ့သည်။ ယခု ည ခုနစ်နာရီခွဲသည်အထိ ဘာမှအဖြေမရ။ ရှစ်နာရီတွင် သူတို့ သွားကြတော့မည်။

သူက ပြောသည်။ ကိုမျိုးခက်က သည်လိုပြောသည်။

'ကျွန်တော် ခင်စန္ဒီကို သနားတယ်၊ သူ့ကို တစ်ယောက်တည်း ရက်ရက်စက်စက် ပစ်ထားခဲ့ရမှာ သနားတယ်၊ ကျွန်





တော်ဟာ ယောကျ်ား၊ သူနဲ့ကျွန်တော် ကျူးကျူးလွန်လွန် ...စ်ပြီးပြီ၊ သူ့ကို ကျွန်တော် ယူမယ်'တဲ့။

အဲသည်လို ဆိုပြန်တော့ သူ့ကို ရက်စက်ရမှာ ဝန်လေး သွားပြန်သည်။

သူက သနားတယ်တဲ့။ ဒီဒီ့ကို ယူမယ်တဲ့။

ဒီဒီလိုချင်တာ အဲသည်လိုမျိုး မဟုတ်ဘူး ကိုမျိုးခက်ရဲ့။

အချစ်၊ အချစ်ကလေး တစ်ချစ်။

ဒီဒီ အချစ်ကလေးကို လိုချင်တာပါ။

မေတ္တာကလေးကို တမ်းတမိတာပါ။

ဒီဒီ့ဆန္ဒဟာ ဒါပါပဲ။

ဒါပေမယ့် သူ ဒီဒီ့ကို လှည့်စားခဲ့သည်။

မြေအောက်တိုက်ခန်းသော့ကို ညာပြီး ယူခဲ့သည်။

သူတို့လိုချင်တာတွေရတော့ ဒီဒီ့ကို ထားရစ်ခဲ့ကြတော့ ...ပါ။

စိတ်နာတယ် ကိုမျိုးခက်။

သိပ်စိတ်နာတယ်၊ အသည်းနာတယ်။

ခင်စန္ဒီသည် အံကြိတ်လိုက်ပြီး အခန်းထဲမှ ထွက်ခဲ့သည်။ ဒယ်ဒီနေသော အိမ်ကြီးမဟာ၏ အပေါ်ထပ်သို့ ကြောင် ...ိမ် လှေကားမှ တစ်ထစ်ပြီးတစ်ထစ် တက်ခဲ့သည်။

အပေါ်သို့ လှေကားတစ်ထစ် တက်မိတိုင်း စိတ်တွေက ...စ်ထစ်ပြီးတစ်ထစ် ပြောင်းလဲနေသည်။

'ပြောမယ်၊ ဒယ်ဒီ့ကိုပြောမယ်၊ သူ သိပ်ရက်စက်တယ်'

'အို....ဒယ်ဒီသိသွားရင် သူ့ကိုသတ်မှာ၊ သူနဲ့ ကမ္ဘာ တစ်လုံး ခြားသွားမှာ'

'သူက သိပ်ရက်စက်တတ်တာပဲ၊ သူကတောင် ခွဲနိုင်သေး တာပဲ၊ အသည်းကွဲပါလိမ့်စေ၊ သူ့ကိုမြန်ပြီး ရက်စက်ရမယ်'

'သူနဲ့အတူ....'

'မြပြင်ရွာ အုန်းတောထဲက အိမ်ကလေးမှာ'

'လဲးသာချိုင်မှာ....'

'ကားရုံအပေါ်က အထပ်ခိုးကလေးမှာ တို့ ရင်ခုန်လိုက် ရတာ'

'သူဟာလေ သိပ်ကိုယုယတတ်တဲ့ ကျားရိုင်းကြီးလိုပဲ'

'အသည်းနှလုံးတွေ လှုပ်ခါသွားအောင် သူ လုပ်တတ် တယ်၊ သူ့ကို....'

'အို....ဒယ်ဒီ့ကိုပြောမယ်၊ တိုင်မယ်၊ သူသေရင် ဒီဒီလဲ သေမယ်၊ နောက်ကမ္ဘာလေးထဲမှာ သူနဲ့ အသစ်အသစ်သော ပထမအချစ်ကလေး ချစ်ရဖို့ ဆုတောင်းမယ်'

ခင်စန္ဒီသည် အံကြိတ်လိုက်ပြီး ဒယ်ဒီ၏ အရက်ခန်းကို ခေါက်လိုက်သည်။

'ဒေါက်....ဒေါက်....ဒေါက်'

'ဘယ်သူလဲ'

'ဒီဒီပါ ဒယ်ဒီ'

တံခါးပွင့်သွားသည်။

ဦးစောဒီ မျက်နှာနီနေသည်။ အရက်ရှိန်ရနေပြီ။

ဒယ်ဒီသည် မူးလျှင် ပို၍ ရက်စက်တတ်သည်။





'ဘာလဲ ဒီဒီ'

'ဟို....ဟို....ရေအောက်မှာငုပ်တဲ့....'

ခင်စန္ဒီ စကားပြတ်သွားသည်။

'ရေအောက်မှာငုပ်တဲ့ ဘာလဲ'

'ဟို....ဟို....ဂျိမ်းစ်ဘွန်းပါတဲ့ Thunder Ball ဇာတ်ကား ဒီဒီ သိပ်ကြည့်ချင်တာပဲ၊ အခုလေ ဒီဒီ သီတာတို့တိုက်ကို သွားချင်လို့၊ သီတာနဲ့ ကြည့်မှာပါ'

'သွားလေ သမီး၊ သမီး မုန့်ဖိုးကုန်ရင် အိမ်သုံးစရိတ် ထားတဲ့ ငွေတစ်သောင်းထဲက သုံးရာယူသွား'

'ဟုတ်ကဲ့ ဒယ်ဒီ၊ ဂွတ်နိုက်'

'နိုက်'

ဒါပါပဲလေ။ အချစ်ဆိုတာ ဒါပါပဲ။

ခင်စန္ဒီသည် သူမအခန်းသို့ ကမန်းကတန်း ပြန်ဆင်း၍ ခေါင်းအုံးကြီးကိုဖက်ပြီး အားရပါးရ ငိုချလိုက်မိသည်။

ည ခုနစ်နာရီ လေးဆယ့်ငါး။

'သူ' သွားတော့မှာပါကလား။

ဟုတ်သည်။

ထိုအချိန်တွင် မျိုးခက်သည် အိမ်ကြီးမဟာမှ လူများ၏ အလစ်ကို စောင့်ကြည့်နေသည်။

ဆလုံကြီးကတော့ သရီးနန်းဆေးတံ သောက်ဆေး ကုန် သွား၍ ဘာလူးစ်တားဆေးဘူး သွားဝယ်မယ်ဆိုပြီး ထွက် သွားနှင့်ပြီ။

မျိုးခက်သည် သူ၏ ရေအောက်ပစ် မြားသေနတ်နှ
ပစ္စည်း ပစ္စယ ကလေးများကို နေ့လယ်ကဘည်းက ဟိုဝ
အနီးရှိ ချုံပုတ်ထဲသို့ ပို့ထားပြီး ဖြစ်သည်။

လူနှင့်ခွားသာ ကျန်တော့သည်။

ဓားကို ခြေသလုံးတွင်ချည်၍ ဘောင်းဘီဖြင့် ဖုံးထာ
သည်။

သည်အချိန် ဆိုလျှင် ဟိုင်းပေါ်သို့ ဦးပိန် ရောက်နှ
လောက်ပြီ။

သူသည် ကားရုံ Garage အပေါ်ထပ်မှ ဆင်းလာသည်

လှေကားရင်းတွင် လူတစ်ယောက် ခါးထောက်ပြီး မတ်
ဓာတ်ရပ်နေ၏။

ထိလပ်။

'ဘာလဲ ကိုထိလပ်'

'မင်းကို ဆရာကြီးက အခေါ်ခိုင်းလိုက်တယ်'

'ဟုတ်လား၊ ဒါဖြင့် နောက်တစ်နာရီလောက်ကြာရင်
ကျုပ်လာခဲ့မယ်လို့ ပြောလိုက်ဗျာ'

'ဘာကွ'

'အွတ်....ခွပ်....ဒုတ်'

ညာလက်တစ်ဖက် လက်ခနဲ လှုပ်ရှားသွားသည်။

ထိလပ်၏ ရင်ဝအရှိက်ကို ညာလက်သီး ပေးလိုက်၏။

ငိုက်ဆင်းအလာ ညာလက်ပြန်နှင့် နှာယောင်ကို ခေါက်
တင်လိုက်ပြီး ယိုင်အဆင်းတွင် နားရင်းကို ညာလက်ဝါး
စောင်းဖြင့် သယ်ထည့်လိုက်၏။





ထိလပ် ပုံကျပန်းကျကလေး ခွေကျသွားသည်။ သည်
ကောင် အတော်နှင့် သတိရဦးမည်မဟုတ်။

သူသည် ထိလပ်ပါးစပ်ထဲသို့ ကားသုတ်သည့် အဝတ်စုတ်
လုံးထည့်ပြီး ပတ်တီးစည်းသည်။

ငါးမျှားလုံးခန့်တုတ်သော နိုင်လွန်ကြိုးကြီးဖြင့် တစ်ကိုယ်
းကို ပတ်ချည်လိုက်သည်။ သည်အကောင် လှုပ်တောင်
လှုပ်နိုင်။

ပြီးတော့ ကားအောက်ကို သွင်း၍ ထားခဲ့ပြီး ကားရုံ
ခါးကို အပြင်မှ သော့ခတ်ပစ်ခဲ့သည်။

ဟိုက်....ရှစ်နာရီငါးမိနစ်။

ကားရုံအပြင်သို့ ထွက်ခဲ့သည်။

မောင်နီနှင့် တွေ့တော့ ပတ်ခဲ့ရသေးသည်။

မျိုးခက်သည် အမှောင်ထဲသို့ လှစ်ခနဲ ပျောက်သွားသည်။

သူသည် အိမ်ကြီးမဟာ၏ ခြံနောက်ဖေးမှ သံတွဲချောင်း
ထဲကို ဆင်းခဲ့သည်။

ဆလုံကြီးသည် ဟိုင်းနှင့် မလှမ်းမကမ်းမှ သူ့ကိုစောင့်နေ
သည်။

'ကြာလိုက်တာကွာ'

'ထိလပ် လာခေါ်နေလို့ အိပ်ပျော်အောင် သိပ်ပေးခဲ့ရ
သေးတယ်၊ ပစ္စည်းတွေ စုံရဲ့လား'

'စုံတယ်....သိပ်စုံတယ်၊ အားလုံး ဘုတ်ပေါ်မှာ ရောက်နေ
'

'လာ....သွားမယ်၊ လ ထွက်လာရင် မကောင်းဘူး'
သူတို့နှစ်ယောက် စပိဘုတ်ပေါ်သို့ ရောက်သွားသည်။
ဟုတ်သည်။
ဆလုံကြီးပြောသလို ပစ္စည်းတွေ အစုံပါသည်။
တစ်ခုမှ မကျန်ရစ်။
အောက်စီဂျင် အသက်ရှူဗူး Oxygen Bottle.
Scubar Suit ရေငုပ်ဝတ်စုံ။
ရေငုပ်မှန် Diver Glass.
Under Water Lamp ရေအောက်သုံးမီး။
ပြီးတော့ ငါးထိုးသည့် မှိန်းကြီးကိုကိုင်၍ စပိဘုတ်ပေါ်တွင် ထိုင်နေသော ခင်စန္ဒီ။

*



အခန်း (၆)

ခင်စန္ဒီ....
သမီး....
သူမကို ဦးစောဒီ ချစ်သည်။
ဦးစောဒီချစ်သည့် တစ်လောကလုံးမှ တစ်ယောက်တည်းသော မိန်းကလေး ဖြစ်သည်။ သူမ၏ မိခင်ကလည်း သူမငယ်စဉ်ကပင် ဆုံးပါးခဲ့သည်။
သူ့သွေးသားဆို၍ ခင်စန္ဒီ တစ်ယောက်သာ အရင်းချာ ရှိပါသည်။
သူမကို စိုးနက်နှင့် နေရာချထားပေးရန် စိတ်ကူးထားသည်။
စိုးနက်က သူ၏ အတွင်းလူ။ သူ၏ လူယုံ။
စိုးနက်နှင့် ခင်စန္ဒီ ရသွားလျှင် စိုးနက်လည်း သူ့လက်ထဲမှ တစ်သက်လုံး ရုန်းမထွက်နိုင်။ သူ့စီးပွားလည်း ဒီရေလား တက်လာဦးမည်။
သည် ဝိသမ လောဘသမားများသည် ကိုယ်ချစ်သော ကိုယ့်သမီးကိုပင် စီးပွားရေးအတွက် ဈေးတွက် တွက်၍ ပေးစားလေ့ ရှိသည်။

သမီးက မိုက်သည်။ ငမန်းလေးနှင့် ကြိုက်နေကြသည်။

ဒါကို လူလည်ကြီး ဦးစောဒီက သိလိုက်သမျှ သိပ်သိ။

မျက်စိမှိတ်ထားပြီး ကောင်လေးကို မြှောက်စားထား
လိုက်သည်။

ကိစ္စပြီးတာနှင့် ကောင်လေးကို ကိစ္စပြီး ပစ်လိုက်မည်။

ဦးစောဒီက တယ်လီဖုန်းကို မကြာခဏလှမ်းကြည့်နေ

အရက်ကိုလည်း တစ်ခွက်ပြီးတစ်ခွက် ဆက်တိုက်သောက်
နေသည်။

သည်နေ့ည အောင်ပွဲကြီး ကျင်းပရန် စိုးနက်နှင့် အဖွဲ့
စီစဥ်ခိုင်းလိုက်သည်။ ကျွန်းနံ့သာ၌ ဖြစ်သည်။

ဘာမှ အထစ်အငေါ့ ရှိလေမည်မဟုတ်။

သူ့အစီအစဥ်က ပိရိသေသပ်သည်။

ရှစ်နာရီခွဲ၊ စိုးနက်ထံမှ ဖုန်းမလာသေး။

သည်အကောင် အဆင်မပြေများ ဖြစ်နေရော့သလား

ဦးစောဒီသည် တယ်လီဖုန်းကို ကောက်လှည့်၍ သူ
ငပလီ ကမ်းခြေမှ စခန်းသို့ ဖုန်းဆက်သည်။ ဖုန်းခေါ်သည်

အော်ပရေတာ၏ အသံကို မကြားရ။

ဘာအသံမှ မကြားရ။ ကေဗ္ဗ ဖုန်းပျက်နေပြီ။

'မောင်နီ....မောင်နီ'

'လာပြီ ဆရာကြီး'

မောင်နီရောက်လာသည်။

'ထိလပ် ငမန်းလေးကို သွားခေါ်တာ အခုအထိမရောက်
သေးပါလား'





'သူတို့ ရတနာရုံမှာ သန်းဒါးဘော သွားကြည့်ကြတယ်'

'ဟော.... ခွေးမသားက ငါခိုင်းတာတော့ မလုပ်ဘူး၊ဘယ်
သူနဲ့ သွားတာလဲ'

'ငမန်းလေးနဲ့'

'မင်းကို ပြောသွားသလား'

'ဟုတ်တယ်၊ငမန်းလေးနဲ့ ကားရုံဘေးမှာတွေ့တော့ သူနဲ့
ထိလပ် ရုပ်ရှင် သွားကြည့်မလို့ ထိလပ် လက်မှတ်သွားယူ
တယ်၊ ဆရာကြီးကို ပြောလိုက်ပါတဲ့'

'ဒီမအေပေးက ငါခိုင်းတာကိုမလုပ်ဘူး၊ကားထုတ်ခဲ့စမ်း'

ဦးစောဒီ သည်လို....သည်လို ဒေါပွသွားသည်။

မီးပုံယမ်းကျ ဖြစ်သွားသည်။

'သွား....ကားထုတ်စမ်း'

'ထုတ်လို့ မရဘူး'

'ဘာကွ'

ဦးစောဒီ အော်သည်။

'ဟို....ဟို....ကားရုံတံခါးကို သော့ခတ်ပြီး ပိတ်သွားပါ
တယ် ဆရာကြီး'

'ရိုက်ဖွင့်'

သူ့အသံက မိုးကြိုးပစ်လိုက်သလား အောက်မေ့ရသည်။

မောင်နီသည် ဦးစောဒီ၏ အရက်ခန်းမှ ကမန်းကတန်း
ထွက်ခဲ့၍ လှေကားကို ပြေးဆင်းသည်။ တူကြီးတစ်ချောင်းကို
ယူ၍ ကားရုံသော့ကြီးကို အားရပါးရ နှက်တော့သည်။

မကြာမီ ဦးစောဒီ ဆင်းလိုက်လာပြီး ဘေးက ဒေါ်ပွပွဖြင့် ခါးထောက်ကြည့်နေသည်။ သော့က အာမခံသော့။

ကားရုံတွင်းရှိ ထိလပ်သည် မိုးကြိုးပစ်သံလို တဒုန်းဒုန်း အသံများကြောင့် သတိရလာသည်။

သူ့တစ်ကိုယ်လုံး လှုပ်၍မရ။ အော်၍မရ။

အဲသည်တော့မှ ဒေါ်ဝါနုကို ပြန်လည် သတိရမိသည်။

သဇေးချောင်းဝ (သူဌေးချောင်းဝ)ရွာတွင် ပိုက်ဆံရှိ မုဆိုးမကြီး အိမ်ကို သူ ဓားပြတိုက်ခဲ့စဉ် သူ လုပ်ဆောင်ခဲ့ သော ပြစ်မှုကို ပြန်၍ သတိရမိသည်။

ဒေါ်ဝါနုသည် အင်မတန် နှမြော တွန့်တိုတတ်သည်။

ရွှေတွေ စိန်တွေကို ဝှက်ထားသည်၊ ဘယ်လိုပဲ ရိုက်စစ်စစ် ဝှက်ထားသော နေရာကို မပြော။

'မပြောဘူး၊ သတ်ချင် သတ်ပစ်လိုက်၊ ဒီရွှေ ငွေတွေဟာ ဘုရားတည်မယ်လို့၊ ငါ့တစ်သက်လုံး မစားရက် မသောက်ရက် စုထားတဲ့ သမ္မာအာဇီဝ ပစ္စည်းတွေဟဲ့'

ဓားပြ ထိလပ်သည် ဒေါ်ဝါနုလက်ကို ကြိုးနှင့်တုပ်၍ ရှေ့က မြင်းနှင့် ဆွဲစေသည်။

ဒေါ်ဝါနု မပြောပါ၊ အသက် အသေခံသွားရှာသည်။

သည်ရာဇဝတ်မှုကို ဦးစောဒီ သိထားပြီး နိုင်ကွက်ကိုင်၍ သူ့ကို အပိုင် အသုံးချနေသည်။

'ဝုန်း'

ကားရုံတံခါးကြီး ပွင့်သွားသည်။

မောင်နီနှင့် ဦးစောဒီ အသံကို ကြားရသည်။





'မင်းနဲ့ဦးပိန် အိမ်ကို အသေအချာစောင့် ကြားလား၊ ခွေးမသား....သွားတော့'

'ဟုတ်ကဲ့ ဆရာကြီး'

မောင်နီ ပြေးထွက်သွားသည်။

ဦးစောဒီသည် ကားကို စက်နှိုး၍ ဂျက်လေယာဉ်ပျံလို ဝေါခနဲ မောင်းထွက်ခဲ့သည်။

ထိလပ်သည် ကားနောက်တွင် တရွတ်ဆွဲ၍ ပါသွား၏။

'အမယ်လေး....အမယ်လေး'

ဒေါ်ဝါနု၏ အော်သံကို ထိလပ် ကြားရသည်။

သူ မအော်နိုင်ပါ။

နိုင်ရာစားတွေ၏ ဘဝမှာ ချက်ချင်း ဝဋ်လည်တတ်သည်။

သူသည် မြေပြင်ပေါ်တွင် တရွတ်ဆွဲရင်း ပါသွား၏။

'ဒုန်း'

ခြံဝကို အရှိန်နှင့် ကွေ့ထွက်လိုက်စဉ် တံခါးအုတ်တိုင်နှင့် သူ့ခေါင်းကို ဆောင့်မိသည်။

ကြက်ဥကလေးကို သံတလင်းပေါ်သို့ပစ်ချလိုက်သကဲ့သို့ ဖြစ်သည်။

ဒုန်းခနဲ အသံကြောင့် ဦးစောဒီသည် ကားကို ရပ်ပစ်လိုက်ပြီး အောက်ဆင်းကြည့်၏။

ထိလပ် သေပြီ။

မြင်မကောင်း ရှုမကောင်းအောင် အသေဆိုးဖြင့် သေသွားပြီ။

*

## အခန်း (၇)

သေသွားလျှင် ဘာမှမသိ။

မသေခင်သာ ရှုန်းကန် လှုပ်ရှားနေရသည့် လူ့ဘဝမှာ...

တစ်ခါတလေတော့လည်း အပြုံးအပျော်ကလေးတွေ...

တစ်ခါတလေတော့လည်း သောကတွေ....

မောဟ၊ လောဘ၊ ဒေါသတွေ။

လူတွေသည် မွေးခြင်းနှင့်သေခြင်း မှတ်တိုင်နှစ်ခုကြားထဲတွင် ခံစားမှု အထွေထွေနှင့်လည်းကောင်း၊ ရုန်းကန်မှုအမျိုးမျိုးနှင့် လည်းကောင်း ထာဝရ ကြုံကြိုက် ဆုံစည်းနေကြရသည်။

လူ့ဘဝဆိုသည်မှာ ဆန္ဒနှင့် ပြည့်နှက်နေသော ဆန္ဒတောနက်ကြီးနှင့် တူသည်။

ကောင်းတာ စားရလျှင် သည့်ထက်ကောင်းတာ စားချင်သည်။

အဝတ်အစုတ်ကလေးမှအဝတ်ကောင်းလေးဝတ်ချင်သည်။

တဲကလေးနှင့်နေရာမှ အိမ်ကလေးနှင့် နေချင်သည်။





စား၊ဝတ်၊နေရေးတွင် ဆန္ဒကလေးတွေ အမြဲတမ်း ရှိနေကြသလို....

ကော်ရိုလာစီးနေသူကလည်း ဒတ်ဆန်းဝမ်းတွမ်တီးဝိုင်ကို ပြောင်းစီးချင်သည်။

အိမ်ကမိန်းမလှလှကလေးကို ကော်ရိုလာကဲ့သို့ငြီးငွေ့လာသောအခါ ဖင်မောက်မောက် ခုံးခုံးကလေးဖြင့် နောက်မီးလုံးတွေများသောဒတ်ဆန်းဝမ်းတွမ်တီးဝိုင်လိုဟာမျိုးကလေးကို တမ်းတမိသော ငွေလက်ဖျားသီးနေသည့် သူဌေးကြီးတွေ၏ ဆန္ဒကလည်း တစ်မျိုးပေါ့။

မဆွေဆန္ဒကတော့ သားကလေးနှင့် သူ့အဖေ အဆင်ပြေကာ အမေကို ပြန်လည်ပြီး မေတ္တာထား ခွင့်လွှတ်နိုင်မည်ဆိုလျှင် ဆန္ဒအားလုံး ပြည့်ပါပြီ။

သည်ဆန္ဒကို အနှစ်နှစ်ဆယ်ကျော် စောင့်ခဲ့ရသည်။

မနက်ဖြန်ဆိုလျှင် မဆွေ ဆန္ဒပြည့်တော့မည်။

ညနေက သားကလေး မောင်မျိုးခက်ထံ စာတစ်စောင်ရေးပြီး ပုန်းညက်ဘန်ဂလိုမှ မခင်ဖြူအား အိမ်ကြီးမဟာသို့ စေလွှတ်လိုက်သည်။

စာကလေးက တိုသည်။

စာကတိုသော်လည်း သည်စာကိုဖတ်ရလျှင် သားကလေးသူမထံသို့ ချိန်းသည့်အချိန်တွင် ရောက်ရှိလာမည်မှာ သေချာသည်။

သား....

မောင်မျိုးခက်၊

သားရဲ့ ဖခင်အရင်းကို တွေ့ဆုံပေးရန်အတွက် မနက်ဖြန် တနင်္ဂနွေနေ့၊ ဆယ်နာရီတိတိမှာ ပေလီကမ်းခြေက ပုန်းညက်ရိပ်သာကို လာခဲ့ပါ။

မေမေ စောင့်နေမည်။

မေမေ

စာကလေးက ဒါပဲဖြစ်သည်။

ကိုဘခက်ကိုလည်း မနက်ဖြန်မနက် ဆယ်နာရီတွင် ချစ်ချစ်ကို ခေါ်ခဲ့ရန် မှာကြားပြီး ဖြစ်ပါသည်။

တင်မျိုးဆွေသည် နာရီကို ကြည့်လိုက်သည်။

ည ရှစ်နာရီကျော်ပြီ။

ဟင်....ရှစ်နာရီတောင်ကျော်ပြီ၊ မခင်ဖြူ အာတီစီ လိုင်းကားမရလို့နဲ့တူတယ်၊ ကြာလိုက်တာ၊ ဒါမှမဟုတ် သူ့အသိအိမ်များ ဝင်နေရော့သလား။

စိတ်ထဲက စဉ်းစားမိသည်။ သူမ စဉ်းစားသလိုမဟုတ်။

မခင်ဖြူသည် ညနေခြောက်နာရီတွင် အန်တီတင်မျိုးဆွေပေးထားသော စာကလေးကို စလင်းဘက်ထဲတွင်ထည့်၍ ပေလီလမ်းဆုံသို့ ကားကြုံစီး၍ လိုက်သွားသည်။

ပေလီလမ်းဆုံ နှင့် သံတွဲက လေးမိုင်နှင့် သုံးဖာလုံတိတိဝေးသည်။

လုံးသာမှလာသော အာတီစီလိုင်းကားကို စောင့်သည်။

လိုင်းကားက အတော်နှင့်မလာ။





'ဘီးပေါက်နေပြီထင်တယ်'

'မဟုတ်ဘူး၊ စက်ပျက်တာ ဖြစ်မှာပါ'

'ဒုက္ခပဲဝေ့၊ စောင့်ရတာ ကြာလှပြီ'

ခရီးသည်တွေက ညည်းကြသည်။

ကားလာပါပြီ။

အပြာရောင် ဟီးနိုးနောက်ဖွင့်။ ကားထဲတွင် လူတွေ ငါးပိသိပ်၊ ငါးချဉ်သိပ်။ ခင်ဖြူ အတင်းတိုးတက်သည်။

ငါးတောင်းတွေကို ကျော်လွှား၍ အတင်းတိုးသည်။

နောက်ဆုံးကားမို့ လူများသည်။

မှတ်တိုင်တစ်တိုင်ရပ်ပြီးတိုင်း အတော်နှင့်မထွက်နိုင်။ တိုးကြဝှေ့ကြ၊ ဆင်းကြ တက်ကြနှင့်။ ဒိုးတောင်မှတ်တိုင် ရောက်တော့ ရှစ်နာရီ ထိုးတော့မည်။

သံတွဲဈေးဂိတ်ကို ကားလည်းဝင်ရော ခင်ဖြူ့စလင်းဘက်ကို ဓားနှင့်ခွဲထားသည်ကို တွေ့ရတော့သည်။

ဟောတော့.... ငွေသုံးဆယ်နှင့် အန်တီတင်မျိုးဆွေ ပေးလိုက်သောစာ ပါသွားပြီ။

ခါးပိုက်နှိုက်သွားပြီ။ သံတွဲတွင် ခါးပိုက်နှိုက် မရှိ။

ပေလီသို့ လာရောက် အပန်းဖြေရင်း အလုပ်လုပ်သွားသည့် ရန်ကုန်ခါးပိုက်နှိုက် ဖြစ်ရမည်။

ခင်ဖြူ ငိုချင်သွားသည်။

စာကလည်း သိပ်အရေးကြီးသည်ဟု အန်တီတင်မျိုးဆွေက မှာ လိုက်သည်။

စာအိတ်ကိုပိတ်ထားသဖြင့် ဘာစာမှန်းလည်းခင်ဖြူမ သိ။

'ဟဲ့....ခင်ဖြူ၊ ဘာဖြစ်နေတာလဲ'

ဂျစ်ကားကလေးတစ်စီးက သူမဘေးသို့ ထိုးရပ်ရင်း ကားမောင်းသူက မေးသည်။

အင်္ဂလိပ်ပြာရောင်မဟုတ်တဲ့ ... အငှားတက္ကစီဂျစ်ဆွဲနေသော ဦးလေးကိုမောင်စစ်၏ ဂျစ်ကလေးဖြစ်ပါသည်။

'ဟာ....ဦးလေးကိုမောင်စစ်ပါလား၊ ဦးလေးကား ဘယ်သွားမလို့လဲ'

'ငါ ဇီးဖြူကုန်းကိုသွားမလို့၊ နင် လိုက်ချင် လိုက်ခဲ့လေ၊ ပုန်းညက်အထိ ပို့ပေးမယ်၊ ဘာဝေးတာလိုက်လို့'

'အတော်ပဲ ဦးလေးကိုမောင်စစ်ရေ၊ ခင်ဖြူ လက်ဆွဲအိတ်ကို ခါးပိုက်နှိုက်ခွဲသွားလို့'

'ဟင်....ဘာတွေပါသွားသလဲ'

'ငွေသုံးဆယ်တည်းပါ၊ စာတစ်စောင်က သိပ်အရေးကြီးတဲ့စာဖြစ်နေလို့၊ ပို့ခိုင်းတဲ့သူကို ချက်ချင်း ပြန်ပြောမှဖြစ်မယ်'

'ကဲ....တက် တက်'

ခေါ်ပေသေးသည်။

အန်တီ တင်မျိုးဆွေက စာကို သည်ညရောက်အောင် ပို့ပေးပါဟု အသေအချာ မှာလိုက်သည်။

မခင်ဖြူစီးလာသော ဂျစ်ကားလေးသည် ငပလီလမ်းဆုံကို ဖြတ်ခဲ့သည်။ ဇီးဖြူကုန်းကို ကျော်ခဲ့သည်။ ပုန်းညက်ရိပ်သာသို့ ရောက်တော့မည်။

ထိုအချိန်တွင်....





တင်မျိုးဆွေသည် ဂျိုနသန်ဆီးဂူးကို ဖတ်ရင်း မခင်ဖြူကို စောင့်နေသည်။

ပင်လယ်စင်ရော်ကလေးတွေ၏ အလှ။

သူတို့လေးတွေ၏ ဘဝ။

ခံစားမှုအဝဝကို လူ့ဘဝနှင့် နှိုင်းယှဉ်၍ ရေးသားထားသော ကဗျာကလေးတွေကို ဂျိုနသန်ဆီးဂူး အမည်ဖြင့် ဘဝဆန်ဆန် ရေးဖွဲ့ သီကုံးထားသည်။

'ဒေါက်....ဒေါက်....ဒေါက်'

'ဘယ်သူလဲ....မခင်ဖြူလား'

'မဟုတ်ပါဘူး ခင်ဗျာ၊ ကပ္ပတိန်အောင်ခက်က စာတစ်စောင် ပေးခိုင်းလိုက်လို့ပါ၊ အရေးကြီးတယ်လို့ ပြောပါတယ်၊ ကျွန်တော်က ကပ္ပတိန်အောင်ခက်တည်းတဲ့ ဘန်ဂလိုက ထမင်းချက်ပါ'

တင်မျိုးဆွေရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။

အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။ ဘောင်းဘီရှည်နှင့် လူတစ်ယောက် ရပ်နေသည်။

သူ့လက်ထဲမှ စာ။ ပါကိုယူ၍ ဖတ်ကြည့်သည်။

**မတင်မျိုးဆွေ....**

သိပ်အရေးကြီးတဲ့ ကိစ္စပေါ်နေလို့ အခုလာခေါ်တဲ့ ကိုဂွတ်နှင့် အတူလိုက်ခဲ့ပါ၊ အရေးကြီးတယ်၊ ဆက်ဆက် လိုက်ခဲ့ပါ။

အောင်ခက်

စာက ဒါပဲဖြစ်သည်။

'ဟင်....'

'ဟုတ်ပါတယ်ခင်ဗျာ၊ ကပွဲတိန်ဘခက်က အရေးကြီးလို့ ကျွန်တော်နဲ့ တစ်ပါတည်း လိုက်ခဲ့ပါလို့ မှာလိုက်ပါတယ် ခင်ဗျာ'

'ဟုတ်....ဟုတ်ကဲ့ရှင့်'

တင်မျိုးဆွေသည် ယုန်မွေးဆွယ်တာ အဝါကလေးကို ကမန်းကတန်းထပ်ဝတ်၍ ဘန်ဂလိုထဲမှ ထွက်ခဲ့သည်။ ဘာများ ဖြစ်လေသနည်း၊ နှုတ်ခွန်း၏ နှလုံးရောဂါ ပြန်၍အခြေအနေ ဆိုးလာလို့လား။

'ကားပါအလား'

'ပင်လယ်ဘက်က သွားမှာပါ၊ ဘုတ် ယူလာတယ်'

'ဟုတ်....ဟုတ်ကဲ့'

ညသည် မှောင်နေသည်။ လ မထွက်သေး။

သူတို့ နှစ်ယောက်သည် ပုန်းညက်ပင်ကြီး အောက်မှ ပင်လယ်ကမ်းစပ်သို့ ဆင်းခဲ့သည်။

လာခေါ်သည့် ကိုဂွတိုက နောက်က လက်နှိပ်ဓာတ်မီးနှင့် လိုက်သည်။

သည်စဉ်မှာပင်....

တင်မျိုးဆွေရင်ထဲတွင် ထင့်ခနဲ ဖြစ်သွားမိသည်။

မတင်မျိုးဆွေတဲ့။

ကိုဘခက်က သူမကို အမြဲတမ်း မဆွေ လို့ခေါ်လေ့ရှိသည်။

လာခေါ်သည့်လူက အကောင်းစား ဘောင်းဘီနှင့် သားရေဂျာကင်နှင့်။





ပြီးတော့ သူ့ကိုယ်သူ ထမင်းချက် ဂွတိုတဲ့။

ထမင်းချက် ဂွတိုဆိုလျှင် သည်လောက် မသားနားနိုင်။

လက်နှိပ်ဓာတ်မီးရောင်သည် ဖျတ်ခနဲ ပင်လယ်ကမ်းစပ် ကျောက်ဆောင်ဘေးသို့ ရောက်သွားသည်။

စပီဘုတ်တစ်စင်းနှင့် လူတစ်ယောက်။

တင်မျိုးဆွေ မသင်္ကာတော့။

'ရှင် ဘယ်သူလဲ'

'ဂွတိုလေ....ဂွတို'

'ကျွန်မ မလိုက်တော့ဘူး'

'လိုက်ရမယ်'

'မလိုက်ဘူး၊ အို....လွှတ်၊ ကျွန်မလက်ကို လွှတ်'

လက်ကို မလွှတ်။

လက်နှိပ်ဓာတ်မီး လွတ်ကျသွားသည်။

'ဟော့....ကြာဖူး၊ မြန်မြန်လာ'

တင်မျိုးဆွေ ပါးစပ်ကို ကြမ်းတမ်းသော လက်ကြီး တစ်ဖက်က အတင်းပိတ်လာသည်။

ရုန်းသည်၊ ကန်သည်၊ အော်သည်၊ အသံမထွက်။

ပြီးတော့ သည်နေရာက လူသိပ်ပြတ်သည်။

တင်မျိုးဆွေသည် လူနှစ်ယောက် ဆွဲခေါ်ရာသို့ ဒယ်ဒီ့တိုက် ပါသွားသည်။

မခင်ဖြူသည် ဂျစ်ကားပေါ်မှဆင်း၍ ပင်လယ်ကမ်းစပ်ဘက်ရှိ ထောင့်ဆုံးအခန်းဖြစ်သော အန်တီ တင်မျိုးဆွေ၏ အခန်းသို့ ရောက်သွား၏။ မရှိ။

ပင်လယ်ကမ်းစပ်သို့ ကြည့်လိုက်တော့ သဲပြင်တွင်ဖွင့်လျက်သား လဲကျနေသော လက်နှိပ်ဓာတ်မီးကလေးနှင့် ရှိန်းကန်လှုပ်ရှားနေသော ခပ်မည်းမည်း အရိပ်တွေ။

'ဟင်....'

မခင်ဖြူသည် ပင်လယ်ကမ်းစပ်သို့ ပြေးဆင်းသွားသည်။ သူမ နောက်ကျသွားပြီ။

စက်ရှိန်မြှင့်၍ ပင်လယ်ထဲသို့ ထွက်ခွာသွားသော စပီဘုတ်၏ အသံကိုသာ ကြားလိုက်ရသည်။ ခင်ဖြူသည် လက်နှိပ်ဓာတ်မီးကိုကောက်၍ သဲပြင်ကို ထိုးကြည့်သည်။

အန့်တီ တင်မျိုးဆွေ၏ ယုန်မွေးဆွယ်ဘာ အဝါလေးမှ အင်္ကျီကြယ်သီး နှစ်လုံးနှင့် ရှုပ်ထွေးရှုန်းကန်ထားသော သဲပြင်ပေါ်မှ ခြေရာများကိုမြင်လိုက်ရသည်။

'ဟင်....ဒုက္ခပဲ၊ အန့်တီ တင်မျိုးဆွေကို ဘယ်သူတွေက အတင်းခေါ်သွားကြပါလိမ့်'

*



## အခန်း (၈)

'အတင်းခေါ်လာတာ မဟုတ်ဘူး၊ သူ့သဘောနဲ့သူ လိုက်လာတာပါ ချစ်ချစ်ရယ်၊ ကိုမျိုးတို့ အိမ်ကြီးမဟာက ခိုးထွက်တာ သူသိလို့ စပီဘုတ်ပေါ်က စောင့်နှင့်နေတာ'

'သူပါရင် ချစ်ချစ် မလိုက်တော့ဘူး'

'ချစ်ချစ်ရယ်....ဒါတွေကို ခဏလေး ခေါက်ထားစမ်းပါ၊ ရေငုပ်မီးတွေ၊ Oxygen အသက်ရှူဘူးတွေ သူ့ကြောင့် ရခဲ့တာ၊ သူပါလဲ ဘာဖြစ်လဲ၊ လုပ်အားပေး သဘောမျိုးပေါ့'

'ဘာလုပ်အားပေးလဲ'

ချစ်ချစ် ဒေါပွနေ၏။

စပီဘုတ်ပေါ်တွင် ခင်စန္ဒီပါလာ၍ ဖြစ်သည်။

'ကိုမျိုးရယ်၊ ချစ်ချစ်ရယ်၊ ဦးပိန်းရယ် ရေငုပ်ကြမယ်၊ မုတ်ကောင်တွေကို ခင်စန္ဒီက ပိုက်ခြင်းနဲ့ ဆွဲတင်ပေးမှာပေါ့'

'တော်တော့....ချစ်ချစ် မလိုက်ချင်တော့ဘူး'

'ချစ်ချစ်ရယ်၊ အားလုံး စီစဉ်ပြီးမှ ဆင်ကောင်ကြီး အမြီးကျမှ တစ်မနေစမ်းပါနဲ့'

'တစ်အောင် ကိုမျိုးက ဘာဖြစ်လို့ လုပ်သေးလဲ'

'ခင်စန္ဒီကလေ ဟို....ဟို....သူ မလိုက်ရရင် ရေငုပ်ပစ္စည်းတွေကို ခိုးကာ ဦးစောဒီကို တိုင်ပြောမယ်ဆိုလို့ ခေါ်ခဲ့ရတာပါ ချစ်ချစ်၊ ဒါလေးတစ်ခုတည်းနဲ့တော့ ကိုမျိုးတို့ရဲ့လုပ်ငန်းကြီးတစ်ခုလုံးကို ဖျက်မပစ်ပါနဲ့နော်....နော်'

ပခုံးကလေးကို ကိုင်၍ ချော့ရသည်။

ဆလုံကြီးနှင့် ခင်စန္ဒီသည် မလှမ်းမကမ်းရှိ ပင်လယ်ကမ်းစပ်တွင် ရပ်ထားသော စပိဘုတ်ပေါ်မှ စောင့်နေကြသည်။

'နော်....ချစ်ချစ်၊ ကိုမျိုးကို ချစ်ရင်'

'ဖယ်ပါ၊ ကိုမျိုးမကောင်းဘူး၊ ငါးရံ့နှစ်ကောင် ဖမ်းတယ်၊ ဒါကြောင့် ငမန်းလေးလို့ ခေါ်ကြတာ ဖြစ်မှာပါ'

'ချစ်ချစ်ကလဲကွယ်၊ ကဲ....'

နှဖူးကလေးကို မွှေးလိုက်သည်။

ချစ်ချစ် ရင်ထဲတွင် အေးခနဲ။

'ကဲ....ချစ်ချစ် မလိုက်ရင်လဲ နေခဲ့တော့ပေါ့၊ ကိုမျိုးသွားတော့မယ်နော်'

သူ့အသံက ဝမ်းနည်းနေသည်။

ချစ်ချစ်ကို ကျောပေး၍ ထွက်ခွာသွားသည်။

'ကိုမျိုး'

'ဟင်'

'နေဦး၊ ချစ်ချစ်လိုက်မယ်'

သူတို့နှစ်ယောက် ဟိုင်းပေါ်သို့ ရောက်သွားကြသည်။

ခင်စန္ဒီက ချစ်ချစ်ကို ဝမ်းသာအားရ နှုတ်ဆက်သည်။





'လာ....ချစ်ချစ်'

ချစ်ချစ်ကတော့ မပြုံးမရယ် ခပ်တည်တည်။

'ခင်စန္ဒီက ဘာဖြစ်လို့ လိုက်လာတာလဲဟင်၊ ပင်လယ်ထဲ အလေ့အကျင့် မရှိရင် အန္တရာယ်များတယ်'

'များပါလိမ့်စေ၊ ကိုမျိုးခက်သွားရာ လိုက်မှာပဲ'

အဲလိုမျိုးတွေ....

မိန်းမတွေ စကားကို များသည်။

ဆီလုံအပေါက်ရှာ၍ ပြောစရာမရှိ ပြောသည်။

မျိုးခက်စိတ်ပျက်ပျက်နှင့် စက်ကိုဆောင့်နှိုးပစ်လိုက်သည်။

'ဝူး'

ဟိုင်းသည် ကျောက်တလား ပင်လယ်ကမ်းခြေမှ ပြေးထွက်လာသည်။

'ချစ်ချစ်'

'ရှင်....ကိုမျိုး'

'နေရာကို မှတ်မိတယ်နော်'

'မှတ်မိပါတယ်၊ လေယာဉ်ကွင်း Control Tower ကနေ မိုးကလေး တည့်တည့်ပဲ၊ အကွာအဝေးက ငါးမိုင်'

မျိုးခက်သည် ပုလဲမုတ်ကောင်ကြီးများရှိသော ကျောက်ဆောင်တစ်စွယ်ကို မှန်းခဲ့သည်။

'ဒီနေရာမဟုတ်လား'

'ညာဘက်ကို နည်းနည်းကွေ့၊ အဏ္ဏဝါက မီးနဲ့ ၄ဂ– ဒီဂရီလောက်'

ရောက်ပြီ။

အဖိုးတန် ရတနာများဖြစ်သော စိန်၊ ကြောင်၊ နီလာ၊ ပတ္တမြား၊ ကျောက်စိမ်း၊ မဟူရာများကို ပုလဲဝတ်ဆံ Pearl Nucleus အဖြစ် သွင်း၍ သက်တမ်းရှည်အောင် ဆေးထိုး မွေးမြူထားခဲ့သော ယာမာဇူစကီး၏ ပုလဲသချိုင်းပေါ်သို့ ရောက်ခဲ့ပါပြီ။

'ဒီနေရာပဲ ချစ်ချစ်'

'ဟုတ်တယ်၊ ဒီနေရာပဲ'

'ကဲ....ခင်စန္ဒီနဲ့ ချစ်ချစ်က အပေါ်ကစောင့်၊ ကိုမျိုးနဲ့ အဘဦးပိန် အရင်ဆင်းနှင့်မယ်၊ ကိုမျိုးတို့ ကိုယ်မှာ ကြိုးနဲ့ ဆက်ထားမယ်၊ အန္တရာယ်ရှိမယ်၊ အနှောင့်အယှက်ရှိမယ်ဆိုရင် ကြိုးကို သုံးချက် ဆွဲလိုက်မယ်'

'ဟုတ်....ဟုတ်ကဲ့ ကိုမျိုး'

'ဒီဒီရော လိုက်ချင်တယ်'

'ငါးမန်းနဲ့တွေ့ရင် ဘယ့်နှယ်လုပ်မလဲ'

'မကြောက်ပေါင်၊ အဲဒီ ငါးမန်းရဲ့အမြီးကို ဟောဒီဓားနဲ့ ဖြတ်လိုက်မှာပေါ့'

'မကြောက်လဲ ခဏတော့စောင့်ဦး၊ ကိုယ်နဲ့ ဆလုံကြီး အရင်ငုပ်ကြည့်ဦးမယ်'

ခက်သည်။ ခင်စန္ဒီ သိပ်ခက်သည်။

ချစ်ချစ်ရှေ့တွင် သူပြောချင်ရာစွတ်ပြောချင်နေသည်။

ည....ဆယ်နာရီ ထိုးတော့မည်။

အရှေ့ဘက်မှ လဝန်းကြီး ထွက်ပြူလာပြီ။





မျိုးခက်သည် ခင်စန္ဒီ၏ စကားများကို မကြားသလို ရေငုပ်ရန် အတွက် ပြင်ဆင်နေသည်။

'နေ၁....ကိုမျိုးခက်၊ ကိုမျိုးခက်နဲ့ အတူ ဒီဒီလဲ ငုပ်ကြည့်ချင်လို့ပါ'

အတော်လျှာရှည်တဲ့ ဟာမလေး။

ငမန်းလေး ဒေါသဖြစ်လာသည်။

'အေး....အေး....ဒီနားကိုလာခဲ့'

ခင်စန္ဒီသည် စပိဘုတ်၏ နောက်မြီးပေါ်သို့ ရောက်လာသည်။

'မတ်တတ်ရပ်'

'ဘာလုပ်မလို့လဲ'

'ရပ်စမ်းပါ'

'ကဲ'

'ဟိုဘက်လှည့်'

'အို....ဘာလုပ်မလို့လဲဆိုနေ'

'လှည့်စမ်းပါ'

'ဘာမှန်းလဲ မသိဘူး၊ ကဲ....လှည့်တယ်'

ကန့်ကလန့် ရပ်နေသော ခင်စန္ဒီကို မျိုးခက် ဆောင့်ကန်ထည့်လိုက်သည်။

'ကဲ....ငုပ်'

'အမယ်လေး....'

'ဝုန်း'

ခင်စန္ဒီ ရေထဲဘွင် ယက်ကန်ယက်ကန်ဖြစ်ပြီး မြု ပ်သွား သည်။

ရေကူးတဘ်လို့ တော်သေးသည်။

ချစ်ချစ် ပါးစပ်က ဟောင်းလောင်း။

ထိုင်နေရာမှထ၍ ခင်စန္ဒီ့လက်ကို လှမ်းဆွဲလိုက်သည်။

'ငုပ်လေ'

'တော်ပြီ၊ ကိုမျိုးခက် မကောင်းဘူး'

'ဟုတ်သားပဲ ကိုမျိုးကလဲ၊ ဘယ်လိုလုပ်လိုက်တာလဲ'

'ဘာလဲ.... ချစ်ချစ်လဲ ငုပ်ချင်ပြန်ပြီလား၊ လာ....ဒီမှာ မတ်တတ်ရပ်'

'မရပ်ဘူး'

'ဟူး'

မျိုးခက် သက်ပြင်းချသည်။

မိန်းမတွေသည် သူတို့မလုပ်ချင်တာ ဘာမှမရှိ။

မတတ်ချင်တာ ဘာမှမရှိ။ မသိချင်တာ ဘာမှမရှိ။

'သူ့လက်ကို ဆွဲတင်ပေးလိုက် ချစ်ချစ်၊ ပြီးတော့ အမိတို့ ထဘီ အင်္ကျီတွေကို ရေငုပ်ဝတ်စုံနဲ့ လဲထား၊ ရေခ အောက်မှာ အန္တရာယ်မရှိရင် ငုပ်ရမယ်၊ ကဲ....တက်လေ'

'မတက်ဘူး'

'အိုက်လို့လား'

'သွားစမ်းပါ'

'ကောင်းတယ်၊ ခဏစောင့်ပါဦးဆိုတာ တကျည်ကျည် နားပူနေတာကိုး'





မျိုးခက်နှင့် ချစ်ချစ် ရယ်မိကြသည်။ ခင်စန္ဒီ မကြည်။

မျိုးခက်နှင့် ဆလုံကြီးတို့သည် ရေအောက်နဖူးစည်း မီး ား၊ မှတ်ခွာသော ချိတ်များနှင့် အတူ ပင်လယ်ထဲသို့ ဆင်း သည်။

သူတို့ခါးတွင် နိုင်လွန်ပိုက်ခြင်းကလေးများ ပါသွားကြ သည်။

ချစ်ချစ်က သူတို့ကိုယ်နှင့် ဆက်ထားသော ကြိုးတွေကို လိုက်သင့် လျှော့ပေးနေသည်။

မကြာခင် ကြိုးတွေရပ်သွားသည်။

သူတို့ ရေအောက်ကြမ်းပြင်သို့ ရောက်သွားကြလေပြီ။

အဲသည်တော့မှ ခင်စန္ဒီကို ဘုတ်ပေါ်သို့ ဆွဲတင်ပေးရ သည်။ ရေစိုလျှင်ဝတ်ရန် အပိုပါလာသော ထဘီကို ခင်စန္ဒီ အား ပေးလိုက်ရသည်။

'ချစ်ချစ်ရဲ့ ကိုကိုက နည်းနည်းလေးမှ ဒီဒီ့ကို မညှာဘူး၊ သူကချည်း အနိုင်ယူတယ်'

ခင်စန္ဒီက သူ့အဝတ်စိုများကိုချွတ်ရင်း ပြောသည်။

သူကချည်း အနိုင်ယူတယ်တဲ့။

'ချစ်ချစ်မှာတော့ သူ့ကို အမြဲတမ်း အရှုံးပေးခဲ့ရသည် ကို ခင်စန္ဒီ မသိဘူး မဟုတ်လား'

စိတ်ထဲက စကားလေးဖြင့် ပြောမိသည်။ အသံမထွက်။

ဝင်းလက်သော လရောင်တွင် ခင်စန္ဒီ၏ စွဲမက်ဖွယ်အလှ၊ အကြွကလေးတွေကို မြင်ရတော့ ကိုမျိုးလိုယောကျ်ား မဆို ထားနှင့် မိန်းမချင်းပင် အားကျမိသည်။

ချစ်ချစ်နှင့် ကိုယ်လုံးကိုယ်ပေါက်က မတိမ်းမယိမ်း။

ခင်စန္ဒီသည် ချစ်ချစ်ကိုကျော့ပေး၍ Scubar Suit ရေငုပ်ဝတ်စုံအဝါကလေးကို ဝတ်နေသည်။

ချစ်ချစ်ကတော့ သူမလောက် သတ္တိမရှိ။

မိန်းမချင်းပင် ရှက်တတ်၏။ အကြည့်မခံရဲ။

'ခင်စန္ဒီ ပြီးရင် ဒီကြိုးတွေကို မတင်းမလျော့ကလေး အလိုက်သင့်ကိုင်ပေးထား၊ ချစ်ချစ် အဝတ်အစား လဲလိုက်ဦးမယ်'

'ပြီးပြီ၊ ပေးပေး၊ ဒီဒီ ကိုင်ထားပေးမယ်'

'ရေအောက်က အချက်ပြရင် ကြိုးကိုဆွဲတင်၊ တစ်ချက်ဆိုရင် မှတ်ကောင်တွေကို ပိုက်နဲ့ထည့်ပေးလိုက်လိမ့်မယ်၊ နှစ်ချက်ဆိုရင် အန္တရာယ်တွေ့နေပြီ'

'သိပြီ'

'သုံးချက်၊ အောက်ကနေ ဆောင့်ဆွဲရင် အပေါ်ကတအားသာ ဆွဲတင်ပေတော့ ခင်စန္ဒီ'

'ဒီဒီ နားလည်ပါပြီ'

ခင်စန္ဒီသည် ညင်သာစွာ လှုပ်ရှားနေသော ကြိုးနှစ်ချောင်းကို လက်ဖြင့်ထိန်းကိုင်ရင်း စဉ်းစားပါသည်။

အိမ်ကြီးမဟာကို ဘယ်လိုပြန်ရမလဲ။

ဒယ်ဒီ့ကို ဘယ်လိုရင်ဆိုင်ရမလဲ။

ကိုမျိုးခက်နှင့် ဦးပိုန်တို့သည် အိမ်ကြီးမဟာမှ အပြီးတိုင်ထွက်ခွာလာကြသည်ကို ခင်စန္ဒီ သိပါသည်။ သူတို့ စကားတွေကို နားနှင့်ဆတ်ဆတ် ကြားခဲ့ပါသည်။





အခုတော့ ကိုမျိုးခက်နှင့် အတူလိုက်ခဲ့မိပြီ။ ဦးပိန်အား ကိုမျိုးခက်က သူမကို ယူမည်ဟု ပြောခဲ့သည်။

သူမကိုတော့ ဘာမှ မပြောသေး။

ဘယ်ဘဝလေးကို ရောက်မည်တော့ မသိ။

သူနှင့် လိုက်ခဲ့မိသည့်အတွက် အိမ်ကြီးမဟာကို ပြန်ဖို့ကလည်း မလွယ်တော့ပြီ။

ခင်စန္ဒီသည် သက်ပြင်းငယ်လေးကို ချလိုက်ရင်း ချစ်ချစ်ကို ကြည့်လိုက်သည်။ ချစ်ချစ်သည် ထဘီရင်ရှား၍ ရေငုပ်ဝတ်စုံနှင့် လဲနေသည်။

ရေအောက်က ကြိုးတစ်ချောင်း လှုပ်ရှားသွားသည်။

'ရေအောက်က ကြိုးလှုပ်တယ် ချစ်ချစ်'

'ဘယ်နှစ်ချက်လဲ'

'ရုတ်တရက်မို့ မသိလိုက်ဘူး'

'ဟယ်....ဒုက္ခပဲ၊ ပေးပေး၊ ချစ်ချစ်ကိုပေး'

တွေးနေမိသဖြင့် ဘယ်နှစ်ချက်ဆွဲသည်ကို ခင်စန္ဒီ မသိလိုက် ဖြစ်သွားသည်။

ချစ်ချစ်သည် ရေငုပ်ဝတ်စုံ၏ရှေ့မှ ဇစ်ကို တစ်ဝက်တစ်ပျက်ဆွဲတင်ရင်း ခင်စန္ဒီ၏လက်မှ ကြိုးတွေကို ကမန်းကတန်း ပြောင်းယူလိုက်သည်။

'ဒုတ်'

တစ်ချက်ဆွဲပြန်သည်။

ဆွဲသောကြိုးကို အပေါ်မှ အသာကလေး ဆွဲတင်လိုက်သည်။

ရေပေါ်သို့ပိုက်ခြင်းကလေး ပေါ်လာသည်။ မှတ်ကောင်ကြီးတွေ ပါလာသည်။

ကြိုးက အနီရောင်။ အနီဆိုလျှင် ကိုမျိုးဟာ ဖြစ်သည်။

'ရော့.... ဒီတစ်ချောင်းကို ကိုင်ထားဦး ခင်စန္ဒီ၊ ချစ်ချစ် မှတ်ကောင်တွေကို ဆယ်လိုက်ဦးမယ်'

'ဒီမှတ်ကောင်တွေက ဘာလုပ်ဖို့လဲ၊ ဖုတ်စားမလို့လား'

'ခင်စန္ဒီ မသိဘူးလား၊ ကိုမျိုး ပြောမပြဘူးလား'

'ဟင့်အင်း၊ မပြောဘူး'

'ဖုတ်စားဖို့မဟုတ်ဘူး ခင်စန္ဒီ၊ ကြော်စားမလို့'

ချစ်ချစ်က ပြောလိုက်ရင်း စပီဘုတ်ပေါ်တွင် ထွန်းထားသော မီးနှင့် မှတ်ကောင်ကြီးတွေကို ကြည့်သည်။

ဟုတ်သည်။

သူမနှင့် ကိုမျိုးတို့ မှတ်သားထားသော ပုလဲရှိသည့် မှတ်ကောင်ကြီးတွေပဲ ဖြစ်ပါသည်။

မကြာမီ ဆလုံကြီး၏ကြိုးက တစ်ချက်ဆွဲပြန်ပါသည်။

သူ့ကြိုးက အနက်ဖြစ်သည်။ ခင်စန္ဒီ ဆွဲတင်လိုက်သည်။ မှတ်ကောင်ကြီးတွေ အပြည့်နှင့်မို့ အတော်လေးသည်။

ကြိုးနှစ်ချောင်း ရေပေါ်သို့ ရောက်ပြီးမကြာခင် ဦးပိန်နှင့် မျိုးခက်တို့ ရေပေါ်တက်လာသည်။

ရေအောက်သုံးမီး Under Water A.C.R.Light များ၏ ခလုတ်ကို ပိတ်လိုက်ကြသည်။

'ချစ်ချစ်၊ ဘုတ်ပေါ်ကမီးကို လိုမှဖွင့်၊ မလိုရင်ပိတ်ထား၊ မီးထွန်းထားရင် အဝေးကြီးက မြင်နိုင်တယ်'





'ဟုတ်ကဲ့ ကိုမျိုး'

သူတို့နှစ်ယောက် ဘုတ်ပေါ်သို့တက်သည်။

မှတ်ကောင်ကြီးတွေကိုကြည့်၍အားရဝမ်းသာဖြစ်မိကြ၏။ ဒါကို ခင်စန္ဒီမသိ၊ လုံးဝမသိ။

'ကဲ.... ဒီတစ်ခေါက် အမိ နှစ်ယောက်ထဲက တစ်ယောက် လိုက်ခဲ့၊ ကျန်တဲ့တစ်ယောက်နဲ့ဦးပိန်က ဘုတ်ပေါ်ကစောင့်၊ ရေအောက်မှာ ဘာအန္တရာယ်မှမရှိဘူး၊ တစ်ခုတော့ ကြိုပြီး သတိပေးထားမယ်၊ ရေအောက်က အရောင်ထွက်နေတဲ့ ကျောက်ချွန်ကျောက်သွားတွေနဲ့တော့ မခြစ်မိ မကိုင်မိစေနဲ့၊ ခြစ်မိရင် အသေပဲ'

'ဘာဖြစ်လို့လဲ ကိုမျိုးခက်'

'အဆိပ်တွေ သုတ်ထားလို့'

'ဘယ်သူက သုတ်ထားတာလဲ'

'ကဲ....အမိ၊ ဘယ်သူသုတ်သုတ်၊ လျှာသိပ်မရှည်နဲ့၊ မှတ်ကောင်တွေက အများကြီး ငုပ်ရဦးမှာ'

ချစ်ချစ်က မေးသည်။

'ဒါဖြင့် ဘယ်သူအရင်လိုက်ရမှာလဲ၊ ချစ်ချစ်လား'

'ဒီဒီ အရင်လိုက်မယ် ချစ်ချစ်'

သူတို့နှစ်ယောက်စလုံး အရင်လိုက်ချင်နေကြသည်။

'ငါးပြားစေ့ပါလား ခင်စန္ဒီ'

'ငါးပြားစေ့တော့ မပါဘူး ကိုမျိုးခက်'

'ဘာပါသလဲ'

'မတ်စေ့'

'ပေး'

ခင်စန္ဒီသည် လိုလိုမည်မည်ထည့်ယူခဲ့သော စိန်ဆွဲကြိုး၊ စိန်လက်စွပ်၊ စိန်ကြယ်သီး၊ စိန်လက်ကောက်တွေထည့်ထား သော ပိုက်ဆံအိတ်သေးသေးကလေးထဲမှ ကတ်သီးကတ်သတ် ပါလာသည့် မတ်စေ့ကလေးကို ထုတ်ပေးလိုက်သည်။

'ကဲ....ခေါင်းလား ပန်းလား'

'ဒီဒီက....ပန်း'

မြောက်ပန်းလှန်၍ အဆုံးအဖြတ် ပေးရတော့မည်။

မျိုးခက် လှန်လိုက်သည်။

ပန်းပဲ ကျသည်။ ခင်စန္ဒီ ပြုံးသွားသည်။ ချစ်ချစ် မျက်နှာ ကလေးကတော့ မပြုံးမရယ် ခပ်တည်တည်။

ချစ်ချစ်သည် ခင်စန္ဒီကို ရေယက်ဖိနပ်နှင့် အသက်ရှူဘူး များကို ကူညီတပ်ဆင်ပေးသည်။ ခဲခါးပတ်ကို ခါးတွင် ပတ်ပေးသည်။

'ရေအောက်မှာ ကိုယ် လက်နဲ့ အချက်ပြသလို နေနော်၊ ကျောက်ဆောင်တွေကြားထဲကို လုံးဝမဝင်နဲ့၊ သဲပြင်ပေါ်မှာ ပဲနေ'

'ဟုတ်ကဲ့....ကိုမျိုးခက်'

ခင်စန္ဒီသည် အသက်ရှူပိုက်ကို ပါးစပ်တွင်ကိုက်၍ ရေငုပ် မှန်ကို နှာခေါင်းမြုပ်အောင် တပ်လိုက်သည်။

'ကဲ....မချော၊ ဆင်း'

မျိုးခက်သည် ခင်စန္ဒီ့ လက်ကိုဆွဲ၍ ရေထဲသို့ အရင်ချပေး သည်။





ပြီးတော့ သူပါ ဆင်းလိုက်သည်။

စင်စစ် ခင်စန္ဒီ ရေမငုပ်စဖူး။

ခြေထောက်တွင် တပ်ဆင်ထားသော ရေယက် ဖား ခြေ ထောက်ပြားကြီးကိုလည်း မခတ်တတ်။

ခါးတွင်ပတ်ထားသော ခဲသီးပါသည့်ခါးပတ်အလေးချိန် ကြောင့်သာ ရေအောက်သို့ ကိုးရိုးကားရားကျဆင်းနေသည်။ ပိုးလိုးပက်လက် ဖြစ်နေသည်။

မျိုးခက်သည် သူမ လက်ကို ဆွဲ၍ ထိန်းပေးရသည်။ ဆွဲ ခေါ်ရသည်။

ခင်စန္ဒီသည် သူ့အတွက် ဝန်ထုပ်ဝန်ပိုးကြီး တစ်ခုလို ဖြစ် နေသည်။

ရေကြည်ကြည်သည် မီးရောင်ဖြင့် ဝင်းကြည်နေသည်။

သူတို့နှစ်ယောက်သည် လှပသော ရေအောက် ကျောက် ဆောင်ကြီးဘေးရှိ သဲကြမ်းပြင်သို့ ရောက်ရှိသွားကြသည်။

မျိုးခက်သည် ခင်စန္ဒီအား သဲကြမ်းပြင်ပေါ်တွင် နေရစ်ခဲ့ ရန် လက်ဖြင့် အချက်ပြသည်။

ခင်စန္ဒီ နားမလည်။

ရေအောက် အချက်ပြနည်းတွေကို ခင်စန္ဒီ မသိ။

မျိုးခက် လက်ညှိုးထိုးပြသော နေရာကို ကြည့်၏။

ဘာမှမရှိ။

သူမသည် မျိုးခက်နှင့်အတူ ကျောက်စွယ်တွေ၊ ရောင်စုံဖြာ နေသော သန္တာခက်တွေရှိနေသည့် ကျောက်ဆောင်ကြားထဲ သို့ ဝင်လိုက်ရန် ရှေ့ကို ကူးယက်လာသည်။

ထိုစဉ်မှာပင်....

ကျောက်ဆောင်ထိပ်ရှိ အပေါက်ကလေးထဲမှ ပင်ထ
ငါးရှဉ့်ကလေးတစ်ကောင်ထွက်လာပြီး ခင်စန္ဒီ၏ခြေထော
နှစ်ချောင်းကြားထဲသို့ လျှောခနဲ ဝင်လာသည်။

'အ....မယ်....လေး'

စိတ်ထဲက အမယ်လေးတရင်း မျိုးခက်ကို တအား ဖ
လိုက်သည်။

နှစ်ယောက်သား မထိန်းနိုင်တော့ဘဲ ကျောက်ဆော
ဘေး ရေထဲတွင် လဲအကျတွင် ချွန်ထက်သော ကျောက်သွ
စကလေးဖြင့် မျိုးခက် လက်ကို ခြစ်မိသည်။

မျိုးခက် မျက်လုံးတွေ ပြာသွားသည်။

သူသည် နှစ်ယောက်စလုံး၏ ခါးတွင် ချည်ထားသော
ကြိုးနှစ်ချောင်း စလုံးကို သုံးချက်စီဆွဲလိုက်သည်။

ခန္ဓာကိုယ် နှစ်ခုသည် ပူးကပ်လျက် ရေပေါ်သို့ တ
သွားကြသည်။

'ဘွား'

နှစ်ယောက်သား ရေပေါ်သို့ ပေါ်လာသည်။

'ဘာ....ဘာဖြစ်လို့လဲ ကိုမျိုး'

ချစ်ချစ်က စိုးရိမ်တကြီးမေးရင်း ဦးပိန်နှင့်အတူ သူတို့
ဘုတ်ပေါ်သို့ ကမန်းကတန်း ဆွဲတင်သည်။

မျိုးခက်သည် အသက်ရှူခွက်နှင့် ရေငုပ်မှန်ကို ဖြုတ်လို
သည်။ သူ့ဘက်လက်ခုံတွင် သွေးတွေရဲနေသည်။

'ကျောက်စွန်းနဲ့ ခြစ်မိခဲ့ပြီ ချစ်ချစ်'





'ဟင်....'

'ဟာ....ဒုက္ခပါပဲ'

အဲသည်တော့မှ ခင်စန္ဒီ သတိရလာသည်။ ကျောက်စွယ်
ကျောက်စွန်းတွေတွင် အဆိပ်တွေ သုတ်ထားသတဲ့။

'နင် ငါ့ကို အသေသတ်တာလား မိစန္ဒီ'

မျိုးခက် အော်လိုက်သည်။ သူ အတော်ဒေါသဖြစ်နေပါ
သည်။

'ရှင်....မ....မဟုတ်'

'ဘာမဟုတ်ဘူးလဲ၊ ခွေးမ'

တစ်ခါမျှ သူ့ပါးစပ်က သည်လို ကြမ်းကြမ်းတမ်းတမ်း
မဆဲစဖူး။

'ဒီဒီ လန့်ပြီး ကိုမျိုးခက်ကို ဖက်လိုက်မိတာပါ'

'ဘာ'

'ဟို....ဟို....ငါးရှည်ရှည်'

'ဖြန်း'

မျိုးခက် လက်က ခင်စန္ဒီ့ပါးပြင်ကို ရိုက်လိုက်မိသည်။
ခင်စန္ဒီ ခွေလဲသွားသည်။

'ရိုက်ပါ ကိုမျိုးခက်ရယ်.... ရိုက်ပါ၊ ဒီဒီ့အပြစ်ပါ'

ငိုရှိုက်သံလေးနှင့် ခြေထောက်ကိုဖက်၍ ခင်စန္ဒီတောင်း
ပန်သည်။

'ကိုမျိုးလက်ကို ခြစ်မိတာ အရောင်ထွက်နေတဲ့ ကျောက်
စွန်းနဲ့လား'

'သတိမထားလိုက်မိဘူး ချစ်ချစ်'

'အခု မင်းကိုယ်မှာ ဘယ်လိုနေလဲ ငမန်းလေး'

'ဘယ်လိုမှဘော့မနေဘူး အဘ'

'ဟ....မင်း သိပ်ကံကောင်းတယ်၊ အဲဒီအဆိပ်ကရေညှိဖြစ် ပြီး နှစ်ပေါင်းများစွာကြာလေ အဆိပ်ပြင်းလေပဲကွ၊ ယာမာ ဇူစကီးက ငါ့ကို အသေအချာ ပြောခဲ့တာ၊ ခြစ်မိရင် မိနစ် မကူးဘူး၊ မူးပြီး တစ်ခါတည်း မေ့သွားတာ ဘယ်တော့မှ ပြန်သတိမရနိုင်တော့ဘူး၊ အဲ....သေသွားတာပေါ့ကွာ၊ အခု ဟာက အဆိပ်ကျောက်စွယ်နဲ့ ခြစ်မိတာ မဟုတ်နိုင်ဘူး၊ ဂျင်း ဖြတ်လာတာ'

'တော်သေးတာပေါ့ဗျာ၊ ဒီဟာမကြောင့် ကျွန်တော်သေ တော့မလို့'

မျိုးခက် ဒေါသဖြစ်ဖြစ်နှင့် ပြောသည်။ ဟုတ်သည်။

ခင်စန္ဒီ လုပ်လိုက်ပုံက သေမည့်အလုပ်ဖြစ်သည်။

ခင်စန္ဒီ ကျိတ်၍ ငိုနေရှာသည်။

ချစ်ချစ်က မျိုးခက်လက်ကို ဆေးထည့်၍ သွေးမထွက် အောင် ပလာစတာဖြင့် အသေအချာ ပတ်ပေးနေသည်။

'ကဲ.... အချိန်မရှိဘူး အဘရေ၊ ဒီတစ်ခါ ချစ်ချစ်ရော အဘပါ လိုက်ခဲ့ကြ၊ သုံးယောက်စလုံး ငုပ်ကြမယ်၊ အမိက မုတ်ကောင်တွေကို ဆွဲတင်ပေး၊ ရမလား၊ မရရင် ကိုယ့် နှာခေါင်း ကိုယ်ပိတ်ပြီး ပင်လယ်ထဲမှာ ခေါင်းဖော်ပြီး သေ လိုက်တော့'

'ရ....ရပါတယ်၊ ဒီဒီ ကိုမျိုးခက်စကားကို နားထောင်ပါ တော့မယ် ကိုမျိုးခက်ရယ်'





အသံငယ်ငယ်ကလေးနှင့် ပြောရှာသည်။

သည်လိုကျတော့လည်း သနားစရာကလေး ဖြစ်သည်။

နောက်တစ်ကြိမ်တွင် သူတို့သုံးယောက် ငုပ်ကြသည်။

ကျောက်ဆောင်ကြားထဲရှိ မုတ်ကောင်ကြီးများကို သံ ချိတ်ဖြင့် ဆွဲခွာကြပါသည်။

တစ်ခါတလေ တစ်ယောက်အားနှင့် ခွာလို့မရ။

သုံးယောက်စလုံး သံချိတ်ရှည်ကြီးကို ပြိုင်တူ ဆွဲရသည်။

သူတို့သုံးယောက် ရေအောက်တွင် ဆယ့်ငါးမိနစ်ခန့် ကြာသွားခဲ့ပြီ။

ပိုက်ခြင်းနှစ်ခုနှင့်အပြည့် မုတ်ကောင်ကြီးများသည်လည်း ရခဲ့ကြပြီ။

မျိုးခက်သည် ကြိုးတစ်ချောင်းကို ဆွဲ၍ အချက်ပြလိုက် သည်။ အပေါ်မှ ဆွဲတင်သွားသည်။

သူတို့သုံးယောက်သည် မုတ်ကောင်တွေကို နောက်ဆုံး ပိုက်ခြင်းနှင့် ပြည့်အောင် ကျောက်ဆောင်၏ အတွင်းပိုင်းသို့ ကတ်သီးကတ်သတ် ဝင်ခဲ့ကြသည်။

သည်စဉ်မှာပင် မျိုးခက်နားထဲသို့ အသံတစ်ခု ဝင်လာ သည်။

'ထပ်....ထပ်....ထပ်....ထပ်....ထပ်'

ကျောက်တုံးကို တူနှင့်တဆတ်ဆတ် ရိုက်ခတ်လိုက်သည့် အသံဖြစ်သည်။ အန္တရာယ်တစ်စုံတစ်ရာ ရှိနေပြီ။

သည်အသံကို ချစ်ချစ်နှင့် ဦးပိန် ကြားမကြားကိုတော့ မျိုးခက် မသိပါ။

ရေအောက်မှာ စကားပြောလို့မရ။

လက်နှင့် အချက်ပြရသည်။

တထပ်ထပ်မြည်သံက သူတို့ခေါင်းပေါ်သို့ ရောက်လာ သည်။

မျိုးခက်သည် ခါးမှဓားကို ဆွဲထုတ်လိုက်ပြီး လက်မ အောက်သို့စိုက်ပြီး ဆလံကြီးနှင့် ချစ်ချစ်ကို အချက်ပြလိုက် သည်။

သူတို့ နားလည်ကြသည်။

ဓားတွေကို အဆင်သင့်ထုတ်၍ ရေပေါ်လွှာသို့ တက်ခဲ့ ကြသည်။

သို့ရာတွင် ရေအောက်အနက်၌ ကြာရှည်စွာနေပြီး ရေ လွှာပြင်ပေါ်သို့ တစ်ဟုန်ထိုး ပြန်တက်၍ မရ။

အချိန်ယူ၍ တဖြည်းဖြည်းတက်ရသည်။ တစ်ဟုန်ထိုးတက် လျှင် ခန္ဓာကိုယ်ထဲ၌ နိုက်ထရိုဂျင် ဓာတ်ငွေ့ ပလုံစီမျာ Nitrogen Bubble ဖြစ်ပေါ်ပေါက်ကွဲ၍ သေနိုင်သည်။

ဒါကို သုံးယောက်စလုံး သိကြသည်။

သူတို့သုံးယောက်သည် ကျောချင်းကပ်၍ အရပ်သုံးမျက် နှာမှ အန္တရာယ်ကောင်ကြီးကို စောင့်ကြည့်ရင်း ရေပေါ် လွှာသို့ တစ်ဆင့်ပြီးတစ်ဆင့် တက်ခဲ့ကြသည်။

တွေ့ပြီ။ အန္တရာယ်ကောင်ကြီးကို တွေ့ပြီ။

သူသည် စပီဘုတ်ပေါ်မှ သူတို့သုံးယောက်ကို ဆလိုက်မီး နှင့်ထိုးထားရင်း တဟားဟား ရယ်လိုက်သည်။

ဦးစောဒီပင် ဖြစ်ပါသည်။





'ဟား...ဟား...ဟား...ဟား၊ စောဒီကို ဒီလို ကျော်လို့ မရဘူး ငမန်းလေး၊ မင်းတို့ ဒီညနေ ဒီနေရာမှာ ယာမာဇူ ကီးရဲ့ ပုလဲမုတ်ကောင်တွေ ငုပ်ကြမယ်ဆိုတာ ငါ့သမီးက ငါ့ ကို ပြောပြီးသားကွ၊ ပြန်ပြီး ခုခံမယ်တော့ မကြံနဲ့၊ ငါကိုင် ထားတဲ့သေနတ်က မောင်းပြန်၊ ဆယ်ခါပြန် သေသွားမယ်၊ ကိုင်း...ဟိုင်းပေါ် တက်ကြစမ်း'

မျိုးခက်သည် ခင်စန္ဒီကို နာကြည်းမုန်းတီးစွာ ကြည့်လိုက် သည်။

ဟုတ်သည်။ ဦးစောဒီ၏ စပီဘုတ်သည် သူတို့ဘုတ်နှင့် ယှဉ် လျက်သားရပ်နေသည်။

ရေအောက်တွင် ကြားရသောအသံမှာ ဦးစောဒီ၏ ဝပီ ဘုတ်မှ စက်သံ ဖြစ်သည်။

ခင်စန္ဒီသည် ဦးစောဒီအား ကြိုတင် အကြောင်းကြား ထားခဲ့ပြီး မီးနှင့်အချက်ပြလို့သာ သည်နေရာကို သိသွားခြင်း ဖြစ်ပေမည်။

လမင်းဝင်း၍ ကြယ်တွေ လင်းနေသောကြောင့် ပင်လယ် သည် အင်မတန် လှပသော်လည်း သူတို့သုံးယောက်၏ အခြေ အနေက အလွန်အမင်း ဆိုးရွားသွားပြီဖြစ်ကြောင်း မျိုးခက် သိလိုက်ပါပြီ။

ခင်စန္ဒီသည် ဟိုင်းပေါ်တွင် မရှိတော့။

သူ့အဖေ၏ စပီဘုတ်ပေါ်တွင် ရောက်နေလေပြီ။

စိုးနက်က ဟိုင်းပေါ်မှ သူတို့သုံးယောက်ကို သေနတ်နှင့် ကျကျနန ချိန်ထားသည်။

'မိစန္ဒီ....သစ္စာဖောက်မ၊ နင့်ကို ငါမုန်းတယ်'

ဟိုင်းပေါ်သို့ ရောက်ရောက်ချင်း မျိုးခက် ပါးစပ်မှထွက်လာသော စကားစုက ခင်စန္ဒီ၏ နှလုံးသားကို ဖွဲ့ခြေပစ်လိုက်သည်။

'မဟုတ်ဘူး....မဟုတ်ဘူး၊ ဒီဒီ ဘာမှမသိဘူး ကိုမျိုးခက်၊ ဒယ်ဒီ ညာပြောတာ'

ခင်စန္ဒီသည် အသည်းပေါက်မတတ် အော်လိုက်သည်။

'ကဲပါ သမီးရယ်၊ အခုမှဆက်ပြီး အိုက်တင်လုပ်မနေပါနဲ့တော့၊ သမီးတာဝန် ကျေပါပြီ၊ ဒယ်ဒီ သမီးကို ပုလဲအကောင်းစား တစ်ဆင်စာ ဆုချမယ်'

ခင်စန္ဒီ ရှိုက်၍ရှိုက်၍ ငိုနေသည်။ ကိုမျိုးခက် အထင်လွဲသွားခဲ့ပြီ။ ဒယ်ဒီသည် ဖြစ်ပေါ်နေသော အခြေအနေကို ကောင်းကောင်းကြီး အသုံးချလိုက်ပါလေပြီ။

'ကောင်းပြီ ဦးစောဒီ၊ အခုတော့ ခင်ဗျားက လက်ဦးသွားမှုကိုး၊ ဒီရေအောက်မှာ ယာမာဇူစကီးရဲ့ ပုလဲသချိုင်းရှိတယ်'

'ဟုတ်တယ်၊ အဲဒီနေရာကို သိချင်လို့ မင်းကို ခွေးတစ်ကောင်လို အစာကျွေးပြီး အလှမွေးထားတာကွ၊ ဟိုမှာကြည့်စမ်း'

အရိပ်မည်းမည်းကြီးသည် ပင်လယ်ပြင်မှ သူတို့ ရှိရာသို့ တဖြည်းဖြည်း ကပ်လာနေသည်။

တိုင်းကျော်ပင် ဖြစ်ပါသည်။





ဦးစောဒီ၏ ဝန်ချီရက်ပါသော စက်လှေကြီး တိုင်းကျော်သည် စက်ပိတ်၍ သူတို့အနီးတွင် ရပ်သွားသည်။ ကြိုးလှေကားကြီး ကျလာသည်။

ဘဝဆိုသည်မှာ ကြွေတစ်လှည့် ကြက်တစ်ခုန်လိုပါပဲကလား။

နိုင်ရာစား လောကထဲက လောဘသမားတွေ၊ ကိုယ်ကျိုးရှာသမားတွေ၏ အပြုံးက တောက်ပလို့နေသည်။

မျိုးခက် အသက်စွန့်ရဲသည်။

သို့သော် ချစ်ချစ်အတွက် ငဲ့ရမည်။

ဦးစောဒီ၏ တပည့်တွေက စက်လှေပေါ်က ဆင်းလာသည်။

သူတို့သုံးယောက်ကို သေနတ်နှင့်ချိန်၍ စက်လှေကြီးပေါ်သို့ တက်စေသည်။

'ဟင်....မေမေ'

'သား....မောင်မျိုးခက်'

ဟုတ်ပါသည်။

မျိုးခက်၏မေမေ ဒေါ်တင်မျိုးဆွေပင် ဖြစ်ပါသည်။

*

## အခန်း (၉)

'ဒေါ်တင်မျိုးဆွေဆိုတာ သေချာရဲ့လား'

'သေချာပါတယ် အန်ကယ်၊ ခင်ဖြူတို့ရဲ့ ပုန်းညက်ရိပ်သာမှာ အန့်တီတစ်ယောက်သာ ရှိနေတာပဲ၊ ကဲ....ဒီမှာ အန့်တီ့ အင်္ကျီက ကြယ်သီးနှစ်လုံးနဲ့ စာ'

ဟုတ်သည်။

မဆွေ၏ ယုန်မွေးဆွယ်တာ အင်္ကျီလေးမှ သူဖြုတ်ခဲ့ဖူးသော ကြယ်သီးကလေးတွေ ပြတ်ကျကျန်ခဲ့ခြင်း ဖြစ်သည်။

စာက သူက အခေါ်ခိုင်းလိုက်သည့်ပုံစံမျိုး ရေးထားသည့် စာ။

သေချာသည်။ သွားပြီ၊ မဆွေပါသွားပြီ။

စင်စစ် မဆွေတွင် ရန်သူမရှိ၊ မုန်းသူ မရှိ။

ချစ်သူခင်သူ တပ်မက်သူတွေသာ ရှိကြသည်။

ထိုအထဲတွင် ကော်ဖီထဲကိုအိပ်ဆေးထည့်တိုက်၍ ခွေးကျင့်ခွေးကြံ ကြံစည်ပြုခဲ့သော ဦးစောဒီကို သိပ်ဆုံးက စဉ်းစားမိသည်။





'သူတို့ ဘယ်ဘက်ကိုသွားကြတာလဲ မခင်ဖြူ'

'ပင်လယ်ဘက်ကို ထွက်သွားကြတာပဲ အန်ကယ်၊ ခင်ဖြူ ဘယ်သူ့ကိုမှ မပြောရဲတာနဲ့ အန်ကယ်တို့ ဘန်ဂလိုကို ရဲစွန့်ပြီး အရောက်လာခဲ့တာပါ၊ အန့်တီ တင်မျိုးဆွေက န်ကယ်နဲ့ သူ့အကြောင်းကို ခင်ဖြူ့ကို တိုင်ပင်ဖူးတယ်၊ င်ဖြူ အားလုံးသိပါတယ်'

'ဟင်....'

ထိုစဉ်မှာပင် စာဖတ်ရင်း အိပ်ပျော်နေသော နုနုချွတ် းလာသည်။ စကားပြောသံကြားသဖြင့် အိပ်ခန်းအပြင်သို့ ထွက်လာသည်။

'မောင်....သူက သမီးတို့ အပေါ်ရေကျွန်းကလား၊ သမီး ်နေ့ည Night Pass ယူပြီး ဒီမှာလာအိပ်မယ်ဆိုလို့ ချွတ်ချွတ် ာဖတ်ရင်း စောင့်နေတာ၊ အိပ်ပျော်သွားမိတယ်'

'မဟုတ်ဘူး ချွတ်ချွတ်၊ ပုန်းညက်ရိပ်သာ ဘန်ဂလိုကပါ၊ သူတို့ဘန်ဂလိုမှာ မောင်တို့ ဘီအေစီက လေယာဉ်မှူး တစ် ယောက်လာပြီး မောင်နဲ့ သိပ်အရေးကြီးတဲ့ကိစ္စတစ်ခု ဆွေး နွေးစရာရှိလို့တဲ့၊ သူက မခင်ဖြူ၊ ပုန်းညက်ရိပ်သာက'

'ဒါဖြင့် အလုပ်ကိစ္စဖြစ်မှာပေါ့၊ မောင် လိုက်သွားလေ၊ ချွတ်ချွတ် နေရပါတယ်'

ကပ္ပတိန်ဘခက်သည် အိပ်ခန်းထဲသို့ဝင်၍ လိုင်စင်နှင့်ကိုင်သော နိုင်းမိလီမီတာ ဘရောင်နီပစ္စတိုနှင့် အပိုကျည်ကပ် နှစ်ခု ကိုယူပြီး ထွက်ခဲ့သည်။

သူတို့နှစ်ယောက် ပင်လယ်ကမ်းခြေစပ် သဲပြင်ပေါ်မှ ခပ်သွက်သွက် လျှောက်ခဲ့ကြသည်။

'မခင်ဖြူ'

'ရှင်....'

'ဟိုး အဝေးကြီးက မီးကလေးတွေကို ကြည့်စမ်း'

မခင်ဖြူသည် ကပ္ပတိန်ဘခက်ပြရာ ပင်လယ်ပြင်ထဲကို ကြည့်လိုက်သည်။ မြင်ရသည်။

'အဲဒီနေရာမှာ အရင်က မီးရှိသလား'

'မရှိဘူး အန်ကယ်၊ ပြည်တော်ညွှန့်သင်္ဘောလဲ မဟုတ်နိုင်ဘူး၊ ပြည်တော်ညွှန့်က မေရိုးဘေးဘက်ကို ဝင်တာ'

'အဲဒါ ဘာလဲ'

'ဘာလဲဆိုတာတော့ ခင်ဖြူမသိဘူး၊ အရင်ကတော့ အဲဒီနေရာမှာ မီးမရှိဘူး၊ မီးပြတိုက်လဲ မရှိဘူး၊ ဟော...တွေ့လား အန်ကယ်။ အသိုက်မီးနဲ့ တိုးလိုက်တာလေ'

'တွေ့တယ်မခင်ဖြူ၊ အဲဒီနေရာဟာ ဒီကနေဘယ်လောက်ဝေးမလဲ'

'အနည်းဆုံး သုံးလေးမိုင်လောက်တော့ ဝေးမယ်'

'အန်ကယ် အဲဒီနေရာကို သွားချင်တယ်၊ မော်တော်ဘုတ်ငှားလို့ရမလား'

'မလွယ်ဘူး အန်ကယ်၊ အဲ....လှေတော့ ငှားလို့ရမယ်ထင်တယ်၊ ဗိုးဖြူကုန်းက ဦးရွှေသီးကို ခေါ်သွားပါလား'

'ဒါဖြင့် သွားစို့'





ဦးရွှေသီးမှာ ပင်လယ်အလွန်ကျွမ်းသည့် တံငါကျော်ကြီးဖြစ်သည်။ သူ့လှေကို အလွယ်တကူ ငှားရ၍ရသည်။

'ညဉ့်နက်နေပြီ၊ မခင်ဖြူ ပြန်ရဲရဲ့လား'

'ပြန်ရဲပါတယ် အန်ကယ်၊ ဒီလမ်းတွေကို ခင်ဖြူတို့ ညဉ့်သန်းခေါင်သန်းလွဲတောင် သွားနေတာပဲ'

ကပ္ပတိန်ဘခက်သည် ဦးရွှေသီး၏ လှေငယ်ကလေးကို မီးရောင် မြင်ရသည့်ဘက်ကို အလှော်ခိုင်းသည်။

သူ့စိတ်ထဲတွင် သည်မီးတွေကို ဘာဖြစ်လို့ မသင်္ကာဖြစ်ရသည်ကိုတော့ သူကိုယ်သူ မသိ။

Un-conscious Mind မသိစိတ်က သူ့ကို တိုက်တွန်းနှိုးဆော်သည်။

ထိုအချိန်တွင်...,

ယာမာဇူစကီး၏ ရေအောက် ပုလဲရတနာများကို ဆင်းငုပ်နေကြသော သူ့တပည့်များကို ဦးစောဒီ စက်လှေကြီးပေါ်က စောင့်နေပါသည်။

သူ့ဆန္ဒတွေ အားလုံးပြည့်ပြီ။

ဟိုင်းပေါ်မှ မုတ်ကောင်ကြီးတွေကို ခွဲကြည့်လိုက်တော့ သူလိုချင်သော အင်မတန်လှပသည့် ပုလဲကြီးများကို တွေ့ခဲ့ရသည်။

သည်တစ်သက် စောဒီတို့ မဆင်းရဲနိုင်တော့ပြီ။

ပြီးတော့ တင်မျိုးဆွေ။

သူ့လက်က ထွက်ပြေးခဲ့သည့် တင်မျိုးဆွေသည် သူ့လက်ထဲသို့ ပြန်ရောက်လာပြီ။

သူမကို စက်လှေ၏ ရွက်တိုင်တွင် လက်ပြန်ကြိုးတုပ်ထား
သည်။

ဦးစောဒီကံက ကောင်းနေတုန်းပင် ဖြစ်ပါသည်။

ကျွန်းနံ့သာသို့ ဒေါ်တင်မျိုးဆွေကိုခေါ်လာစဉ် အဝေး
မှ မီးမြင်ရ၍ သွားကြည့်သောအခါ သူ့သမီး ခင်စန္ဒီအား
မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

အခုတော့ သမီး၏အမှားက မဟာအမှားမဟုတ်။ မဟာ
အမှန်။

သူသည် ဖန်ခွက်ထဲရှိအရက်ကို ဇိမ်နှင့်ဆွဲ၍ စုပ်လိုက်ရင်း
တင်မျိုးဆွေ့ အနားကို ကပ်သွားသည်။

တင်မျိုးဆွေ၏ နှုတ်ခမ်းကလေးက ထူထူ အိအိ ကလေး
ဖြစ်သည်။

'ထွီ'

တင်မျိုးဆွေက သူ့မျက်နှာကို တံတွေးနှင့် ထွေးထည့်လိုက်
သည်။ ဦးစောဒီ ရယ်နေသည်။

'ဟား....ဟား....ဟား....ဟား၊ လက်စသတ်တော့ မင်းက
သားတစ်ယောက်မိခင်ကိုး၊ ငါက အပျိုစင်ကလေး အောက်
မေ့နေတာ၊ ဒါပေမယ့် ငါက မင်းကိုပိုပြီး....'

'ဦးစောဒီ'

တင်မျိုးဆွေ အော်လိုက်သည်။

'အော်....သေအောင်အော်၊ နောက်လဲ ဒီ့ထက် အော်ရ
ဦးမယ်၊ မင်းက ငါ့ကို ကလိမ်ကျတော့ ငါက မင်း တစ်ကိုယ်
လုံးကို ဟောဒီ ပုလဲလုံးတွေနဲ့ သီပြီး....'





'ဒီမယ်....ဦးစောဒီ'

တင်မျိုးဆွေ အသံက တည်သွားသည်။

'ဘာလဲ'

'ကျွန်မကို ကြိုက်သလိုလုပ်နိုင်တယ်၊ ကျွန်မသားနဲ့ ချစ်
ချစ်ကို ပြန်လွှတ်ပေးပါ'

'လွှတ်ပေးမှာပါ၊ ပင်လယ်ထဲကို ကျောက်ခဲဆွဲပြီး လွှတ်
ပေးလိုက်ရင် ငါ့အတွက် နောက်ကြောင်းအေးရော မဟုတ်
လား တင်မျိုးဆွေ၊ မင်းကိုလဲ လွှတ်ပေးရမယ်'

ဦးစောဒီသည် ပင်ပင်ပန်းပန်း သူ့အကျိုးကို ထမ်းဆောင်
ခဲ့ကြသော တိုင်းကျော်မှ သူ့တပည့်လူမိုက်များနှင့် အောင်
ကျော်စိန်တို့ကို ဆုပေးရန် စိတ်ထဲက စဉ်းစားနေသည်။

တစ်ယောက်ကို ငွေတစ်ထောင့်ငါးရာစီ ပေးမည်။

ပြီးတော့ ကြိုက်သလို သောက်၍ ကြိုက်သလို ပျော်ပြီး
ကျွန်းနံ့သာတွင် အောင်ပွဲကြီး ခံကြမည်။

တစ်တစ်ရစ်ရစ် ချစ်ချစ်ကလေးကလည်း ငယ်သွေးငယ်မူ
ပင် မကုန်တတ်သေး။

'ဟေး....အောင်သိန်းတို့အဖွဲ့ ငုပ်တာကြာလှချည်လားကွ'

ဦးစောဒီက တိုင်းကျော်ပေါ်မှ လှမ်းအော်လိုက်သည်။

'ကြိုးတွေမလှုပ်တော့ဘူး ဆရာကြီး'

အောင်ကျော်စိန်က စပီဘုတ်ပေါ်မှ ပြန်ပြောသည်။

'ဆွဲတင်ကြည့်စမ်းကွာ'

ရေအောက်သို့ဆင်း၍ မုတ်ကောင်ကြီးများကို ငုပ်ယူနေ
ကြသည့် ဦးစောဒီ၏ စက်လှေကြီး တိုင်းကျော်မှ တာပည့်
မိုက်ကြီး သုံးယောက် ရေပေါ်သို့ ပေါ်လာသည်။

သူတို့သုံးယောက်၏ ခန္ဓာကိုယ်က ရေပေါ်သို့ ပေါ်လာ
သော်လည်း ရေအောက်တွင် အသက်ကျန်ခဲ့ပြီ။ သေပြီ။

'သေနေပြီ ဆရာကြီး'

အောင်ကျော်စိန် အလန့်တကြားအော်သည်။

'ငါးမန်းကိုက်တာလား'

'ဒဏ်ရာ ကြီးကြီးကျယ်ကျယ် မရှိဘူး၊ ဆူးခြစ်ရာလောက်
ရှိတယ် ဆရာ'

'ဟာ၊ ဟော့.... စိုးနက်၊ ငမန်းလေးနဲ့ နားကန်းကြီးကို
ထုတ်ခဲ့စမ်း'

လက်ပြန်ကြိုးတုပ်ထားသော မျိုးခက်နှင့် ဦးပိန်တို့ သူ့
ရှေ့သို့ ရောက်လာသည်။

'ဟော့ကောင်၊ ရေအောက်မှာ ဘာလျှို့ဝှက်ချက်တွေ ရှိ
သလဲ'

'သိချင်ရင် ခင်ဗျားကိုယ်တိုင် ဆင်းငုပ်လေ'

မျိုးခက်အသံက အေးအေးဆေးဆေး ငြိမ်းချမ်းရေး။

ဦးစောဒီ တွေးသည်။

ငမန်းလေးနှင့် ဦးပိန်ကို သတ်လို့မဖြစ်သေး။

သူမသိသေးသည့် ရေအောက်လျှို့ဝှက်ချက်တွေကို ငမန်း
လေးနှင့် ဦးပိန်တို့ သိထားကြသည်။





'ဒီမယ် ဦးစောဒီ၊ မကောင်းမှုကိုပြုတဲ့သူဟာ မကောင်း
သော သေခြင်းနဲ့ သေရတတ်တယ်ဗျ'

မျိုးခက်က အေးအေးဆေးဆေးပင် ဟစ်ချပြောသည်။ မရှိ။

'မိကျောင်းမင်း ရေကင်းပြမနေနဲ့၊ မင်းဘယ်သိုသေရမလဲ
ဆိုတာ စဉ်းစားထား၊ ကဲ....ပြောမလား....မပြောဘူးလား'

ဦးစောဒီသည် Justerlni And Brooks အရက်ပုလင်း
ခိမ်းကြီးကို လည်ပင်းမှကိုင်၍ ရိုက်ခွဲလိုက်သည်။

'ချွမ်း'

ပုလင်း ဖင်ပြတ်သွားပြီး ဓားသွားလို ချွန်ထက်သည့်
တစ်ဝက်ခန့်က သူ့လက်ထဲတွင် ကျန်ခဲ့သည်။

'ကဲ....ပြောစမ်း'

'မပြောဘူး၊ သတ်ပစ်လိုက်'

ပုလင်းကွဲကြီးသည် မျိုးခက်၏ မျက်လုံးအနီးသို့ ရောက်
လာသည်။

ဒေါ်တင်မျိုးဆွေမှာ သူမရှေ့တွင် သားအဖြစ်ကို မြင်ရ
သဖြင့် မူးမေ့လဲကျသွားရှာသည်။

'ဒယ်ဒီ....ဒယ်ဒီ'

ခင်စန္ဒီသည် ပိတ်ထားသော တံခါး သံ တိုင် ကြား မှ
အတင်းအော်သည်။

'ဒယ်ဒီ....ကိုမျိုးခက်ကို မသတ်ပါနဲ့၊ အဲဒီ လျှို့ဝှက်ချက်
တွေကို ဒီဒီ သိတယ်'

'အယုတ်တမာမ၊ နင့်ပါးစပ်ကို မဟနဲ့'

မျိုးခက်က ရင်နာနာဖြင့် လှမ်းအော်သိုက်သည်။

ခင်စန္ဒီ ဂရုမစိုက်။

'သူတို့ကို လက်ဖျားနဲ့ မထိပါနဲ့ ဒယ်ဒီ၊ အဲလိုဆိုရင် ဒီ
ပြောမယ်'

'တကယ်လား'

'တကယ်ပါ၊ ဒါပေမယ့် ကိုမျိုးခက်တို့ကို ဘာမှမလုပ်ပ
ဘူးလို့ ဒယ်ဒီ ကတိပေးမလား'

'ပေးမယ်'

'မပြောနဲ့'

မျိုးခက် လှမ်းအော်ပြန်သည်။

'ဒယ်ဒီ့ကို သမီးမယုံဘူး၊အခုမပြောသေးဘူး၊မနက်ဖြန်
ပြောမယ်၊ ဒယ်ဒီက အကြမ်းကိုင်မယ်ဆိုရင် ဟောဒီဓား
ဒီဒီ့ကိုယ် ဒီဒီ ထိုးသတ်သေလိုက်မယ်'

ခင်စန္ဒီသည် ပေါင်မုန့်လှီးသည့်ဓားကို တံခါးသံတိုင်ကြ
မှ ထုတ်ပြသည်။ ဦးစောဒီ တုန်လှုပ်သွားသည်။

သူ့တွင် သည်သမီးကလေး တစ်ယောက်သာ ရှိပါသည်
ခင်စန္ဒီ စိတ်ကြီးသည်။ လုပ်မည်ဆိုလျှင် ရအောင်လု
သည်။

သူမသည် မျိုးခက်အပေါ်တွင် သံယောဇဉ် တွယ်နေ
ဖြစ်သည်ကို ဦးစောဒီ ရိပ်စားလိုက်မိပြီ။

သည်တော့ အနုနည်းနှင့်ကိုင်ရတော့မည်။

'ကောင်းပြီလေ၊ သမီး ဆန္ဒအတိုင်း ဖြစ်စေရမှာပေါ့
ဒယ်ဒီ့ကို ဒါလောက်ကူညီတာပဲ ကျေးဇူးတင်လှပါပြီ၊ ပြေ
ကောင်တွေ၊ စက်လှေထွက်မယ်'





'ဟုတ်ကဲ့ ဆရာကြီး'

'စိုးနက်နဲ့ အောင်ကျော်စိန်က ဘုတ်နဲ့ ရှေ့ကသွားနှင့်၊
တို့က နောက်က လိုက်ခဲ့မယ်၊ ကဲ....ကျောက်ဆူးနုတ်ဟေ့....'

ဦးစောဒီ၏အမိန့်သည် အကောင်အထည်အဖြစ်သို့ ချက်
ချင်း ရောက်ရှိသွားလေပြီ။

စပိဘုတ်နှစ်စင်းသည် ကျွန်းနံ့သာသို့ တဖြည်းဖြည်းခုတ်
မောင်းနေသည်။ တိုင်းကျော်က သူတို့၏နောက်မှ စက်ကုန်
ဖွင့်၍ လိုက်ပါသွားသည်။

သူတို့၏လုပ်ဆောင်မှုများအားလုံး ပိရိသေသပ်၏။

မည်သူမှ မသိဟု ဦးစောဒီ ထင်နေပါသည်။

သို့ရာတွင် မကောင်းမှုဟူသည် ဆိုတ်ကွယ်ရာမရှိ ဟူသည့်
စကားလေးက သိပ်မှန်၏။

သူတို့၏ စကားပြောသံတွေကို စက်လှေအောက်ရှိ ပဲ့စင်
ကိုကွယ်၍ နားထောင်နေသူတစ်ဦးရှိသည်။

သူသည် သတ္တိကောင်း၍ စွန့်စားရဲသော ယောကျ်ားတစ်
ယောက်ဖြစ်သည်။

သူ့နာမည် ကပ္ပတိန် ဘခက်။

*

## အခန်း (၁၀)

ကပ္ပတိန်ဘခက်သည် ပဲ့စင်အောက်မှ စက်လှေကြီးပေါ်သို့ မျောက်တစ်ကောင်လို တွယ်၍တက်ခဲ့သည်။

ဝန်းကျင်သည် လှိုင်းသံလေသံမှလွဲ၍ ပကတိတိတ်ဆိတ်နေသည်။

ယခုတော့ အစောင့်တွေကလွဲပြီး မည်သူမျှ မရှိတော့။

အားလုံး ကျွန်းပေါ်ကို တက်ရောက်သွားခဲ့ကြပြီ။

သူသည် ထိုအခြေအနေသို့ရောက်အောင်သည်းခံ၍စောင့်ခဲ့ပါသည်။

အခုဟာက အရမ်းလုပ်လို့မဖြစ်။

ချစ်ချစ်၊ သားကလေး မျိုးခက်နှင့် ချစ်ဇနီးဟောင်း တင်မျိုးဆွေ၏ အသက်တွေကို သည်လူတွေလက်ထဲက လုယူရမည်။

လောလို့လည်းမဖြစ်၊ စောလို့လည်းမဖြစ်။

ယခုတော့ သူ လိုချင်သော အနေအထားသို့ ရောက်ခဲ့ပါပြီ။





ပင်လယ်ကမ်းခြေ ကျောက်ဆောင်အကွယ်တွင် အစောင့်နှစ်ယောက် ရှိသည်။

မည်းမည်းအရိပ်နှစ်ခုသည် လရောင်တွင် လှုပ်ရှားနေကြသည်။

စက်လှေပေါ်တွင်လည်း အနည်းဆုံး သုံးလေးယောက်တော့ ကျန်မည်။

သူသည် ပဲ့စင်မှ လှေပေါ်သို့ ခေါင်းပြူ၍ ကြည့်လိုက်သည်။

'ဟိုက်'

သူ့မျက်နှာနှင့် နှစ်လက်မအကွာတွင် ခြေထောက်တစ်စုံနှင့် လူတစ်ယောက်။

ထိုလူသည် ပဲ့စင်ပေါ်ရှိ ထိုင်ခုံပေါ်တွင် ဗိမ်နှင့် ဆေးမှိန်းနေသည်။ ဆရာကြီးပင့်နေသည်။ ပျံ့လွင့်လာသော ဆေးငွေ့အနံ့ကို ကပ္ပတိန်ဘခက်သိပါသည်။

'ဂလောက်'

မှိန်းနေသော ဆေးငေ့ဲသည် သူ့ရှေ့ ခြောက်ပေလောက်အကွာတွင် ဂလောက်ခနဲ ကျလာသော မိုးပေါက ပစ္စည်းတစ်ခုကို စိတ်ဝင်စားစွာ ထကောက်သည်။

ဖောင်တိန်တစ်ချောင်း။

သည်ဖောင်တိန်က မိုးပေါက ဘယ်လိုကဘယ်လို ကျလာတာလဲ။

ဆေးသမားသည် ဒဿနိကဗေဒသမား တစ်ယောက်လို တွေးရင်း နောက်သို့ ပြန်လှည့်လိုက်သည်။

သူ့ကိုယ်စား ကုလားထိုင်ပေါ်တွင် လူတစ်ယောက် ခြေ
ကလိမ်ချိတ်၍ ထိုင်နေသည်။

အစက သူတစ်ယောက်တည်းပါ။

သည်သတ္တဝါက မိုးပေါ်က ကျလာလေသလား။

'ဒုတ်'

အစဉ်းစားလေးမဆုံးခင် ဆေးငွေ့ဖြင့် မှိုင်းရီနေသော
သူ့ခေါင်းပေါ်သို့ ပစ္စည်းတစ်ခု ကျလာပြန်သည်။

သေနတ်ဒင်။

ဒင်နှင့် ငယ်ထိပ်ကို ထုချလိုက်ပြီး ဝုန်းခနဲ ပစ်လဲမသွား
အောင် ငနဲသား၏ ယိုင်လဲသွားသောကိုယ်ကို ဆတ်ခနဲပွေ့
၍ သူ့ထိုင်ခုံပေါ်သို့ ပြန်တင်ထားလိုက်သည်။

'မင်းအတွက် ပိစ်ပါ သူငယ်ချင်း'

ဘခက်သည် ခပ်တိုးတိုး ရေရွတ်လိုက်ရင်း စက်လှေ၏
ဦးပိုင်းသို့ ကြောင်ရိုင်းတစ်ကောင်လို ရွေ့လျားခဲ့သည်။

စက်လှေဦးမှ စကားပြောသံသဲ့သဲ့ကြားရသည်။

လှေဦးတွင်နှစ်ယောက်။ သူတို့နှစ်ယောက် အလယ်တွင်
ပုလင်းတစ်လုံး။ ပုလင်းကို ခွက်လှည့်ချနေကြသည်။

ချရင်း စကားပြောနေကြသည်။

'ငါတို့ကိုထားခဲ့တာတော့ မတရားဘူးကွ၊ သူတို့ကတော့
ကျွန်းပေါ်မှာ ကောင်မလေးနှစ်ယောက်နဲ့'

'ဟုတ်ဘယ်၊ ကမ်းမတက်ရတာ ခုနစ်ရက်ရှိပြီ'

'အရက်လဲ ကုန်တော့မယ်'





သူတို့နှစ်ယောက်သည် လက်ကျန်ကလေးကို အပြတ်ရှင်း
လိုက်ကြသည်။

နေရာက မြင်ကွင်းကျယ်၊ အကာအကွယ်မရှိ။

သူတို့ရှိရာသို့ ရောက်ဖို့မလွယ်။

နှစ်ယောက်အနက်တစ်ယောက်က လျှာထိုးဦးထုပ်ကလေး
ကို ဆောင်းထားသည်။

ကပ္ပတိန်ဘခက်သည် သူတို့၏အလစ်တွင် စက်ခန်းထဲသို့
တစ်ခနဲ ဝင်လိုက်သည်။ စက်ခန်း၏ တံခါးကြားမှ သူတို့
နှစ်ယောက်အား စောင့်ကြည့်နေသည်။

'ဒုက္ခပါပဲကွာ၊ အခုရေးထဲမှာ အရက်ကကုန်ပြီ'

'မင်း သိပ်သောက်ချင်နေလား မိုက်ကြီး'

'ပုလင်းကြီးပါ မျိုချချင်တယ် ငွေးကြွယ်'

'ငါတစ်လုံးဝှက်ထားတယ်ကွ၊ မင်းသွားယူကွာ၊ ဒီဇယ်
ဘောမှာ၊ မထူးဘူး၊ အမူးသောက်ပြီး အိပ်တာပဲ ကောင်း
တယ်'

လျှာထိုးဦးထုပ် ဆောင်းထားသော မိုက်ကြီး ဆိုသည့်
ကောင်သည် ယိုင်တိယိုင်တိုင်ထ၍ စက်ခန်းသို့ဆင်းသော
တံခါးပေါက်သို့ လာနေသည်။

ငွေးကြွယ်သည် ဆေးပေါ့လိပ်တုတ်တုတ်ကြီးကို ကိုင်၍
ထိုင်းစားနေသည်။

အကြီးကြီးက တစ်ယောက်၊ အငယ်မလေး တစ်ယောက်။
နှစ်ယောက်စလုံး မျက်စိထဲမှ ဖျောက်လို့ မရအောင်
တောင့်အတင်း၊ အမှိုအစွင့်ကလေးတွေက တင်းနေသည်။

ပင်လယ်ထဲတွင် အမဆို၍ ပါးဟက်ပါသော ငါးမလေး ထလွဲပြီး မမြင်ခဲ့ရ။

'ဟင်း'

ဒွေးကြွယ် သက်ပြင်းချသံကြီး ထွက်လာသည်။

'ဝုန်း...ဂလုန်း....ဂလုန်း....ဂလုန်း'

သူ့အတွေးတွေ ပျက်သွားသည်။

ဆေးပေါ့လိပ်ကြီးကို လွှတ်ချလိုက်သည်။

'မိုက်ကြီး....ခွေးမသား တစ်လုံးဟည်းနဲ့ မူးနေပြီ၊ ဒီလှေကား ကလေးတောင် မဆင်းနိုင်တော့ဘူးလား'

ဒွေးကြွယ် ထလာသည်။

ကံခါးပေါက်မှ အောက်သို့ ငုံ့ကြည့်သည်။

မိုက်ကြီး တစ်ယောက် လှေကားရင်းတွင် ခွေနေပြီ။

'ဘောက်....အဘော်အသုံးမကျတဲ့အကောင်၊ ဒီလှေကား ကလေးတောင် မဆင်းနိုင်ဘူး'

သူ ဆင်းလိုက်သည်။

'ဒုတ်'

'ဝုန်း....ဂလုန်း....ဂလုန်း,...ဂလုန်း'

ကပ္ပတိန်ဘခက်သည် အမူးသမားနှစ်ယောက်၏သည်ကုပ်ကို လက်ဝါးစောင်းနှစ်ချက်ပေး၍ မေ့ဆေးပေးလိုက်သည်။

စက်လှေအနံ့ ရှာသည်။

သက်ရှိသတ္တဝါတို့၏ ပုရွက်ဆိတ်တွေသာ ရှိတော့သည်။

သူသည် စက်လှေပေါ်မှတွယ်ကပ်၍ ကြိုးနှင့်ဆင်းသည်။





ညအမှောင်တွင် လရောင် ကျနေသဖြင့် ကျောက်စွယ် အကွယ်မှ အစောင့်နှစ်ယောက်ကို ကောင်းစွာမြင်ရသည်။

သူသည် ကမ်းခြေနှင့်ကိုက်တစ်ရာခန့်အကွာတွင် ကျောက်ချထားသော စက်လှေမှ ကမ်းသို့ ရေယက်သံမကြားအောင် ဖားကူး ကူး၍ သွားသည်။

သဲမြေကို ခြေထောက်မိသည်နှင့် သူ၏ ပစ်မှတ်နှစ်ခုကို ကြည့်လိုက်သည်။ပစ်မှတ်နှစ်ခုကိုနှစ်နေရာခွဲ၍ သူတစ်ယောက် တည်းနှင့် တိုက်ခိုက်၍မရနိုင်။

သေနတ်ကိုသုံးလျှင် အသံမြည်သည်။

အသံမြည်လျှင် ဦးစောဒီတို့တစ်တွေ ကြားမည်။

ကြားလျှင် ဒုက္ခများသွားနိုင်သည်။

အဲသည်တော့ ပရိယာယ်ကို အသုံးချရမည်။နည်းဗျူဟာ တစ်ခုကို ချမှတ်ရမည်။

သူသည် ရေထဲမှ ပြောင်ပြောင်တင်းတင်းပင် တက်ခဲ့ သည်။

သူ့ကိုယ်က အမူးသမားတစ်ယောက်လို ယိုင်တိယိုင်တိုင် ယိမ်းထိုးနေသည်။

ထို့အပြင်....

လရောင်ကိုကျောပေးထားသဖြင့် သူ့ရုပ်သွင်ကို ရန်သူက တိတိကျကျ မမြင်နိုင်။ မည်းမည်းသဏ္ဍာန်သာ မြင်ရမည်။

သူ ထင်သည့်အတိုင်းပင် ဖြစ်သည်။

'ဟော့ကောင် မိုက်ကြီး၊ ဒီကောင်မူးပြီး ရေကူးလာပြန်ပြီ၊ ဆရာကြီးသိရင် ကျောပွတ်စာမိလိမ့်မယ်'

အသံနှင့်အတူ အစောင့်တစ်ယောက် သူ့ထံ လာနေသည်။ ပြောင်းရှည်သေနတ်တစ်လက်ကို လွယ်ထားသည်။

'ဝေါ့'

ကပ္ပတိန်ဘခက်သည် ဝေါ့ခနဲ ထိုးအန်လိုက်ပြီး ရေစပ်သဲပြင်တွင် မှောက်လျက်သား လဲသွားသည်။

ရန်သူသည် သူနှင့် တဖြည်းဖြည်းနီးလာပြီ။

ကျန် တစ်ယောက်ကတော့ မလှမ်းမကမ်းရှိ ကျောက်ဆောင်ပေါ်တွင် ဆေးလိပ်သောက်နေသည်။

'ခွေးမျိုး၊ အန်ဖတ်ဆို့ပြီး သေတော့မှာပဲ'

ဆဲသံနှင့်အတူ သူ့အနားသို့ ရန်သူရောက်လာသည်။

ဟုတ်သည်။ သူ့ကို မိုက်ကြီး ထင်နေသည်။

ထင်နိုင်လောက်အောင်လည်း မိုက်ကြီး၏ ခန္ဓာကိုယ်နှင့် သူ့ခန္ဓာကိုယ်က အချိုးအစား တူသည်။

မိုက်ကြီး၏ လျှာထိုးဦးထုပ်ကို ဆောင်းလိုက်သော အခါ ကပ္ပတိန်ဘခက်ဘဝမှ မိုက်ကြီးဘဝသို့ အသွင်ပြောင်းသွားသည်။

သေနတ်သမားသည် သူ့ဘေးတွင် ဒူးထောက်၍ သူ့ပခုံးကို ဆွဲလှန်လိုက်သည်။

အေးစက်သော ဘရောင်နီပစ္စတို၏ပြောင်းဝကို ငနဲသား၏ မျက်နှာနှင့် တည့်ပေးလိုက်သည်။

'မင်း....မင်း....ဘယ်သူလဲ'

'ငါ ကပ္ပတိန်ဘခက်၊ ရန်သူကို ရက်ရက်စက်စက် သတ်ဝံ့တယ်၊ မင်း ဦးနှောက်တွေ ပွင့်ထွက်မသွားစေချင်ရင် မင်း





အဖော်ကို အေးအေးဆေးဆေး လှမ်းခေါ်၊ မိုက်ကြီး မူးနေလို့ လာတွဲလှည့်ပါလို့ပြော၊ နားလည်ပြီလား'

သူ့စကားက တည်ငြိမ်အေးစက်သည်။

ကြောက်မက်ဖွယ် ကောင်းသည်။

သူ့အသံသည် လူတစ်ယောက် ဖိန့်ဖိန့်တုန်သွားလောက်အောင် ခြိမ်းခြောက်မြက်သည်။

'ကိုင်း....ခေါ်လေကွာ၊ ခလုတ်ကလေးညှစ်လိုက်ရုံပဲနော်၊ သုံးစက္ကန့် အချိန်ပေးမယ်'

'တစ်....နှစ်....'

'မပစ်ပါနဲ့၊ ခေါ်ပါ့မယ် ဆရာ'

သူသည် ဒရယ်လည်ပြန်လှည့်ရင်း သူ့ဘော်ဒါကို လှမ်းခေါ်ပါသည်။

'ဟေ့....ငနိုင်၊ မိုက်....မိုက်ကြီး မူးလဲနေလို့ လာ....လာတွဲပါဦးကွ'

သူ့အသံက တုန်နေသည်။

'ပစ်ထားလိုက်ကွာ၊ သေလဲအေးတာပဲ'

ဟိုအကောင် မလာ။

'ကဲ.... ငါ့ကို မင်းပခုံးပေါ်မှာ ထမ်းပြီး သူ့ဆီကို ခေါ်သွား၊ ဩော်....သေနတ်ပြောင်းဝကိုတော့ မင်း ကျောမှာ တေ့ထားမယ်နော်၊ နည်းနည်းလေး ကွန့်မြူ ပျက် တာ နဲ့ အသက်ထွက်ပြီလို့သာမှတ်'

'ဟုတ်....ဟုတ်ကဲ့၊ ကျုပ်....ကျုပ်ကို မသတ်ပါနဲ့'

'တိုးတိုးပြောစမ်း၊ ကဲ....ထမ်းတော့'

ကပ္ပတိန်ဘခက်သည် ရန်သူ၏ ကျောပေါ်တွင် ဇိမ်နှင့် လိုက်ပါသွားသည်။

ငနိုင် ဆိုသည့် ကောင် ရှေ့သို့ အရောက်တွင် ကိုယ်ကို နောက်ပြန်လှန်တင်လိုက်သည်။

အလှန်နှင့်အဆောင့်က တစ်ချိန်တည်း ကျသည်။

သူ့ခန္ဓာကိုယ်ကို မှောက်၍ထမ်းလာသော ငနဲ၏ အရှိက်ကို ခြေဖျားဖြင့်ပစ်သွင်း၍ ငနိုင်၏ မေးရိုးကို ပစ္စတိုဒင်နှင့် နောက်ပြန်ယမ်း၍ ရိုက်ထည့်လိုက်၏။ မထိ။

'ဝှီး....'

ငနိုင်သည် နောက်သို့ အသာ တိမ်းပေးလိုက်ရင်း လွယ်ထားသော သေနတ်ကို ဆတ်ခနဲ အဖြုတ်....

သဲပြင်ပေါ်တွင် လဲသွားသော ကပ္ပတိန်ဘခက်က သူ့ခြေခွင်ကို လှန်တင်လိုက်သည်။ သူ့ဘေးတွင် ယှဉ်လျက်သားဗိုင်းခနဲ ပက်လက်လဲကျသွားသည်။

'ရော့....'

'အစ်'

ဘခက်၏ လက်ဝါးစောင်းသည် ခေါင်းနှင့်ကိုယ် ဆက်ထားသော နေရာသို့ ကျရောက်သွားသည်။

တစ်ချက်သာ ဆတ်ခနဲတွန့်၍ ငြိမ်သွားသည်။

ကိစ္စပြီးသွားပြီ။ နှစ်ယောက်စလုံး မေ့သွားကြသည်။

သူသည် လူလူချင်းညှဉ်းဆဲသတ်ဖြတ်ရသည်ကို အင်မတန်ရွံမုန်းသည်။ ထို့ကြောင့် လူလူချင်း သတ်ဖြတ်နေသော ပြည်သူ့ ရန်သူများကို အပြတ်နှိပ်ပစ်နေခြင်း ဖြစ်သည်။





ရန်သူနှစ်ယောက်သည် သဲပြင်တွင် မှောက်လျက် ကျန်ခဲ့သည်။

လှိုင်းအိအိတစ်လုံး တက်လာသည်။ သူတို့ကို မျက်နှာသစ်ပေးသွားသည်။

'ဘုရားသိကြားမလို့ သူတို့နှာခေါင်းထဲကိုရေမဝင်ပါစေနဲ့'

ကပ္ပတိန်ဘခက်သည် ခပ်တိုးတိုးရွတ်ဆိုလိုက်ရင်း သစ်ပင်သစ်ခက်များ အုပ်ဆိုင်းနေသော ကျွန်းနံ့သာထဲသို့ ဝင်ခဲ့သည်။

အန္တရာယ်တွေသည် သူ့လည်ပင်းကို ပန်းကုံး စွပ်ရန်အတွက် ဝမ်းသာအားရ စောင့်ကြိုနေသည်ကို ကပ္ပတိန်ဘခက် မျှော်လင့်ထားပြီးသား ဖြစ်သည်။

*

အခန်း (၁၁)

မျှော်လင့်ချက်ဟူသည် ဘယ်အခါမှ ကုန်ဆုံးပျောက်ကွယ်သွားသည်ဟူ၍ပင် မရှိချေ။

ရေနစ်သူပင်လျှင် မျောလာသော ကောက်ရိုးတစ်ပင်ကို မျှော်လင့်ချက်နှင့် ဆွဲကိုင်တတ်သည်။

မျိုးခက်သည် မျှော်လင့်ချက်ကိုဘယ်အခါကမှ လက်လွှတ်၍ မပစ်ချေ။

လူသည် သူ၏ရည်မှန်းချက်၊ မျှော်လင့်ချက်တစ်ခု ရှိရမည်သာ ဖြစ်သည်။

မျှော်လင့်ချက် မရှိတော့သော လူသည် ကြိုးစင်ပေါ်ကို တက်ရတော့မည့် သေလူနှင့်ဘာမှမခြား။

အင်အားသည် မျှော်လင့်ချက် ရှိမှသာ ထွက်ပေါ်လာသည်။

မျိုးခက် မျှော်လင့်ချက်ကို လုံးဝမလျှော့ပါ။

လူအားရော စိတ်အားပါ မွေးထားသည်။





သို့သော်ငြားလည်း ဆလုံကြီးနှင့် သူ့အခြေအနေက သိပ်တော့ ကောင်းလှသည်မဟုတ်။

သစ်ပင်တစ်ပင်တွင် ကျောချင်းကပ်၍ မလှုပ်နိုင်အောင် ကြိုးနှင့် အသေအချာတုပ်ထားခြင်း ခံနေရသည်။

သူတို့နှစ်ယောက်ကို ဦးစောဒီ၏ ကျွဲသစ်ရေဝတ်ထားသော ကျားလူတစ်ကောင်က စောင့်နေသည်။

သူ့ခါးတွင် သေနတ်နှင့် လက်နှိပ်ဓာတ်မီး တစ်လက်ကို ထိုးထားသည်။ အခြားဘာလက်နက်မှ မရှိ။

မေမေ့၊ ချစ်ချစ်နှင့် ခင်စန္ဒီတို့ကိုကော ဘယ်ဆီကို ခေါ်သွားကြသည် မသိနိုင်ပြီ။

ခင်စန္ဒီသည် သူ့အပေါ်တွင် ရက်စက်ခဲ့လေပြီ။

ညဉ့်သန်းခေါင်လောက်တော့ ရှိလောက်ပြီ။

သူတို့ သည်ကျွန်းနံ့သာသို့ ရောက်ခဲ့သည်မှာ ဆယ်မိနစ်ကျော်ပြီ။

'အဘ'

'ဟေ'

'အဘနားကြပ်ကို ဦးစောဒီ သိမ်းမသွားတာ ဘာဖြစ်လို့လဲ'

'မင်းနဲ့ငါ စကားပြောရအောင်လို့ပေါ့ကွာ'

မျိုးခက်မှာ သည်အတိုင်း မလှုပ်မယှက် ကြိုးတုပ်လျက်ကြီးနှင့် ကြာရှည်စွာ မနေချင်။

တစ်ခုခုကို သူ လုပ်ချင်နေ၏။

ဘာလုပ်ရမည်ကိုတော့ မသိ။

'ဟုတ်တယ်၊ ကျွန်တော်တို့ ပြောမယ့် စကားကို ဟိုကျားသစ်ရေခြုံထားတဲ့ ခွေးကောင်က နားထောင်နေမှာ သေချာတယ်'

အစောင့်ကြားလောက်အောင် တမင် အသံကိုမြှင့်၍ ပြောလိုက်သည်။ ဟိုကောင်က မတုန်မလှုပ် ကျောက်ရုပ်။

ကျောက်ရုပ်လို ငြိမ်နေသည်။

သူ့ပါးစပ်က စီးကရက်မီးကလေးသာ ရဲခနဲရဲခနဲ လှုပ်သွားသည်။

'ဟေ့ကောင်၊ မင်းဟာ ကျားသစ်ရေခြုံထားတဲ့ ဂန်ဒူးပါကွာ၊ သတ္တိရှိရင် ငါ့ကို စီးကရက်တစ်လိပ် မီးညှိပြီး ပါးစပ်ကို လာတပ်ပေးစမ်း'

သူ့အကဲကို စမ်းလိုက်သည်။

'အဟက်'

အသံအက်အက်ကြီးဖြင့် တစ်ချက် ရယ်သံကြားရသည်။

နောက်ပြီးတော့ ကျားလူသည် စီးကရက်မီးကို ရဲနေအောင် ဖွာရင်း ငမန်းလေးထံသို့ တစ်လှမ်းချင်း ကပ်လာ၏။

စီးကရက်ပြာကိုခြွေ၍ မီးချွန်ကလေးဖြစ်အောင် မှုတ်လိုက်သည်။

'ရော့.... သောက်ပါကွာ၊ ရပါတယ်'

'ဒုတ်'

ငမန်းလေးနှုတ်ခမ်းသို့ စီးကရက်မီးရောက်ရန် တစ်စင်တီမီတာအလိုတွင် ကျားလူ၏ဦးခေါင်းပေါ်သို့ အင်္ဂါဂြိုဟ်ကြီး ပြုတ်ကျလာသလို ခွေကျသွားသည်။





အင်္ဂါဂြိုဟ်မဟုတ်၊ သေနတ်ဒင်။

'ဟင်....အန်ကယ်ဘခက်'

'အေး.... ငါပဲ၊ ဘာမှမမေးနဲ့၊ ငါမေးတာ အရင်ဖြေ၊ တင်မျိုးဆွေတို့ ဘယ်မှာလဲ'

'မသိဘူး အန်ကယ်၊ ဦးစောဒီက အနောက်ဘက်ကို ခေါ်သွားတာပဲ၊ ချစ်ချစ်လဲပါသွားတယ်'

'သူတို့ ဒီကျွန်းမှာပဲ ရှိရမယ်၊ ကဲ....အချိန်မရှိဘူး'

ကပ္ပတိန် ဘခက်သည် သစ်ပင်တွင် ...မိ ခေါ် လူသေ ...လောင်းကို ကျပ်စည်းထားသလို ကြိုးနှင့်ချည်နှောင်ထားသော သူတို့နှစ်ယောက်ကို ဖြေပေးသည်။

ကြိုးပြေသွားသည်နှင့် သွေးတောင့်၍ နှစ်ယောက်စလုံး ခွေကျသွားသည်။

'သွေးပူအောင် လှုပ်ပေး'

မျိုးခက် ဘာမှမမေး။ ဘာမှမတွေး။

သူ့ခန္ဓာကိုယ် လှုပ်ရှားလို့ရအောင်လုပ်သည်။

ဆလုံကြီးကတော့ ငြိမ်သက်စွာထိုင်၍ သူ၏အတွင်းစိတ် ...းကို လျှော့ထားပြီး သွေးလမ်းကြောင်းတွေကို ရှူရှိုက် ...ည်းဖြင့် ဖွင့်နေသည်။

ကပ္ပတိန်ဘခက်၏လက်မှလေသူရဲသုံး တက်ချိမီတာ ခရိုနို ...ရုပ်နာရီက ည တစ်နာရီ ဆယ့်ခြောက်မိနစ် နှစ်စက္ကန့်ကို ...နေ၏။ အချိန်မရှိ။ ဆလုံကြီးသည် ဆတ်ခနဲခုန်ထလိုက်ပြီး ...ားသစ်ရေဝတ်ငနဲသား၏ ကျားသစ်အင်္ကျီကိုချွတ်၍ သူ့ ...ဝတ်အစားနှင့်လဲသည်။

ကျားသစ်ခေါင်းကို ဆောင်းသည်။

အမြီးကိုဆွဲလိုက်တော့ သံမဏိချွန်ကလေးများ ပါသော
ကျားပွတ်တစ်ချောင်းလို အသုံးချလို့ရအောင် ပြုလုပ်ထား
ကြောင်း တွေ့ရသည်။

အလွယ်တကူဖြုတ်လို့ရအောင် စီမံထားသည့် လက်နက်
ဆန်းတစ်ခု။

'အခု ဘယ်သွားမလဲ အန်ကယ်'

'လိုက်ရှာမှာပေါ့ကွာ၊ မင်းပြောတဲ့ အနောက်ဘက်ကို
သွားကြမယ်'

'ဟုတ်တယ်၊ အဲဒီနေရာမှာ ငါးမန်းကြီးတွေရှိတဲ့ ရေအိုင်
ကြီး ရှိတယ်'

သူတို့သုံးယောက်သည် ကျွန်း၏အနောက်ဘက်ဆီသို့ ခြေ
သံ လုံလုံဖြင့် နင်းခဲ့သည်။

ကွက်တိကွက်ကျား လရောင်များက သစ်ပင်များအကြား
မှ ယိုပေါက်၍ ကျနေသည်။

အနောက်ဘက်သို့ ရောက်လုနီးလာသောအခါ လှိုင်းသံ
လေသံများပင် မကြားရတော့ပါ။

ကမ်းခြေနှင့် ဝေးလာပြီဖြစ်ကြောင်းကို ကပ္ပတိန်ဘခက်
စဉ်းစားမိသည်။

သူတို့သည် ပကတိ တိတ်ဆိတ်ငြိမ်သက်နေသော တောထဲ
တွင် ရွေ့လျားနေကြသည်။

ကပ္ပတိန်ဘခက်သည် ကျားလူထံမှ ရခဲ့သော လက်နှိပ်
ဓာတ်မီးနှင့် သေနတ်ကိုကိုင်၍ ရှေ့ကသွားသည်။





မျိုးခက်က အလယ်။

သူ့ လက်နက်က ခန္ဓာကိုယ်ရှိ ခြေ၊ လက်၊ တံတောင်၊ ဒူး၊
လက်သီး။

ဆလုံကြီးသည် ကျားသစ်မြီးကျားပွတ်ကြီးကိုကိုင်၍နောက်
က လိုက်သည်။

သူတို့တစ်တွေသည် ရေအိုင်ကြီးရှိရာသို့ ချဉ်းကပ်မိသွား
ပါသည်။

'တိုတစ်ခါ ဒီကျွန်းကို ကျွန်တော်နဲ့ ဦးပိန်ရောက်တုန်းက
ခြေရာတွေဟာ ဒီရေစပ်မှာ ပျောက်သွားတယ် အန်ကယ်၊
ပြီးတော့ ပင်လယ်ထဲက ချောင်းကလေးတစ်ခုဟာ ဒီရေအိုင်
ကြီးနဲ့ ဆက်နေတယ်'

မျိုးခက်က လေသံကလေးနှင့် ပြောသည်။

'ဟုတ်တယ်၊ ဒီကန်ထဲမှာ ငါးမန်းလဲရှိတယ်'

ဆလုံကြီးက သူ့စကားကို ထောက်ခံသည်။

ကပ္ပတိန်ဘခက် စဉ်းစားနေသည်။

'ငါတို့ ချောင်းရိုးအတိုင်း လိုက်ကြည့်ရအောင်ကွာ'

'ဖြစ်ပါတယ် အန်ကယ်'

သူတို့သည် ကန်ထဲသို့ စီးဝင်နေသော ချောင်းကလေးကို
ဆန်တက်ခဲ့ကြသည်။

ဒီ ကျချိန်မို့ ရေက ဒူးဆစ်သာသာလောက် ရှိသည်။

ချောင်းရိုး၏ဘေးတွင် လူဝင်၍မရအောင် သစ်ပင်သစ်
ခက်များ၊ ချုံနွယ်များ၊ ကျောက်ကမ်းပါး အမြင့်ကြီးများ
ရှိနေသည်။

သူတို့ တစ်တွေသည် ခြောက်ပေခန့်သာ ကျယ်သော ကျောက်ဆောင်ကြီး နှစ်ခုအကြားသို့ ရောက်သွားသည်။

ကပ္ပတိန်ဘခက် လက်ဖြင့် အချက်ပြလိုက်သည်။

အားလုံး ငြိမ်သွားသည်။

သစ်ရွက် သစ်ခက်ကလေးတွေပင် မလှုပ်။

မျိုးခက်နှင့် ဆလုံကြီး၏ ရင်ထဲတွင် အနည်းငယ် လှုပ်ခတ်လာသည်

နားတွေကို စွင့်ထားကြပါသည်။ ဘာသံမှ မကြား။

ကပ္ပတိန် ဘခက်သည် လက်ကိုင်ပဝါနှင့်အုပ်၍ ထိုးထားသော လက်နှိပ်ဓာတ်မီးကို ပိတ်သည်။

ရှေ့ကို လက်ဖြင့် အသာကလေး စမ်းလိုက်သည်။

'ဂိီး....'

ကျယ်လောင်သော အသံကြီးနှင့်အတူ ပင်လယ်ငှက်ကြီး တစ်ကောင် ကျောက်ဆောင်ပေါ်မှ ထပျံသွားသည်။

သူတို့၏ အကြောအခြင်တွေ တောင့်ခနဲ ဖြစ်သွားသည်။

ထမခုန်မိသည်မှာ တော်သေးသည်။

'ဘာလဲ အန်ကယ်၊ ဘာဖြစ်လို့လဲ'

'ဒီနေရာမှာ သံတိုင်တွေ စိုက်ထားတယ်ကွ'

'ဗျာ....'

'သဘောကတော့ ရေကန်ထဲက တစ်ခုခု ပင်လယ်ထဲကို ထွက်မသွားအောင် ကာထားတာပဲ၊ တံခါးအရှင် သော့ရှိတယ်'

'အဲသလိုဆိုရင် ရေကန်ထဲမှာ တစ်ခုခုရှိရမယ်'





'ဟုတ်တယ်၊ မင်းပြောတာ ဖြစ်နိုင်တယ်၊ အဲဒီတစ်ခုခုဟာ ဘာဖြစ်နိုင်သလဲ'

'ငါးမန်းကြီးတွေ'

'ငါးမန်းကြီးတွေကို ဘာဖြစ်လို့ ဒီရေကန်ထဲမှာ ပိတ်လှောင်ထားသလဲ၊ အဲဒါကို တို့ အခုမှ စဉ်းစားမိတယ်'

'ဟုတ်တယ် အန်ကယ်၊ ရေကန်ထဲမှာ တစ်ခုခုရှိရမယ်လို့ ကျွန်တော့်စိတ်က ထင်နေတယ်'

'လက်တွေ့ လုပ်ကြည့်မယ်ကွာ၊ လာ....နောက်ကြောင်း ပြန်လှည့်မယ်'

သူတို့သုံးယောက်သည် ချောင်းရိုးအတိုင်း ပြန်လည်ဆန် တက်လာခဲ့ကြသည်။

ကန်ဘေးသို့မရောက်မီ ဘခက် ခေါင်းထဲသို့ အကြံတစ်ခု ဝင်လာသည်။

ထိုအကြံကို မျိုးခက်နှင့် ဦးပိန်အား ပြောပြသည်။

သူတို့ကလည်း သဘောတူသည်။

ဆလုံကြီးသည် လက်နှိပ်ဓာတ်မီးကို ပြောင်ပြောင်တင်း တင်းကိုင်၍ ကန်စပ်ရှိ ကျောက်ဖျာကြီးပေါ်သို့ တက်လိုက်သည်။

ကျားသစ်တစ်ကောင် လက်နှိပ်ဓာတ်မီးကိုကိုင်၍ ကိုးရိုး ကားရားနှင့် ကုန်းကုန်းကွကွ ဖြစ်နေပုံမှာ ရယ်စရာ ဖြစ်သော်လည်း မျိုးခက်နှင့် ဘခက်တို့ မရယ်မိ။

ဆလုံကြီး၏ ပတ်ဝန်းကျင်ကို ဂရုစိုက်၍ ကြည့်နေကြသည်။

ကြည့်နေကြသော်လည်း ဘာမျှမမြင်။

သည့်တွင်မျိုးခက်၏ခေါင်းထဲတွင် ရုတ်တရက် အကြံတစ်ခု ပေါ်လာသည်။

'ပင်လယ်ထဲမှာ....အလောင်းကြီးနှစ်ကောင် မျောလို့လာ....ဆာလွန်းလို့ ပါးစပ် ဟောင်းလောင်း....အရက်ကောင်းကောင်း တိုက်စမ်းပါ....'

မျိုးခက်သည် ကျယ်လောင်စူးရှသော အသံနက်ကြီးဖြင့် သီချင်းတစ်ပိုဒ်ကို အော်၍ဆိုလိုက်သည်။

အကာလည့်ဥ်သန်းခေါင်တွင် တောတောင်တွေထဲမှ သူ့သီချင်းသံကို ပြန်၍ဆိုသည်။

ပဲ့တင်သံသည် အသည်းစိမ့်ဖွယ် တဖြည်းဖြည်း တိုးညှင်းသွားသည်။

ကပ္ပတိန်ဘခက်သည် သူ့လက်ကိုဆွဲ၍ တားသေး၏။ မျိုးခက်က လက်ကာပြသည်။

'အသာ စောင့်ကြည့်နေပါ အန်ကယ်'

ဆလုံကြီးကတော့ မျိုးခက်၏အကြံကို သိသည်။

နားကန်းသော်လည်း နားမဝေး။ သူ တွေးတတ်သည်။

မကြာမီ ငြိမ်သက်နေသော ရေပြင်သည် ညင်သာစွာ လှုပ်ရှားလာသည်။

ဆလုံကြီးသည် ရေပြင်ကို လက်နှိပ်ဓာတ်မီးနှင့် အသေအချာ ထိုးထားသည်။

ဝင်းလက်သော မီးရောင်တွင် ရေမသတ္တဝါကြီး တစ်ကောင်၏ ကျောပြင်သည် ရေပြင်ပေါ်သို့ ခြောက်လက်မခန့်





ပေါ်လာပြီး သူ ရပ်နေရာ ကျောက်ဖျာဆီသို့ ခပ်ဖြည်းဖြည်း ရွေ့လျားမ၍ လာနေသည်။

ဆလုံကြီးသည် ကျားသစ်မြီးကို ဖြုတ်၍ ညာလက်တွင် ကိုင်ထားသည်။

ညင်သာသော အသံနှင့်အတူ သခွားသီးပုံသဏ္ဌာန် ခပ်ညည်းမည်း သတ္တဝါကြီးသည် ဆလုံကြီးရှိရာ ကန်အစပ်သို့ ရောက်လာပြီး တစ်ကိုယ်လုံး ပေါ်လာသည်။

*

## အခန်း (၁၂)

---

တစ်ကိုယ်လုံး ပေါ်နေသည်။

ဆံစပ်မှ ခြေမသို့တိုင်အောင် သူမ၏ခန္ဓာကိုယ်က မှန်ထဲ တွင် တစ်ကိုယ်လုံး အရိပ်ထင်နေသည်။

တင်မျိုးဆွေသည် အခြားသော သူ့ကိုယ်ပွား တင်မျိုးဆွေ များကို ကြည့်လိုက်သည်။

မရေမတွက်နိုင်အောင် များပြားသော တင်မျိုးဆွေများ က သူ့ကို ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ပြန်ကြည့်ကြသည်။

ဘေးစောင်း၊ နောက်ပြန်၊ ကိုယ်တစ်ခြမ်း၊ ကိုယ်တစ်စိတ်

တင်မျိုးဆွေ အပေါ်သို့ မော့ကြည့်လိုက်သည်။

'ဟင်....'

အပေါ်က တင်မျိုးဆွေများကလည်း သူမကို မော့ကြည့် သည်။

ပြောင်းပြန်။

ခေါင်းကအောက် ခြေထောက်က အထက်။

အောက်ကို ငုံ့ကြည့်လိုက်ပြန်သည်။





အောက်က တင်မျိုးဆွေက အပေါ်က တင်မျိုးဆွေကို ပြောင်းပြန် ငုံ့ကြည့်သည်။

'ဟောတော့'

မီးရောင်စုံများ ထွက်နေသော မှန်များထဲတွင် တင်မျိုးဆွေ အရိပ်တွေ၊ ကိုယ်ပွားတွေက များလှပါသည်။

ဦးစောဒီသည် တစ်ခန်းလုံးကို မှန်များဖြင့် Angle ထောင့် အသီးသီးမှ စနစ်တကျ ကာရံထားသည်။

သည်မှန်လုံခန်းကြီးထဲသို့ အတင်းထိုးသွင်း ချုပ်ခြင်းခံရ သည်။ ပထမတော့ မှောင်နေသည်။

ခဏအကြာတွင် ရောင်စုံမီးကလေးများက မှန်သားထဲမှ တဖြည်းဖြည်း လင်းလာသည်။

'အမယ်လေး....'

တင်မျိုးဆွေ လန့်အော်မိသေးသည်။

သူမသည် ဦးစောဒီ၏မှန်လုံခန်းကြီးထဲတွင် အသွင်းခံလိုက် ရပြီကော။

အခန်းတွင်း၌ အသည်းပုံသဏ္ဌာန် လေမွေ့ရာကြီးတစ်ခုမှ လွဲ၍ ဘာမှမရှိ။

ပကတိငြိမ်သက်နေပါသည်။

ထိုအချိန်တွင်....

ခင်စန္ဒီသည် ချစ်ချစ်နှင့်အတူ အခန်းတစ်ခုထဲ၌ရှိနေသည်။

'ဘာမှအားမငယ်ပါနဲ့ ချစ်ချစ်ရယ်၊ တို့တစ်ယောက်လုံး ရှိနေတာပဲ၊ ချစ်ချစ်အနားက တို့ ဘယ်မှမသွားဘူး'

'အန်တီတင်မျိုးဆွေအတွက် ချစ်ချစ် စိုးရိမ်တယ်'

'မစိုးရိမ်ပါနဲ့၊ သူ သိုပ်ပင်ပန်းလို့ အိပ်ပျော်နေတယ်လို့ ဒယ်ဒီက ပြောတယ်'

'ခင်စန္ဒီ အဖေက ချစ်ချစ်တို့ကို လွှတ်မပေးတော့ဘူးလား၊ ဒီကို ဘာလို့ခေါ်လာတာလဲ၊ ဒီနေရာက ဘယ်မှာလဲ'

'တို့လဲ အတိအကျမသိပါဘူး ချစ်ချစ်ရယ်၊ တကယ်ဆိုတော့ တို့ဟာ ဘာဆိုဘာမှမသိဘဲနဲ့ ကိုမျိုးခက်ရဲ့ အထင်လွဲမှားမှုကို ခံလိုက်ရတာပါ ချစ်ချစ်၊ အဲ....တို့သိတာတစ်ခုပဲရှိတယ်၊ အဲဒါကတော့ ချစ်ချစ်နဲ့ ကိုမျိုးခက်တို့ ရေငုပ်ကြတဲ့ ပုလဲမုတ်ကောင်ကြီးတွေရဲ့ လျှို့ဝှက်ချက်ကို ဒယ်ဒီက သိချင်နေတယ်'

'ခင်စန္ဒီက ပြောမှာလား'

'မပြောဘူး၊ ကိုမျိုးခက်၊ ချစ်ချစ်နဲ့ အန့်တီတင်မျိုးဆွေတို့ကို တို့ရှေ့မှာ လွှတ်မပေးမချင်း ဘာမှမပြောဘူး၊ သတ်ရင်လဲ အသေခံလိုက်မယ်၊ ကဲ....တို့ကိုယုံပြီမဟုတ်လားချစ်ချစ်၊ ဟင်'

'ကိုမျိုးတို့ကတော့ ယုံမှာမဟုတ်ဘူး'

'ဟုတ်တယ်၊ သူ....သူ....တို့ကို သိပ်စိတ်နာနေပြီ၊ အထင်လွဲနေပြီ'

ခင်စန္ဒီ ငိုချင်လာသည်။

မျက်ရည်မကျအောင် ထိန်းထားရသည်။

ထိုစဉ်မှာပင် တံခါးခေါက်သံ ပေါ်လာသည်။

ခင်စန္ဒီ ထ၍ဖွင့်ပေးသည်။

ဒယ်ဒီသည် အခန်းထဲသို့ နူးညံ့သိမ်မွေ့စွာပြုံး၍ဝင်လာလေသည်။





'သမီးတို့ နေကောင်းကြတယ်နော်'

သူ့အသံက နူးညံ့သည်၊ သိမ်မွေ့သည်။

သူ့မျက်လုံးက ချစ်ချစ်၏ တစ်တစ်ရစ်ရစ် ခန္ဓာကိုယ်ကလေးကို လှစ်ခနဲကြည့်ပစ်လိုက်သည်။ အကြာကြီးကြည့်လို့ မဖြစ်သေး။

'သမီး နေကောင်းတယ်၊ စိတ်မကောင်းဘူး၊ ဒယ်ဒီ လုပ်တာတွေ တစ်ခုမှ သမီး မကြိုက်ဘူး၊ ဒယ်ဒီမကောင်းဘူး'

'မဟုတ်ဘူး သမီး၊ မျိုးခက်နဲ့ ဆလုံကြီးတို့မကောင်းတာ၊ သူတို့ဟာ ဒယ်ဒီ အပေါ်မှာ သစ္စာဖောက်ခဲ့ကြတယ်၊ ဒယ်ဒီက သမီးကို ချမ်းချမ်းသာသာနဲ့ အခုလို ထားနိုင်အောင် ဘယ်လောက် ကြိုးစားခဲ့တယ်၊ သမီးအပေါ်ကို ဘယ်လောက် ချစ်တယ်ဆိုတာ သမီး သိမှာပါ'

'သမီး သိတာကတော့ ဒယ်ဒီဟာ တရားဥပဒေနဲ့ ငြိစွန်းတဲ့ အလုပ်တွေကို လုပ်ပြီး ချမ်းသာနေတာပဲ၊ မတရားရတဲ့ ငွေတစ်သိန်းနဲ့ ဇိမ်ခံနေမယ့်အစား သမ္မာအာဇီဝရတဲ့ ငွေတစ်ကျပ်ကို သမီးသုံးချင်တယ် ဒယ်ဒီ'

'ခင်စန္ဒီ'

ဦးစောဒီ အော်သည်။ မျက်ထောင့်ကြီး နီလာသည်။

'တော်တော့၊ ဘာမှဆက်မပြောနဲ့'

'ပြောရမယ် ဒယ်ဒီ ပြောရမယ်၊ အခု သမီးတို့ ဘယ်ကို ရောက်နေသလဲ၊ ကိုမျိုးခက်တို့ ဘယ်မှာလဲ၊ ဒါကိုသမီးသိချင်တယ်၊ သမီးတို့တစ်တွေကို မျက်နှာမှာ အဝတ်စည်းပြီး ဒီနေရာကို ဘာလို့ခေါ်လာရသလဲ'

'ပုလဲမုတ်ကောင်ကြီးတွေရဲ့ လျှို့ဝှက်ချက်ကို သိချင်လို့ မျိုးခက်တို့ ဆင်းငုပ်တုန်းက ဘာမှမဖြစ်ဘဲ ငါ့တပည့်တွေ ဆင်းငုပ်တော့မှ အားလုံးသေကုန်ကြတယ်၊ ကဲ....ပြောမယ် ခင်စန္ဒီ၊ နင် အဲဒါကို သိတယ်မဟုတ်လား'

ဦးစောဒီ အသံက မာလာသည်။

'သိတယ်'

'သိရင်ပြောစမ်း'

'မပြောဘူး၊ ကိုမျိုးခက်တို့ကို လွှတ်မပေးမချင်း မပြောဘူး'

'ဟင်.... နင် ဒီဝဲစားကို ဒါလောက် ကြိုက်နေသလား ကဲဟာ'

'ဖြန်း'

ခင်စန္ဒီကို လက်ပြန်လွှဲရိုက်လိုက်သည်။

နားရင်းကို ထိသွားသဖြင့် ပုံလျက်သားကလေး ခွေက သွားရှာသည်။

'ဟေ့....စိုးနက်'

ဦးစောဒီက အသံနက်ကြီးဖြင့် အော်လိုက်သည်။

စိုးနက် ရောက်လာသည်။

'သမီးကိုခေါ်သွား၊ အခန်းထဲမှာပိတ်ပြီး အပြင်ကသော့ ခတ်ထား၊ အထဲမှာ အပ်တိုတစ်ချောင်းမှ မရှိစေနဲ့'

'ဟုတ်ကဲ့'

စိုးနက်သည် မေ့မြောသွားသော ခင်စန္ဒီအား ကျေကျေ နပ်နပ်ကြီး ပွေ့ထုတ်သွားသည်။





ဦးစောဒီ တံခါးပိတ်လိုက်သည်။

'ရှင်....ရှင်....ကျွန်မအနားကို မကပ်နဲ့နော်'

'ဩော်.... မင်းကလေးက ကြောင်ရိုင်းမကလေးကိုး၊ အေး....အေး....မကပ်သေးပါဘူးကွာ၊ ဟိုမှာကြည့်စမ်း၊ မင်းကလေးရဲ့ အခန်းဘေးက တင်မျိုးဆွေ ဘယ်လောက် ယဉ်သလဲလို့'

ဦးစောဒီသည် ကြမ်းပြင်တစ်နေရာကိုနင်းလိုက်သည်။

ချစ်ချစ်၏ အခန်းဘေးမှ လျှောတံခါးတစ်ချပ် ပွင့်သွားသည်။

'ဟင်....အန်တီတင်မျိုးဆွေ'

ချစ်ချစ်က အားရပါးရခေါ်ရင်း အန်တီတင်မျိုးဆွေ၏ အခန်းထဲသို့ ပြေးဝင်လိုက်သည်။

'ဒုန်း'

မမြင်ရသော အရာတစ်ခုနှင့် တိုက်မိပြီး ချစ်ချစ် လဲသွားသည်။

'မင်း သွားလို့မရဘူး မိန်းကလေးရဲ့၊ မှန်ကာထားတယ်လေ၊ အဲဒီမှန်က ဒီဘက်ကကြည့်ရင်သာ မြင်ရတာ၊ ဟိုဘက်က ကြည့်ရင် ဘာမှမမြင်ရဘူးချာတိတ်မရဲ့၊ ဟဲ....ဟဲ၊ ကဲ.... အန်ကယ် ဟိုဘက်အခန်းကို သွားလိုက်ဦးမယ်၊ ပုလဲရှိတဲ့နေရာတွေကို တင်မျိုးဆွေကို စစ်ကြည့်လိုက်ဦးမယ်'

ဦးစောဒီ ထွက်သွားသည်။

အခန်းတံခါးကို အပြင်မှ သော့ခတ်သွားသည်။

ပထမတော့ ချစ်ချစ် ငူငူကြီး ရပ်နေမိသည်။

ဆလုံကြီး၏လက်မှ ကျားသစ်မြီးက ရွှမ်းခနဲ ထွက်သွား
သည်။

ကျားသစ်မြီးရှည်ကြီးသည် ကျားလူ၏ ခြေထောက်ကို
ပတ်မိသွားသည်နှင့် ဆောင့်ဆွဲလိုက်သည်။

'အား'

'ဟော့ကောင်....မလှုပ်နဲ့'

လဲအကျတွင် ကပ္ပတိန်ဘခက်က ကျောက်ဖျာပေါ်သို့
လွှားခနဲ ခုန်တက်၍ ဘရောင်နီပစ္စတိုနှင့် ကျားငနဲ၏ လည်
ပင်းကို တေ့ထားလိုက်သည်။

'မင်း....မင်းတို့ ဘယ်သူတွေလဲ'

'လူတွေ၊ လူစိတ်ရှိတဲ့ လူတွေ၊ ကဲ....ပြောစမ်း၊ ဦးစော
တို့ ဘယ်မလဲ'

ဟိုအကောင် အသံမထွက်။

'ခွပ်'

ပစ္စတိုပြောင်းဝဖြင့် ပါးစပ်ကို ဖြတ်ရိုက်ထည့်လိုက်သည်။
သွားသုံးချောင်း လွင့်စဉ်သွားသည်။

'အား....'

'မင်းအသားတွေ ဒီ့ထက်မနာစေချင်ရင် ငါမေးတာ
ပြော'

မပြော။

'အု'

ဗိုက်ကို ပစ္စတိုဒင်နှင့် ဆက်၍ ထုချလိုက်သည်။
ပါးစပ်ထဲက စကားတွေ ထွက်လာသည်။





'ပြော....ပြောပါ့မယ် ဆရာ၊ သူတို့ ရေအောက်မှာ ရှိပါ
တယ်'

'ရေအောက်မှာ ဘာလုပ်နေကြသလဲ၊ ပြေးတမ်း လိုက်
တမ်း ကစားနေကြသလား၊ တိတိကျကျ ပြောစမ်း'

'ဖြန်း'

ပါးကို ဘယ်လက်ပြန်တစ်ချက် ဆက်ပေးလိုက်ပြန်သည်။

'ရေ....ရေ'

'ရေသောက်ချင်လို့လား'

'မ....မဟုတ်ဘူး၊ ရေအောက်မှာ ကျောက်ဂူကြီး ရှိတယ်၊
အဲဒီအထဲမှာ ဆရာကြီးဦးစောဒီတို့ ရှိပါတယ်'

'ချစ်ချစ်နဲ့ တင်မျိုးဆွေကော ရှိသလား'

'မသိဘူး၊ ခပ်တောင့်တောင့် ကောင်မသုံးယောက် ပါ
တယ်'

'မင်းက ဘာကောင်လဲ၊ ဘာလုပ်ရသလဲ'

'ဆပ်ဗ်မရင်း မောင်းရပါတယ်၊ စကားဝှက်ကို ကြားရင်
ဝက ရေပေါ်ကို လာခေါ်ရပါတယ်'

'စကားဝှက်ကို အောက်ကနေ ဘယ်လိုကြားသလဲ'

ဟိုအကောင် သိပ်ဖျားနေပြီ။

ကလိုရိုဖိနိုကော အလုံး တစ်ရာလောက် တိုက်တောင်
ဖျာက်တော့မည် မဟုတ်။

ကပ္ပတိန်ဘခက်၏ လက်သံက သည်အထိပြောင်သည်။

'ပြောစမ်းကွာ၊ ငါထပ်သယ်လိုက်ရမလား'

နောက်တော့ မြင်နေရသော မှန်ကြီးကို လက်နှင့် ထုခွဲသည်။

တွေ့ကရာပစ္စည်းတွေနှင့် ထုရိုက်၍ခွဲသည်။ မကွဲ။

အန်တီတင်မျိုးဆွေ၏ အခန်းထဲသို့ ဦးစောဒီ ဝင်သွားသည်။

တင်မျိုးဆွေသည် အသည်းပုံမှန်ရာကြီးပေါ်တွင်မှောက်၍ ငိုရာမှ သူမ၏တင်ပါးဘက်မှ အသံကြားရသဖြင့် မျက်နှာရှေ့ရှိ မှန်ထဲသို့ ကြည့်မိသည်။

လူ့ဘီလူးကြီးလို ဝဖိုးသော ဦးစောဒီသည် မှန်လုံခန်းထဲသို့ တစ်လှမ်းချင်း ဝင်လာသည်။

ဦးစောဒီ တစ်ယောက်တည်းမဟုတ်။

ဦးစောဒီပေါင်း အထောင်အသောင်းသည် မှန်များထဲမှ ဖောက်ထွက်၍ သူမထံသို့ လာနေပါသည်။

ဘယ်ဟာသည် ဦးစောဒီအစစ် ဖြစ်သည်ကို တင်မျိုးဆွေ မခွဲခြားနိုင်။

'ဟင်....ဦးစောဒီ'

'ဟုတ်ပါတယ်၊ ကျုပ် ဦးစောဒီအစစ်ပါပဲ ဒေါ်တင်မျိုးဆွေ၊ အမိ ဘယ်လိုပဲပြေးပြေး ကမ္ဘာကလေးဟာ အကျဉ်းကလေးပါ၊ ကျုပ်လက်က လွတ်အောင်ပြေးနိုင်တဲ့ သတ္တဝါရယ်လို့ မရှိသေးပါဘူး ဒေါ်တင်မျိုးဆွေ'

တင်မျိုးဆွေသည် ကျားရိုင်းမကလေးလို ဆတ်ခနဲထလိုက်သည်။ သူမမျက်နှာက ခက်ထန်၍ မာကျောနေသည်။





အံကို တင်းတင်းကြိတ်၍ လာလတ္တံ့သော အန္တရာယ်ကို အသက်အသေခံ၍ ရင်ဆိုင်တော့မည့် အသွင်သဏ္ဍာန်မျိုးဖြင့် ဦးစောဒီကို ကြည့်လိုက်သည်။

ဦးစောဒီ နည်းနည်းတော့ ဖျားသွားသည်။

'ရှင်....ရှင် ကျွန်မအနားကို မကပ်နဲ့နော်'

'ဩော်.... ဒေါ်တင်မျိုးဆွေကလဲ အလကား ဒေါသတွေထွက်နေတာကိုး၊ ကျုပ်နဲ့ အေးအေးဆေးဆေး ဆွေးနွေးကြရအောင်၊ ဒေါသတွေကို ခဏလေးမေ့ထားစမ်းပါဗျာ'

ချိုသာသိမ်မွေ့သော စကားဖြင့် ဦးစောဒီက ဆိုသည်။ နူတ်ချို သျှိုတစ်ပါး ဟူသောစကားပုံကို ဦးစောဒီ လက်ကိုင်ထားသည်။

တင်မျိုးဆွေသည် အသည်းပုံမှန်ရာကြီး၏အခြားဘက်သို့ နေရာရွှေ့လိုက်သည်။

'အခု ကျွန်မသား ဘယ်မှာလဲ၊ မောင်မျိုးခက်နဲ့ ချစ်ချစ်တို့ ဘယ်မှာလဲ'

'သူတို့ကို ကျုပ် ကောင်းကောင်းမွန်မွန် ထားပါတယ်၊ ကျုပ်တို့ဟာ အင်မတန်ကောင်းမွန်တဲ့ အလုပ်တစ်ခုကို လုပ်နေကြတာပါ ဒေါ်တင်မျိုးဆွေ၊ အဲ....ဒေါ်တင်မျိုးဆွေသာ ကျုပ်ကို အကူအညီပေးမယ်ဆိုရင်တော့ ဒီထက်ကောင်းတဲ့ အခြေအနေမျိုး အို....ရှင်းရှင်းပြောရရင် ကျွန်တော်တို့ဟာ မြန်မာပြည်မှာ ငွေကို ရေလိုသုံးနိုင်တဲ့ အခြေအနေမျိုးကို ရောက်သွားမှာ သေချာပါတယ်'

'ငွေ....ငွေ....ငွေကို ကျွန်မက ဘာလုပ်ရမှာလဲ'

'ဗျာ....အံ့ဩစရာကြီးပါလား၊ ငွေဟာ အရာရာကို လုပ်လို့ ရတယ်၊ သုံးချင်ရာသုံးလို့ရတယ်၊ သာယာပျော်ရွှင်မှုတွေကို ငွေနဲ့ ဝယ်လို့ရတယ်၊ ဇိမ်ခံမှုတွေအမျိုးမျိုးကို ငွေနဲ့ဖလှယ် လို့ရတယ်၊ ကဲ....ဒေါ်တင်မျိုးဆွေလက်ထဲမှာ ငွေတွေ ကုဋေ ကုဋာနဲ့ချီပြီး ရှိနေပြီ၊ ဒေါ်တင်မျိုးဆွေ ဘာလုပ်ချင်သလဲ၊ ကြိုက်တာလုပ်နိုင်တယ်၊ ကမ္ဘာပတ်မလား၊ ယူရုပ်ကို လှည့် မလား၊ ဟိုကျိုကိုသွားမလား၊ ရသေးတယ်'

'ဒီမယ် ဦးစောဒီ'

'ဆိုပါ ဒေါ်တင်မျိုးဆွေ'

'အဲဒီငွေတွေဟာ ဘယ်ကရတာလဲဆိုတာ ကျွန်မ ရှင့်ကို မမေးဘဲနဲ့ သိနှင့်နေပြီ၊ အဲဒီငွေတွေဟာ ရှင့်ရဲ့လုပ်အားနဲ့ သမ္မာအာဇီဝ လုပ်ကိုင်လို့ရတဲ့ငွေတွေလား'

'ဟား....ဟား....ဟား၊ ကျုပ်ရဲ့ လုပ်အားနဲ့ရတဲ့ငွေတွေ ပေါ့ဗျ၊ ကျုပ်ရဲ့အကြံအစည်၊ ကျုပ်ရဲ့အစီအမံနဲ့ရတဲ့ ငွေတွေ လေ၊ ဒါတွေဟာ ဒေါ်တင်မျိုးဆွေနဲ့ မောင်မျိုးခက်တို့ အတွက် ဖြစ်မှာ သေချာပါတယ်'

'ရှင်'

'ကျုပ်နဲ့ ပူးပေါင်းပါ၊ ကျုပ်ကို လက်ထပ်ပါ ဒေါ်တင် မျိုးဆွေ၊ အဲသလိုဆိုရင် မောင်မျိုးခက်နဲ့ ခင်စန္ဒီကို ကျုပ်က လက်ဆက်ပေးပါ့မယ်'

'ဘာ....'

'သူတို့နှစ်ယောက်ဟာ လူငယ်ချင်း မေတ္တာရှိနေကြပါ တယ်'





တင်မျိုးဆွေ မယုံ။

သားကလေး၏ချစ်သူက ချစ်ချစ်။

မည်သို့ပင်ဖြစ်စေ ချစ်ချစ်နှင့်သားကလေး လွတ်မြောက် ရေးအတွက် သူမ ဘာမှမလုပ်နိုင်ပြီ။

ဦးစောဒီသာ လုပ်နိုင်သည်။

တင်မျိုးဆွေ၏ခေါင်းထဲတွင် အတွေးနှင့် ချာချာလည်နေ သည်။

ဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ။

ဝေခွဲစဉ်းစား၍မရတော့။

'တော်လောက်ပြီ ဦးစောဒီ၊ ဒီစကားတွေကို ဆက်မပြော နဲ့၊ ကျွန်မဖြစ်စေချင်တာကို ရှင်လိုက်လျောမယ်ဆိုရင် ရှင့် ဆန္ဒအားလုံးကို ကျွန်မ....ကျွန်မ....'

သူမအသံက ဆို့နင့်တိမ်ဝင်သွားသည်။

ရေတိမ်မကလို့ ရေနက်ပဲနက်နက်။

ချစ်ချစ်နှင့် မောင်မျိုးခက်တို့ လွတ်မြောက်လျှင် သူမဘဝ ကို အနစ်နာခံတော့မည်ဟု တင်မျိုးဆွေ ဆုံးဖြတ်လိုက်ပါ သည်။

'ဖြစ်ရမှာပေါ့ ဒေါ်တင်မျိုးဆွေ၊ ကဲ....ပြောစမ်း၊ ဒေါ်တင် မျိုးဆွေ ဘာကိုဖြစ်ချင်သလဲ'

'သားကလေးနဲ့ ချစ်ချစ်ကို ကျွန်မနဲ့ တွေ့ပေးပါ'

သည်ဆန္ဒသာလျှင် တင်မျိုးဆွေ၏ရင်တွင် စိုးမိုးနေသည်။

သားကလေးနှင့်တွေ့လျှင် သူ့ဘဝအား အတိအကျပြော မည်။ သူ့အဖေကို သိစေမည်။

သူတို့နှစ်ယောက်အား သည်လူ့ဘီလူးကြီး၏ လက်ထဲ[...]
လွတ်မြောက်စေချင်သည်။

'ကောင်းပြီလေ၊ ဒေါ်တင်မျိုးဆွေရဲ့ဆန္ဒအတိုင်း ဖြစ်[...]
ရမှာပေါ့'

'ပြီးတော့ သူတို့တစ်တွေကို လွှတ်ပေးပါ'

'အသေအချာကို လွှတ်ပေးမှာပါ၊ ဘာမှမပူပါနဲ့၊ ကဲ...
ကျေနပ်ပြီလား ဒေါ်တင်မျိုးဆွေ'

အခြေအနေက သည်လိုမဆုံးဖြတ်လို့ မဖြစ်တော့။

သူမဘဝကို အနစ်နာခံ၍ သည်လူ့ဘီလူးကြီးကို အနိုင်ယ[...]
ရတော့မည်။ မာယာလက်နက်ကို အသုံးချရတော့မည်။

သည်အတွက် အနစ်နာခံရမည်။

အို....ကိုဘခက်ရယ်။

ရှင့်သားကလေးနဲ့ သမီးလေးအတွက် ရှင်မြတ်နိုးလှတဲ့[...]
မဆွေရဲ့ကိုယ်ခန္ဓာကို ယဇ်ပလ္လင်မှာ ပူဇော်ပသရတော့မယ်[...]
အနစ်နာခံရတော့မယ်။

ဒါပေမယ့် မဆွေနှလုံးသားနဲ့ မဆွေရဲ့အချစ်ကိုတော့ ရှင်[...]
ကလွဲယို့ ဘယ်သူမှ မရနိုင်တော့ပါဘူး။

'ဒေါ်တင်မျိုးဆွေ'

ဦးစောဒီက ခေါ်သည်။ မထူး။ မလှုပ်။

ကျောက်ရုပ်ကြီးလို ငြိမ်သက်စွာ ရပ်နေမိလိုက်သည်[...]

'မဆွေ'

အေးစက်သော လက်နှစ်ဖက်က သူမပခုံးကို ကိုင်လာ[...]
သည်။ မဆွေ အံကြိတ်၍ ပြုံးလိုက်ရသည်။





အရာရာသည် မေတ္တာအတွက် စွန့်လွှတ်နိုင်ရမည်သာ ဖြစ်
[...]သည်။

'ဦး....စော....ဒီ'

'မဆွေဟာ သိပ်.... သိပ်လှတာပဲဗျာ'

တင်မျိုးဆွေသည် မျက်စိကို စုံပိတ်လိုက်သည်။

ဦးစောဒီသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

သူနှင့်တင်မျိုးဆွေပေါင်းများစွာကို အနေအထားအမျိုး
[...]မျိုးမှ မြင်ရသည်။

တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့်။ စက္ကန့်လေးတွေ များ
[...]လာသည်။ အခန်းထဲရှိ မီးနီကလေး ဖျတ်ခနဲ ပွင့်လာသည်။

'တီ....တီ....တီ'

တတီတီမြည်သံက ဦးစောဒီကို တစ်ကိုယ်လုံး တုန်လှုပ်
[...]ချောက်ချားသွားစေသည်။သူသည် အသည်းပုံ ဆိုဖာ မွေ့
[...]ယာကြီးပေါ်မှ ဆတ်ခနဲခုန်ထလိုက်သည်။

'ဘာ....ဘာဖြစ်လို့လဲ ဦးစောဒီ'

ဦးစောဒီသည် မျောက် မီးခဲ နင်းမိသလို အခန်းထဲမှ
[...]ပြေးထွက်သွား၏။

တင်မျိုးဆွေသည် ထဘီကို ကမန်းကတန်း ပြင်ဝတ်ရင်း
[...]ဦးစောဒီ ပြေးထွက်သွားသော မှန်တံခါးကြီးကို တွန်းဖွင့်
[...]သည်။ မပွင့်၊ မပွင့်သေး။ အပြင်မှ ပိတ်ထားသည်။

[...]တော်ပေသေးသည်။

ရေတိမ်နစ်ခါနီးတွင် ကောက်ရိုးတစ်မျှင် မျောလာသည်။

*

## အခန်း (၁၃)

မျောလာသော သခွားသီးပုံသဏ္ဍာန် ရှည်ရှည်မျောမျော ကြီးသည် ဆလုံကြီးရပ်နေသော ကျောက်ဖျာဘေးတွင် ရပ် သွားသည်။

ရေပြင်ပေါ်သို့ တစ်ကိုယ်လုံး ပေါ်လာသည်။

Diversub.

ရေငုပ်သမားများ အသုံးပြုသော ရေတိမ်ငုပ် ရေငုပ် သင်္ဘောအသေးစားကလေးဖြစ်မှန်း ကဗ္ဗဘိန်ဘခက် သိလိုက် ပါပြီ။

လူသုံးယောက် စီးနိုင်သည်။

သည် ရေငုပ်သင်္ဘော အသေးစားကလေးမျိုးကို ပင်လယ် အောက် ရေတိမ်တွင် သုတေသန လုပ်ရန်အတွက်ဖြင့် လည်း ကောင်း၊ ရေအောက်တွင် အပျော်စီးရန် အတွက် လည်း ကောင်း ထုတ်လုပ်ခဲ့သည်။

သူတို့နိုင်ငံတွင်တော့ တွင်တွင်ကျယ်ကျယ် အနှံ့အပြား အသုံးချနေကြပြီ။





ဦးစောဒီသည် ဤရေငုပ်သင်္ဘောကလေးကိုပင် ပိုင်ဆိုင် သုံးချနေသည်။

သူ ဘာတွေလုပ်နေသလဲ။

'အဲဒါ ဒိုက်ဘာဆပ်ဗ်လို့ ခေါ်တယ်'

'ဟုတ်တယ် အန်ကယ်၊ ကျွန်တော် အဲဒါမျိုးကို Sea Magazine စာအုပ်ထဲမှာ တွေ့ဖူးတယ်'

'လာ.... တို့ ဆလုံကြီးနောက်က ချုံပုတ်ထဲကိုသွားမယ်၊ ါမလုပ်မချင်း မင်း ဘာမှမလုပ်နဲ့'

'ဟုတ်ကဲ့ အန်ကယ်'

သူတို့နှစ်ယောက် ညင်သာစွာ ရွေ့လျားလိုက်ကြသည်။ ဆလုံကြီးသည် သူ့ရှေ့တွင် ထိုးကပ်လာသော မည်းမည်း သဏ္ဍာန်ကြီးကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရင်း အံ့အား သင့်သွားသည်။

ကြောင်သွားသည်။ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။

'ကျွီ....ကျွီ....ကျွီ....ကျွီ'

စေ့နေသော အပေါ်လွှာက တံခါးတစ်ချပ်လို တဖြည်း ဖြည်း ပွင့်သွားသည်။ ကျားသစ်ရေ ဝတ်ထားသော လူ ယောက် ထွက်လာသည်။

'ဟေ့ကောင်.... ဘာလို့ မီးနဲ့ ထိုးနေတာလဲ၊ ပိတ်ထား၊ နှံးပေါ်ကို ဘယ်သူလာသလဲ'

အထဲမှ ကျားသူသည် ကျောက်ဖျာကြီးပေါ်သို့ ခုန်တက် ရင်း ပြောသည်။

'ရှမ်း'

'အား....မလုပ်ပါနဲ့ ဆရာ၊ ရေကန်ဘေးက သစ်ပင်ပေါ
မှာ မိုက်ကရိုဖုန်းခွက် ဆင်ထားပါတယ် ဆရာ'

'ဒါဖြင့် အခု တို့ပြောတာတွေ အောက်က ကြားနို
သလား'

'မ....မသိဘူး'

'ဖြန်း'

ကျားငနဲ၏ မျက်လုံးထဲကို ကြယ်တွေ လတွေ ထပ်ထ
ပေးလိုက်ပြန်သည်။

'ကျွန်....ကျွန်တော် တကယ်မသိလို့ မသိဘူး ပြောတာပ
ဆရာ'

သေချာပြီ။

သည်အကောင် အမှန်ပြောခြင်းသာ ဖြစ်ရမည်။

'တဲ....ကိုယ်တော်မြတ်....ထားငါတို့ကို ရေအောက်လိုက်
ကို မင်း ဆပ်ဗ်မရင်းနဲ့ လိုက်မောင်းပို့စမ်း၊ ယိုးတီးယားဘ
လုပ်ရင် မင်းစလုတ်ကို ကျည်ဆန်ကလေးက ဖောက်ထု
သွားလိမ့်မယ်၊ ကြားလား'

'အား....ကြား....ကြားပါတယ် ဆရာ'

ကပ္ပတိန် ဘခက်သည် ကျားလူ၏လည်စလုတ်ကို သေန
ပြောင်းနှင့် ဆောင့်ထိုးပြီး ထစေသည်။

ရေငုပ် သဘော်ာ အငယ်စား Diver Sub–Marin
ကလေးမှာ နှစ်ယောက်တစ်တွဲ ထိုင်ခုံနှစ်ခုံ ပါသည်။တစ်ကြ
လျှင် ရေယာဉ်မောင်းသူ အပါအဝင် လူလေးယောက်စီး
သည်။





သူတို့တစ်တွေသည် ဆပ်ဗ်မရင်း ပေါက်စကလေးထဲသို့
ရောက်သွားသည်။

'ကျွိ....ကျွိ....ကျွိ....ကျွိ'

တံခါး ပိတ်လိုက်သည်နှင့် အသက်ရှူရတာ ခက်လာ
သည်။

ကျားလူသည် အောက်စီဂျင် ရယ်ဂူလေတာကို ဖွင့်လိုက်
သဖြင့် အသက်ရှူ၍ ကောင်းလာသည်။ မဖွင့်လျှင် အားလုံး
မသာဖြစ်ကုန်မည်ကို ကျားလူ သိဟန်တူသည်။

ကျားလူသည် ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

ရေယာဉ်ထဲတွင် ညင်သာစွာ လှုပ်ခါလာသည်။ ဝမ်းဗိုက်
ရေလှောင်ကန်ထဲသို့ ရေများသွင်းလိုက်သဖြင့် ရေငုပ်သဘော်ာ
ကလေးမှာ ရေအောက်သို့ မြုပ်သွားသည်ကို မှန်ပေါက်မှ
တစ်ဆင့် မြင်ရသည်။

'ဘာပါဝါနဲ့ မောင်းသလဲ'

'ဘက်ထရီ'

'ဘယ်လောက် ဗို့ လဲ'

'တွမ်တီဖိုးဗို့ နှစ်လုံး'

'Parallel လား၊ Series လား'

'Parallel ပါ ဆရာ'

'အေးကွာ....လိုက်ဂူဝကို ရောက်အောင် မြန်မြန် မောင်း
စမ်း၊ မင်းအတွက် သဘော်ာခပေးမှာပါ'

'ဗျာ....'

'သဘော်ာခလေ'

ကပ္ပတိန်ဘခက်အသံက အေးအေးဆေးဆေး။

အင်မတန် သွေးအေးအေးနှင့် ပိပိရိရိ သေသေသပ်သပ်ကလေး လုပ်ကိုင်ပြောဆိုနေသည့် ကပ္ပတိန်ဘခက်ကို မျိုးခက်အံ့သြ ချီးကျူးမိသည်။

သူ့အသွင်သဏ္ဍာန်က ပကတိတည်ငြိမ် ရွှင်လန်းနေသည်။

ရန်သူ့ထံ သွားနေသည်နှင့် မတူ၊ ပျော်ပွဲစား ထွက်လာသည်နှင့်ပင် တူနေသည်။

ယုံကြည်မှု၊ လေးစားချစ်ခင်မှု၊ အားကိုးမှုတွေက မျိုးခက်ရင်မှာ ဖြစ်ပေါ်လာပါသည်။

သည်လူကြီးသည် လေးစား ရိုသေထိုက်သည်။

သတ္တိကောင်းသည်။

နှုးညံ့ ပျော့ပျောင်းသလို ကြမ်းတမ်း ရက်စက်သည်။

ရေငုပ်သင်္ဘောကလေးသည် ရှေ့မီးနှစ်လုံးကိုဖွင့်၍ ရေအောက်သို့ ဆင်းလာသည်။

'ဘယ်မှာလဲ၊ မင်းပြောတဲ့ ငါးမန်းလဲ မတွေ့ပါလား'

'တစ်နေရာရာ ရောက်နေလို့ ဖြစ်ပါလိမ့်မယ် အန်ကယ်'

'ဟ....ငါးမန်းဆိုတာ ဘယ်နေရာ ရောက်နေနေ လှုပ်လှုပ်ရှားရှား အသံကိုကြားရင် လိုက်တာပဲ၊ ပြီးတော့ ငါးမန်းဟာ သေတဲ့အထိ အိပ်တဲ့ကောင်မျိုး မဟုတ်ဘူးကွ'

ဆလုံကြီး ဦးပိန်က ပြောသည်။ ဟုတ်သည်။

ငါးမန်းသည် အခြားငါးတွေလို လေစီဖောင်းအိတ် မပါသဖြင့် မွေးလာသည်ကစ၍ သေသည်အထိ ခန္ဓာကိုယ်ကို မရပ်မနား လှုပ်ရှားနေရသည်။





ဆပ်ဗ်မရင်း ကလေးသည် ကျောက်လိုဏ်ခေါင်းကြီးတစ်ခုကို ဖြတ်ခဲ့သည်။

ရေအောက်မီးများဖြင့် လင်းကြည်နေသော ရေအောက်လိုဏ်ဂူတစ်ခုထဲသို့ ရောက်သွားသည်။

'ရောက်ပြီလား'

'ရောက်ပြီ ဆရာ၊ အပေါ်မှာ လိုဏ်ဂူဝရှိတယ်'

'ဦးစောဒီမှာ လူအင်အား ဘယ်လောက်ရှိသလဲ'

'အားလုံးပေါင်း ဆယ့်ယောက်'

'လက်နက်'

'သေနတ်'

'ရေအောက်ပစ်တဲ့ သေနတ်ကော ရှိသလား'

'ရှိတယ်'

'အေး....အဏုမြူဗုံးရှိလဲ ငါမကြောက်ဘူး၊ လောကမှာ ငါကြောက်တာ တစ်ခုမှမရှိဘူး၊ တိုင်းပြည်ကို သစ္စာဖောက်နေတဲ့ မင်းတို့လို အဖျက်သမားတွေကို ရက်ရက်စက်စက် နှိမ်နင်းပစ်ရမယ်၊ ငါ့နာမည် ကပ္ပတိန် ဘခက်'

*

## အခန်း (၁၄)

‘အေး…အဏုမြူဗုံးရှိလဲ ငါမကြောက်ဘူး၊ လောကမှာ ငါကြောက်တာ တစ်ခုမှ မရှိဘူး၊ တိုင်းပြည်ကို သစ္စာဖောက် နေတဲ့ မင်းတို့လို အဖျက်သမားတွေကို ရက်ရက်စက်စက် နှိမ်နင်းပစ်ရမယ်၊ ငါ့နာမည် ကပ္ပတိန် ဘခက်’

‘ဩော်….ကပ္ပတိန်ဘခက်ကိုး၊ လာပါ….လာပါ၊ ကျုပ်က မောင်ရင် တိတ်တဆိတ် ပါလာမှန်း အခုမှသိတယ်၊ လှိုက်လှဲ စွာ ကြိုဆိုပါ၏ ကပ္ပတိန်ဘခက်’

ဦးစောဒီသည် သူ့ရှေ့ရှိ စပီကာမှ အသံထွက်လာသော ကပ္ပတိန်ဘခက်၏ စကားကို တုံ့ပြန်လိုက်ပြီး စိုးနက်ကို အမိန့် ပေးလိုက်သည်။

‘စိုးနက်၊ ဒိုက်ဗာဆပ်ဗ် ပေါ်လာတာနဲ့ တို့လူတွေအား လုံး လက်နက်တွေနဲ့ ဝိုင်းထား၊ ငါလာခဲ့မယ်’

‘ဟုတ်ကဲ့ ဆရာကြီး’

ဆရာကြီး ဦးစောဒီဘေးရှိ စက်ခလုတ်ခုံတွင် ထိုင်နေသော မုတ်ဆိတ်မွေး နီကြောင်ကြောင်နှင့် မျက်နှာဖြူ အဘိုးကြီး က ဦးစောဒီကို အင်္ဂလိပ်လို မေးသည်။





‘Which One is it ?’

‘Our enemys.’

‘Enemys ?’

‘Sure, but Don’t worry Professor. They die instantly’

ထိုမျက်နှာဖြူ အဘိုးကြီးမှာ အခကြေးငွေ မြောက်မြားစွာ ပေး၍ ငှားထားသော ဦးစောဒီ၏ ရေအောက်လိုဏ်ဂူကြီး ကို တည်ဆောက်ပေးခဲ့သည့် အီလက်ထရောနစ် ပညာရှင် ပရော်ဖက်ဆာ ဂျိုးဆက်ပက်ပ် ဖြစ်သည်။

သူသည် ဦးစောဒီ၏ ရေအောက်လိုဏ်ဂူကြီးကို Design ပုံစံဆွဲ၍ စိတ်တိုင်းကျ တည်ဆောက်ပေးခဲ့သော အင်ဂျင်နီယာ ကြီးလည်း ဖြစ်လေသည်။

ရေပေး မီးပေးစနစ်၊ လေသွင်း လေထုတ် စနစ်များကို ဤအခန်းထဲမှ ချုပ်ကိုင်ဆောင်ရွက်ပေးသည်။

သူသည် ငွေရလျှင် ဘာမဆို အကုန်လုပ်ပေးမည့် နိုင်ငံ ခြားသား တစ်ဦးသာ ဖြစ်သည်။

ဦးစောဒီသည် ရေငုပ်သင်္ဘောကလေးပေါ်တွင် တပ်ဆင် ထားသော ထရန်စမစ်တာမှ လွှင့်လိုက်သည့် ကပ္ပတိန်ဘခက် ၏ အသံကိုကြားလိုက်ရသည်နှင့် အစီအစဉ်များကို ချက်ချင်း ပြုလုပ်၍ **Control Room** ထဲမှ ထွက်ခဲ့သည်။

ထိုအချိန်တွင် ရေငုပ် သင်္ဘောငယ်ကလေးသည် ရေပြင် ပေါ်သို့ လုံးဝကြွတက်လာသည်။

ကပ္ပတိန်ဘခက်၊ မျိုးခက်နှင့် ဆလုံကြီးတို့သည် ဖဲထီး အနက်ကြီးကို ဖွင့်ထားသလို အုပ်မိုးနေသော ဂူနံရံကြီးကို အံ့သြစွာကြည့်နေစဉ် မီးတွေ တဖြည်းဖြည်း လင်းလာသည်။

ထိုမီးရောင်များထဲတွင် ကျားလူများ ရပ်နေ၏။

သူတို့၏လက်ထဲတွင် လက်နက်မျိုးစုံကို ကိုင်ဆောင်ထား လေသည်။

'အခြေအနေကိုကြည့်ပြီး လုပ်သွားမယ်၊ သတိထား'

ကပ္ပတိန်ဘခက်သည် ပစ္စတိုကို လယ်သာဂျာကင်အောက်ရှိ ခါးပတ်ကြားထဲသို့ ထိုးဝှက်လိုက်ပြီး မျိုးခက်နှင့် ဆလုံကြီးကို ခပ်တိုးတိုး သတိပေးလိုက်သည်။

ရန်သူများ ဝိုင်းကြီးပတ်ချာ လည်နေသည်။

ထောင့်မျိုးစုံမှ သေနတ်မျိုးစုံနှင့် ချိန်ထားသည်။

'ဟား....ဟား....ဟား....ဟား၊ ကြွပါ ကပ္ပတိန် ဘခက်၊ ခြော....ပမန်းလေးတို့လဲ လွတ်လာသကိုး၊ အင်း....မင်းကို ငါထည့်မတွက်ခဲ့တာ ငါ့ပေါ့ဆမှုပေါ့လေ၊ အေး....ဒီအထိ ပါအောင် လိုက်လာနိုင်တဲ့ မင်းကို ချီးကျူးပါတယ်၊ ကပ္ပတိန် ဘခက်၊ ကဲ.... ကမ်းပေါ်ကိုတက်ခဲ့ကြပါ၊ ဟား....ဟား.... ဟား....ဟား'

အသံနှင့်အတူ လူပါပေါ်လာသည်။ ဦးစောဒီ။

ဟုတ်သည်၊ အိမ်ကြီးမဟာမှ ဦးစောဒီသည် လက်ပိုက်၍ ရယ်နေသည်ကို မျိုးခက် တွေ့မြင်လိုက်ရသည်။

ကပ္ပတိန်ဘခက်သည် သူတို့ကိုဝိုင်းထားသော ရန်သူများ အား လှည့်ပတ်၍ အကဲခတ်လိုက်သည်။





ရန်သူ့အင်အားက များသည်။သည်လူစုထဲတွင် ဦးစောဒီ သည် ပင်စည်ကြီးနှင့် တူသည်။

ပင်စည်ကြီးကို ဖြိုလှဲနိုင်ပါမှ အကိုင်းအခက်များနှင့် တူသော သူ၏ လက်နက်ကိုင်တပည့်များကို လှဲနိုင်မည်။

သည်နည်းဗျူဟာကို သုံးရမည်။

ဦးစောဒီ အနားကို အလိမ္မာနှင့် ချဉ်းကပ်ရမည်ဟု ကပ္ပတိန်ဘခက် ဆုံးဖြတ်ချက်ချလိုက်သည်။

'ကောင်းပါပြီ၊အခုတော့ ခင်ဗျားလက်ခုပ်ထဲကရေပေါ့၊ တစ်ခုတော့ သတိထားဗျာ၊ ရာဇဝတ်ဘေး ပြေးမလွတ်ဘူးဗျို့'

'အေး၊မင်းတို့သာငါ့လက်ကပြေးမလွတ်မှာ၊တက်ခဲ့စမ်း'

ကပ္ပတိန် ဘခက်သည် ဒိုက်ဗာဆပ်ဝ်ပေါ်မှ ကမ်းပေါ်သို့ ခုန်တက်လိုက်သည်။

မျိုးခက်နှင့် ဆလုံကြီးက သူ့နောက်က။

'သူ့ခါးကြားမှာ သေနတ်ပါတယ် ဆရာကြီး'

ရေငုပ်သဘော်မောင်းသည့် ကျားလူကအော်လိုက်သည်။

အဲသည်တော့မှ သည်ငနဲ၏ ခေါင်းကို ရိုက်၍ သဘော်ခ ပေးရန်ကိစ္စကို မလုပ်ဖြစ်ခဲ့မိကြောင်း သတိရမိသည်။

ဦးစောဒီ ရယ်နေသည်။

'သေနတ်....သေနတ်က ဘာလုပ်ဖို့လဲ၊ ပစ်ရဲရင် ပစ်ပေါ့၊ ဟေ့....ဘခက်က သေနတ်နဲ့ပစ်မလို့တဲ့၊ ကဲ....ထုတ်ခဲ့စမ်းကွာ'

'ဟာ....'

တင်မျိုးဆွေနှင့် ချစ်ချစ်သည် လက်ပြန်ကြိုးတုပ်လျက်နှင့် ဦးစောဒီ၏ဘေးသို့ ရောက်လာသည်။

ချစ်ချစ် ပါးစပ်မှ အသံထွက်လာသည်။

'ဖေဖေ....ကိုမျိုးခက်'

ကပ္ပတိန်ဘခက်သည် သူ့ ခါးကြားမှ ဘရောင်နီ ပစ္စတိုကို အေးအေးဆေးဆေးနုတ်၍ အောက်သို့ပစ်ချလိုက်ရပါတော့သည်။

တင်မျိုးဆွေနှင့် ချစ်ချစ်သည် ကပ္ပတိန်ဘခက်နှင့် မျိုးခက်ကို တွေ့မြင်လိုက်ရသဖြင့် အားတက်မိသော်လည်း တက်လာသော အားမှာ ပြည့်ပြည့်ဝဝမရှိလှ။

'ဟေ့....သူတို့သုံးယောက်ကို ကြိုးနဲ့တုပ်ကြစမ်း၊မလှုပ်နိုင်အောင် တုပ်'

တုပ်ကြသည်။ ခြေရော လက်ပါ မလှုပ်နိုင်။

'ကိုင်း....သက်သက်ညာညာကလေး ဆွဲခေါ်ခဲ့ကြပါကွာ'

သူတို့ သုံးယောက်ကို ခွေးသေကောင် လင်းတဆွဲသလို ဆွဲခေါ်သွားကြသည်။

ကျောက်ဆောင် ကျောက်စွယ်တွေနှင့် ပွတ်တိုက်မိသဖြင့် အဝတ်အစားတွေ၊ အသားတွေ စုတ်ပြတ်ထွက်ကုန်သည်။

လောကဆိုသည်မှာ ငါးပျံဘစ်လှည့် ဗုံလုံတစ်လှည့်။

ကိုယ့်အလှည့်ရောက်မှတော့ အံကြိတ်၍ခံရုံပင်။

ဦးစောဒီသည် သူတို့သုံးယောက်အား တစ်ခန်းထဲတွင် စုထည့်၍ သံတံခါးကြီးကို သော့ခတ်လိုက်သည်။

အခန်းထဲတွင် လျှို့ဝှက် မိုက်ကရိုဖုန်းခွက်များ ဆင်ထားသည်။ သူတို့စကားတွေကို ကြားနိုင်သည်။

*



အခန်း (၁၅)

---

သုံးယောက်သား အခန်းထဲတွင် ခွေခွေကလေး လဲနေသည်။

ချည်ထားသော ကြိုးတွေက အင်မတန် သေသပ်သည်။

လက်နှစ်ဖက်ကို နောက်ကျောတွင် ပူး၍ချည်ထားသည်။

ခြေထောက်နှစ်ဖက်ကိုလည်း ထိုနည်းအတူပင် ချည်ထားသည်။

ဦးစောဒီသည် သံတိုင်ကာထားသော တစ်ပေပတ်လည်ရှိ ပြတင်းပေါက်ကလေးမှတစ်ဆင့် သူတို့ကို စကားပြောသည်။

'ဒီတံခါးဟာ ဆင်နဲ့ဆွဲဖွင့်ပေမဲ့ ပွင့်ဖို့မလွယ်ဘူး၊ထွက်ပြေးဖို့တော့ လုံးဝစိတ်မကူးကြနဲ့၊ အဲ....မင်းတို့အားလုံး သေရမှာပဲ၊သက်သက်သာသာနဲ့သေချင်ရင် ပုလဲမုတ်ကောင်ကြီးတွေရဲ့ လျှို့ဝှက်ချက်ကိုပြောရမယ်၊ မင်းတို့ ပါးစပ်ကို ပိတ်ထားမယ် ဆိုရင်တော့ နာနာကျင်ကျင်ဝေဒနာ အချိန် ကြာကြာ ခံရပြီးမှ ငါးမန်းစာကျွေးပစ်မယ်၊ စောဒီကို လူလည်လုပ်ရင် ဘယ်လိုခံသွားရမယ်ဆိုတာ မင်းတို့ လက်တွေ့သိစေရမယ်၊ ဘယ့်နှယ်လဲ ငမန်းလေး'

ပြုံးပန်းတစ်ရာစာပေ

'သတ်ပစ်လိုက်၊ မပြောဘူး' ,

'ပြောလိုက်ပါ မောင်မျိုးခက်ရာ၊ ဒါတွေကိုလျှို့ဝှက်ထားလို့ မင်းမှာ ဘာမှအကျိုးမရှိနိုင်တော့ပါဘူး'

ကပ္ပတိန် ဘခက်က မျိုးခက်ကို ပြောသည်။

ဘယ်လို အဓိပ္ပာယ်နှင့် ပြောခိုင်းသည်ကိုတော့ မျိုးခက် မသိ။

'ကောင်းပြီလေ၊ ကျွန်တော်တို့ ကြိုးတွေကို ဖြေပေးပါ ဆရာကြီး၊ ပြီးတော့ ကျွန်တော်တို့ကို အစားအသောက် ကောင်းကောင်းကျွေးပါ'

'ဟား....ဟား....ဟား....မဖြေဘူး၊ မကျွေးဘူး၊ မင်းတို့ စကားပြောနိုင်တဲ့နည်းတွေ ငါ့မှာ အများကြီးရှိတယ်၊ ဥပမာကွာ ဘခက်ရဲ့ သမီးလေး ချစ်ချစ်ရဲ့ ဝေဒနာခံစားနေရတဲ့ အသံကို ဘခက် ကြားချင်မှာမဟုတ်သလို မင်းအမေ တင်မျိုးဆွေရဲ့ မချိမဆံ့ အော်သံ....'

'တော်တော့ ဦးစောဒိ၊ သူတို့ကို လက်ဖျားနဲ့မထိနဲ့၊ ခင်ဗျား လိုချင်တဲ့ မုတ်ကောင်ကြီးတွေရဲ့ လျှို့ဝှက်ချက်ကို ကျုပ် ပြောမယ်'

ငမန်းလေး၏ အော်လိုက်သံက ဦးစောဒိအဖို့ နား ချမ်းသာစရာ သာယာလှသည်။

'အေး....မင်းလိမ္မာတယ် ငမန်းလေး၊ကဲ....ပြောစမ်းကွာ'

'ပင်လယ်အောက်က ကျောက်မရဏာစွယ်မှာ အဆိပ်ပါတဲ့ ရေမှော်တွေရှိတယ်၊ မုတ်ကောင်တွေက ကျောက်ဆောင်ကြားမှာ ရှိတယ်၊ လူတစ်ကိုယ်စာလောက်ပဲ ဝင်လို့ရတယ်၊





အဲဒီကျောက်စွယ်တွေက ဓားသွားလို ချွန်မြနေတယ်၊ ထိမိရင် သေတာပဲ'

'မင်းတို့ မုတ်ကောင်တွေကို ဘယ်လိုယူသလဲ'

'အပြင်က သံချိတ်ရှည်ကြီးနဲ့ ဆွဲခွာယူရတယ်' ,

'မင်းစကားကို ငါယုံရမှာလား ငမန်းလေး'

'မဟုတ်ရင် ကျုပ်ကို လုပ်ချင်သလိုလုပ်'

'ဟုတ်ပါတယ်၊သူပြောတာအမှန်တွေပါ ဆရာကြီး၊ဒါကို ငါတာဝန်ယူပါတယ်'

ဆလုံကြီး ဦးပိန်က ဝင်၍ပြောသည်။

'ကောင်းပြီလေ၊မင်းစကား မှန်မမှန် စောင့်ကြည့်ရသေးတာပေါ့၊ ဟေ့....ကြာဖူး၊ ဆလုံကြီးကိုထုတ်ခဲ့၊ သူ့ နားကြပ်ပါ ဖြုတ်ထား'

အခန်းတံခါး ပွင့်သွားသည်။

ကြာဖူး ဝင်လာပြီး နားကန်းကြီးနားမှ ခရစ်တယ် နားကြပ်ကို ဖြုတ်၍ ဆွဲထုတ်သွားသည်။

'ဒုန်း....ဂျလောက်'

ထူထဲသော တံခါးကြီး ပိတ်သွားပြီ။

သူတို့တစ်တွေ ထွက်ခွာသွားကြသည်။

သားအဖအရင်း နှစ်ယောက်သည် အခန်းတစ်ခုထဲတွင် အချုပ်အနှောင်ခံနေရသည်။

သေရတော့မည်မှာကေန်မုချဖြစ်သော်လည်း နှစ်ယောက်စလုံး စိတ်ဓာတ်မကျ။

သားက အဖေကိုမသိသော်လည်း အဖေက ကိုယ့်သားအရင်းကို သိနေသည်။ ဘာခက်ရင်ထဲတွင် မချိ။

'မောင်မျိုးခက်'

'ခင်ဗျာ....အန်ကယ်'

'မင်း ကြောက်နေသလား'

'ကြောက်တယ်ဆိုတာ ကျွန်တော့် ဝေါဟာရမှာ မရှိပါဘူး အန်ကယ်၊ ကျွန်တော် သေရမှာကို မကြောက်ပါဘူး၊ ဒါပေမယ့် မသေခင်မှာ ကျွန်တော့်မေမေနဲ့ တွေ့ချင်တယ်၊ ကျွန်တော့်မေမေဟာ ဒေါ်တင်မျိုးဆွေပါ အန်ကယ်၊ မေမေဟာ သစ္စာမရှိခဲ့တဲ့ ကျွန်တော့်အဖေကြောင့် ဒုက္ခရောက်ခဲ့ရသလို အခု ကျွန်တော့်အတွက်နဲ့ ဒုက္ခရောက်နေရပြန်ပြီ အန်ကယ်'

သားလေး၏စကားကို ကြားရတော့ ကပ္ပတိန်ဘာခက်၏ရင်တွင် နင့်သွားရသည်။

'သား....သား....မောင်မျိုးခက်၊ မင်းဟာ ငါ့သားပါကွာ၊ မင်းစိတ်နာနေတဲ့ မင်းရဲ့အဖေဟာ ငါပဲ'

ရင်ထဲက ဆိုမိသော်လည်း နှုတ်က အသံမထွက်။

ဖခင်အပေါ်တွင် မုန်းတီး နာကြည်းနေသော သားကို သူ့ မိခင် ဒေါ်တင်မျိုးဆွေကသာလျှင် ဖျောင်းဖျ ပြောဆိုပေးနိုင်လိမ့်မည်။

သည်ပြဿနာကို သူ့မိခင်ကိုယ်တိုင် ဖြေရှင်းပေးခြင်းသည် အကောင်းဆုံး ဖြစ်ပေလိမ့်မည်။





'တစ်ခုတော့ရှိတယ် အန်ကယ်၊ လူရယ်လို့ဖြစ်လာရင် သူ့ကိုမွေးတဲ့ မိခင်နဲ့ဖခင်ဟာ ရှိရမယ်၊ ဒါမှ လူပီသမယ်၊ ကျွန်တော်ဟာ မိခင်သာရှိပြီး ဖခင်မရှိတဲ့ လူတစ်ယောက်ပါ၊ ကျွန်တော့်ဘဝမှာ လူမပီသသေးပါဘူး၊ လူနဲ့ မတူသေးပါဘူး၊ ကျွန်တော် သေရမှာ မကြောက်ပေမယ့် ကျွန်တော့်အဖေဟာ ဘယ်သူဘယ်ဝါဆိုတာ မသိရခင် မသေချင်သေးဘူး၊ လူရယ်လို့ ဖြစ်လာမှတော့ လူပီပီသသ ဖြစ်ချင်တယ် အန်ကယ်'

လူသားငယ်သော်လည်း သူ့စကားတွေက သင့်လျော်မှန်ကန်သည်။ ယထာဘူတ ကျနေသည်။

ငါ ဘာလုပ်ရမလဲ။

ဝေခွဲ၍ မရသောစိတ်ကို မဝေခွဲဘဲထားပြီး ယခု လောလောဆယ် ရင်ဆိုင်နေရသော အခက်အခဲကို အရင်ဆုံးဖြေရှင်းခြင်းသာ အကောင်းဆုံး ဖြစ်ပေမည်။

သူသည် မျိုးခက်နှင့် မျက်နှာချင်းဆိုင် လဲနေရာမှ လူးလွန့်၍ မျက်နှာချင်းကပ်ပြီး တိုးတိုးကလေး ပြောသည်။

'တို့ ကြိုးတွေကိုဖြေဖို့ ကြိုးစားကြမယ်'

'ကျွန်တော့်မှာ ဓားပါတယ် အန်ကယ်'

'ဘယ်မှာလဲ'

'ဘောင်းဘီအောက်က ခြေသလုံးမှာ'

*

## အခန်း (၁၆)

ထဘီအောက်က ခြေသလုံးကလေးမှာ ကိုက်စားချင်စ
ကလေး ဖြစ်သည်။

အကြောစိမ်းကလေးများ ယှက်ဖြာနေသော သလုံးသာ
တစ်တစ်ခဲခဲကလေးကပင် သည်မျှ လှပနေလျှင်....

သူ မမြင်ရသေးသော အလှအပတွေမှာ မျိုးချချင်စ
ကောင်းလောက်အောင် လှပနေမည်လား မပြောတတ်။

မတ်တတ်ရပ်နေသော စိုးနက်သည် လည်ချောင်းထဲမှ န
တက်လာသော တံတွေးကို ဂလု ခနဲ မျိုချလိုက်သည်။

သူသည် နှုတ်ခမ်းကို လျှာနှင့်လျက်ရင်း ခုတင်ပေါ်တွ
တစောင်းကလေး ထိုင်နေသော ခင်စန္ဒီ၏ မပေါ် တပေါ်
သလုံးသားကလေးကို ကြည့်နေသည်။

ခင်စန္ဒီ သိပါသည်။

'ဘာတွေလဲ ကိုစိုးနက်'

'နက်စ်ကော်ဖီနဲ့ ပေါင်မုန့် ထောပတ်သုတ်ပါ၊ ခရက်ချိ
လဲ ပါတယ်၊ ဟို....ဟို....ခင်စန္ဒီ ဆာနေမလားလို့'





'ကျေးဇူးတင်ပါတယ် ကိုစိုးနက်ရယ်၊ ဒီဒီ ဆာနေတာနဲ့
တော်ပဲ'

စိုးနက် နည်းနည်း အတင့်ရဲလာသည်။

ခင်စန္ဒီကို တစ်ထောကြီး ပြုံးပြလိုက်ပြီး ကော်ဖီလင်ပန်း
ကို ခုတင်ဘေးရှိ စားပွဲလေးပေါ် သို့ တင်သည်။

သူ့ ရင်ထဲတွင် ရာခိုင်နှုန်း အတော်များများ လှုပ်ရှားနေ
သည်မှာ အသေအချာကို ဖြစ်သည်။

ခပ်စောစောက သည်ဟာမလေး၏ တစ်ကိုယ်လုံးကို သူ့
င် အမိန့်အတိုင်း ပွေ့၍ခေါ်ခဲ့ရသည်။ ခင်စန္ဒီ သတိမရ။
သူ့ လက်ပေါ်က မေ့မြော၍ လိုက်ပါလာသည်။

မေ့နေတော့ ဘာမှ မသိဘူးပေါ့။

အဲသည်တော့ စိုးနက်ကလည်း အခွင့်အရေးသမား။

အခုလည်း ကြည့်....

ခင်စန္ဒီ၏ ချိုသာတိုးညင်းသော အသံကလေးကို ကြားရုံ
နှင့် မမြင်ရသော အားတွေရှိလာသည်။

'ဒါဖြင့် စားလိုက်လေ၊ ကြက်ဥဟပ်ဘွိုင်ကလေး လုပ်
က်ရဦးမလား'

စိုးနက် မကျက်တကျက် ပြုတ်ချင်နေသည်။

'တော်ပါပြီ ကိုစိုးနက်ရယ်၊ ကိုစိုးနက်ကော စားပါဦး
ား'

'အဟဲ....ဒီဒီစားရင် ကိုစိုးနက် ဝပြီးသားပါ'

'ဒယ်ဒီက သိပ်ရက်စက်တာပဲ၊ အခုထိ ခေါင်းထဲမှာ မူး
နေသေးတယ်၊ အေးလေ....ဒီဒီ မိုက်မိတာပါ၊ ချစ်ချစ်ကို ခင်

မင်မီလို့ ဟိုအကောင်စုတ်ကလေးနဲ့ အတူလိုက်မိတာနဲ့ ဒီ
အရိုက်ခံရတာ'

'ဟုတ်တာပေါ့၊ ဒီကောင်က သိပ်လူဝါးဝတယ် ဒီ
အခုတော့ မဝနိုင်တော့ပါဘူး၊ သူတို့အားလုံး ဆရာကြီးလ
ထဲ ရောက်နေပြီပဲ'

'ဒယ်ဒီကို ခေါ်ပေးပါလား ကိုစိုးနက်ရယ်၊ ဒီဒီ ပုလ
မှာကောင်တွေရဲ့ လျှို့ဝှက်ချက်ကို ပြောချင်လို့ပါ'

'ဒီဒီပြောစရာ မလိုတော့ဘူး၊ ဆရာကြီး အားလုံးသိသွာ
လို့ အခုချက်ချင်းပဲ ဘုဘ်နဲ့ ကျောက်မရဏာစွယ်ကို ထွက်သွာ
တယ်၊ မိုးမလင်းခင် ပုလဲကြီးတွေနဲ့အတူ ဒီကိုပြန်ရောက်လာ
မှာပါ'

'ဘာရယ်....ဘယ်သူက ဒီလျှို့ဝှက်ချက်ကို ပြောတာလဲ

'ငမန်းလေးပေါ့၊ အခုတော့ သူရော ကပ္ပတိန်ဘခက်
တဲ့ လူကြီးရော ဒီလိုဏ်ဂူကြီးထဲက အချုပ်ခန်းထဲမှာလေ'

ခင်စန္ဒီ တွေဝေသွားသည်။

သည်နေရာကို ကပ္ပတိန်ဘခက် လိုက်လာသတဲ့။

အချုပ်ခန်းထဲမှာတဲ့။ လိုဏ်ဂူကြီးထဲမှာတဲ့။

'ရေခဲရှိသလားဟင်ကိုစိုး၊ အမယ်လေး....ကျွတ်....ကျွတ်...
ကျွတ်၊ ခေါင်းထဲ မူးလိုက်တာ'

'ဟာ....ဒါဖြင့် လှဲနေ၊ လှဲနေ'

စိုးနက်က ခင်စန္ဒီ့ ပခုံးလေးကို ဖေးတွဲလာသည်။

သူ့ ကျောပြင်ပေါ်သို့ လှန်ကျလာသော ခင်စန္ဒီအာ
အသာကလေး ဖေးပွေ့၍ ခုတင်ပေါ်သို့ တင်ပေးသည်။





ပက်လက်ကလေး။ မျက်လုံးလေးတွေက မှေးလို့။

'အို....ကျွတ်....ကျွတ်....ကျွတ်၊ ခေါင်းထဲ ရေခဲကလေးအုပ်
ပေးစမ်းပါလား ကိုစိုးနက်ရယ်၊ မူးလိုက်တာ'

'ဟာ....ရတယ်....ရတယ်၊ ဖရစ်ချ်ထဲမှာ ရေခဲ သွားယူ
လိုက်ဦးမယ်၊ ခဏလေးနော်....ခဏလေး'

စိုးနက် ပြေးထွက်သွားသည်။

တံခါးပိတ်ဖို့ မေ့သွားပြီ။

ခင်စန္ဒီသည် ကြောင်ရိုင်းမကလေးလို ပုန်းခနဲထ၍ အခန်း
ဝမှ ကြည့်လိုက်သည်။ ဘယ်သူမှ မရှိ။

အခန်းဝရှိ သော့ခလောက်တွင် တပ်လျက်သား သော့တွဲ
ကြီးတစ်ခု ရှိနေသည်။

ခင်စန္ဒီသည် အခန်းတံခါးကို အပြင်မှသော့ခတ်၍ ပိတ်
လိုက်ပြီး မှောင်ရိပ်ကျနေသောဘက်ဆီသို့ ပြေးထွက်ခဲ့သည်။

သူမလက်ထဲတွင် သော့တွဲ။

လိုဏ်ဂူကြီး တစ်ခုထဲတွင်အခန်းတွေ ဖွဲ့စည်းထားမှန်း ခင်
စန္ဒီ သိလာသည်။

သူမသည် အမှောင်ရိပ်ကိုခို၍ ခြေဦးတည့်ရာသို့ လျှောက်
ခဲ့သည်။

သူမရှေ့မှ ကျွားသစ် နှစ်ကောင် မတ်တတ်ရပ်လျက်
လျှောက်လာသည်။

ခင်စန္ဒီသည် နံရံဘေးရှိ ထင်းရှူးသေတ္တာပုံးများ ပုံထား
သော အမှောင်ရိပ်တွင် လှစ်ခနဲကပ်၍ ရပ်နေလိုက်သည်။

'ဟော့ကောင်....ဒီနေရာက ဘာစော်လဲ မသိဘူး၊ နံတယ်'

'မွေးတာပါကွ'

'အေးဟ'

သူမရှေ့တွင် နှာခေါင်းဘပွပွလုပ်နေကြသော ကျားသစ်နှစ်ကောင်ကို ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေမိသည်။

သူတို့လက်ထဲတွင် မြားသေနတ် ကိုယ်စီကိုင်ထားသည်။

ကေန္တ ကင်းသမားအစောင့်များသာ ဖြစ်ရမည်။

'လာပါကွာ၊ တို့ဘဝက အနံ့ခံရုံသက်သက်ပါ၊ ဟိုဟာမ တံခါးပေါက်ဝကိုသွားအနံ့ခံရအောင်'

'တင်မျိုးဆွေလား'

'မဟုတ်ဘူး၊ ဒီဟာမကြီးက မှန်လုံခန်းထဲမှာ၊ ဟိုဟာမလေးလေကွာ၊ ချစ်ချစ်တဲ့၊ သူ့အခန်းအပေါက်ဝက သွားချောင်းရအောင်'

ကျားသစ်နှစ်ကောင် အမှောင်ရိပ်ထဲတွင် ပျောက်သွားသည်။

သူတို့နှစ်ယောက်၏နောက်မှ ခင်စန္ဒီ လိုက်ပါသွားသည်။

မကြာမီ ဒေါင့်ချိုးကွေ့ တစ်ကွေ့သို့ ရောက်သွားသည်။

ခင်စန္ဒီသည် နံရံကွယ်၍ ကြည့်လိုက်သည်။

မီးကလေးတစ်ပွင့်က မမှောင့်တမှောင် မလင်းတလင်း။

'အင်း....ဒါ ချစ်ချစ်ကိုထားတဲ့အခန်းဖြစ်မှာပဲ'

ဟုတ်သည်။

အခန်းတစ်ခုရှေ့တွင် ဒူးထောက်၍ အပေါက်ချောင်းနေသော ကျားသစ်နှစ်ကောင်ကို တွေ့ရသည်။





သူမ စွန့်စားရတော့မည်။ ခင်စန္ဒီသည် အနီးအနား ပတ်ဝန်းကျင်ကို လက်ဖြင့်လိုက်၍စမ်းသည်။

ဘာလက်နက်မှ မရှိ။ ထင်းရှူးသေတ္တာပုံးခွံကြီးသာ ရှိသည်။ ထင်ရှူးသေတ္တာပေါ်သို့ လက်ရောက်သွားသည်။ ခပ်လေးလေး ရှည်ရှည်မျောမျောကြီးကို စမ်းမိသည်။

သံပတ်ခွာသော ခွကြီးဖြစ်သည်။

သူမသည် သော့တွဲကို ထဘီကြားထဲတွင်လိပ်၍သွင်းလိုက်း သံခွကြီးကို လက်နှစ်ဖက်ဖြင့်ကိုင်၍ ခြေဖျားထောက်ရင်းပျောက်သွားသည်။

ရင်တွေက တထိတ်ထိတ်။

'ဟိတ်ကောင်....ငါ့အလှည့်'

'တိုးတိုးကွ၊ ခဏနေပါဦး'

ကျားသစ်နှစ်ကောင် အပေါက်လုနေကြသည်။

ကဲ....ကြည့်ချင်ဦးဟယ်။

'ဒုတ်....ဒုတ်'

ခပ်အုပ်အုပ် မြည်သံနှင့်အတူ နှစ်ကောင်စလုံး ငုတ်တုတ်လေးတွေ ခွေသွားသည်။

'ခင်စန္ဒီ....ခင်စန္ဒီ'

အဝေးမှ အသံသဲ့သဲ့ပျံ့လွင့်လာသည်။

စိုးနက်၏ အသံ။ မြန်မြန်လုပ်မှဖြစ်မည်။

ခင်စန္ဒီသည် ထဘီကြားမှ သော့တွဲဖြင့် အခန်းတံခါးကို သည်။

အတော်နှင့် မရ။ သော့တွေက များသည်။

တတိယမြောက် သော့နှင့်ဖွင့်မှ ဂျလောက်ခနဲ ပွင့်သွာ
သလို တံခါးကို မျက်နှာအပ်ရင်း မှေ့မြောနေသော ကျာ
သစ်နှစ်ကောင်မှာ အခန်းဝတွင် မှောက်လျက်သား ကျသွာ
သည်။

'ဟင်....ခင်စန္ဒီ'

'မဒီနဲ့၊ မြန်မြန်ထွက်,

ချစ်ချစ် ကမန်းကတန်း ထွက်လာသည်။

'ဒီနှစ်ကောင်ကို သွင်းထားခဲ့ရအောင်'

ကျားသစ်နှစ်ကောင်ကို ချစ်ချစ်၏ အခန်းထဲသို့ သွင်း
သော့ခတ်ထားလိုက်သည်။

'ခင်စန္ဒီ....ခင်စန္ဒီ'

စိုးနက်၏အသံက တဖြည်းဖြည်း နီးလာသည်။

'လာ....ဒီဘက်ကို၊ မြားသေနတ်ပါယူခဲ့'

အသံနှင့်ဝေးရာဘက်သို့ သူတို့နှစ်ယောက်ပြေးထွက်သွာ
သည်။

စိုးနက်သည် ရေခဲတုံးကြီးကိုကိုင်ရင်း သူ့ရင်ထဲတွင်
လောင်နေသည်။

ခင်စန္ဒီ့တံခါးကို ပိတ်လျက်သားတွေ့ရ၏။

သော့မရှိတော့။

အခန်းသော့တွေ အားလုံးကို ဦးစောဒီက သူ့ကို ယုံယ
ကြည်ကြည် အပ်သွားသည်။





စခန်းတစ်ခုလုံး၏ လုံခြုံမှုကို တာဝန်ပေးသွားသည်။

မြေအောက်လိုဏ်ဂူကြီးထဲတွင် သူနှင့်ကျားလူနှစ်ကောင်၊
အောင်ကျော်စိန်နှင့် မစ္စတာဂျိုးဆက်ပက်ပ်၊ အားလုံးပေါင်း
ငါးယောက်သာ ကျန်ခဲ့သည်။

ကြာဖူးတိုးကြီးနှင့် ကျန်လူများမှာ ဆရာကြီးဦးစောဒီနှင့်
အတူ ကျောက်မရအဖွဲ့သို့ လိုက်ပါသွားခဲ့သည်။

'ဟေ့ကောင်....အောင်ကျော်စိန်၊ ထစမ်း'

အောင်ကျော်စိန်သည် အခန်းတစ်ခုထဲတွင် လဲနေသည်။
အရက်ပုလင်းတစ်လုံးက သူ့ဘေးတွင် လဲနေသည်။

'ဟေ့ကောင်....အောင်ကျော်စိန်'

ခြေသလုံးရိုးကို ဆောင့်ကန်လိုက်တော့မှ ဝုန်းခနဲ သူ့ကို
ထထိုးသည်။

'ဟေ့ကောင်....ငါပါကွ၊ ငါ့လခွီးမှပဲ'

'ဘာလဲ....ဘာလဲ'

အောင်ကျော်စိန်က အရက်ကြောင့် ကြောင်၍ ဝူးဝူး
ဝါးဝါး မေးသည်။

'ဟိုကောင်မလေး မရှိတော့ဘူး'

'ဘယ်ကောင်မလေးလဲ'

'ခင်စန္ဒီ'

'နတ်ပြည်တက်သွားလို့လား'

'ခွေးမသား.... ကြောင်မနေနဲ့၊ ထ'

ကုပ်ကိုဆွဲမလိုက်သည်။

အဲသည်တော့ အောင်ကျော်စိန် သတိဝင်လာသည်။

'ဟာ....ဆရာစိုးနက်'

စိုးနက်သည် အောင်ကျော်စိန် ကုပ်ကို ဆွဲထုတ်သွားသည်။

ခင်စန္ဒီ ပျောက်နေတာက အရေးမကြီး။

*



## အခန်း (၁၇)

အရေးကြီးသည်က သော့တွဲနှင့် ဘခက်။

'လာ....ဘခက်တို့ ချုပ်ထားတဲ့အခန်းကို သွားကြည့်မယ်'

စိုးနက်နှင့် အောင်ကျော်စိန်သည် ဂူကြီး၏အစွန်ဆုံးတွင် ရှိသော ဘခက်နှင့် ငမန်းလေးအား ချုပ်နှောင်ထားသော အခန်းရှေ့သို့ ရောက်သွားသည်။

သော့ခလောက်ရှိသည်။ ပိတ်ထားသည်။

စိုးနက်သည် တစ်ပေပတ်လည် သံတိုင် ကာထားသော တံခါးမကြီးပေါ်ရှိ အပေါက်ကလေးမှ အတွင်းသို့ကြည့်လိုက်သည်။

ဘယ်သူမှ မရှိ။

'ဟိုက်'

'ဒုန်း....အား'

သံတိုင်ကြားထဲမှ လက်တစ်ဖက် ဆတ်ခနဲ ထွက်လာပြီး သူ့ဆံပင်ကိုဆွဲ၍ သံတိုင်နှင့် ဆောင့်လိုက်သည်။

အနီရောင်၊ အပြာရောင်တွေ စိုးနက်မျက်လုံးထဲတွင် ဖြာထွက်သွားသည်။

ထက်မြက်သော ဓားသွားတစ်ခုက စိုးနက်၏လည်ပင်း
သွားထဲသို့ စပါးလုံးတစ်ထောက်ခန့် နစ်ဝင်လာသည်။

'ဟော့ကောင်... စိုးနက်၊ တံခါးဖွင့်စမ်း'

ငမန်းလေး၏ အသံက ခက်ထန်မာကျောနေသည်။

ကပ္ပတိန်ဘခက်က စိုးနက်၏ဦးစွန်းဖုတ်မှုဆံပင်တွေကိုစုရုံး
ဆွဲထားသလို ငမန်းလေး၏ ဓားသွားက သူ့လည်ပင်းတွင်
ထောက်ထားသည်။

'အောင်ကျော်စိန်ကို အဲဒီနေရာက တစ်လက်မမှ မရွေ့
စေနဲ့၊ ရွေ့တာနဲ့ မင်း လည်ချောင်းထဲကို ဓားသွား ထိုးသွင်း
လိုက်မယ်၊ ကြားလား စိုးနက်'

ရက်စက်တော့မည့် ငမန်းလေး၏လေသံက တစ်ခွန်းချင်း
ထွက်လာသည်။

'ကြား...ကြားပါတယ်၊ ဟော့...အောင်...အောင်ကျော်စိန်
ငါ့နောက်မှာ ကပ်...ကပ်နေ'

သေရမည်ကိုတော့ စိုးနက် ကြောက်သည်။

'သော့ဖွင့်စမ်း'

'သော့...သော့ ငါ့ဆီမှာ မရှိဘူး'

'မင်းသေချင်သလား၊ အသက်ချင်းလဲချင်သလား၊ ရတယ်
တို့က သေလူ'

ကပ္ပတိန်ဘခက်၏ အေးစက်သောအသံက စိုးနက် တစ်
ကိုယ်လုံးကို တုန်လှုပ်သွားစေသည်။

'ချွင်'

သော့ချင်း ထိခတ်သံ။





နောက်ပြီးတော့ ခင်စန္ဒီ၏အသံ။

'မလှုပ်နဲ့ ကိုအောင်ကျော်စိန်၊ ရှင့်ကို မြားသေနတ်နဲ့ ချိန်
ထားတယ်'

အံ့ဩဖွယ်ပင်။ ဘာတွေဒုက္ခပေးဦးမည် မသိ။

မူရာမာယာတွေ ပိုလေဦးမည်မသိ။

မကြည့်ချင်၊ ခင်စန္ဒီ့ မျက်နှာကို မျိုးခက် မကြည့်ချင်။

'ချွင်...ချွင်...ချွင်....ဂလောက်'

သော့ဖွင့်သံ ကြားရသည်။

ဘယ်သူဖွင့်သည်ကိုတော့ မျိုးခက်တို့ မမြင်ကြရ။

တံခါးပွင့်သွားသည်။ အပြင်သို့ခုန်ထွက်လိုက်ရင်း ခင်စန္ဒီ
၏လက်မှ မြားသေနတ်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

'ကိုမျိုးခက်'

'ဘာ ကိုမျိုးခက်လဲ၊ အခုမှ မူရာမာယာတွေ လာလုပ်
မနေနဲ့၊ အမိကို ကျုပ်မကျေဘူး၊ ကဲဟာ'

'ဖြန်း'

'အမယ်လေး'

ခင်စန္ဒီ ခွေခွေကလေး လဲကျသွားရှာသည်။

မျိုးခက်ခြေထောက်ကို ဖက်တွယ်လာသည်။

'ဟော့ကောင်တွေ၊ အခန်းထဲကို ဝင်စမ်း'

မျိုးခက်သည် ခင်စန္ဒီကို ကန်ထုတ်ပစ်လိုက်ပြီး စိုးနက်နှင့်
အောင်ကျော်စိန်ကို အခန်းထဲသို့ သွင်းလိုက်သည်။

ပထမ အောင်ကျော်စိန်။

ဘေးတိုက်ဝင်လာသော အောင်ကျော်စိန်၏ နံဘေး
ကပ္ပတိန်ဘခက်က ဖနောင့်နှင့် ဆီးပေါက်လိုက်သည်။

'အစ်'

အောင်ကျော်စိန် ပုံကျသွားသည်။

ဒုတိယ စိုးနက်။

ကပ္ပတိန်ဘခက်သည် လက်နှစ်ဖက်ကိုစုံညှပ်၍ စိုးနက်
နားထင်ကို ဒိုးတီးသလို တီးပစ်လိုက်သည်။

နှစ်ယောက်စလုံး မှောက်သွားသည်။

'အန်ကယ်....တံခါးသော့ခတ်ခဲ့'

'အေး'

'ကဲ....အမိ၊ ချစ်ချစ်နဲ့ မေမေ ဘယ်မှာလဲ'

'ရှိ....ရှိပါတယ်၊ သူတို့ကို ဒီဒီ.... ဒီဒီ အခန်းဖွင့်ပေး
တယ်'

သူမ၏အသံကလေးက တုန်ယင်ကြေကွဲနေရှာသည်။

ခင်စန္ဒီသည် ကြမ်းပြင်ပေါ်တွင် မှောက်လျက်လေး လဲ
နေရာမှ ခေါင်းကလေး မော့လာသည်။

ပါးပြင်တွင် မျက်ရည်တွေဖြင့် ရွှဲနစ်နေသည်။

ဆံပင်တွေက ဖိုးရိုးဖားရား ကျနေသည်။

'စုန်းမ၊ နင့်စကားကို ငါမယုံဘူး၊နင်တို့အိမ်ကြီးမဟာ
လူတွေဟာ တစ်ယောက်မှ မကောင်းဘူး၊ နင့်အဖေကော

'ဟို....ဟို ပုလဲမုတ်ကောင်ကြီးတွေကို သွား....သွားငုပ်
တယ် ကိုမျိုးခက်ရယ်၊ ဒီဒီ့ကို အထင်မလွဲပါနဲ့၊ ဒီဒီ ဘာ
မသိပါဘူးရှင်'





'ဟင်....အခုမှဘာမသိရမှာလဲ၊နင်နဲ့နင့်အဖေကတစ်ကျိတ်
တည်း တစ်ကြံတည်းပဲ၊ ကဲ....'

မြားသေနတ်နှင့် ခင်စန္ဒီ့ ကျောပြင်ကို ချိန်လိုက်သည်။

စိတ်နာသည်။ သိပ်စိတ်နာသည်။

သူမ အတွက်ကြောင့် အားလုံး ဒုက္ခရောက်ခဲ့ကြရသည်။

သေတွင်း၏ နှုတ်ခမ်းကို ရောက်ခဲ့ကြရသည်။

တူညီသော တုံ့ပြန်မှုကလေးတွေကို ပြုလုပ်တတ်သော
မျိုးခက်၏လက်က မြားသေနတ်၏ခလုတ်ကို ခပ်တင်းတင်း
ညှစ်နေသည်။

'မျိုးခက် မသတ်နဲ့'

ကပ္ပတိန်ဘခက်က မြားသေနတ်ကို ဆွဲလုလိုက်သည်။

'သတ်ပါစေ အန်ကယ်ရယ်၊ သူသတ်ရင် ဒီဒီ သေရပါ
တယ်၊ သတ်ပါကိုမျိုးခက်ရယ်၊ဒီဒီ့ကို သတ်....သတ်လိုက်ပါ'

ရှိုက်သံတွေကြားထဲမှ စကားလေးတွေ ထွက်လာပါသည်။

'တော်ပြီ၊ နင့်စကားကို ငါမကြားချင်ဘူး'

မျိုးခက်၏ ရင့်သီးလှသောစကားတွေက ခင်စန္ဒီ၏ နှလုံး
သားကို ဓားပါးပါးဖြင့် လှီးလိုက်သလို နာကျင်လှပါသည်။

ခင်စန္ဒီသည် သူမကို ကျောခိုင်းထွက်ခွာသွားသည့် ကိုမျိုး
ခက်နှင့် အန်ကယ်ဘခက်ကို မျက်ရည်တွေကြားထဲမှမြင်နေရ
သည်။ ကံဆိုးမ၊ ကံဆိုးမ မိစန္ဒီ။

ခင်စန္ဒီသည် ကျောက်သားပြင်ကို မျက်နှာအပ်၍ အားရ
ပါးရ ငိုချလိုက်ပါသည်။

*

## အခန်း (၁၈)

'မငိုပါနဲ့ ချစ်ချစ်ရယ်၊ ကိုမျိုးတို့တစ်တွေ သူတို့လက်က လွတ်တော့မှာပါ၊ လာ မေမေ၊အချိန်မရှိဘူး၊ ဦးစောဒီတို့ မရှိတုန်းမှာ ကျွန်ဘော်တို့ ရေအောက်လိုဏ်ဂူကြီးထဲကထွက် မှဖြစ်မယ်'

'ဟုတ်တယ် မဆွေ၊ကိုယ်တို့တစ်တွေ သတိထားပြီးသွားမှ ဖြစ်မယ်၊ မဆွေနဲ့ ချစ်ချစ်က ကိုယ်တို့နောက် မလှမ်းမကမ်း က လိုက်ခဲ့၊ ဘာမှမကြောက်ကြနဲ့'

ကပ္ပတိန်ဘခက်နှင့် မျိုးခက်သည် ချစ်ချစ်နှင့်ဘင်မျိုးဆွေ ကို အားပေးလိုက်သည်။

ချစ်ချစ်မျက်ရည်ကျမိသည်မှာ ဝမ်းသာလွန်း၍ ဖြစ်သည်။

မမျှော်လင့်ဘဲ ခင်စန္ဒီက သူမနှင့် ဒေါ်တင်မျိုးဆွေတို့ အား ပိတ်လှောင်ထားသော အခန်းများကို စွန့်စွန့်စားစား ဖွင့်၍ လာကယ်သည်။

ချစ်ချစ်နှင့် ဒေါ်တင်မျိုးဆွေအား ကျွားလူထိမ့်ရခဲ့သော မြားသေနတ်တစ်လက်ဖြင့် ထားခဲ့ပြီး ကိုမျိုးတို့ကို သွားရှာ မည်ဟုပြော၍ ခင်စန္ဒီ ထွက်သွားသည်။





ယခု ကိုမျိုးနှင့် ဖေဖေ လွတ်လာပြီ။

ချစ်ချစ် ဝမ်းသာရသည်မှာ ဆိုဖွယ်ရာမရှိပြီ။

ကပ္ပတိန်ဘခက်နှင့် မျိုးခက်သည် မြားသေနတ် လက်နက် ဂူအနှံ့ ထွက်ပေါက်ရှာကြသည်။

ထွက်ပေါက်လည်း မတွေ့၊ လူလည်း မတွေ့။

အကွေ့အကောက်တွေ ဝက်ပါလိုများသော လိုဏ်ဂူကြီး တွင် ပိတ်မိနေကြသည်။

နနက် လေးနာရီထိုးပြီ။

ဦးစောဒီတို့ပြန်မရောက်မီ လိုဏ်ဂူထဲမှထွက်နိုင်မှဖြစ်မည်။

'ဒီအခန်းက သံတံခါးကြီးကွ၊ တို့မှာပါတဲ့ သော့တွေနဲ့ လို့ရမလား မသိဘူး'

'စမ်းကြည့်ကြတာပေါ့ အန်ကယ်'

သားအဖနှစ်ယောက်၏ သွက်လက်ရဲရင့်စွာ လုပ်ကိုင်နေ တွေကိုကြည့်၍ တင်မျိုးဆွေ အားရမိသည်။

မကြာမီ သိရတော့မည့် အဖေအရင်းကို သားကလေး း ဖွင့်ပြောလိုစိတ်ကို မနည်းကြီးမျို သိပ်ထားလိုက်ရသည်။

သံတံခါးကြီး ပွင့်သွားသည်။

အခန်းကြီးတစ်ခုနှင့် စနစ်တကျ သိုလှောင်ထားသော း ရှူးသေတ္တာကြီးများကို တွေ့ရသည်။

'ဘာသေတ္တာတွေလဲ'

'မသိဘူး အန်ကယ်'

'ညှီစော်နံတယ်'

မျိုးခက်သည် ထင်းရှူးသေတ္တာတစ်လုံး၏ အဖုံးကို ဖွ
လိုက်သည်။

အင်မတန် တန်ဖိုးရှိသော ငါးမန်းတောင်များကို တွေ့
သည်။

ကပ္ပတိန်ဘခက်က အခြားသေတ္တာများကိုဖွင့်ကြည့်သည်
မြန်မာ့ပင်လယ်မှထွက်သော အင်မတန် တန်ဖိုးရှိသည
ရေထွက်ပစ္စည်း အခြောက်များကို တွေ့ရသည်။

'ဟိုမှာ ရေစည်ကြီးတွေကွ'

'ဟုတ်တယ်၊ အဲဒီအထဲမှာ ဘာတွေရှိတယ်ဆိုတာ ဖွ
မကြည့်ဘဲ ကျွန်တော် ပြောနိုင်တယ် အန်ကယ်၊ ဦးစောဒီဟာ
တန်ဖိုးရှိတဲ့ မြန်မာ့ရေထွက်ပစ္စည်းတွေကို ခိုးထုတ်နေတာဗျ

'ဒါက အပရိက လောက်ပါ'

'ဗျာ....'

'ဒီလိုရေအောက်လိုဏ်ဂူတွေ၊ ခေတ်မီပစ္စည်းကိရိယာတွေ
ကို အသုံးပြုနေနိုင်တာဟာ နိုင်ငံခြားနဲ့ အဆက်အသွယ်ရှိ
မယ်၊ ဒီထက်မက တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို နိုင်ငံခြားက
မှောင်ခိုဂိုဏ်းကြီးတွေနဲ့ ဆက်သွယ်ပြီး လုပ်ကိုင်နေကြလို့ ဖြ
ရမယ်ကွ'

'ရတနာတွေလား'

'ဖြစ်နိုင်တယ်'

ထိုစဉ်မှာပင် တည်ငြိမ်အေးစက်သောအသံကြီးက တံခါ
ဝမှ ထွက်ပေါ်လာသည်။

'Hands up and don't move.'





ပရော်ဖက်ဆာ ဂျိုးဆက်ပက်ပ်သည် သော်မဆင် မောင်း
မြန် သေနတ်ဖြင့် သူတို့တစ်တွေကို ချိန်ထားသည်။
နောက်ကျသွားပြီ။ သူ့ အမိန့်အတိုင်း မလုပ်ရဲ။

'Drop Your Spear guns and hands up.'

ကပ္ပတိန်ဘခက်နှင့် မျိုးခက်၏ လက်မှ မြားသေနတ် နှစ်
လက်မှာ အောက်သို့ ချလိုက်ရပြီး လက်မြှောက်လိုက်ရပါ
သည်။

သည်သတ္တဝါကြီးသည် ဘာကောင်လဲ။
အမေရိကန်လား၊ အင်္ဂလိပ်လား၊ ဂျာမန်လား၊ ပြင်သစ်
လား။

ကမ္ဘာသုံးစကားကိုတော့ သူ ပြောသည်။

'ခင်ဗျား ဘယ်သူလဲ'

ကပ္ပတိန်ဘခက်က အင်္ဂလိပ်လို မေးသည်။

ဟိုသတ္တဝါကြီးက ကျေနပ်ဂုဏ်ယူစွာ ပြန်ဖြေသည်။

'ငါဟာအင်မတန်အသိဉာဏ်ထက်မြက်တဲ့ အီလက်ထရော
စ် ပညာရှင်ကြီးဖြစ်သလို ကမ္ဘာကြီးတစ်ခုလုံးကို မကျေနပ်
တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်လဲ ဖြစ်တယ်'

'ခင်ဗျား ဘာကို ဆိုလိုတာလဲ၊ ကျုပ်တို့ဟာ လူကောင်း
တွေပါ၊ ခင်ဗျားရဲ့ ဘော့စ်က ကျုပ်တို့ကို ဖမ်းထားတာပါ'

'ငါသိပါတယ်၊ ဒါပေမယ့် မင်းတို့ဟာ မစ္စတာစောဒီရဲ့
နှံသူ၊ တို့အားလုံးရဲ့ ရန်သူ၊ ဘိန်းဖြူတွေ နောက်ကို လိုက်
နေတဲ့ မင်းတို့လို အေးဂျင့်တွေကို တို့ဂိုဏ်းက သတ်ခဲ့တာ
များပြီ'

'ဘိန်းဖြူ....'

'ဟုတ်ပါတယ်၊ ဘိန်းဖြူပါပဲ၊ ဒီနေရာကို အင်မတန် ပိ
သေသပ်တဲ့ ဘိန်းဖြူထရန်စစ်ကင့်မ် Transit Camp ကြ
တစ်ခု အဖြစ် ငါတို့ ဖန်တီးမလို့ပေါ့၊ ကျေနပ်စရာမကော
ဘူးလား၊ ဟောင်ကောင်၊ ထိုင်းလင်း၊ မလေးရှားက စ
လှေနဲ့ ထုတ်မယ်၊ ဒီနေရာမှာ သိုလှောင်ထားပြီး တို့ အ
အစည်းကြီးက ပင်လယ်ကူးသင်္ဘောကို ကြားဖြတ်တင်ပေး
စနစ်ဟာ အင်မတန် ကောင်းမွန်ကြောင်းကို ငါတို့တွေးမိ
ဒီစခန်းကြီးကို ငါကိုယ်တိုင် ကြီးကြပ်ပြီး တည်ဆောက်ခဲ့တ
ကွ'

ကပ္ပတိန်ဘခက်၏ ကျောထဲတွင် စိမ့်တက်သွားသည်။

Heroin.

ဘိန်းဖြူ။

လူငယ်၊ လူလတ်၊ လူကြီးပါမကျန် တစ်ကမ္ဘာလုံးကို ဖျ
ဆီး နေသော ဘိန်းဖြူကို မြန်မာက စံပြအဖြစ် ကမ္ဘာ
သိအောင် ပြတ်ပြတ် သားသား တိုက်ဖျက် နှိမ်နင်းနေချိ
တွင်....

ပြည်တွင်း သစ္စာဖောက် လော်ကော်တစ်ဦးက မြန်
မြေ၊ မြန်မာ့မြေကို အသုံးချပြီး ဘိန်းဖြူ သိုဝှက်ဖြန့်ဖြူးရေ
စခန်းတစ်ခုအဖြစ် ဖန်တီးရန် ကြံစည်နေသည်။

'ဘိန်းဖြူဆိုတာ ကမ္ဘာကိုဖျက်ဆီးပစ်နိုင်တဲ့ အဏုမြူဗုံ
ဟိုက်ဒရိုဂျင်ဗုံးတွေထက် ကြောက်စရာ ကောင်းတယ် ဆိုတ
ခင်ဗျား မသိဘူးလား'





'ဟား....ဟား....ဟား....သိတာပေါ့၊ ငါအင်မတန်ချစ်တဲ့ ငါ့သားနဲ့ ငါ့သမီးဟာ ဘိန်းဖြူအထိုးလွန်ပြီး သေသွားခဲ့ကြတယ်၊ ငါ့သားနဲ့ ငါ့သမီး သေသလို ကမ္ဘာပေါ်မှာ ရှိတဲ့ ကလေးတွေ၊ လူငယ်တွေအားလုံးလဲ ဘိန်းဖြူနဲ့ သေကြရမယ်၊ ဒါမှ တရားမျှတမှုရှိမယ်လို့ ငါယူဆတယ်'

'သောက်ရူးကြီး'

ကပ္ပတိန်ဘခက် အော်လိုက်သည်။

ဟုတ်သည်။

သည် ရူးနှမ်းနေပြီဖြစ်သော သိပ္ပံပညာရှင် တစ်ယောက်ကို အရင်းရှင်စီးပွားရေးသမားများက ကောင်းမွန်စွာ အသုံးချနိုင်ခဲ့သည်။

ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသော အရင်းရှင်စီးပွားရေးလောက၏ စက်ဆုပ်ဖွယ်လုပ်ရပ်တွေပါကလား။

'ဟား....ဟား....ဟား....ဟား'

ပရော်ဖက်ဆာ ဂျိုးဆက်ပက်ပ်သည် သော်မဆင် မရှင်းဝန်းကိုကိုင်ရင်း အားရကျေနပ်စွာ ရယ်နေ၏။

သူ၏ချောက်ချားဖွယ် ရယ်မောသံကြီးက လိုဏ်ဂူကြီးတစ်ခုလုံးကို လွှမ်းမိုးသွားသည်။

'ငါမရူးဘူး၊ ရူးနေတာက မင်းတို့တစ်တွေကွ၊ သေကြ၊ သေကြ၊ မင်းတို့အားလုံး သေကြရမယ်'

ဂျိုးဆက်ပက်ပ်၏သေနတ်ပြောင်းဝကမြင့်တက်လာသည်။

သူတို့လေးယောက်၏ အသည်းနှလုံးနှင့် မျဉ်းပြိုင်ကျနေပေပြီ။

သည်စဉ်မှာပင် ကပ္ပတိန်ဘခက်၏နား၌ တစ်စုံတစ်ရာကို ကြားမိသည်။

'ခဏလေးနေပါဦး ပရော်ဖက်ဆာ၊ ခင်ဗျားက ကျုပ်တို့ နှစ်ယောက်ကို သတ်ပစ်လို့တော့ အရေးမကြီးဘူးပေါ့၊ သူ တို့ကို သတ်ပစ်မယ်ဆိုရင်တော့ မစ္စတာဦးစောဒီ ခင်ဗျားကို ဘယ်နည်းနဲ့မှ ခွင့်လွှတ်မှာ မဟုတ်ဘူးဗျ၊ ဒါကို ခင်ဗျား သိ ကောင်းပါရဲ့'

ကပ္ပတိန်ဘခက်သည် ချစ်ချစ်နှင့် တင်မျိုးဆွေကို လက်ညှိုး ထိုး၍ ပြလိုက်သည်။သူတို့လေးယောက်စလုံး ပူးကပ်နေသည်။

ပစ်ခတ်လျှင် အော်တိုမစ်တစ် တရစပ် ထွက်လာမည့် ကျည်ဆန်တွေကြားထဲတွင် အားလုံးသေကုန်နိုင်သည်။

ထိုစဉ်တွင် မြင်လိုက်ရခြင်းပင်။

ခင်စန္ဒီသည် ပရော်ဖက်ဆာ ဂျိုးဆက်ပက်ပ်၏နောက်သို့ တဖြည်းဖြည်းကပ်လာနေသည်။

သူတို့အားလုံး ရင်တထိတ်ထိတ်။ အသည်း တဖိုဖို။

'ပြီးတော့ ခင်ဗျားက ကျုပ်တို့ကို သတ်ပစ်မယ် ဆိုရင် ခင်ဗျားလဲ သေရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကျွန်းကို ကျုပ်တို့နိုင်ငံကရဲအဖွဲ့တွေက ဝိုင်းထားပြီးဖြစ်လို့ပဲ'

'ဘာကွ၊ မင်းစကားကို ငါက ဘာလို့ယုံရမှာလဲ၊ ဟော့ ကောင့် မင်းရှေ့မတိုးနဲ့နော်၊ ငါပစ်လိုက်တော့မယ်'

'ပစ်လိုက်ရင် ခင်ဗျားသေသွားမှာပေါ့ ပရော်ဖက်ဆာ၊ ခင်ဗျားနောက်မှာ ကျုပ်တို့လူတစ်ယောက်က သေနတ်နဲ့ချိန် ထားပြီးပြီဗျ'





'ငါ မယုံဘူး၊ မင်းညာတာ'

ထိုစဉ်မှာပင်....

မည်သို့မျှ မျှော်လင့်မထားသော ခင်စန္ဒီအသံက တည်ငြိမ်စွာ ထွက်ပေါ်လာသည်။

'Drop your gun'

ခင်စန္ဒီ၏ အသံက ဂျိုးဆက်ပက်ပ်၏နောက်မှ လေးနက်တည်ကြည်စွာ ထွက်ပေါ်လာသည်။ သေနတ်ကို အချိုင်း သည်။

စင်စစ် ခင်စန္ဒီ၏လက်ထဲတွင် ဘာလက်နက်မှမရှိ။

ကပ္ပတိန်ဘခက်၏စကားကိုကြားမိ၍ မိုက်ရူးရဲလုပ်လိုက်မိခြင်းပင်။

သူမချစ်သော ကိုမျိုးခက်၊ ချစ်ချစ်၊ အန်ကယ်ဘခက်နှင့် ဒေါ်တင်မျိုးဆွေတို့ကို အသက်စွန့်၍သေတွင်းဝမှလက်မတင် ကလေး ကြံဖန်ကယ်လိုက်မိခြင်းပင်။

သို့ရာတွင်....

ပရော်ဖက်ဆာ ဂျိုးဆက်ပက်ပ်သည် နောက်ကို ဆတ်ခနဲ လှည့်၍ သော်မဆင်၏ ခလုတ်ကို ဆွဲညှစ်လိုက်သည်။

'ဒက်....ဒက်....ဒက်....ဒက်'

ကပ္ပတိန်ဘခက်သည် ငနဲကြီးအလှည့်တွင် လွှားခနဲ ခုန် အုပ်လိုက်သော်လည်း....

'အမယ်လေး ကိုမျိုးခက်ရယ်'

ခင်စန္ဒီ ခွေခနဲ လဲကျသွားသလို ပရော်ဖက်ဆာ ဂျိုးဆက် ပက်ပ်နှင့် ကပ္ပတိန်ဘခက်တို့ လုံးထွေးသွားသည်။

'ဟင်....ခင်စန္ဒီ'

ချစ်ချစ်သည် အလန့်တကြားအော်၍ ခင်စန္ဒီကို ပြေးပွေ့သည်။

မျိုးခက်သည် လွင့်စဉ်သွားသော သော်မဆင်မောင်းပြန် သေနတ်ကို ဆတ်ခနဲကောက်၍ ဂျိုးဆက်ပုက်ပ်၏ ခေါင်းကို တေ့ထားလိုက်သည်။

အခုတော့ သူတို့အနိုင်ရလိုက်ပါပြီ။

ခင်စန္ဒီ၏အသက်စွန့်ကယ်တင်မှုကြောင့် သေဘေးမှ လက်မတင်ကလေး လွတ်ခဲ့ကြပါပြီ။

သို့ရာတွင် ကံဆိုးမလေး ခင်စန္ဒီ ခမျာမှာတော့....

*



အခန်း (၁၉)

ခင်စန္ဒီ၏ဖခင် ဦးဇောဒီမှာ သိုပ်ကံကောင်းနေသည်။

သူ မျှော်မှန်းသည့်အတိုင်း အားလုံးဖြစ်လာပေပြီ။

နေမထွက်မီ ကျောက်မရကာဇွယ်မှ ပုလဲမုတ်ကောင်ကြီးများ တစ်လုံးမကျန်ငုပ်ယူရန် စိတ်ပိုင်းဖြတ်ထားသည်။

လူမြင်သူမြင် မခံချင်။ ဘယ်သူမှ မသိစေချင်။

မသိစေချင်သော်လည်း ကပ္ပတိန်ဘခက်ဆိုသည့် သတ္တဝါကြီး ဘယ်လိုကဘယ်လို အနံ့ခံပြီး လိုက်လာသည်မသိ။

သူ့အပည့်တွေကို ရက်ရက်စက်စက်နှာ၍ ရေအောက်လိုဏ်ဂူကြီးထဲသို့ အရဝင်လာသည်။

သူသည် နိုင်ငံ၏ ဝန်ထမ်းတစ်ယောက်။

တပ်မတော်မှ အရာရှိဟောင်းတစ်ယောက်။

သည်လိုလူတစ်ယောက်က သူ့လုပ်ငန်းကို ဝင်ရောက်နှောင့်ယှက်လာသည်မှာ အင်မတန် အန္တရာယ်ကြီးသည်။

ယခု သူ့ရန်သူအားလုံး မိထားပြီ။

ကပ္ပတိန်ဘခက်နှင့်တကွ သူ့လုပ်ငန်းကို နှောင့်ယှက်ထိပါးလာသောသူများကို သဲလွန်စမကျန်ရစ်အောင် ပိပိရိရိ ဖျောက်ဖျက်ပစ်ရမည်။

ဦးစောဒိသည်ဘုတ်ပေါ်သို့ရောက်လာသော မုတ်ကောင်ကြီးများကို ချက်ချင်းခွဲကြည့်သည်။

ရွှန်းရွှန်းအိနေသော အရောင်အသွေးစုံနေသည့် ပုလဲကြီးတွေက သူ့လောဘဇောကို ပိုမို၍ ကြီးမားလာစေသည်။

'ဟေ့ကောင်တွေ၊ရေအောက်မှာမုတ်ကောင်တွေအတော်ကျန်သေးသလား'

'တစ်ခြင်းစာလောက်ပဲ၊ ခက်ခက်ခဲခဲ ခွာယူရမှာ ဆရာကြီး'

ပုလဲတစ်လုံးကို ဒေါ်လာ သောင်းနှင့်ချီ၍ တန်နေသဖြင့် တစ်ခြင်းစာကို ဦးစောဒိ မထားရစ်နိုင်ခဲ့။

'နေအး၊ မြန်မြန်လုပ်ကြကွာ၊ ဒီတစ်ခါ နောက်ဆုံးငုပ်ကြ၊ မုတ်ကောင်တွေ အားလုံးရပြီးတာနဲ့ ဒီနားကန်းကြီးကို ရေအောက်မှာ မြှားသေနတ်နဲ့ ပစ်သတ်ခဲ့၊ ကြားလား တိုးကြီး'

'ဟုတ်....ဟုတ်ကဲ့ ဆရာကြီး'

ဆလုံကြီး နားကန်းကြီးဦးပိန်သည် စပိဘုတ်၏ ဦးကင်းပေါ်တွင် ငြိမ်သက်စွာ ထိုင်နေရှာသည်။

မကြာမီ ကျရောက်လာတော့မည့် သူ၏ကံကြမ္မာကို စိုးစဉ်းမျှ သိဟန်မတူ။

ကြားဟန်မတူ။

သူ၏ ခရစ်တယ်နားကြပ်ကို ဦးစောဒိက ဖြုတ်၍ သိမ်းထားသဖြင့် သူတို့ပြောစကားကို ကြားလိမ့်မည်မဟုတ်ပေ။

ညဉ့်လေအေးကလေးသည် ပင်လယ်ပြင်ကိုဖြတ်၍ တိုက်ခတ်လာသည်။ လေပြည်ကလေး။





ထိုလေပြည်ကလေး၏ ထိတွေ့မှုကို ဦးစောဒိ၏အာရုံခံစားတတ်သော နှစ်ကြောများက သိလာသည်။

လေပြည်ကလေးသည် တစ်မူထူးခြားသည်။

မကြာမီ ပင်လယ်လေပြင်းကြီးတစ်ခု ကျရောက်လာတော့မည်ကို ဆလုံကြီး၏ ဘဝအတွေ့အကြုံက သင်ခန်းစာရထားပြီးသား ဖြစ်ပါသည်။

အန္တရာယ်သည် မကြာမီကျရောက်တော့မည်ကို ဆလုံကြီး၏ အာရုံ Senses များတွင် ထင်ဟပ်လာသည်။

'တဲ...ဒါလောက် နားရရင် တော်ရောပေါ့ကွာ၊ဒီတစ်ခါ နောက်ဆုံးအနေနဲ့ မုတ်ကောင်တွေအားလုံးကို ခွာခဲ့ကြ၊ ပြီးတာနဲ့ နားကန်းကြီးကို ကိစ္စတုံးပစ်ခဲ့၊ ဆင်းကြတော့'

တိုးကြီးနှင့် ရေငုပ်သမားသုံးယောက်သည် ရေထဲသို့ခုန်ချလိုက်ကြသည်။ စပိဘုတ်ကလေးသည် လှုပ်ခါလာ၏။

'ဆင်းလေ ဆလုံကြီး၊ ယီးတီးယားတား မလုပ်နဲ့နော်'

ဦးစောဒိက သေနတ်ကိုဆွဲ၍ ဆလုံကြီးကို ပင်လယ်ထဲသို့ အဆင်းခိုင်းသည်။

ဆလုံကြီး ဘာမှမပြော၊ တည်ငြိမ်အေးစက်စွာ မြုံးလိုက်ပြီး....

တအိအိလှုပ်ရှားလာသော လှိုင်းကြီးများကို လက်ညှိုးထိုးပြသည်။

'ဘာလဲ၊ ငါးမန်းလား'

ဦးစောဒိ တအားအော်၍ မေးသည်။

'လှိုင်းနဲ့လေ'

ဆလုံကြီးက . အေးမှအေးဆေးဆေးအဖြေပေးရစ်း ရေထဲသို့ စွပ်ခနဲ ထိုးချလိုက်သည်။

သူ့ခန္ဓာကိုယ်သည် ရေအောက်တွင် ပျောက်ကွယ်သွားသည်။

'ဟိတ်ကောင်တွေ၊ မြန်မြန်ငုပ်ကြ'

တိုးကြီးနှင့် ရေငုပ်သမားသုံးယောက်သည် ရေအောက်သို့ စိုက်ဆင်းခဲ့ကြသည်။ ဘုတ်ပေါ်တွင် ဦးစောဒီနှင့် ကြာဖူးသာ ကျန်ရစ်ခဲ့သည်။

ရေငုပ်သမား သုံးယောက်သည် ကျောက်မရဏာစွယ်သို့ ရောက်ခဲ့ကြပြီဖြစ်သော်လည်း ဆလုံကြီးကို မတွေ့ရတော့ချေ။

ဆလုံကြီးသည် ရေအောက်ရှိ ညဥ့်အမှောင်အောက်တွင် လုံးဝ ပျောက်ဆုံးသွားခဲ့ပြီ။

*



## အခန်း (၂၀)

တိုးကြီးသည် A.C.R ရေအောက်မီးဖြင့်ထိုး၍ ဆလုံကြီးကို ရှာသည်။ မတွေ့။

သူသည် ကျောက်စွယ်ကွေ့ကလေး တစ်ခု၏ ဘေးသို့ ရောက်သွားသည်။

'စွပ်'

မုတ်ခွာသည့် သံချိတ်ကြီးသည် ကျောက်စွယ်ကြားထဲမှ ဆတ်ခနဲ ထွက်လာ၍ တိုးကြီးကို အထဲသို့ ဆွဲသွင်းသွားသည်။

'အား'

နာကျင်လှသော ဝေဒနာကြောင့် တိုးကြီး အားအော်လိုက်မိသည်။ ကိုင်ထားသော အသက်ရှူခွက်ပြုတ်၍ ပါးစပ်ထဲသို့ ရေတွေ ဝင်လာသည်။

သွေးတွေ ထွက်သွားသည်။ ရဲခနဲ။

ကျန် ရေငုပ်သမား သုံးယောက်သည် တိုးကြီး ပျောက်ကွယ်သွားသော ကျောက်ဆောင်ကြားသို့ ရောက်လာ၏။

တိုးကြီးလည်း မရှိ။ ဆလုံကြီးလည်း မရှိ။

နိုရဲနေသော သွေးစီးကြောင်းကြီးကို ရေအောက်မီး၏
အလင်းရောင်အောက်တွင် အသည်းယားစဖွယ် မြင်လိုက်ရ
သည်။

'ဝှီ....ဝှီ....ဝှီ'

ဦးစောဒီသည် တဝှီဝှီ တိုက်ခတ်လာသော လေနှင့် အတူ
ကြွလာသော လှိုင်းကြီးများကို စိုးရိမ်စွာ ကြည့်နေချိန်မှာပင်
သူ၏ စပိဘုတ်သည် ရေမျက်နှာပြင်ပေါ်တွင် တအိအိ ရွေ့
လျားသွားသည်။

'ဟော့....ကြာဖူး၊ တို့ စပိဘုတ်ရဲ့ ကျောက်ဆူးကြိုး ပြတ်
နေပြီ ထင်တယ်'

'ဟုတ်တယ် ဆရာကြီး၊ အောက်က ဖြတ်ပစ်လိုက်တာ
ဖြစ်ရမယ်'

ကြာဖူးက ကြိုးစကို ဆွဲရင်း ပြောသည်။

ကျောက်ဆူး ပါမလာတော့။

စပိဘုတ်ကလေးသည် တဖြည်းဖြည်း ကြီးမားလှသော
လှိုင်းအိအိကြီးများပေါ်တွင် လှုပ်ရှားရင်း မျောနေသည်။

ဦးစောဒီ မျက်လုံးပြူးသွားသည်။

ဆလုံ နှားကန်းကြီး ဦးပိုန်၏ အေးစက်သော အပြုံးကြီး
ကို ပြန်လည်မြင်ယောင်လာသည်။

'စက်နှိုးစမ်းကွာ'

'နှိုးလို့မရဘူး ဆရာကြီး'

'ဟော....ဘာလို့ မရ ရမှာလဲ'

'စက်နှိုးတဲ့သော့ မရှိတော့ဘူး'





'တောက်....ဟိုနှားကန်းကြီး ဖြုတ်ယူသွားပြီ'

'ဝှီ....ဝှီ....ဝှီ....ဝှီ'

'ဝုန်း....ဝုန်း....ဝုန်း'

လေသံက ပြင်းထန်လာသလို လှိုင်းအိအိကြီးများသည်
ကြမ်းတမ်းသောအသွင်ကို ဆောင်လာကြပြီ။

ပထမဆုံး လှိုင်းလုံးကြီး တစ်လုံးက စပိဘုတ် ကလေးကို
အားရပါးရ ဆောင့်တိုးသွားသည်။

ဦးစောဒီနှင့် ကြာဖူးမှာ ဘုတ်ပေါ်မှ လွင့်စဉ်၍ကျမသွား
အောင် မနည်းကိုင်ထားလိုက်ရသည်။

သူတို့နှစ်ယောက်စလုံး ရေတွေရွှဲနစ်သွားသလို ဘုတ်ထဲ
သို့ ရေတွေစင်၍ ဝင်လာသည်။

ဦးစောဒီသည် ယခုမှ ကြောက်စိတ်ဝင်လာသည်။

သူသည် ပုလဲလုံးကြီးများကို ထည့်ထားသော ဇစ်တပ်
သားရေအိတ်ငယ်ကလေးကို ဂျာကင် ရင်ဘတ်ကြားထဲသို့
ထိုးသွင်းလိုက်ပြီး ကြီးမားသော လှိုင်းလုံးကြီးတွေကို စိုးရိမ်
တကြီး ကြည့်နေပါသည်။

ဝိသမလောဘသမားများသည်သေရမည်ကိုတော့ ဖိန့်ဖိန့်
တုန်အောင် ကြောက်ကြသည်။

သူတို့ မတရားရရှိထားသော ပစ္စည်းဥစ္စာများအား မသုံး
ရ မစွဲရ၊ စည်းစိမ် မစံရမှာကို အသေအလဲကြောက်ကြသည်။

စပိဘုတ်ကလေးသည် ကျောက်မရဏာစွယ်မှ တဖြည်း
ဖြည်း ဝေးလာသည်။

လှိုင်းလုံးကြီးများ အကြားတွင် ကလေး ကစားသော စက္ကူရုပ် လှေကလေးလို လွင့်မျောလာသည်။

'ဟော့....ဟော့....ကြာဖူး'

'ဘာ....ဘာလဲ ဆရာကြီး'

'သော့တံနောက်က ဝါယာကြိုးနှစ်စကို မားနဲ့ဖြတ်ပြီး ဆက်ကြည့်စမ်းကွာ၊ မော်တော်ကားတွေ သော့ပျောက်ရင် အဲဒီလိုပဲ လုပ်ရတယ်၊ စက်နိုးလို့ရရင် ဒီလှိုင်းလောက်ကို ခွဲထွက်သွားလို့ရတယ်'

လှိုင်းသံ လေသံကြားမှ အော်၍ ပြောသည်။

ကြာဖူးသည် မှောက်လုမတတ် စောင်းလိုက် မြောက်လိုက် ဖြစ်နေသော စပီဘုတ်၏ နံရံကို လက်ဖြင့်ထိန်းကိုင်ရင်း စက်ခုံသို့ ရောက်အောင်သွားသည်။

ထိုအချိန်မှာပင် မဇင်လေဆိပ်ဘက်ရှိ ပင်လယ်ကမ်းစပ်မှ ခုတ်မောင်းလာသော မော်တော် နှစ်စင်း၏ မီးရောင်ကို ဦးစောဒီ မြင်လိုက်ရသည်။

'ဟော့ကောင် ကြာဖူး၊ မြန်မြန်လုပ်၊ ကမ်းစပ်က မော်တော် နှစ်စင်း ဒီဘက်ကို မောင်းလာတယ်'

ကြာဖူးသည် စပီဘုတ်၏ Instrument Panel အောက်ရှိ သော့အုံနောက်မှ ဝါယာနှစ်စကို မားဖြင့်ဖြတ်၍ ဆက်လိုက်သည်။

ရေမလှိုင်းလုံးကြီးတစ်လုံးသည် စပီဘုတ်ကလေးကို မိုးပေါ်သို့ မြောက်တင်ပစ်လိုက်သည်။

'ဝုန်း'

ပြုံးပန်းတစ်ရာစာပေ



'ဝေါ....ဝေါ....ဝေါ'

စပီဘုတ်ကလေးသည် မှောက်လုမတတ် တိမ်းစောင်း မ်းခါ၍ စက်နိုးသွားသည်။

'မောင်း....မောင်း....လှိုင်းကို ဦးနဲ့ခွဲပြီးမောင်း'

တစောင်းကြီးဖြစ်နေသော စပီဘုတ်၏ နံရံကို ကိုင်ရင်း းစောဒီ ကြောက်အားလန့်အား အော်သည်။

ရေပေါ်တွင် ဒုက္ခရောက်နေသလို ရေအောက်တွင်လည်း က္ခရောက်နေသည်ကိုတော့ ဦးစောဒီမသိ။

ရေငုပ်သမား သုံးယောက်သည် တိုးကြီးနှင့် ဆလုံကြီးကို ှာတော့ဘဲ ရေပေါ်သို့ ပြန်တက်ရန် အချက်ပြလိုက်စဉ် ည်းမည်းသဏ္ဍာန်တစ်ခု သူတို့အနားသို့ ခပ်ဖြည်းဖြည်း ုးခတ်လာသည်။

ပထမတော့ တိုးကြီးထင်နေကြသည်။ မဟုတ်။

တိုးကြီး၏ သွေးညှီနံ့ကြောင့် ရောက်လာသည့် ငါးမန်း ကြီး။

'ရှိ....ရှိ....ရှိ'

ရေငုပ်သမားသုံးယောက်၏ မြားသေနတ်များမှ မြား ွား သုံးချောင်း ထွက်သွားသည်။

ငါးမန်းကြီး၏ ကိုယ်တွင်စိုက်၍ သွေးတွေ ပန်းထွက်လာ ည်။

သေနတ်တစ်လက်တွင် မက်ဂနမ် Magnum ယမ်းအား ှင့် ပစ်ခတ်ရသော မြားသွားနှစ်ချောင်းစီသာ ပါသည်။

နောက်ထပ် ငါးမန်းကြီးတစ်ကောင် ပေါ်လာပြန်သည်။

ပြုံးပန်းတစ်ရာစာပေ

သုံးယောက်စလုံး ကြောက်အားလန့်အားဖြင့် ဝိုင်းပစ်ကြ
သည်။ သွေးညှီနံ့သည် ရေထဲတွင် ပျံ့နှံ့သွားသည်။

သူတို့တစ်တွေသည် ရေအောက်မီးများကိုလွှတ်ချပြီး ရေ
ပေါ်သို့ ကမန်းကတန်း တက်ခဲ့ကြသည်။

ရေလွှာပြင်သည် လှိုင်းတံပိုးများဖြင့် ကြမ်းတမ်းစွာ လှုပ်
ရှားနေသည်။

ဦးစောဒီ၏ စပိဘုတ် မရှိတော့။

ကြမ်းတမ်းသော လှိုင်းလုံးကြီးများက ကြမ်းတမ်းသော
ဒုစရိုက်သမားများကို စောင့်ကြိုနေသည်။

ရေငုပ်သမားတစ်ဦးသည် ပေါင်ရင်းတွင် ကျဉ်ခနဲခံစား
လိုက်ရသည်။

သူသည် ပေါင်ရင်းကို လက်ဖြင့် စမ်းကြည့်လိုက်၏။

ခြေတစ်ဖက်မရှိတော့။

'အား'

ကျားငါးမန်းအုပ်ကြီးသည် ရေပြင်ပေါ်ရှိ လှုပ်ရှားနေ
သော အရာများဆီသို့ ပါးစပ်ကြီးတွေကိုဖြဲ၍ တက်လာလေ
သည်။

ရေပြင်လွှာသည် နီစွေးသော သွေးများဖြင့် လွှမ်းမိုး
သွားသည်။

*



## အခန်း (၂၁)

သွေးတွေက ရွဲရွဲနစ်နေသည်။

'သွေး သိပ်ထွက်နေတယ်'

'ဟုတ်တယ်၊ သွေးတိတ်အောင် တစ်ခုခုလုပ်ပေးမှ ဖြစ်
မယ်'

'ခင်စန္ဒီ....ဒီဒီ'

တင်မျိုးဆွေသည် ချစ်ချစ်၏လက်တွင် မလှုပ်မယှက် ငြိမ်
သက်နေသော ခင်စန္ဒီကို လှုပ်၍ခေါ်သည်။

သူတို့အတွက်နှင့် ခံလိုက်ရရှာသော ခင်စန္ဒီကိုကြည့်၍
ကပ္ပတိန်ဘခက် ယူကျုံးမရ ဖြစ်နေပါသည်။

မျိုးခက်သည် ထမတော့ ငြိမ်သက်စွာရပ်၍ ခင်စန္ဒီကို
ကြည့်နေမိသည်။

ခင်စန္ဒီ၏ ကော့ညွှတ်ရှည်လျားသော မျက်တောင်ကော့
ကြီးက ညင်သာစွာ ပွင့်လာသည်။

မျက်လုံးဝိုင်းဝိုင်းကြီးတွေက တစ်စုံတစ်ခုကိုရှာနေသည်။
သူနှင့် ခင်စန္ဒီ အကြည့်ချင်း ဆုံမိကြသည်။
ခင်စန္ဒီ၏ နှုတ်ခမ်းကလေးက ကွေးတွန့်သွားသည်။

ကျေနပ် နှစ်သိမ့်သည့် အပြုံးကလေးတစ်ခုက ခင်စန္ဒီ၏ မျက်နှာတွင် စွန်းထင်းလာသည်ကို မျိုးခက် မြင်လိုက်ရ၏။

မျိုးခက်ရင်ထဲတွင် လှိုက်ခနဲ....

သူသည် ခင်စန္ဒီ့ဘေးတွင် ညင်သာစွာ ဒူးထောက်လိုက်သည်။

သူမကိုယ်လုံးကလေးကို ချစ်ချစ်လက်မှ ပြောင်းယူသည်။

'ဒီ....ဒီ'

တိုးညင်းသော အသံကလေးက မျိုးခက်ပါးစပ်မှ ထွက်ပေါ်လာသည်။သူ့အသံက ညင်သာသည်၊ နူးညံ့သည်၊ ဆွေးမြည့်သည်၊ လှိုက်လှဲသည်။

ကြားရပါပြီ....ရှင်။

ကျွန်မ ကြားလိုတဲ့ သူ့နှလုံးသားထဲက မေတ္တာကလေးကို ကံဆိုးမလေး မိစန္ဒီ ကြားရပါပြီ ရှင်ရယ်။

ဒီဒီ သေချင်သေပါစေတော့။

'ဒီဒီ....ဒီဒီ ကိုမျိုးခက်ကို သစ္စာဖောက်ခဲ့တာ မ....မဟုတ်ပါဘူး၊ မုတ်....မုတ်ကောင်တွေထဲမှာ ပုလဲကြီးတွေ ရှိ....ရှိနေတာကိုလဲ ဒီဒီ မသိခဲ့ပါဘူး၊ ဒီဒီ ကိုမျိုးခက်နောက်ကို အပြီးလိုက်....လိုက်လာတာပါ'

'ဟင်....'

'ဟုတ်တယ် ကိုမျိုး၊ ခင်စန္ဒီက ချစ်ချစ်နဲ့ အန်တီတင်မျိုးဆွေကို ကျားလူတွေကိုရိုက်ပြီး စွန့်စွန့်စားစားလာကယ်လို့ ချစ်ချစ်တို့ လွတ်လာတာပါ'

မျိုးခက်ရင်ထဲတွင် နင့်ခနဲ....





'ဟုတ်ပါတယ်၊ ကိုစိုးနက်ဆီက သော့ကို ရအောင်ယူပြီး ကိုမျိုးခက်နဲ့ အန်ကယ်ဘခက်ကို လာကယ်တာပါ၊ ကိုမျိုးခက်က အထင်လွဲပြီး....'

'ဒါတွေ မပြောပါနဲ့တော့ ဒီဒီ၊ ကိုယ် ဒီဒီ့ကို အထင်လွဲခဲ့မိတာ တောင်းပန်ပါတယ်၊ ဒီဒီဟာ ကိုယ်တို့အားလုံးရဲ့ ကျေးဇူးရှင်ပါ'

ခင်စန္ဒီ့မျက်နှာကလေးက မသိမသာ ပြုံးလာသည်။

'ကြားရတာ ဝမ်းသာလိုက်တာ ကိုမျိုးခက်ရယ်၊ ဒီဒီ့ကို ဒီဒီ့....ကို....ထားပစ်....ခဲ့ကြပါ၊ ဒယ်ဒီတို့ ပြန်မရောက်ခင် ကိုမျိုးခက်တို့ ထွက်....ပြေး....ကြ....ပါ'

သူမ အသံကလေးက တိုးညင်းမောလျနေသည်။

'ဒီဒီ့ကို ကိုမျိုးခက် မထားရစ်ခဲ့နိုင်ပါဘူး၊ ဒီဒီ မသေနိုင်ပါဘူး၊ ဒဏ်ရာက အောက်ပိုင်းကို ရှပ်ထိတာပါ'

ဟုတ်သည်။ ခင်စန္ဒီ့ အောက်ပိုင်းတစ်ခုလုံး သွေးဖြင့် ရွှဲနစ်နေသည်။

စင်စစ်....

ပရော်ဖက်ဆာဂျိုးဆက်ပက်ပ်သည် ခင်စန္ဒီ၏အထက်ပိုင်းကို သော်မဆင်မရှင်းဂန်းဖြင့်ရုတ်တရက်လှည့်မွှေ့လိုက်သော်လည်း ကပ္ပတိန်ဘခက်က ခုန်အုပ်လိုက်သဖြင့် အောက်ပိုင်းကို ထိသွားခြင်းပင်။

မျိုးခက်သည် ခင်စန္ဒီကို အခန်းတစ်ခန်းထဲသို့ သွင်းလိုက်သည်။ ဒေါ်တင်မျိုးဆွေနှင့် ချစ်ချစ်က ခင်စန္ဒီ၏ဒဏ်ရာကို စစ်ဆေးပေးသည်။

ပေါင်တွင်တစ်ချက်၊ခြေသလုံးတွင်တစ်ချက်ရှပ်ထိထားပါ သည်။ သွေးတွေ သိမ်ထွက်နေရှာသည်။

'အန်ကယ်.... သွေးတိတ်အောင်လုပ်ဖို့ အရေးကြီး တယ်၊ ပြီးတော့ ဒီငနဲကြီးဆီက ဆေးသေတ္တာ တောင်းကြည့်ပါ'

'အေး'

ကပ္ပတိန်ဘခက်သည် ပရော်ဖက်ဆာအရှုးကြီးကို သေနတ်နှင့်ချိန်၍ ဆေးသေတ္တာတောင်းသည်။

'အေး....အေး၊ ပေးမယ်၊ ငါ့နောက်ကို လိုက်ခဲ့'

ပရော်ဖက်ဆာကြီးက ခပ်ထေ့ထေ့ပြုံး၍ ကပ္ပတိန်ဘခက်ကို ခေါ်သွားသည်။

'အန်ကယ်၊ သတိထား'

မျိုးခက်က သတိပေးရင်း သူတို့နှစ်ယောက်၏ နောက်မှ မြားသေနတ်နှင့်လိုက်ပါသွားသည်။

ဂျိုးဆက်ပက်ပ်သည် ထိန်းချုပ်မှုစက်ခန်းControl Room ထဲသို့ သူတို့ကို ခေါ်ဆောင်သွားသည်။

'ခင်ဗျားကြီး ယီးတီးယားတားတော့လုပ်မယ်မကြံနဲ့နော်၊ သေသွားမယ်'

'မလုပ်ပါဘူးကွာ၊ငါမင်းတို့ကိုဆေးသေတ္တာပေးမလို့ပါ'

ဂျိုးဆက်ပက်ပ်သည် စက်ခလုတ်ခုံအောက်မှ ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်သည်။

'ဒါ ဘာလုပ်တာလဲ'

'အံဆွဲဖွင့်မလို့၊ ဆေးသေတ္တာနဲ့ဆေးတွေအထဲမှာရှိတယ်၊ ထိုးဆေးတွေလဲ ရှိတယ်'





'သွေးတိတ်အောင်ထိုးတဲ့ဆေး ရှိသလား'

'ရှိတယ်၊ အားလုံးရှိတယ်၊ကဲ....မင်းတို့ဟာမင်းတို့ဖွင့်ပြီး ယူပေတော့'

'ခင်ဗျားဖွင့်'

'အိုကေ....ဖွင့်ဆိုလဲဖွင့်ရတာပေါ့ကွာ'

ဂျိုးဆက်ပက်ပ်သည် သံမဏိ အံဖုံးကြီးကို ဖွင့်လိုက်သည်။ ကပ္ပတိန်ဘခက်သည် သူ့ကျောပြင်ကိုသော်မဆင်နှင့်ချိန်ထားသလို မျိုးခက်က အခန်းဝမှ မြားသေနတ်နှင့်စောင့်နေသည်။

ပရော်ဖက်ဆာဂျိုးဆက်ပက်ပ်သည် ဆေးသေတ္တာကြီးကို အေးအေးဆေးဆေးဆွဲထုတ်၍ ကပ္ပတိန်ဘခက်ထံသို့ လှမ်းခနဲလှည့်ပြီး ပစ်ပေါက်လိုက်သည်။

သူ့လက်ထဲတွင် အံ့ဆွဲထဲမှ နှိုက်ယူလိုက်သည့် ပစ္စတိုပေါက်စကလေးတစ်လက်။

'ဒက်....ဒက်....ဒက်....ဒက်'

သော်မဆင်၏ ယမ်းငွေ့များကြားထဲတွင် ဂျိုးဆက်ပက်ပ် ခွေကျသွားသည်။ ဂျိုးဆက် ပက်ပ်သည် ခေါင်းဖြူကြီးကို ထောင်၍ မျက်လုံးပြူးကြီးဖြင့် တစ်ခွန်းချင်းပြောသည်။

'ငါ....ငါ သေတာထက်ဆိုးတဲ့ အခြေအနေမျိုးနဲ့ မင်းတို့အားလုံး သေ....သေ....သေရမယ်'

'ဘာ....'

မပြောနိုင်တော့ပါ၊ဇက်ကြီးကျိုးကျ၍ ဘဝဆိုးကို အဆုံးသတ်သွားခဲ့ပြီ၊မျိုးဖျက်တစ်ကောင် ဇာတ်သိမ်းသွားပြီ။

*

## အခန်း (၂၂)

'ကဲ.... မောင်မျိုးခက်၊ သူ ခပ်စောစောက နှိပ်လိုက်တဲ့ ခလုတ်ဟာ အန္တရာယ်တစ်ခုခုဖြစ်လာနိုင်တယ်၊ မထူးဘူး၊ရင်ဆိုင်ရုံပဲရှိတော့တယ်၊ အခုလောလောဆယ် ခင်စန္ဒီကို သွေးတိတ်အောင်လုပ်ပြီး ဆေးကုပေးဖို့ အရေးကြီးတယ်၊ ဆေးသေတ္တာယူခဲ့'

ကပ္ပတိန်ဘခက်နှင့် မျိုးခက်သည် ခင်စန္ဒီကို သူတို့ တတ်ကျွမ်းသော ဆေးပညာနှင့် အရေးပေါ်ကုသရသည်။

မျိုးခက်က ကြက်ခြေနီ။ ကပ္ပတိန်ဘခက်က ဖိုက်တာ ပိုင်းလော့ တိုက်လေယာဉ်မှူးဟောင်းတစ်ယောက်။

အဆင့်မြင့် အရေးပေါ်ဆေးကုသမှုသင်တန်းကို ကပ္ပတိန်ဘခက် တက်ခဲ့ဖူးသည်။

'ဒီဒီ ဘာမှအားမငယ်နဲ့နော်၊ ဒဏ်ရာက ပေါင်နဲ့ ခြေသလုံးကို ရှပ်ထိထားတာ၊ ဘာမှ ကိစ္စမရှိဘူး'

မျိုးခက် အားပေးရသည်။ခင်စန္ဒီ ခေါင်းယမ်းသည်။

'ဟင့်အင်း....ဟင့်အင်း၊ ဒီဒီ့ကိုထားခဲ့ကြပါ၊ ကိုမျိုးခက်တို့ သွားကြပါ'





ကပ္ပတိန်ဘခက်နှင့် မျိုးခက်သည် ခင်စန္ဒီအား သွေးတိတ်စေရန်ဆေးထိုး၍ ဒဏ်ရာကို ဆေးထည့် ပတ်တီးစည်းပေး၏။

'သွားကြပါတော့၊ ဒီဒီ့ကို ထားခဲ့ကြပါတော့၊ ဒယ်ဒီပြန်လာရင် ကိုမျိုးခက်တို့ အားလုံးကို သတ်လိမ့်မယ်'

ခင်စန္ဒီ အော်သည်။ သွေးရူးသွေးတန်းအော်သည်။ သူတို့လက်မှ ရုန်းသည်။

'ဒီဒီ....'

မျိုးခက်က လက်နှစ်ဖက်ဖြင့် ပါးကလေး နှစ်ဖက်ကို ညင်သာစွာအုပ်ကိုင်ရင်း တိုးတိုးကလေး ခေါ်သည်။

'ရှင်'

ခင်စန္ဒီနှင့်မျိုးခက်တို့ အကြည့်ချင်း ဆုံမိကြသည်။

တစ်ယောက်နှင့်တစ်ယောက် အကြာကြီး ကြည့်နေကြ၏။

သူတို့နှစ်ယောက်ကိုကြည့်၍ ချစ်ချစ် မျက်ရည်တွေ လည်လာသည်။ ရင်ထဲတွင် ဆို့နင့်လာသည်။

ချစ်ချစ်သည် ခင်စန္ဒီကို သိပ်သနားသွားမိသည်။ သူတို့နှစ်ဦးသား၏အဖြစ်က မကြည့်ရက်နိုင်စရာ ဖြစ်နေရှာသည်။

'ငြိမ်ငြိမ်လေးနေနော်'

'ဟုတ်....ဟုတ်ကဲ့ ကိုမျိုးခက်'

သူ့လက်ကလေးကို မျိုးခက်က ဆုပ်ကိုင်ထားသည်။

'အမယ်လေး....ကျွတ်....ကျွတ်....ကျွတ်'

'ဒီဒီ....ဒီဒီ....သိပ်နာသလားဟင်၊ ပြီးပြီ၊ ခဏလေးနော် ခဏလေး'

မျိုးခက်လက်ကို ခင်စန္ဒီ တအားဆုပ်ကိုင်ထားရင်း အံကြိတ်ခံနေရှာပါသည်။

ပေါင်က ဒဏ်ရာကတော့ သိပ်မပြင်းထန်လှ။

ရှပ်ထိသွားခြင်း ဖြစ်ပါသည်။

ခြေသလုံးကဒဏ်ရာမှာ အရိုးကို ထိသွားသည့် ထင်ရ၏။

'ကဲ....မောင်မျိုးခက်၊ အချိန်မရှိတော့ဘူး၊ အန်ကယ်တို့ ဒီဂူကြီးထဲက ထွက်ရအောင်'

'ဟုတ်ကဲ့ အန်ကယ်၊ ရော့....ချစ်ချစ်က မြားသေနတ်ကိုကိုင်၊ ကိုမျိုးက ဒီဒီ့ကို ပွေ့ခဲ့မယ်'

'ကိုမျိုးခက်ရယ်....ဒီဒီ့ အတွက်နဲ့ ကိုမျိုးခက်တို့မှာဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေပြီ၊ ဒီဒီ့ကိုထားခဲ့ပါ၊ ကိုမျိုးခက်တို့သာလွတ်အောင် အချိန်မီပြေးကြပါ'

မျိုးခက် ဘာမှမပြော။

ခင်စန္ဒီ၏ ကိုယ်ကလေးကို ပွေ့မလိုက်သည်။

သူတို့တစ်တွေသည် လိုဏ်ဂူကြီး၏ စကြံတစ်လျှောက်မှသတိထား၍ လျှောက်ခဲ့ကြသည်။

'ဟော....ဟိုမှာ တံခါးတစ်ချပ် ပွင့်နေတယ်'

'ဟုတ်တယ် အန်ကယ်၊ ခပ်စောစောက အဲဒီအပေါက်ဝဟာ လုံးဝ မရှိဘူး'

'တိုင်နဲ့ကြီး ခလုတ်နှိပ်လိုက်လို့ ပွင့်သွားတာ ဖြစ်ရမယ်၊ သတိထား၊ မဆွေနဲ့ ချစ်ချစ်က နောက်ကလိုက်'

'ဟုတ်....ဟုတ်ကဲ့ ဖေဖေ'





သူတို့တစ်တွေသည် လိုဏ်ဂူကြီး၏ အဆုံးရှိ လူတစ်ကိုယ်စာ ဝင်ပေါက်သို့ ရောက်ခဲ့ကြသည်။

ကပ္ပတိန်ဘခက်သည် သော်မဆင်မရှင်းဂန်းကို အဆင်သင့်ကိုင်ရင်း ကျောက်ဂူ၏ အပေါက်ဝမှ မိုက်မိုက်ကန်းကန်းခုန်ထွက်လိုက်သည်။

ကျောက်ထီးကြီးမိုးနေသော ရေပြင်ကြီးက သူ့ကို စောင့်ကြိုနေ၏။ လူမရှိ။

ဟုတ်သည်။

ရေအောက်လိုဏ်ဂူမှ ထွက်သော ထွက်ပေါက်ကိုတော့ ရောက်ခဲ့ပါပြီ။ သို့ရာတွင်....

သည်ဂူကြီး၏ အပြင်သို့ ရောက်ရှိရန် ရေအောက်ကိုငုပ်၍ ဖြတ်သန်းပြီး ကျွန်းပေါ်မှ ရေကန်ကလေးထဲသို့ တက်ရမည်။

ဒိုက်ဗာဆပ်မရင်း ရေငုပ်သဘော်ာ အငယ်စားကလေးလည်း မရှိ။

'ဒီကနေ ဘယ်လိုထွက်ကြမလဲ အန်ကယ်၊ ဒိုက်ဗာဆပ်လဲမရှိဘူး'

'ဟုတ်တယ်၊ ရေအောက်က ငုပ်ပြီးထွက်မှပဲ အပြင်ကိုရောက်မယ် မောင်မျိုးခက်၊ ကဲ....ခင်စန္ဒီကို ဟောဒီ ကျောက်တုံးဘေးမှာ အသာချထားပြီး မင်းစောင့်နေရစ်၊ အန်ကယ်ဂူထဲကို ပြန်ဝင်လိုက်ဦးမယ်'

ကပ္ပတိန်ဘခက်သည် ပြောပြောဆိုဆို လိုဏ်ဂူကြီးထဲသို့ ပြန်၍ ဝင်သွားသည်။

ခင်စန္ဒီသည် ကျောက်တုံးကလေးကိုမှီရင်း မေ့နေရှာသည်။ ဒဏ်ရာက နာသည် ထင်ပါသည်။

ချစ်ချစ်သည် ခင်စန္ဒီဘေးတွင် ထိုင်နေသည်။

မျိုးခက် စဉ်းစားနေသည်။

ရေအောက်ရှိ ကျောက်ဆောင်များတွင် တပ်ဆင်ထားသော ရေအောက် မီးလုံးကြီးများကြောင့် ရေပြင်တစ်ခုလုံး လင်းထိန်နေသော်လည်း ဒီရေပြင်ကို ငုပ်လျှိုး ဖြတ်သန်းသွားရန်အတွက် ရေငုပ် အသက်ရှူကိရိယာများ လိုသည်။

သည်ရေပြင်ကို ဘယ်လိုလုပ်၍ ငုပ်ထွက်မလဲ။

သူတို့အထဲတွင် ဒဏ်ရာရထားသော မိန်းမသား တစ်ယောက်ကလည်း ပါနေသည်။

'သား မောင်မျိုးခက်'

မျိုးခက် လှည့်ကြည့်လိုက်သည်။

သူ့မိခင်သည် သူ့ကို တစ်စုံတစ်ရာကို ပြောလိုနေဟန်ရှိသည်။

'ဘာလဲ မေမေ'

'ဟိုနားကို ခဏသွားရအောင်၊ သားကို မေမေ အရေးကြီးတဲ့ စကားတစ်ခု ပြောစရာရှိလို့'

ဒေါ်တင်မျိုးဆွေအသံက လှိုက်လှဲတိုးညင်းလှသည်။

ပြီးတော့....

ချစ်ချစ်၊ ခင်စန္ဒီတို့နှင့်ဝေးရာ ကျောက်ဂူကြီး၏အပေါက်ဝဘေးသို့ သွားသည်။

မျိုးခက်သည် မေမေ့နောက်မှ လိုက်ပါသွားသည်။





'သားကို မေမေ တစ်ခုပြောစရာရှိလို့'

'ဗျာ'

'သား အနှစ်နှစ်ဆယ်လုံးကြားချင်လှပါတယ်ဆိုတဲ့စကားလေ၊ မင်းအဖေကို သိချင်တယ်ဆို'

'ခင်ဗျာ၊ ကျွန်တော့်အဖေ ဟုတ်လား မေမေ'

'ဟုတ်ပါတယ် သားရယ်၊ အခုလို အန္တရာယ်တွေကြားထဲရောက်နေတဲ့အချိန်မှာ မေမေများ မတော်တဆ တစ်ခုခုဖြစ်သွားရင် သား သိပ်သိချင်နေတဲ့ သားအဖေကို သိလိုက်ရမှာမဟုတ်လို့'

အဖေ....အဖေတဲ့။

သူနှင့် မိခင်အား လူကြားသူကြားထဲတွင် ခေါင်းမဖော်ဝံ့အောင် ရက်စက်ခဲ့တဲ့ အဖေ။

တာဝန်မကျေခဲ့တဲ့ အဖေ။ လူမဆန်ခဲ့သည့် အဖေ။

သည်အဖေ့အကြောင်းကို သူ့မိခင်အား မကြာခဏ မေးမြန်းခဲ့သည်။ မပြောခဲ့။

အခုလို သေလမ်းရှင်လမ်း ရန်သူ့စခန်းမှ စွန့်စား၍ထွက်ရတော့မည့် အချိန်ရောက်မှ သူ့မိခင်က အဖေ့အကြောင်းပြောမည်တဲ့။

မျိုးခက်သည် လက်ငင်းကြုံတွေ့နေရသော အန္တရာယ်ကိုမေ့သွားပြီး ဖခင်အား စိတ်နာစွာ အံကြိတ်လိုက်သည်။

'သားရဲ့အဖေဟာ ဘာကယ်ဆိုတော့ ဘာဆိုဘာမှမသိရှာခဲ့ပါဘူးကွယ်၊ သူ့မှာ သားတစ်ယောက်ရှိမှန်းလဲ မသိရှာပါ

ဘူး၊ သားရဲ့ အဖေအပေါ်ကို ခွင့်လွှတ်နိုင်တယ် မဟုတ်လား ဟင်'

'ကျွန်တော့်အဖေဟာ ဘယ်သူလဲ'

မျိုးခက်အသံက တည်ငြိမ်အေးစက်နေသည်။

'သူ့ကိုခွင့်လွှတ်ပါ သားလေးရယ်၊ အဖေဆိုတာ စိတ်နဲ့ တောင် မပြစ်မှားသင့်ပါဘူးကွယ်၊ နော် သား'

'ပြောပါ မေမေ၊ သားရဲ့အဖေဟာ ဘယ်သူလဲ'

'သူ...သူဟာ သားလေးရဲ့ အဖေအရင်းဟာ ကပ္ပတိန်.... ကပ္ပတိန်ဘခက်ပါပဲ သားရယ်'

ကပ္ပတိန်ဘခက်....

ကပ္ပတိန်ဘခက်....

ကပ္ပတိန်ဘခက်။

*



## အခန်း (၂၃)

မျိုးခက်နားထဲတွင် မိုးကြိုးပစ်သံလို ကျယ်လောင်လှသော ကပ္ပတိန်ဘခက်ဆိုသည့် အသံကြီးက ပဲ့တင်ထပ်မျှ ကြားလိုက်ရသည်။

ကပ္ပတိန် ဘခက်တဲ့။

ရက်စက်တဲ့ အဖေ။

အကြင်နာကင်းမဲ့ခဲ့တဲ့ ဖခင်။

လောကကြီးတွင် သူနှင့် သူ့မိခင်အား လူလုံးမလှအောင်၊ ခေါင်းမဖော်ဝံ့အောင်၊ စိတ်သောကတွေ အမျိုးမျိုး ရောက်အောင်....

မအေနှင့် သားကြားထဲတွင် ပဋိပက္ခဖြစ်အောင် လုပ်ခဲ့သည့် သူ့ဖခင်မှာ ကပ္ပတိန်ဘခက်တဲ့။

ကပ္ပတိန်ဘခက်၏ သမီးလေးက ချစ်ချစ်။

ချစ်ချစ်နှင့် သူက မောင်နှမ။

လောကကြီးသည် ချာချာလည်သွားသည်။

မည်းမည်း မှောင်သွားသည်။

မျိုးခက် မျက်လုံးထဲတွင် ဘာမှ မမြင်တော့။

အမှောင်ထဲတွင် မီးတွေ တဟုန်းဟုန်း တောက်လောင်လာသည်။

ထိုမီးထဲတွင် အကြင်နာတရား ခေါင်းပါးခဲ့သည့် လူယုတ်မာကြီး ကပ္ပတိန်ဘခက်။

သတ္တိရှိ၍ ယောကျ်ားကောင်းပီသပြီး သူကြည်ညိုလေးစား ချစ်ခင်ခဲ့ရသော ကပ္ပတိန်ဘခက်။

ကပ္ပတိန်ဘခက်နှစ်ယောက်သည် မျိုးခက် မျက်လုံးထဲတွင် ယှဉ်၍ မြင်လာပါသည်။

သူ အင်မတန် မုန်းတီးနာကြည်းခဲ့ရသော သူ့ဖခင်သည် သူ ကြည်ညိုလေးစားရသော လူသားတစ်ဦး ဖြစ်နေသည်။

'သား'

မျိုးခက် မကြား။

သူ့နောက်မှ ခေါ်လိုက်သံကို မကြား။

'သား....မောင်မျိုးခက်'

မျိုးခက် လှည့်ကြည့်လိုက်သည်။

သူ့ဖခင် ကပ္ပတိန်ဘခက်သည် သူ့နောက်တွင် ရောက်နေသည်။

သားအဖနှစ်ယောက် အကြည့်ချင်း ဆုံနေကြသည်။

သည်သားနှင့် သည်လင်အကြားမှာ....

မေတ္တာတွေကို စွန့်ပစ်ခြင်းခံခဲ့ရရှာသည့် မိခင်၏ရင်တွင် သားကလေး၏ တုံ့ပြန်မှုကို ရင်တထိတ်ထိတ်ဖြင့် စောင့်စားနေရှာပါသည်။





'ဟုတ်ပါတယ်၊ မင်းဟာ ငါ့သားအရင်းပါပဲ မောင်မျိုး က်၊ မင်းမိခင်ပြောတာတွေဟာ အမှန်တွေပါ၊ ဖေဖေ မှား ပါတယ်၊ ဖေဖေရဲ့တာဝန်တွေဟာ ပျက်ကွက်ခဲ့ရပြီး မင်းတို့ ားအမိကို ရက်စက်ခဲ့မိသလိုဖြစ်ခဲ့ရတယ်၊ ဒါတွေအားလုံး ာ ဖေဖေ့အမှားတွေပါ၊ ငါ့သားဟာ ဖေဖေ့ကို သိပ်စိတ် ာနေတယ်ဆိုတာ ဖေဖေသိပါတယ်သားရယ်၊ ကဲ....ငါ့သား ဖေ့ကို ဘာလုပ်ချင်သလဲ၊ ငါ့သားကြိုက်သလိုလုပ်နိုင်တယ်၊ ော့....သေနတ်'

ကပ္ပတိန်ဘခက်သည် ရင်ကို ကော့၍ထားသည်။

မျိုးခက်သည် သူ့လက်ထဲသို့ရောက်လာသော စက်သေ တ်ဒင်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားပါသည်။

သူ့မျက်နှာကလည်း ခံစားမှုနှင့် တင်းမာနေသည်။

သေနတ်ပြောင်းဝသည် ကော့ထားသော ကပ္ပတိန်ဘခက် အသည်းနှလုံးနှင့် တည့်မတ်နေပါသည်။

'သား'

မေမေသည် သူ့ခြေသလုံးကိုဖက်၍ခေါ်နေရှာသည်။

မေမေ့မျက်နှာတွင် အသနားခံခြင်း၊ တောင်းပန်ခြင်း တွနှင့် ပြည့်နှက်လို့နေသည်။ သူ့ကိုမော့ကြည့်နေရှာသော မေ့မျက်လုံးထဲတွင် မျက်ရည်တွေ ဝေနေရှာသည်။

ဖေဖေသည် ယောကျ်ားပီသစွာ ပြုံးနေသည်။

အနှစ်နှစ်ဆယ်လုံး ရင်ထဲတွင် နာကြည်းမုန်းတီးခဲ့ရသော ျိုးအတေးများ၊ နာကြည်းချက်များသည် စက္ကန့်ပိုင်း၊ ပိုင်းအတွင်း ပြေပျောက်၍သွားနိုင်စွမ်း မရှိပါ။

မျိုးခက် မျက်လုံးထဲတွင် ဘာမှ မမြင်တော့။

အမှောင်ထဲတွင် မီးတွေ တဟုန်းဟုန်း တောက်လောင်လာသည်။

ထိုမီးထဲတွင် အကြင်နာတရား ခေါင်းပါးခဲ့သည့် လူယုတ်မာကြီး ကပ္ပတိန်ဘခက်။

သတ္တိရှိ၍ ယောကျာ်းကောင်းပီသပြီး သူကြည်ညိုလေးစား ချစ်ခင်ခဲ့ရသော ကပ္ပတိန်ဘခက်။

ကပ္ပတိန်ဘခက်နှစ်ယောက်သည် မျိုးခက် မျက်လုံးထဲတွင် ယှဉ်၍ မြင်လာပါသည်။

သူ အင်မတန် မုန်းတီးနာကြည်းခဲ့ရသော သူ့ဖခင်သည် သူ ကြည်ညိုလေးစားရသော လူသားတစ်ဦး ဖြစ်နေသည်။

'သား'

မျိုးခက် မကြား။

သူ့နောက်မှ ခေါ်လိုက်သံကို မကြား။

'သား....မောင်မျိုးခက်'

မျိုးခက် လှည့်ကြည့်လိုက်သည်။

သူ့ဖခင် ကပ္ပတိန်ဘခက်သည် သူ့နောက်တွင် ရောက်နေသည်။

သားအဖနှစ်ယောက် အကြည့်ချင်း ဆုံနေကြသည်။

သည်သားနှင့် သည်လင်အကြားမှာ....

မေတ္တာတွေကို စွန့်ပစ်ခြင်းခံခဲ့ရရှာသည့် မိခင်၏ရင်တွင် သားကလေး၏ တုံ့ပြန်မှုကို ရင်တထိတ်ထိတ်ဖြင့် စောင့်စားနေရှာပါသည်။





'ဟုတ်ပါတယ်၊ မင်းဟာ ငါ့သားအရင်းပါပဲ မောင်မျိုးခက်၊ မင်းမိခင်ပြောတာတွေဟာ အမှန်တွေပါ၊ ဖေဖေ မှားပါတယ်၊ ဖေဖေရဲ့တာဝန်တွေဟာ ပျက်ကွက်ခဲ့ရပြီး မင်းတို့သားအမိကို ရက်စက်ခဲ့မိသလိုဖြစ်ခဲ့ရတယ်၊ ဒါတွေအားလုံးဟာ ဖေဖေ့အမှားတွေပါ၊ ငါ့သားဟာ ဖေဖေ့ကို သိပ်စိတ်နာနေတယ်ဆိုတာ ဖေဖေသိပါတယ်သားရယ်၊ ကဲ....ငါ့သား ဖေဖေ့ကို ဘာလုပ်ချင်သလဲ၊ ငါ့သားကြိုက်သလိုလုပ်နိုင်တယ်၊ သွား....သေနတ်'

ကပ္ပတိန်ဘခက်သည် ရင်ကို ကော့၍ထားသည်။

မျိုးခက်သည် သူ့လက်ထဲသို့ရောက်လာသော စက်သေနတ်ဒင်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားပါသည်။

သူ့မျက်နှာကလည်း ခံစားမှုနှင့် တင်းမာနေသည်။

သေနတ်ပြောင်းဝသည် ကော့ထားသော ကပ္ပတိန်ဘခက်အသည်းနှလုံးနှင့် တည့်မတ်နေပါသည်။

'သား'

မေမေသည် သူ့ခြေသလုံးကိုဖက်၍ခေါ်နေရှာသည်။

မေမေ့မျက်နှာတွင် အသနားခံခြင်း၊ တောင်းပန်ခြင်းတွေနှင့် ပြည့်နှက်လို့နေသည်။ သူ့ကိုမော့ကြည့်နေရှာသော မေမေ့မျက်လုံးထဲတွင် မျက်ရည်တွေ ဝေနေရှာသည်။

ဖေဖေသည် ယောကျာ်းပီသစွာ ပြုံးနေသည်။

အနှစ်နှစ်ဆယ်လုံး ရင်ထဲတွင် နာကြည်းမုန်းတီးခဲ့ရသော ဦးအတွေးများ၊ နာကြည်းချက်များသည် စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း ပြေပျောက်၍သွားနိုင်စွမ်း မရှိပါ။

သို့ရာတွင် သူ ဖခင်သည် သူ ကြည်ညိုလေးစားခင်မင်ခဲ့
သော ယောက်ျားပီသသည့် ယောက်ျားတစ်ယောက် ဖြစ်
သည်။ ဖေဖေသည် ရဲရင့်စွာ ပြုံးနေသည်။

ထိုအပြုံးထဲတွင် ကြင်နာမှု၊ ခွင့်လွှတ်မှုများနှင့်....

သားတစ်ယောက်အပေါ်တွင်ထားရှိသည့် မေတ္တာတွေ
မျိုးခက် မြင်ရသည်။

သူ မြင်လိုလှသော ဖခင်သည် သတ္တိရှိ၍ ယောက်ျားပီ
သူတစ်ဦး ဖြစ်နေပေပြီ။

'ဖေ....ဖေ'

'သား....'

မျိုးခက်သည် သူ ဖခင်ရှေ့တွင် ဒူးထောက်၍ ခြေထော
ကို ကိုင်လိုက်သည်။

'ဖေဖေ့အပေါ်မှာ သား ပြစ်မှားမိသမျှနဲ့ မေမေ့အပေ
မှာ အထင်မှားခဲ့တာတွေကို ကျွန်တော် ဝန်ချတောင်းပန်
တယ်၊ သားကို ခွင့်လွှတ်ကြပါ ခင်ဗျာ'

တင်မျိုးဆွေရင်ထဲတွင် သိမ့်ခနဲ။

မျိုးခက်သည် မေမေနှင့် ဖေဖေ့အား ရှိခိုး၍တောင်းပ
သည်။

ကပ္ပတိန်ဘခက်က သားကလေးပခုံးကို ဝမ်းသာအား
ကိုင်၍ ထူမ လိုက်သည်။

ဒါကို ချစ်ချစ်နှင့် ခင်စန္ဒီတို့ မြင်ကြသည်။

'ကဲ...သား၊ ဖေဖေ ရေငုပ်ပစ္စည်းတွေ ရခဲ့တယ်၊ ဂူ
က အချိန်မီထွက်ကြမှဖြစ်မယ်၊ ကွန်ထရီးရှမ်းထဲက အော





ဆီဂျင် အသက်ရှူပိုက်တွေ ကျည်ဆန်မှန်ပြီး ပေါက်ပြီး လှောင်
ထားတဲ့ အောက်ဆီဂျင်တွေ စိမ့်ထွက်နေတယ်၊ အောက်ဆီဂျင်
ကုန်ရင် ဒီဂူကြီးထဲမှာ အသက်ရှူလို့ရတော့မှာ မဟုတ်ဘူး'

ဟုတ်သည်။

ကပ္ပတိန်ဘခက်သည် ရေငုပ်ပစ္စည်းများ၊ အသက်ရှူဘူး
များကို လိုက်ရှာရင်း ထိန်းချုပ်မှုစက်ခန်းသို့ ရောက်သွား
သည်။

သူလိုချင်သော ရေငုပ်ပစ္စည်းများကို ရခဲ့သော်လည်း
ခုံတွင်သွယ်တန်းထားသော အောက်ဆီဂျင် အသက်ရှူပိုက်
Oxy: Breathing Pipe များ ပြတ်ထွက်နေသည်ကို တွေ့ခဲ့ရ
သည်။

ပရော်ဖက်ဆာ ဂျိုးဆက်ပက်ပ်ကို သော်မဆင် မရှင်းဂန်း
နှင့်ပစ်စဉ်က ထိသွားခြင်း ဖြစ်ဟန်တူသည်။

သူသည် ရေငုပ်ပစ္စည်းများကို ကမန်းကတန်း သယ်ယူ၍
ထွက်လာသည်။

ဤတွင် မမျှော်လင့်ဘဲ ဂူဝဌ သားနှင့်မယားကို စကား
ပြောနေစဉ် တွေ့လိုက်ရခြင်းပင်။

ယခုတော့ တင်မျိုးဆွေရင်တွင် ကျေနပ်သွားပါပြီ။

မဆွေရင်ထဲက မျှော်လင့်ချက်ကြီး ပြည့်သွားခဲ့ပါပြီ။

အန္တရာယ်ကြားတွင် သည်လင်နှင့် သည်သားတို့ အဆင်
ပြေသွားကြပါပြီ။

မျိုးခက်နှင့် ကပ္ပတိန်ဘခက်တို့သည် ရေငုပ်ပစ္စည်းများ
ကိုသယ်၍ ချစ်ချစ်နှင့်ခင်စန္ဒီတို့ထံ သွားကြသည်။

'ဂူထဲက မြန်မြန်ထွက်မှဖြစ်မယ်၊ အောက်ဆီဂျင် လေရှူ ပိုက်တွေပေါက်ကုန်ပြီ ချစ်ချစ်'

'ဟုတ်တယ် ဖေဖေ၊ အသက်ရှူရတာ တစ်မျိုးဖြစ်လာ တယ်'

သူတို့အားလုံး ပျာယာခတ်သွားသည်။

ရေငုပ်ဝတ်စုံတွေနှင့် အောက်ဂျင်ဆီအသက်ရှူဘူးတွေကို ကမန်းကတန်း ဝတ်ဆင်ကြသည်။

ကျောက်ထီးကြီး မိုးနေသော ရေကန်သည် ရေအောက် ဆလိုက်မီးများကြောင့် လင်းကြည်နေသည်။

ရေပြင်ကို မှန်သားပြင်လို ဖောက်၍ မြင်နေကြရသည်။

'မဆွေနဲ့ ချစ်ချစ်က ခင်စန္ဒီကို ဝတ်ပေးကြ'

'ဒီဒီ့ကို ထားခဲ့ကြပါ၊ ကိုမျိုးခက်တို့သာ လွတ်အောင် ပြေးကြပါရှင်'

'ဟာ.... ဒီဒီ့ကို ထားခဲ့လို့ ဘယ်ဖြစ်မလဲ၊ ကဲ....ကိုမျိုး ကိုယ်တိုင် ဝတ်ပေးမယ်နော် ဒီဒီ'

'ကိုမျိုးခက်'

'ဒီဒီ'

'ဒီဒီ ဒီနေရာမှာပဲ နေခဲ့ပါရစေ၊ ဒီဒီ မတတ်တောင် မရပ်နိုင်ပါဘူး၊ ဒီဒီ့အတွက် ကိုမျိုးခက်တို့မှာ ဝန်ထုပ်ဝန်ပိုး ကြီး ဖြစ်နေပြီ'

သူမအုသံလေးက ငိုသံပါနေရှာပါသည်။

'ဒီဒီရယ်.... ကိုယ့်စကားကို နားထောင်စမ်းပါ'





'ဟုတ်ပါတယ် ခင်စန္ဒီ၊ ခင်စန္ဒီဟာ အန်ကယ်တို့ရဲ့အသက် သခင် ကျေးဇူးရှင်ပါ၊ ကဲ....အချိန်မရှိတော့ဘူး၊ မိုးတောင် လင်းလုပြီ'

ခင်စန္ဒီကို ထူမ၍ ရေငုပ်ဝတ်စုံကို ဝတ်ပေးကြရသည်။

အောက်ပိုင်းတွင် ဒဏ်ရာရှိနေသဖြင့် ရေငုပ်အင်္ကျီကိုသာ ဝတ်ပေးရသည်။

'ဖေဖေ၊ ကျွန်တော်က ရေမှာပိုပြီးကျွမ်းတယ်၊ ဒီဒီ့ကို တွဲခဲ့မယ်၊ ဖေဖေက ရှေ့ကငုပ်ပြီးထွက်'

ဖေဖေတဲ့။

မျိုးခက်စကားကို ချစ်ချစ်နှင့် ခင်စန္ဒီ ကြားမိကြသည်။

မိသားစု ပြန်လည်တွေ့ဆုံသင့်မြတ်သွားကြသဖြင့် ခင်စန္ဒီ ဝမ်းသာမိသော်လည်း....

ချစ်ချစ်မှာတော့ ဖေဖေနဲ့ ကိုကိုတဲ့။

ချစ်ချစ်ရင်ထဲတွင်တော့ အရှုပ်ကလေးတွေနှင့်ပြည့်နှင့်နေ သေးသည်။

ကပ္ပတိန်ဘခက်သည် ရေကန်ထဲသို့ ရှေ့ကဆင်းနေသည်။

လက်တစ်ဖက်က မြားသေနတ်ကို ကိုင်ထားလေသည်။

သူ့နောက်က မဆွေ။

ချစ်ချစ်နှင့်မျိုးခက်က ခင်စန္ဒီကိုတွဲ၍ နောက်ဆုံးမှ ရေထဲ သို့ ဆင်းလိုက်ကြသည်။

'ကဲ....ကိုယ့်နောက်က ငုပ်ပြီးလိုက်ခဲ့ကြပေတော့'

*

## အခန်း (၂၅)

သူတို့ငါးယောက် ရေအောက်သို့ ရောက်သွားသည်။

ရေအောက် ဆလိုက်မီးကြီးများသည် မည်းမှောင်နေသော ရေပြင်ကို ကြည်လင်စွာ ထိုးနေသည်။

သူတို့သည် ရေနက်ပိုင်းသို့ ရောက်သွားကြသည်။

မကြာမီ ရေကန်၏ အောက်ခြေနံရံဘေးတွင် လိုဏ်ဂူပေါက်ကြီးတစ်ခုကို တွေ့လိုက်ရသည်။

ကပ္ပတိန်ဘခက်သည် ရေအောက်လိုဏ်ဂူပေါက်ကြီး ရှိရာသို့ ကူးယက်သွားသည်။

မျိုးခက်နှင့်ချစ်ချစ်သည် ခင်စန္ဒီကိုဖေးတွဲရင်း နောက်ဆုံးမှ ကူးခတ်လာကြသည်။

လှုပ်ရှားရသဖြင့် ခင်စန္ဒီ၏ဒဏ်ရာမှ သွေးများ ထွက်လာသည်။ ထိုစဉ်မှာ မြင်လိုက်ရခြင်းပါပဲ။

မည်းမည်းသဏ္ဌာန်ကြီးသုံးကောင်သည် လိုဏ်ဂူဝ၏ဘေးမှ သူတို့ရှိရာသို့ တည်ငြိမ်စွာ ရွေ့လျားလာကြ၏။

ငါးမန်း။





ပရော်ဖက်ဆာ ဂျိုးဆက်ပက်ပ်နှင့် ဦးစောဒီတို့ မွေးမြူထားသည့် ရောမငါးမန်းကြီး သုံးကောင်သည် သွေးနံ့ရသဖြင့် လှောင်အိမ်ထဲမှ ထွက်လာကြသည်။

ငါးမန်းလှောင်အိမ်တံခါးကို ဖွင့်သည့်ခလုတ်အား ဂျိုးဆက်ပက်ပ်က ဖွင့်ထားခဲ့ခြင်း ဖြစ်ပါ၏။

ဒါကို သူတို့မသိ။

မျိုးခက်၏ရင်ထဲတွင် ထိတ်ခနဲ။

မည်းခနဲမြင်လိုက်ရသည့် ငါးမန်းကြီးအား ချစ်ချစ်ကို အချက်ပြ၍ ရှေ့သို့ ကူးယက်ခဲ့သည်။

သူ့လက်ထဲတွင် မြားသေနတ်ရှိသည်။

ငါးမန်းမည်းမည်းကြီးသည် သွေးနံ့ရသော ခင်စန္ဒီ၏ ခြေထောက်ကို ထိုး၍ဟပ်ရန် တစ်ရှိန်ထိုးဝင်လာသည်။

'ရှိ....ရှိ'

မျိုးခက်သည် ဘေးတိုက်မြင်နေရသော သတ္တဝါကြီး၏ ခေါင်းပိုင်းကို မြားနှစ်သွားစလုံး ပစ်ထည့်လိုက်သည်။

Magnum ယမ်းငြင်းအားနှင့်ပစ်သော မြားသွား နှစ်ချောင်းစလုံး ငါးမန်းကြီး၏ကိုယ်တွင် စူးဝင်သွားသည်။

သွေးတွေ ရဲခနဲ။

မျိုးခက်သည် မြားတံကုန်သွားသော Harpon သေနတ်ကို လွှတ်ချလိုက်ပြီး ခါးမှဓားကို ဆွဲထုတ်လိုက်သည်။

သူသည် ချစ်ချစ်နှင့် ခင်စန္ဒီ၏ဘေးသို့ ရောက်သွားချိန်တွင် ငါးမန်းကြီးတစ်ကောင် ထပ်ဝင်လာသည်။

ခေါင်းမည်းမည်းကြီးဖြင့် Jawကြီး ဟထားသောကြောက်မက်ဖွယ် ရေအောက် သတ္တဝါကြီးက သူ့ထံသို့ တစ်ရှိန်ထိုး ပြေးဝင်လာသည်။

မျိုးခက်သည် ရေအောက်သို့စိုက်ဆင်း၍ ဓားသွားနှင့်ပင့်ပြီး ဗိုက်ကို ခွဲချလိုက်သည်။

ငါးမန်း၏ဗိုက်ထဲမှ လီဗာတုံးကြီးနှစ်တုံးထွက်ကျလာသလို ရေအောက်ကို စိုက်ဆင်းသွားသော ငါးမန်းကြီးကို မြင်လိုက်ရပါသည်။

ခင်စန္ဒီ မရှိတော့။

သူသည် ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်၍ ကြည့်သည်။

ကပ္ပတိန်ဘခက်သည် သူ့ထံသို့ ကူးယက်လာနေသည်။

သူသည် ငါးမန်းကြီးတစ်ကောင်ကို ပစ်သတ်ခဲ့ပြီး နောက်တွင် ကျန်ခဲ့သော မျိုးခက်ထံ ပြန်လှည့်လာခြင်းပင်။

ကပ္ပတိန်ဘခက်က ဂူဝသို့ထွက်ရန် လက်ဖြင့် အချက်ပြသည်။

ချစ်ချစ်နှင့် မေမေသည် ဂူဝလိုဏ်ခေါင်းဆီသို့ ရောက်နေကြသည်ကို မျိုးခက် မြင်ရသည်။

ခင့်စန္ဒီ....ခင်စန္ဒီ၊ ဒီဒီ ဘယ်မှာလဲဟင်။

ရင်ထဲမှ ပွဲ့ဘင်သံသည် ရင်ထဲမှာပင် နင်၍ ရင်ထဲမှာပင် နာကျင်သွားမိပါသည်။

ကံဆိုးမလေး ပျောက်နေရှာပြီ။

ထိုစဉ်မှာပင် ကျောက်ဆောင်ကြားမှ ပလုံစီများ ထွက်လာသည်။





မျိုးခက်သည် လေပူဖောင်းကလေးများ ထွက်နေသော ကျောက်ဆောင်ကြားသို့ ကူးခတ်သွားသည်။

လက်ဖျားလေးတစ်ဖက် ထွက်နေသည်ကို မြင်ရသည်။

သူသည် လက်ကလေးကို ဆွဲထုတ်လိုက်ပါသည်။

ခင်စန္ဒီပါမလာ။

ကျောက်ဆောင်ကြားထဲမှ တစ်စုံတစ်ရာသည် ခင်စန္ဒီကို ကုတ်ဆွဲထားသည်။ မျိုးခက်ရင်ထဲတွင် ထိတ်ခနဲ။

သူသည် ခင်စန္ဒီ၏ခါးကလေးကိုဖက်၍ ကျောက်ဆောင်ကြားထဲမှ အတင်းဆွဲထုတ်သည်။

သည်စဉ်တွင် မြင်လိုက်ရခြင်းပါပဲ။

ကျောက်ဆောင်ကြားထဲမှ မြွေ၏ ဦးခေါင်းသဏ္ဌာန်ခေါင်းကြီးသည် ခင်စန္ဒီ၏ ပေါင်တစ်ဖက်ကို ခဲထားသည်။ ကိုက်ထားသည်။

ငါးဖရုံ။

ငါးဖရုံသည် အလွန် ကြောက်စရာကောင်းသည်။

ပင်လယ်တံငါများ အသေအလဲ ကြောက်ရလောက်အောင် သူ့ပါးစပ်တွင် အစွယ်ရှင်တွေ ရှိသည်။

ငါးဖရုံ၏ အစွယ်များသည် ကြောင်လက်သည်းကဲ့သို့ ကုပ်ဝင်နေတတ်သော်လည်း ရန်သူနှင့်တွေ့လျှင် အစွယ်တွေက ကြွ၍ ထွက်လာသည်။

ရန်သူကို ကိုက်ပြီးသည်နှင့် သွားစွယ်တွေက အတွင်းသို့ ခေါက်ဝင်၍ မလွတ်တမ်း ကိုက်ခဲထားတတ်သည်။

ငါးဖရုံသည် တစ်လံခန့်ရှည်သော ငါးမြွေထိုးပုံသဏ္ဍာန် ခန္ဓာကိုယ်ရှိပြီး သူ့အမြီးကို ကျောက်ဆောင်နှင့် ခိုင်အောင် ချိတ်ဆွဲထားတတ်သည်။

ဘယ်လိုဆွဲဆွဲ မြဲနေတတ်သည်။

မျိုးခက်သည် ခင်စန္ဒီ၏ ပေါင်ကိုခဲထားသော ငါးဖရုံ၏ ခေါင်းကို ဓားဖြင့် တိခနဲ ဖြတ်ချလိုက်သည်။

ခင်စန္ဒီ တစ်ကိုယ်လုံး ပျော့ခွေနေပြီ။

အောက်ဆီဂျင် အသက်ရှူခွက်သည် ခင်စန္ဒီ့ ပါးစပ်မှ ပြုတ်ထွက်လျက်ရှိပြီး သူမ၏ ချစ်တတ်သော နှလုံးသားလေး တွေဆီသို့ ကြည်လင်အေးမြသော ရေများ စီးဝင်နေပါပြီ ကော။

မိုးပေါ်က မချောကလေး၏ အသည်းနှလုံးထဲတွင် အချစ် တွေနှင့် ပြည့်နှင့်နေသလို သူမ၏ရင်ထဲတွင် ရေတွေပြည့်နေ ရှာပြီ။

ကပ္ပတိန်ဘခက်နှင့် မျိုးခက်သည် ပျော့ခွေနေသော ခင် စန္ဒီကို တွဲ၍ လိုဏ်ခေါင်းမှ ဖြတ်ထွက်ခဲ့ကြသည်။

သူတို့အားလုံး ကျွန်းကလေးပေါ်ရှိ ရေကန်ကလေးသို့ ပေါ်လာချိန်တွင် နေအရုဏ် တက်နေပြီ။

နီလွင်သော မိုးကောင်းကင်သည် ဒုက္ခဝဲဂယက်အတွင်းမှ သက်စွန့်ဆံဖျား ရုန်းထွက်လာသော လူသားငါးဦးကို အုပ် မိုးထားသည်။

'ဒီ....ဒီ....ဒီဒီ'





မျိုးခက်သည် ခင်စန္ဒီ၏ ကိုယ်ကလေးဆီ ပွေ့ထားရင်း ဆို့နင့်စွာ ခေါ်မိပါသည်။ မထူးနိုင်ရှာတော့ပါ။

မိုးပေါ်က မချောကလေး၏ ချောမွေ့လှပသော မျက် နှာကလေးမှာ မပြုံးမရယ်၊ မရယ်မပြုံးနိုင်ရှာတော့ပါ။

သူမ ခန္ဓာကိုယ်က လှုပ်ရှားမှုမရှိ။

အချစ်ကလေးများနှင့် လှုပ်ရှားတတ်သော သူမ၏ နှလုံး သားကလည်း လှုပ်ရှားမှု မရှိ။

ချစ်စရာ စကားလေးတွေကို ပြောဆိုတတ်သော သူမ နှုတ်ခမ်းဖူးဖူးကလေးကလည်း လှုပ်ရှားမှု မရှိ။

စကားလေးတွေလည်း မရှိ။

မဒေးတောင်၊ ကသစ်ကျွန်း၊ မှော်ရုံတော။

မေရိုးဘေးများ ဝန်းရံ ခနေသော လုံးသာချိုင်ပင်လယ် ကွေ့ကလေးတွင် နှစ်ဦးသား တွေ့ကြစဉ်ကတော့ စကား လေးတွေ ရှိကြသည်။

မျိုးခက် ပြန်လည် ကြားယောင်မိပါသည်။

'ဒီနေရာကလေးဟာ တို့နှစ်ယောက်အတွက် ချစ်ကမ္ဘာ ကလေးလေ'

'သူညာနေပြီ'

'ဟုတ်တယ်၊ ညာနေတာ'

'သိပါတယ်၊ သိလျက်သားနဲ့ အညာခံနေရတာ၊ သူ ဒီဒီ့ကို မချစ်ပါဘူး' တဲ့။

တို့....ချစ်တတ်ပါတယ်ကွယ်။ တို့မှာ ချစ်တတ်တဲ့ နှလုံး သားလေး ရှိပါတယ်။

မင်းကို တို့ချစ်ပါတယ် ခင်စန္ဒီရယ်၊ မင်းအတွက် အချစ်ကလေးတစ်ခု တို့နှလုံးသားထဲမှာ တကယ် ရှိနေတယ် ဆိုတာ မင်းမကြားနိုင်တော့တဲ့ အချိန်ကိုရောက်မှ တို့ရင်ထဲမှာပေါ်လာပါတယ်ကွယ်။

ဒီဒီရယ်၊ တို့ ဒီဒီ့မျက်နှာကို ပါးချင်းကပ်လို့ ပြောနေပြီလေ။

တို့ မျက်ရည်လေးတွေ ဒီဒီ့ပါးမှာ စွန်းနေတာကို ဒီဒီ မသိတော့ဘူး မဟုတ်လား။

'သား....မောင်မျိုးခက်'

'ခင်ဗျာ....ဖေဖေ'

'သူ ဆုံးရှာပါပြီကွယ်'

ဟုတ်ပါသည်။

ရေအောက်တွင် မိုးပေါ်က မချောကလေး၏ အသက်ကျန်ရစ်ခဲ့သည်ကို အားလုံး သိကြပါသည်။

'ငါးမန်းကြီးဝင်လာတော့ ချစ်ချစ်နဲ့ ခင်စန္ဒီဟာ လူချင်းကွဲသွားကြတယ် ကိုမျိုးရယ်၊ ချစ်ချစ် ပြန်ရှာကြည့်တော့ မရှိတော့ဘူး၊ ရှေ့ကိုရောက်သွားပြီထင်လို့ ချစ်ချစ်လဲ ရှေ့ကိုကူးပြီးလိုက်လာခဲ့တာပါ၊ ချစ်ချစ်....ချစ်ချစ် စိတ်မကောင်းလိုက်တာ ကိုမျိုးရယ်၊ ချစ်ချစ်ကြောင့် ခင်စန္ဒီ....သေ....သေရတာ'

ချစ်ချစ် မျက်ရည်ကျနေရှာသည်။

ကိုမျိုး ရင်ထဲမှာ ဘယ်လို ခံစားနေရရှာသည်ကို ချစ်ချစ် သိပါသည်။





'သူ့ကံကြမ္မာပေါ့ ချစ်ချစ်ရယ်၊ ဒါပေမယ့် ဒီဒီဟာ ကိုမျိုးတို့ အားလုံးရဲ့ အသက်သခင် ကျေးဇူးရှင်မလေးပါ'

မေမေသည် သူ့ပခုံးကို ထူမလာသည်။

ဖေဖေက ဦးစောဒီတို့ ပြန်ရောက်မလာမီ ကျွန်းမှ ထွက်ခွာရန် ပြောသည်။

'နေရစ်တော့ ကံဆိုးမလေးရေ့၊ နေရစ်တော့'

မျိုးခက်သည် ခင်စန္ဒီ၏ ဝိညာဉ်မဲ့ ခန္ဓာကိုယ်ကလေးကို ကျောက်ဖျာပေါ်တွင် ညင်သာစွာ တင်လိုက်ပြီး အသည်းထဲက နှုတ်ဆက်လိုက်ပါသည်။

ရောင်နီသည် ပိုမို ရှန်းပလာပြီ။

နေနီဝန်းသည် ဟိုး အရှေ့ဆီမှ ထွက်စပြုလာပြီ။

*

## အခန်း (၂၅)

နေဝန်းနီကြီးသည် ပင်လယ်ထဲမှ ထိုးထွက်လာ၏။

ဦးစောဒီ ဘာမှမသိ။

လောကတွင် သူသိသည်မှာ ငွေ။

ငွေတစ်ခုတည်းကိုသာ သိ၍မရကြောင်း ဦးစောဒီ မသိပါချေ။

လေပွေလှိုင်းနှင့် မိခဲ့၍ သူ့တပည့်များ ပင်လယ်ထဲတွင် ကျန်ရစ်ခဲ့သည်။ သေသည် ရှင်သည်ကို ဦးစောဒီမသိ။

ကျွန်းပေါ်တွင် ဘာဖြစ်နေသည်ကိုလည်း ဦးစောဒီမသိ။

သူနှင့် ကြာဖူးသည် စပီဘုတ်ကို လေပွေလှိုင်းမှ လွတ်အောင် ပတ်၍မောင်းခဲ့ကြသည်။

ပင်လယ်ထဲတွင် ရုတ်တရက် သည်လို လေပွေလှိုင်းမျိုးနှင့် တိုးလျှင် အန္တရာယ်အင်မတန်ကြီးသည်။

ယခုတော့ အန္တရာယ်ကြားမှ လွတ်မြောက်ခဲ့ပြီ။

ပုလဲရတနာတွေကိုလည်း ရခဲ့ပြီ။

'ဒီရေအတက်နဲ့ အတော်ပဲ ကြာဖူး၊ ကမ်းစပ်ကို မြန်မြန်မောင်းစမ်း၊ တို့နောက်က ပဲ့ချိတ်တွေလိုက်လာတယ်'





'ဘယ်သူတွေလို့ထင်သလဲ ဆရာကြီး'

'မသိဘူး၊ ဘယ်သူပဲဖြစ်ဖြစ် ရေကန်အောက်က လိုဏ်ဂူထဲကိုရောက်ရင် တို့ကို သေအောင်ရှာတောင် မတွေ့နိုင်ဘူး၊ ချောင်းဝက ဒိုက်ဗာဆပ် စောင့်နေတဲ့နေရာကိုမောင်း'

'ဟုတ်ကဲ့....ဆရာကြီး'

ကျွန်းနှင့် နီးလာသည်။ ထိုစဉ်တွင် မြင်လိုက်ရခြင်းပါပဲ။

ကျောက်ဆောင်ကြားထဲမှ စပီဘုတ်ကလေး 'ဟိုင်း'ပြေးထွက်လာသည်။

'ဟော....ကြာဖူး၊ စပီဘုတ်ပေါ်က စိုးနက်တို့လား'

'မသိဘူးဆရာကြီး၊အမျိုးသမီးနှစ်ယောက်တော့ပါတယ်'

'ဟော....'

'ဟုတ်ဘယ် ဆရာကြီး၊ ဆံပင်တွေလွင့်နေတာကို ကျွန်တော် အသေအချာမြင်ရတယ်'

အကွာအဝေးက ကိုက်သုံးရာ။ သေချာပြီ။

အမျိုးသမီးနှစ်ယောက် ပါလာလျှင် ဘခက်တို့ ဖြစ်နိုင်သည်။ သို့သော်လည်း ဘခက်နှင့် မျိုးခက်ကို အခန်းထဲတွင် အသေအချာ ပိတ်လှောင်ထားခဲ့သည်။

ဒိုက်ဗာဆပ်မရင်း ကလေးကိုလည်း ချောင်းဝတွင် ထားခဲ့သည်။

ဘယ်လိုနည်းနှင့် လွတ်ထွက်လာသလဲ။

'သေချာအောင် သူတို့ရှိရာကို မောင်းစမ်းကွာ'

ဦးစောဒီသည် မီနီမရှင်းပစ္စတိုကို မောင်းတင်လိုက်ပြီး စပီဘုတ်၏ ဦးပိုင်းသို့ ရောက်ရှိသွားသည်။

'ဝေါ…ဝေါ…ဝေါ'

ကြာဖူးသည် စပီဘုတ်၏ စက်အရှိန်ကိုမြှင့်၍ ကျွန်းမှ ခွဲ
ပြုနေသော ဟိုင်းရှေ့ကို ပတ်၍လိုက်တော့သည်။

မျိုးခက်တို့ကလည်း မြင်သည်။

ဦးစောဒီ၏ စပီဘုတ်သည် သူတို့ရှိရာသို့ မျက်နှာချင်းဆို
မှ အတင်းမောင်းဝင်လာသည်ကို အားလုံး မြင်ကြသည်။

သူတို့တွင် ဘာလက်နက်မှ မရှိ။

'ကိစ္စမရှိဘူး ဖေဖေ၊ ကျွန်တော် ကမ်းခြေက ကျွန်းစွယ်
တွေကြားထဲမှာ ပတ်ရှောင်မယ်၊ ဒီလမ်းတွေကို ကျွန်တော်
သိတယ်'

ဟုတ်ပါသည်။ တစ်ခါတုန်းက ထိလပ်နှင့်အောင်ကျော်
စိန်ကို စပီဘုတ်နှင့် တင်၍ ကျွန်းဘေးရှိ ကျောက်စွယ်
ကျောက်တန်းတွေကြားထဲတွင် တရကြမ်း မောင်းခဲ့ဖူးသည်

'ဒက်…ဒက်…ဒက်…ဒက်'

ဦးစောဒီသည် ကျည်ဆန်တွေနှင့် သူတို့စပီဘုတ်ကို စတ
မိတ်ဆက်လိုက်သည်။

'ဝေါ…ဝေါ…ဝေါ…ဝေါ'

မျိုးခက်က ကျောက်ဆောင်ကြီး နှစ်ခုကြားသို့ အတင်
ကွေ့၍ ဝင်လိုက်သည်။ စပီဘုတ်ကလေး နောက်မှ ရေပန်
ကြီးများ ဖွာထွက်ပြီး တစောင်းကြီး မြောက်တက်သွားသည်

'မေမေ၊ ချစ်ချစ်၊ မြဲမြဲကိုင်ထား'

မျိုးခက် အော်လိုက်ပြီး ကျောက်ဆောင်ကြားမှ အထွက်
ရှေ့တွင် မည်းခနဲ မြင်လိုက်ရသည်။





'ဝေါ…ဝေါ…ဝေါ'

ရေအောက် ကျောက်ဆောင်ကို မျိုးခက် ရှောင်၍ ကျွန်း
ကြီး ကျွန်းကြားတစ်လျှောက် ကွေ့ပတ်၍ မောင်းသည်။

'ဒက်…ဒက်…ဒက်…ဒက်…ဒက်'

စက်သေနတ် ကျည်ဆန်များက သူတို့ခေါင်းပေါ်မှ ဖြတ်
သန်းပြီး ကျောက်ဆောင် ကျောက်တုံးများကို ဖွာခနဲ ဖွာခနဲ
နေအောင် ထိမှန်သည်။

ရှေ့က အတင်းပြေးနေသလို နောက်က အတင်းလိုက်နေ
၏။ စပီဘုတ် နှစ်စင်းသည် မီတာတစ်ရာခန့် အကွာတွင် တရ
ကြမ်း ပြေးလွှားနေကြသည်။

'မဆွေ…မဆွေ၊ မြဲမြဲကိုင်ထား'

ကပ္ပတိန်ဘခက်သည် ချစ်ချစ်ကို လွင့်စဉ်ကျမသွားအောင်
ဖက်ထားရင်း မဆွေကို အော်၍ သတိပေးသည်။

မျိုးခက် နောက်ကို လှည့်မကြည့်နိုင်ပါ။ လှည့်ကြည့်လိုက်
တာနှင့် ကျောက်ဆောင်နှင့် တိုက်မိမည်မှာ သေချာသည်။

နောက်ကလည်း အတင်းလိုက်နေပါသည်။

နီးလိုက် ကွာလိုက်ဖြင့် အသည်းယားစဖွယ် သေမင်းနှင့်
ကစားနေရသည်။

ဦးစောဒီသည် ကျည်ကပ်အသစ်တစ်ခုကို လဲလိုက်သည်။

'ဟေ့…ကြာဖူး၊ ဒီ့ထက်မြန်လို့ မရတော့ဘူးလား'

'ရတယ်၊ ဒီကျောက်ဆောင်တွေ ရှိနေလို့'

'ရရင် စက်ကုန်ဖွင့်စမ်း၊ ခွေးမသားတွေ လွတ်သွားတာနဲ့
တို့လုပ်ငန်းကြီးတစ်ခုလုံး ပျက်သွားလိမ့်မယ်'

ဦးစောဒီ ဒေါသတကြီး အော်လိုက်သည်။

ရှေ့တွင် အသေအချာမြင်နေရသော ငမန်းလေး မော
နေသည့် စပိဘုတ်ကို အော်တိုမစ်တစ် မီနီမရှင်းပစ္စတိုနှင့် ပ
သည်။

'ဒက်....ဒက်....ဒက်....ဒက်'

သို့ရာတွင် ဘုတ်နှစ်စင်းလုံး ပြေးလွှားလှုပ်ရှား ကွေ့ပ
နေသဖြင့် ချိန်သားမကိုက်လှ။

နေရောင်ခြည်သည် ထွန်းလင်း ဝင်းပလာသည်။

ယခုမူ အားလုံးကို ထင်ထင်ရှားရှား မြင်နေကြရပြီ။

မျိုးခက်သည် စပိဘုတ်ကို ကျောက်ဆောင်ကြီးနှစ်ခုကြာ
မှ ဖြတ်၍ အတင်းမောင်းဝင်လိုက်သည်။

ဤတွင် ရှေ့တွင် ပိတ်ဆီးနေသော ကျောက်ဆောင်ကြီ
တစ်ခုကို ဖြုန်းခနဲ တွေ့လိုက်ရသဖြင့် ညာဘက်ကို ပတ်ကွေ့
လိုက်သည်။

ညာဘက်တွင်လည်း ကျောက်ဆောင်ကြီးပိတ်နေပါသည်

'ဟာ'

သူသည် စပိဘုတ်ကို ပစောက်ကွေ့ ကွေ့၍ လာလမ်းကို
ပြန်ထွက်လိုက်စဉ် ဦးစောဒီ၏ စပိဘုတ်က ပစောက်ကွေ့ ထ
သို့ စက်ကုန်မြှင့်၍ မောင်းဝင်လာသည်။

'မျိုးခက်....သား'

ကပ္ပတိန်ဘခက်က တအားအော်၍ သတိပေးလိုက်စဉ်
အတွဲလိုက်ဆွဲလိုက်သော ဦးစောဒီ၏ စက်သေနတ် ကျည်ဆ
တွေက ထွက်လာသည်။





'ဒက်....ဒက်....ဒက်....ဒက်....ဒက်'

မျိုးခက်သည် ဘယ်ညာ အက်စ်တန်း S-Turn ပုံ ကွေ့၍
ရှောင်လိုက်စဉ်....

'ဒက်....ဒက်....ဒက်....ဒက်'

'အမယ်လေး'

'ဝုန်း'

ဦးစောဒီ၏ စပိဘုတ်သည် သူတို့ဘုတ်ကို ကျော်လွန်၍
မထိန်းနိုင်တော့ဘဲ ကျောက်ဆောင်ကြီးနှင့် ဝင်တိုက်တော့
သည်။

'အုန်း'

မော်တော်တစ်စင်းလုံး တစ်စစီ ပေါက်ကွဲသွားရ၏။

ဝိသမသမားကြီး ဦးစောဒီနှင့် ငမိုက်သား ကြာဖူးတို့၏
ကိုယ်ခန္ဓာမှာလည်း တစ်စစီ လွင့်ထွက်သွားပါသည်။

ဦးစောဒီ၏ရင်ဘတ်ကြားထဲမှ ပုလဲလုံး ရတနာများ ထည့်
ထားသော သားရေအိတ်ကလေးမှာ ကြည်လင်သော ရေ
အောက်တွင် ကျသွားပါသည်။

မျိုးခက်သည် မေမေ၏ အော်သံကြောင့် နောက်ကိုလှည့်
ကြည့်လိုက်သည်။

မေမေ မရှိတော့။

'သား....ရပ်....ရပ်၊ မင်း မေမေ ကျည်ဆန်မှန်ပြီး လွင့်ကျန်
ရစ်ခဲ့ပြီ'

ဒေါ်တင်မျိုးဆွေ ထိုင်သော နေရာဘေးတွင် ကျည်ဆန်
မှန်ထားသဖြင့် ဖွာနေသည်။

ဖေဖေ၏ အော်သံကြောင့် မျိုးခက်သည် စပိဘုတ်ကို ပြန်၍ လှည့်လိုက်ပါသည်။

သို့ရာတွင် စက်ရှိန်ကြောင့် ရုတ်တရက် ရပ်လို့မရ။

ရှေ့သို့ အရှိန်နှင့် ထွက်သွားသည်။

ကျောက်ဆောင် ကျောက်လုံးတွေ ပြည့်နှက်နေသော ရေပြင်သည် စပိဘုတ်နှစ်စင်း၏ စက်ရှိန်ကြောင့် လှိုင်းဂယက်များနှင့် ပွက်ပွက်ထနေသည်။

မျိုးခက်သည် စပိဘုတ်ကို ပစောက်ကွေ့ ထဲသို့ ပြန်ဝင်၍ မေမေ့ကို အမောတကော ရှာပါသည်။

ဘယ်လိုရှာရှာ မတွေ့ရတော့ပါ။

လှိုင်းဂယက်ထဲတွင် အချစ်အတွက် ဘဝပျက်ခဲ့ရသူလေး တင်မျိုးဆွေ ပျောက်ဆုံးနေခဲ့ပါပြီ။

ယခုတော့....

မဆွေ ထားခဲ့သော ဆန္ဒကလေးတွေ ပြည့်သွားခဲ့ပြီ မဟုတ်လား။

သည်သားနှင့် သည်အမေ ပြန်လည်တွေ့ဆုံကြလျှင်ပင်....

ရင်ထဲတွင် အနှစ် နှစ်ဆယ်ကျော် ဖြစ်ပေါ်နေခဲ့သော မျှော်လင့်ချက်ကြီး ပြည့်ခဲ့ရပြီ မဟုတ်လား။

မဆွေ၏ နှလုံးသားကလေးတွေသည် အေး မြ သော ပင်လယ်ရေထဲတွင်....

*



အခန်း (၂၆)

ပင်လယ်ထဲမှ လိုက်လာကြသော ပဲ့ချိတ်သုံးစင်းနှင့်အတူ ဆရာတင်မောင်ငွေ၊ ဆရာမောင်မောင်ဦးနှင့် ပြည်သူ့ရဲ တပ်ဝင်များ ပါလာကြသည်။

ဦးစောဒီ၏ စခန်းကြီးကို မျိုးခက်တို့အကူအညီနှင့် ချေမှုန်း သိမ်းပိုက်လိုက်ပါသည်။

'ဆရာတို့က မင်းချိန်းထားတဲ့နေရာက စောင့်ခဲ့ကြတယ်၊ ...လဲမုတ်ကောင်ကြီးတွေကို သက်ဆိုင်ရာကိုအပ်ဖို့ပေါ့၊ ဒါပေမယ့် မင်းတို့ရောက်မလာတော့ စိုးရိမ်သွားပြီး ရဲအဖွဲ့ကို ...တွင်းချင်း အကြောင်းကြားပြီး ဘုတ်တွေနဲ့ လိုက်လာကြတာ'

ဆရာတင်မောင်ငွေမှာ ငွေသပြေခက်လေး နှစ်ခုကို ပခုံးတွင် တင်ထားသော ရဲယူနီဖောင်းဝတ်စုံကို ဝတ်ဆင်ထားသည်။

'ဆရာက....'

'ဆရာက စပါယ်ရှယ်ဘရန့်ချ်ကပါ၊ ဦးစောဒီရဲ့သတင်း
တွေကို ရထားတာကြာပြီ။ သံတွဲကိုလာပြီး တိတိကျကျစုံစမ်း
လိုက်တော့ ဦးစောဒီဟာ ကျွန်းနံ့သာမှာ 'ဘေ့စ်' ထားပြီး
မူးယစ်ဆေးဝါးနဲ့ရေထွက်ပစ္စည်းတွေ၊ ပုလဲတွေကို ပြည်ပကို
ခိုးထုတ်ဖို့ ဒီကျွန်းကို Transit Camp အဖြစ် သုံးနေတယ်
ဆိုတာ သတင်းရခဲ့တယ်ကွ'

'ဗျာ....'

'ဟုတ်ပါတယ် မေန်းလေး၊ ရဲအဖွဲ့တွေနဲ့ ဒီကျွန်းကို
ဝိုင်းဖို့ အားလုံးစီစဉ်ထားပြီးသားပါ'

ဟုတ်ပါသည်။

ဦးစောဒီ၏ ရေအောက်စခန်းကြီးကို ရဲအဖွဲ့ဝင်များက
ရှာဖွေသိမ်းပိုက်လိုက်ပါပြီ။

ကပ္ပတိန်ဘခက်နှင့် မေန်းလေး မျိုးခက်တို့၏ အကူအညီ
ဖြင့်....

သည်....မြေမှာနေ

သည်....ရေကိုသောက်

သည်....မြေမှာကြီး

သည်....တိုင်းပြည်က ဆန်ကိုစားပြီး

သည်....အမိနိုင်ငံ၏ ကျေးဇူးသစ္စာကို မထောက်ညှာ
သော စီးပွားရေး ဝိသမလောဘသမားကြီး၏ အကြံအစည်
ကို အချိန်မီ တားဆီးခဲ့နိုင်ပါသည်။

မြန်မာ့ အဖိုးတန်ပုလဲရတနာများကို ရေအောက်မှ ရှာ
ဖွေ တွေ့ရှိခဲ့ကြပါသည်။





သို့ရာတွင် ဦးစောဒီနှင့်ကြာဖူး၏အလောင်းကိုအကောင်း
မရတော့။

မကောင်းမှုကိုပြုခဲ့ကြသော ရာဇဝတ်သားတို့၏ နောက်
ဆုံး လမ်းကား ဆိုးရွားလှသည်။

သည် လူ့ဝိသမလောဘသမားကြီးကို အပြီးတိုင် ချေမှုန်း
ခဲ့နိုင်သော်လည်း မျိုးခက်တို့၏ဘက်မှ ပေး ဆပ် ရ သော
တန်ဖိုးကား မနည်းလှပါ။

အသည်းနှလုံးတွေ ကြွေမတတ်ပင် ဖြစ်ပါသည်။

ခင်စန္ဒီနှင့် မေမေသည် ကျွန်းနံ့သာတွင် အသက်ဆုံးရှုံး
ခဲ့ရသည်။ ခင်စန္ဒီကို ကျွန်းနံ့သာတွင် ကောင်းမွန်စွာသဂြိုဟ်
နိုင်ခဲ့သော်လည်း....

ကျောက်ဆောင်ကျောက်ကြားများ ကြားထဲတွင် ပျောက်
ဆုံးသွားခဲ့သော ဒေါ်တင်မျိုးဆွေ၏ အလောင်းကို မတွေ့
ရတော့ပါ။ ရဲအဖွဲ့ဝင်များ ရေငုပ်ပစ္စည်းများနှင့် တစ်နေကုန်
ပိုက်စိပ်တိုက်၍ ရှာသော်လည်း ကံဆိုးမလေး၏ အလောင်း
မှာ ရေအောက်မှာပင် ပျောက်ဆုံးသွားခဲ့ ရှာပါပြီ။

ထိုနေ့ညနေတွင် သူတို့တစ်တွေသည် ကျွန်းနံ့သာမှ ဝမ်း
နည်း ကြေကွဲစွာ ထွက်ခွာခဲ့ကြပါသည်။

'ဩော်....မဆွေ....မဆွေ၊ ဒီလင်ဒီသားနဲ့ ဆုံစည်းရတဲ့
အချိန်ကိုရောက်မှ တစ်ဘဝ ခြားခဲ့ရပါပကောလားကွယ်၊
မဆွေ ကောင်းရာ သုဂတိကိုလားပါစေ၊ ဘဝဆက်တိုင်း
အချစ်အတွက် အနစ်နာမခံရသော မေတ္တာရှင်မလေး ဖြစ်
ပါစေကွယ်'

ကပ္ပတိန်ဘခက်သည် နေနီဝန်းအောက်တွင် တဖြည်းဖြည်း ဝေး၍ ကျန်ခဲ့ပြီဖြစ်သော ကျွန်းနံ့သာကို ငေး၍ လိုက်လှဲစွာ ဆုတောင်းလိုက်ပါသည်။

မျိုးခက် မျက်ရည်ကျနေပါသည်။

စက်လှေကြီး၏နောက်တွင်ရပ်ရင်း ကျွန်းနံ့သာကို ငေးကြည့်နေရှာသည်။

သည် ကျွန်းနံ့သာတွင် မေတ္တာကို အသက်ထက်ဆုံးပြသွားခဲ့သည့် သူ့မိခင်။

အချစ်ကလေးတွေကို နှလုံးသား အပဲ့အကြွေခံ၍ပြသွားခဲ့ရှာသော ခင်စန္ဒီ။

သူတို့တစ်တွေ ကျန်ရစ်ခဲ့ကြပြီ။

မျိုးခက်၏ နှလုံးသားလည်း ပဲ့ကျန်ရစ်ခဲ့ရသည်။

သူ မျက်ရည်ကျနေသည်။

'ကို....ကို'

ညင်သာနူးညက်သော အသံကလေးကို ကြားရသည်။

'ကို....ကို'

'ညီ....ညီမလေး'

'ကိုကို ငိုနေသလား၊ စိတ်ထဲမှာ သိပ်ထိခိုက်နေသလားဟင်၊ ကိုကိုငိုရင် ညီမလေးလဲ ငိုချင်တယ်'

'ကိုကို့ရင်ထဲမှာ ခံစားရလွန်းလို့ပါ၊ မေမေနဲ့ ခင်စန္ဒီကိုသနားလွန်းလို့ပါ၊ ကိုကိုဟာ မျက်ရည်ကျတတ်တဲ့ယောကျ်ားမျိုး မဟုတ်ပေမယ့် အခုတော့ မျက်ရည်ကျရပြီ ညီမလေးရယ်'





ချစ်ချစ်သည် ကိုမျိုးနှင့် ခင်စန္ဒီ့အပေါ်တွင် ခွင့်လွှတ်မိပါသည်။

'ကိုကိုဟာ ဖခင်မဲ့ဘဝနဲ့ နေခဲ့ရတယ်၊ မိခင်ကိုအထင်လွဲခဲ့တယ်၊ ဖခင်အရင်းနဲ့တွေ့ပြန်တော့ မိခင်ဟာ ကိုကို့ကိုရာသက်ပန် ခွဲသွားခဲ့ပါတယ်၊ ကိုကိုဟာ ငယ်စဉ်ကစပြီး မိဘရဲ့မေတ္တာကို မခံစားခဲ့ရပါဘူး'

'ကိုကို'

'ဟင်....'

'ညီမလေးလဲ အဲဒီလိုမျိုးပါပဲ ကိုကိုရယ်၊ ကိုကိုဟာ မိဘရှိလျက်နဲ့ မိဘမေတ္တာကိုမခံစားရသလို ညီမလေးဟာ မိရင်းဖရင်း မရှိပါဘူး'

'ဘာ....'

'ညီမလေးဟာ ကိုယ့်မိဘရဲ့အမည်ကိုတောင် မသိခဲ့တဲ့ဘဝပါ၊ မေမေ ဒေါ်နုနုချွတ်နဲ့ ဖေဖေဦးဘခက်ဟာ ညီမလေးကို အူဝဲဘဝကစပြီး မွေးစားခဲ့ကြတာ၊ ညီမလေးရဲ့ဖေဖေဟာ မေမေ ကိုယ်ဝန်ရှိနေတုန်း တိုက်ပွဲမှာ ကျသွားရှာပြီး အမေအရင်းကတော့ ညီမလေးကို မွေးပြီးပြီးချင်းသွေးတက်ပြီး ဆုံးသွားခဲ့ရှာတယ်လေ၊ ပြီးတော့ ညီမလေးတို့ဟာ ဆွေမရှိ မျိုးမရှိဘဝ၊ အဲဒီတုန်းက မေမေ ဒေါ်နုနုချွတ်ကလဲ ဆေးရုံမှာ ကလေးလာမွေးတာနဲ့ တိုက်ဆိုင်နေတယ်'

'ဟင်....'

မျိုးခက်ရင်ထဲတွင် အံ့ဩလွန်းသွားပါသည်။

'ဒါပေမယ့် မေမေမွေးတဲ့ ကလေးဟာ အဖတ်မတင်ခဲ့ဘူးတဲ့၊ အဲဒီတော့ ဖေဖေနဲ့ ဘွားဘွားဒေါ်နုထွေးတို့ တိုင်ပင်ပြီး ညီမလေးကို သမီးအရင်းလို မွေးစားခဲ့တာပါ ကိုကို၊ မေမေ့မှာက နှလုံးအားနည်းတဲ့ရောဂါရှိတယ် မဟုတ်လား'

'ဟင်.... ဒါဖြင့် ညီမလေးရဲ့မေမေ ဒေါ်နုနုချုတ်ဟာ ညီမလေးကို သူ့သမီးအရင်းလို့ပဲ ထင်နေခဲ့တာပေါ့'

'ဟုတ်ပါတယ် ကိုကို၊ ဒီအကြောင်းကို သိတဲ့လူဟာ ဖေဖေနဲ့ ဘွားဘွား ဒေါ်နုထွေးတို့ နှစ်ယောက်ပဲရှိတယ်၊ ညီမလေးလဲ အရင်က ဘာမှမသိဘူး၊ ဒီနေ့မှသိတာ'

'ဖေဖေက ဖွင့်ပြောသလား'

'အင်း'

'ဘာလို့ ဖွင့်ပြောတာလဲ ဟင်'

'ကိုကိုရဲ့မေမေ အန်တီဘင်မျိုးဆွေဟာ ကိုကိုနဲ့ ညီမလေး မေတ္တာရှိနေတာကိုသိလို့ မောင်နှမချင်း မဖြစ်သင့်တာတွေ မဖြစ်ရအောင် ဖေဖေ့ကို ဖွင့်ပြောခဲ့တယ်လေ၊ အဲဒါတွေကို ညီမလေးသိသွားပြီးသား ကိုကိုရဲ့'

ချစ်ချစ်၏ဘဝနှင့် သူ့ဘဝတို့မှာ တူညီသလိုနှင့် ခြားနားနေသည့်အဖြစ်များကြောင့် အံ့သြမိရပါသည်။

သို့ရာတွင် သူ့မိခင်နှင့် သူ့ဖခင်၏အဖြစ်ကို မသိသေး။ အေးအေးဆေးဆေးမှ မေးကြည့်ရမည်။

'အဲဒါကို သိရတာလဲ ကိုကိုနဲ့ ညီမလေးတို့ ချစ်ခင်မေတ္တာရှိနေကြတာကို ဖေဖေကသိလို့ ဖွင့်ပြောခဲ့တာ'





'မယုံနိုင်စရာပါပဲလား ညီမလေးရယ်၊ ကိုကို့ဘဝနဲ့ ညီမလေး ဘဝဟာ တစ်ယောက်က မိဘရှိလျက်နဲ့ မိဘမရှိ ဖြစ်နေသလို တစ်ဦးကလဲ မိဘမရှိဘဲနဲ့ မိဘရှိနေခဲ့တယ်'

'ဟုတ်တယ် ကိုကို၊ ဒါပေမယ့် ဖေဖေနဲ့ မေမေကိုပဲ ညီမလေးရဲ့ မိဘအရင်းလို ထင်မိပါတယ် ကိုကိုရယ်'

'ဒီအကြောင်းတွေကို ညီမလေးအရင်က မသိခဲ့ဘူးလား'

'ဟင့်အင်း၊ ဖေဖေက ရိုးတိုးရိပ်တိပ်တော့ ပြောခဲ့တယ်၊ အတိအကျသိရတာက ဒီနေ့မှ၊ ကိုကိုနဲ့ ညီမလေးက မောင်နှမရင်းချင်း ချစ်နေကြတာသိလို့ ဖေဖေက ဖွင့်ပြောခဲ့တာ'

ဝမ်းသာ ဝမ်းနည်း ဖြစ်ရပါသည်။

မိုးခက် ရင်ထဲတွင် ဖေဖေ့အမည်ကို သိလိုက်ရသည်နှင့် နှမရင်းလေးကို ချစ်သူလို ချစ်ခဲ့ရသည့်အဖြစ်ကြောင့် ယူကျုံးမရ ဖြစ်နေခဲ့ရသည့် ဝေဒနာကို ခံစားခဲ့ရသည်။

အခုတော့ သည်နှမအရင်းကလေးကပင် ချစ်သူအရင်းကလေး ဖြစ်နေခဲ့ရပေပြီ။

'ကိုကို....ကိုမျိုး'

'ညီမ....ချစ်ချစ်'

သူတို့ချင်း အကြည့်ချင်း ဆုံမိကြပါသည်။

'ဘဝဆိုတာ ကိုယ်ဖြစ်ချင်သလိုဖြစ်မလာပေမယ့် မမျှော်လင့်ဘဲ ဖြစ်လာကြတာတွေဟာအများကြီးပါပဲ၊ တွေ့ဆုံကြုံကွဲဆိုတာ ဘယ်သူမှ ရှောင်လွှဲလို့မရတဲ့ သခါရတရားမို့ မင်းတို့လေးတွေရဲ့ စိတ်ကို ဖြေကြပါကွယ်'

တည်ငြိမ်အေးချမ်းသောအသံကို ကြားရသည်။

ဖေဖေသည် သူတို့နှစ်ယောက်၏ နောက်တွင် ရပ်နေပါသည်။

ကျွန်းနံ့သာဆီသို့ နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်နေသည်။

နေဝန်းနီသည် ကျွန်းနံ့သာ၏ နောက်တွင်ငုပ်၍ဝင်သွားပေပြီ။

ရောင်နီတွေသည် ကောင်းကင်တွင် စွန်းထင်း၍ ကျန်ခဲ့သည်။

ကျွန်းနံ့သာသည် တိမ်ဇာနီအောက်တွင် တဖြည်းဖြည်း ပျောက်ကွယ်၍ သွားလေသည်။

တိမ်နီတွေမှိုင်း၍ ညဉ့်လွှာရုံကလေးအစတွင် ခပ်ပျပျသာ မြင်ရတော့သည်။

ပြီးတော့ တဖြည်းဖြည်း ပျောက်သွားပါသည်။

သို့ရာတွင် သူတို့တစ်တွေ၏ အသည်းနှလုံးတွင် ကျွန်းနံ့သာသည် ထာဝစဉ် စွန်းထင်းနေဦးမည် ဖြစ်ပါသည်။

*



အခန်း (၂၇)

---

အချိန်နှင့် ဒီရေသည် လူကိုမစောင့်။

'Time and Tide Wait For No Men'

သည်စကားပုံလေးကို ငယ်စဉ်ကပင် ကြားဖူးခဲ့သည်။

တစ်လ....

အချိန်ကလေးတွေက တရွေ့ရွေ့ ကုန်သွားသလို ဒီရေကလည်း တဖြည်းဖြည်း တက်၍လာခဲ့ပြီ။

ချစ်ချစ် မလာသေး။ သူ့ချစ်ချစ်ကလေး မလာသေး။

ငမန်းလေးသည် သူ၏ အုန်းလက်အိမ်ကလေးဘေးမှ ပင်လယ်ကို ငေးကြည့်နေပါသည်။

ယခုတော့ အစစအရာရာသည် အချိန်ကလေးတွေလို ကုန်ဆုံး လွန်မြောက်ခဲ့ရပါပြီ။

သူ့ဘဝကိုလည်း တိတိပပသိခဲ့ရပါပြီ။

သူ့ဖခင် ကပ္ပတိန်ဘခက်နှင့် သူ့မိခင် ဒေါ်တင်မျိုးဆွေတို့သည် သူနှင့် ခင်စန္ဒီ မှားခဲ့ကြသလို အချစ်မှားခဲ့ကြသည်။

သူ အပြစ်မတင်ရက်ပါ။ အကြင်နာနှင့် သစ္စာကို ရင်မှာပိုက်ပြီး သေဆုံးသွားခဲ့ရရှာသော သူ့မိခင် သစ္စာရှင်မကြီးကိုသာ ညစဉ် ရှိခိုးဦးချမိရပါသည်။

ယခုတော့ သူ့ဖခင် ကပ္ပတိန်ဘခက်နှင့် သူ့မိခင်အသစ် ဒေါ်နုနုချွတ်တို့ ပေလီမှ ပြန်သွားကြပါပြီ။

ဒေါ်နုနုချွတ်သည် ချစ်ချစ်အား သူမ၏ သမီးအရင်းပင် ထင်နေသည်။

ချစ်ချစ်နှင့် သူ့ကို သူ့ဖခင် ကပ္ပတိန်ဘခက်၏ အကြောင်းရင်းတွေကို မပြောရန် ပိတ်ပင်ထားခဲ့သည်။

မေမေ့အကြောင်း၊ သူတို့အားလုံး၏ အကြောင်း။ သည်အကြောင်းတွေ အားလုံးကို သူ့ဖခင် ကပ္ပတိန်ဘခက်က ဒေါ်နုနုချွတ်ကို အသိမပေးခဲ့ပါ။

နှလုံးရောဂါ ဝေဒနာရှင်တစ်ယောက် အနေဖြင့် စိတ်ထိခိုက်မည့်အကြောင်းများကို မပြောတာအကောင်းဆုံး ဖြစ်သည်။

ပြောတာကလေး တစ်ခုတော့ ရှိပါသည်။

ဖေဖေတို့မပြန်မီတစ်ရက်က သူနှင့် ချစ်ချစ်တို့ ဖေဖေတို့ တည်းသော ဘန်ဂလိုသို့ သွားလည်ကြသည်။

အပေါ်ရေကျွန်းသူ မရော်ရော်လည်း ပါသည်။

သူတို့တစ်တွေ အပြုံးအပျော်တလေးတွေနှင့် စကားပြောဖြစ်ကြသည်။

'ဪ....ဒါနဲ့ ချွတ်ချွတ်ကိုပြောရဦးမယ်ကွာ၊ မောင်မျိုးခက်က မောင်တို့ပြောတာကို လက်ခံပါတော့မယ်တဲ့'





ဖေဖေ့စကားကြောင့် မျိုးခက် အံ့သြသွားရသည်။

ဖေဖေက သူ့ကို ဘာမှကြိုတင်၍ ပြောမထားခဲ့။

'ဘာကိုပြောတာလဲ မောင်'

'ဒီလိုလေ၊ ဟိုတစ်ခါတုန်းက မောင်မျိုးခက်ရဲ့တဲကလေးကို မောင်နဲ့ ချွတ်ချွတ် သွားလည်ကြတုန်းက မောင်မျိုးခက်ကို တက္ကသိုလ်ကိုပို့ပြီး ပညာဆက်သင်ပေးမယ် ဆိုတာလေ'

'ဪ....ဟုတ်သားပဲ၊ ဝမ်းသာလိုက်တာ မောင်မျိုးခက်ရယ်၊ ပြီးတော့ မောင်မျိုးခက်ဟာ အန်တီရဲ့ အချစ်ဆုံးမမဖြစ်တဲ့ မမတင်မျိုးဆွေရဲ့ သားဆို'

ပထမတော့ သူ မျက်နှာပျက်သွားမိရသည်။

ဖေဖေ့မျက်နှာကို ကြောင်ကြည့်နေမိသည်။

'ဟုတ်ပါတယ် ချွတ်ချွတ်ရဲ့၊ သူ့ကိုမေးကြည့်ပါလား'

'ဟုတ်....ဟုတ်ပါတယ် အန်တီ၊ ကျွန်တော့် မေမေဟာ ဒေါ်တင်မျိုးဆွေပါ၊ ကျွန်....ကျွန်တော့်ဖေဖေက ဟို....ဟို....ကျွန်တော့်ကို ကိုယ်ဝန်ရှိစဉ်က....'

'ဆုံးသွားလို့လားကွယ့်'

ဒေါ်နုနုချွတ်က မေးသည်။

'ဟုတ်ပါတယ် ချွတ်ချွတ်၊ မောင်မျိုးခက်က မောင့်ကို ပြောပြပြီးသားပါ'

ဖေဖေက ဝင်ပြောလို့သာ တော်ပေတော့သည်။

'အေးကွယ်....အန်တီ ဝမ်းသာလိုက်တာ၊ တကယ်တော့ မောင်မျိုးခက်ဟာ သမီးလေး ချစ်ချစ်ရဲ့ အသက်သခင် ကျေးဇူးရှင်ဖြစ်သလို အန်တီ Shock ဖြစ်ပြီး မေ့လဲသွားတုန်း

က ငါ့တူက ကူညီပြုစုပြီးပေးလို့သာပေါ့၊ အန်တီတို့ပြန်သွားတဲ့အခါလဲ ချစ်ချစ်ကို စောင့်ရှောက်ပါကွယ်၊ ချစ်ချစ် လက်တွေ့သင်တန်း ပြီးတော့မှပဲ တစ်ခါတည်း ရန်ကုန်ကို လိုက်ခဲ့ပေါ့၊ မကောင်းဘူးလား'

'ဟာ....သိပ်ကောင်းတာပေါ့ ချွတ်ချွတ်ရယ်'

ဖေဖေ့မျက်နှာတွင် ပြုံးရွှင်နေသလို ချစ်ချစ်ကလည်း ရှက်ပြုံးကလေးဖြင့် ခေါင်းငုံ့သွားခဲ့သည်။

ဖေဖေကတော့ သူတို့အကြောင်းတွေအားလုံးကို သိထားပြီး ဖြစ်ခဲ့သည်။ သူ့ဘဝသည် သာယာစိုပြည်ရတော့မည်။

သည့်လို သာယာစိုပြည်သော ဘဝကလေးထဲကို ရောက်ရှိနေသည်ကို မေမေ မြင်စေချင်ပါသည်။

ယခုတော့ ဖေဖေတို့ ရန်ကုန်ပြန်သွားကြပါပြီ။

ချစ်ချစ်လည်း သင်တန်းပြီးဆုံးတော့မည်။

အစစအရာရာသည် အချိန်နှင့်ဒီရေလို ပြောင်းလဲလာခဲ့ပါပြီ။

မျိုးခက်သည် ရွာအစွန်ရှိ သူ၏ အုန်းတဲကလေးဘေးမှ ပင်လယ်ကမ်းစပ်ကို ငေးကြည့်နေသည်။

ညနေကလေးက လှနေသေးသည်။ အလှဆုံးမကလေး မရောက်လာသေး။

'အဘ'

'ဟေ....'

'ဒီနေ့ညနေ ချစ်ချစ်တို့ လာလည်မလို့တဲ့ဗျ'

'သိပါတယ်ဟ၊ ငါလဲ ငယ်ရာက ကြီးလာတာပါ'





'ဟာဗျာ....အဘကလဲ'

'ဟုတ်တယ်လေ၊ သူတို့လာရင်စားဖို့ ငါ ဘူးသီးကြော်သွားဝယ်လိုက်ဦးမယ်'

'ဘယ်ကိုလဲ'

'သံတွဲ'

ဦးနန္ဒသည် သွားတွေကိုဖြဲ၍ ရှောင်ထွက်သွားသည်။

သံတွဲနှင့် မြပြင်က လေးငါးမိုင်ဝေးသည်။

အတော်နှင့် ပြန်ရောက်တော့မည် မဟုတ်။

အဘဦးနန္ဒ ထွက်သွား၍ မကြာခင်မှာပင် အပေါ်ရေ ...ျွန်းသူ မရော်ရော်နှင့် သူ့ချစ်ချစ်ကလေးတို့ ရောက်လာ ...ကြသည်။

'လာကြ....လာကြ၊ မျှော်နေတာ ကြာလှပြီဗျ'

ရော်ရော်က လှောင်ပြုံးကလေး ပြုံးရင်း....

'အင်း....ဟောဒီ မမကလဲ လာချင်တာကို ရှလို့'

'မိရော်ရော်နော်၊ ကဲ....ကဲ....'

ရော်ရော့်ကျောကို ရှက်ရှက်နှင့် ထုမိသည်။

ချစ်ချစ် လက်ကလေးကို မြှောက်လိုက်တိုင်း ဘလောက်စ် ...င်းပြတ်ကလေးက လှုပ်လှုပ်သွားသည်ကို မျိုးခက် မြင်ရပါ ...ည်။

'အမယ်လေး....နာလိုက်တာ ချစ်ချစ်ရာ၊ မင်းက ရော်ရော် ...ာ နာအောင်ထုတာပါ'

'ကြည့်ပါလား'

'မကြည့်ပါဘူး၊ ရော်ရော် ပင်လယ်ကမ်းစပ်က ကာဒီယမ်ရဲ့ လှလှကလေးတွေ သွားကောက်မလို့'

ရော်ရော်က ပြုံး၍ ထွက်သွားသည်။

မျိုးခက်လည်း ပြုံးနေသည်။

'ကိုမျိုးနော်....ဘာပြုံးနေတာလဲ'

'အဘ ဦးနန္ဒလဲ သံတွဲသွားတယ်'

'ဒီလိုဆို ပြန်တော့မယ်၊ အို....'

'လာပါ ညီမလေးရဲ့၊ အိမ်ပေါ်ကို တက်ပါဦး'

'ဘာ ညီမလေးလဲ'

'ဘဂ်လား ညီမလေး'

ချစ်ချစ်လေး ရှင်ဖိုသွားသည်။

'ကိုကိုရယ်....လွှတ်ဦးကွယ်လို့၊ အတင်း ဆွဲခေါ်တာပဲ၊ ကဲ....လက်ကိုလွှတ်ပါ၊ ချစ်ချစ်ဘာသာ တက်ပါ့မယ်'

'တက်နှင့်၊ ကိုကို ချစ်ချစ်သောက်ဖို့ အုန်းသီးခူးလိုက်ဦးမယ်'

အိမ်ငယ်ငယ်ကလေး၏ အပေါ်သို့ ချစ်ချစ်တက်ခဲ့သည်။

အိမ်ကလေး၏လေသာဆောင်တွင် နှစ်ယောက်သားမျက်နှာချင်းဆိုင်၍ အုန်းရည်သောက်ရသည်မှာ သိပ်ပျော်သည်။

မျိုးခက်သည် အုန်းပင်ပုကလေးပေါ်သို့တက်၍ အုန်းသီးနုနုထွားထွားကြီး နှစ်လုံးကို ခူးပြီး ဆင်းခဲ့သည်။

'အမယ်လေး....'

ချစ်ချစ်၏အော်သံကြောင့် မျိုးခက်၏ လက်မှ အုန်းသီးကြီးနှစ်လုံးမှာ လွတ်ကျသွားသည်။





သူသည် အိမ်ပေါ်သို့ ကမန်းကတန်း ပြေးတက်ခဲ့သည်။

'အမယ်လေး....လုပ်ပါဦး....လုပ်ပါဦး၊ ကဏန်းတွေ'

'ချစ်ချစ်က အခန်းထဲဝင်တာကိုး'

'အမယ်လေး.... ညှပ်တယ်၊ ညှပ်တယ်'

'ဘယ်မလဲ....ဘယ်မလဲ'

'အို....ကိုကို၊ ချစ်ချစ်ဘာသာ လုပ်မယ်၊ ဖယ်....ဖယ်....အမယ်လေး....နာလိုက်တာ'

'ဟာ....ဒုက္ခပဲ'

'ကဲ....ထွက်....ထွက်၊ မြန်မြန်ထွက်'

မျိုးခက် ထွက်ခဲ့ရသည်။

အခန်းအပြင်သို့ ရောက်ခဲ့သည်။

'ကိုကို မကောင်းဘူးကွာ၊ သူများတစ်ကိုယ်လုံး ရွဲကုန်ပြီ'

အခန်းထဲမှ အသံထွက်လာသည်။

ချစ်ချစ် တံခါးပိတ်လိုက်သည်။

မျိုးခက်သည် အုန်းပင်ရင်းတွင် ကျနေခဲ့သော အုန်းသီးနုနုထွားထွားကြီးတွေကို ကြည့်၍နေသည်။

'ပြီးပြီလား'

'သွား....မမေးနဲ့'

'ကိုမျိုး ဝင်ခဲ့မယ်နော်'

'ဟင့်အင်း....ဟင့်အင်း၊ အို....ကိုကို'

*

## အခန်း (၂၈)

ထိုအချိန်တွင် ရော်ရော်သည် ခရုခွံလှလှကလေးကို ပင်လယ်ကမ်းခြေတွင် လိုက်၍ ကောက်နေသည်။

ခရုလေးတွေက သိပ်လှသည်။

အနီ၊ ပန်းသွေးရောင်၊ နို့နှစ်ရောင်၊ တချို့က အမည်း။

အဲ....တချို့ ယောက်သွားကလေးတွေမှာ နှစ်ခြမ်းစလုံး ဟနေသော်လည်း အထဲတွင် အကောင်မရှိတော့။

ရော်ရော်သည် အကွဲ့နှစ်ခြမ်းဟနေသော ယောက်သွားခွံကလေးကို လက်နှင့် ဖြုတ်လိုက်သည်။ နှစ်ခြမ်းကွာသွားသည်။

သည်ယောက်သွားခွံကလေးတွေကို ရန်ကုန်ဈေးများတွင် ငါးဖယ်ခြစ်ခြစ်၍ ရောင်းရန် အသုံးပြုကြသည်။

ရော်ရော်သည် ကမ်းခြေတစ်လျှောက်တွင် ခရုကောက်ရင်း သူမရှေ့ လျှောက်လာသော လူနှစ်ယောက်ကို မြင်မိသည်။

သူတို့ကိုလည်း ရော်ရော် သိပါသည်။





ချစ်ချစ်နှင့် ကိုမျိုးခက်တို့ ရရှိခဲ့သော ပုလဲကြီးများကို သက်ဆိုင်ရာ ပုလဲလုပ်ငန်းတာဝန်ခံထံ ပေးအပ်သောနေ့က သူတို့နှစ်ယောက် ပါလာခဲ့ပါသည်။

ကိုမျိုးခက်က သူတို့နှစ်ယောက်နှင့် ရော်ရော့်ကို မိတ်ဆက်ပေးခဲ့ပါသည်။

ဆရာမောင်မောင်ဦးနှင့် ကိုတင်မောင်ငွေ။

ကိုမျိုးခက်၏ဆရာများ ဖြစ်ကြသည်။

'ဩော်....မရော်ရော်ပါလား၊ လမ်းလျှောက်လာတယ် ထင်တယ်၊ တစ်ယောက်တည်းလား ခင်ဗျ'

'ဟုတ်....ဟုတ်ကဲ့ရှင့်၊ ဟို နှစ်....နှစ်ယောက်ပါ၊ ချစ်ချစ်လဲ ပါပါတယ်ရှင့်'

'ဩော်....ဩော်၊ ဒါနဲ့ မချစ်ချစ်ကော'

'ချစ်ချစ် ကိုငမန်း အဲ.... ကိုမျိုးခက်ရဲ့တဲမှာ အုန်းရည်သောက်ရင်း ကျန်ခဲ့တယ်ရှင့်'

ကိုတင်မောင်ငွေက ပြုံးနေသည်။

သူ့အကြည့်ကို ရော်ရော့်မျက်စိက သိသည်။

သည်မျက်စိကြီးကို ရော်ရော်မုန်းသည်။

ဟင်း....ကြည့်ပုံကြီးကိုက တစ်မျိုးကြီးမှ တစ်မျိုးကြီး။

'သိပ်လှတာပဲနော်၊ အဲဒီခရုခွံကလေးတွေက တကယ်လှတယ်ဗျ'

'ဟုတ်လား၊ ရော့....ဒါဖြင့် ယူသွားလေ'

'ဟာဗျာ.... ဒီယောက်သွားခွံကြီးက မလှပါဘူး၊ ဘာလုပ်ဖို့လဲ၊ လှလဲမလှဘဲနဲ့'

'မလှပေမယ့် သူက အသုံးကျတယ်ရှင့်၊ ရှင့်မိန်းမ ငါးဖယ်ခြစ် ခြစ်ဖို့လေ'

တင်မောင်ငွေ မျက်နှာပျက်သွားပါသည်။

မောင်မောင်ဦးက ပြုံးနေသည်။

'ကျွန်.... ကျွန်တော့်မှာ မိန်းမ မရှိဘူးခင်ဗျ၊ ဟို....ဟို....ရည်းစားလဲ မ....မရှိသေးဘူး ခင်ဗျ'

ခက်ပဲ ခက်ရချည်ရဲ့။

ရည်းစားပဲ ရှာပေးရမလို ဖြစ်နေပါပြီရှင်။

'ကျွန်တော်က တစ်ယောက်တည်းပါ မရော်ရော်၊ အဲ....မရော်ရော်ကော'

'ဘာ....'

'ခြော်....ဟို မချစ်ချစ်နဲ့ နှစ်ယောက်လာတာလားလို့'

'ဟုတ်တယ်၊ စောစောကပြောပြီးသားပဲ၊ ရှင်နားကောင်းပါတယ်နော်'

ရော်ရော် ဘုတောလိုက်သည်။

'ကောင်းပါတယ် ခင်ဗျ၊ ကောင်းပါတယ်၊ နားလဲကောင်းပါတယ်၊ အားလုံး ကောင်းပါတယ်၊ ကျွန်တော့်ကျန်းမာရေးကတော့ အတက်ဘက်က ပြည့်စုံပြီးသားပါ'

ရော်....မိရော်ရော် ဘာပြောရတော့မလဲရှင့်။

'အဟဲ....အခု ကျွန်တော်တို့ ငမန်းလေးအိမ်သွားမလို့'

'ဘာကိစ္စလဲ'

'ခြော်....ဒီလိုပါ၊ မချစ်ချစ်နဲ့ ငမန်းလေးဟာ အင်မတန်တန်ဖိုးရှိတဲ့ ပုလဲကြီးတွေကို ကိုယ်ကျိုးမဖက်ဘဲ နိုင်ငံတော်ကို





ပေးအပ်တဲ့အတွက် နိုင်ငံတော်ကလဲ သူတို့ ရသင့်ရထိုက်တဲ့ ဆုကြေးကိုပေးဖို့ တွက်ချက်လို့ ပြီးသွားပါပြီ ခင်ဗျာ'

'ဘာ....ဆုကြေးဟုတ်လား၊ ဘယ်လောက်လဲရှင့်'

'တစ်ယောက်ကို တစ်သိန်းခွဲ'

'ရှင်....'

ရော်ရော် ပါးစပ်ဟောင်းလောင်း ဟသွားသည်။

အံ့ဩသွားပုံကလေးက ချစ်စရာသိပ်ကောင်းသည် ထင်သည်။

'အခု ကျွန်တော်တို့နှစ်ယောက် ငမန်းလေးအိမ် သွားမလို့ဗျ၊ ဟို....မရော်ရော်ကော လိုက်ဦးမလား'

'လိုက်မယ်....လိုက်မယ်၊ ရှင်တို့ ရော်ရော့်နောက်က လိုက်ခဲ့ကြ'

ရော်ရော်သည် ရှေ့က လှုပ်လှုပ်လှုပ်လှုပ်နှင့် အတင်းသွားသည်။

'ကိုဦး'

'ဘာလဲ ကိုတင်မောင်ငွေရ'

'လှသဗျ'

'လှရင် ရအောင်ပိုးပေါ့ဗျ'

'မပြောရဲဘူးဗျာ'

'ဟာ....ဒီလိုလုပ်၊ ခင်ဗျား....ငမန်းလေးကို အပြောခိုင်း'

'ဟုတ်တယ်....ဟုတ်တယ်'

ရော်ရော် နောက်ကိုလှည့်၍ ဘုတောပြန်သည်။

'တိုးတိုးလဲ ပြောကြပါရှင့်၊ ကျွန်မ နားမကန်းဘူး'

'ဟိုက်'

သူတို့နှစ်ယောက်စလုံး မျက်လုံးပြူးသွားသည်။

သည်အပျိုမကလေး အင်မတန်နားပါးသည်။

ရော်ရော်သည် ဒေါသ ဖြစ်ဖြစ်နှင့် ရှေ့က ဆောင့် ဆောင့် ဆောင့်ဆောင့် သွားသည်။

အုန်းလက်တဲကလေးက ပိတ်လို့။

ရော်ရော် အဝေးက အော်သည်။

'အိမ်ရှင်တို့....အိမ်ရှင်တို့၊ ညွှဲသည်နှစ်ယောက် ပါလာသရှင့်'

တံခါးက အတော်နှင့် မပွင့်၊ ပွင့်လာတော့ ချစ်ချစ်က ဖင်တွင် အဖာတွေပါသော ဂျင်းပင်အစုတ်နှင့်၊ စပို့ရှပ်နှင့်။

'ဟောတော့....'

'အဟဲ....လာကြ....လာကြ၊ ချစ်ချစ်က သိုင်းသင်ချင်တယ်ဆိုတာနဲ့....'

မျိုးခက်က သွားဖြဲကလေးပြုံး၍ ဆရာမောင်မောင့်ဦးနှင့် ကိုတင်မောင်ဌေးကို တဲကလေးဘေးမှ အုန်းလက်ကုလားထိုင်ကလေးဆီကို ခေါ်သွားသည်။

'ချစ်ချစ်'

'ဟင်'

'နင်ဘယ်လိုဖြစ်နေတာလဲ၊ မျက်နှာတွေလဲ နီလို့'

'သိုင်း....သိုင်း....'

'ဘာသိုင်းလဲ'

အဲသည်တော့မှ ပြောရတော့သည်။





တိုးတိုးကဒလေးဆိုရတော့သည်။

'ငါ့ အခန်းထဲကို နင့်လိုဝင်မိလို့ဟော့၊ ကဏန်းတွေကညှပ်လိုက်တာ ထအီတွေစိုကုန်လို့ ဘောင်းဘီဝတ်ထားရတာ၊ ကိုမျိုးပေါ့၊ သူများကို တမင်ထောင်ထားတာ'

'အလိုလေး....ဒုက္ခပါပဲ၊ ဒါဖြင့် နင်....နင်'

'ကွာ....ရော်ရော်ကလဲ၊ ကိုမျိုးဟာ သစ္စာမမဲ့ပါဘူး'

'အမယ်လေး.... ရော်ရော်တော့ ကြက်သီးထလိုက်တာတော်၊ ကဏန်းတွေက ချစ်ချစ်ကို မညှပ်ဘူးလား'

'သွား....မပြောနဲ့တော့လို့ဆိုနေ'

'မပြောနဲ့ဆိုလဲ မပြောပါဘူးကွာ၊ ညကျရင်သာ ချစ်ချစ်က ပြောပြ'

'ရော်ရော်နော်....ပြောလေ ကဲလေပါလား'

'ဒါပဲလား၊ ကိုယ်က သိုင်းသင်တဲ့အကြောင်းကို ပြောတာပါ'

'ကြည့်....ကဲ....ကဲ....ကဲ'

'အမယ်လေး....နာလိုက်တာတော်၊ တို့ကျောတော့ ဟက်တက်ကွဲတော့မှာပဲ'

သူတို့နှစ်ယောက် အခန်းအပြင်ရှိ လေသာဆောင်ကလေးတွင် ထိုင်မိကြသည်။ ရယ်မိကြသည်။

အရယ်ကလေးတွေက ကြက်သီးထနေကြသည်။

'ချစ်ချစ်ရေ'

ကိုမျိုးခက်က လှမ်းခေါ်သည်။

'ရှင်'

'ဟိုအပင်အောက်က အုန်းသီးနှစ်လုံးနဲ့ ဓားကို ကောက်ခဲ့ပါကွာ၊ ဆရာတို့ကို အုန်းရည်တိုက်ရအောင်'

ရှင်....ဒုက္ခပါပဲ။

'ကဲ....ရော်ရော်၊ မင်းသွားကွာ'

'ဟာ....ချစ်ချစ်ကလဲ မသွားချင်ဘူး၊ ဟို....ကိုတင်မောင်ငွေ ဆိုတဲ့ လူကြီးက ရော်ရော့်ကို ကြိုက်နေတာကွ'

'မင်းကကော မကြိုက်ဘူးလား'

'သွား'

'မင်းသွားပါ ရော်ရော်ရာ၊ ဘောင်းဘီကြီးက ပွတီးပွတနဲ့ ကိုယ်မသွားချင်လို့ပါ၊ နော်....ရော်ရော်၊ ရော်ရော်က လိမ္မာသားနဲ့ကွာ၊ သွားနော်'

'အင်း'

ရော်ရော် သက်ပြင်းချရတော့သည်။

မျိုးခက် ပစ်ချထားသော အုန်းသီးကြီးနှစ်လုံးနှင့် ဓားကို ကောက်၍ သူတို့ထံ သွားရသည်။

ဟိုလူကြီးကလည်း မျက်နှာသိပ်ပြောင်သည်။

ကိုတင်မောင်ငွေ ဆိုတဲ့ ရဲအုပ်ကြီးပေါ့။

ဟင်....သူက ရော်ရော့်ကိုပဲ စိုက်ကြည့်လို့နေသည်။

'အဟဲ....ကျေးဇူးတင်ပါတယ် မရော်ရော်ရယ်၊အုန်းရည် သောက်ချင်နေတာနဲ့ အတော်ပဲ၊ အဟဲ....'

'ကဲ....ကဲ....ရော့....သောက်ကြ'

အုန်းသီးကြီး နှစ်လုံးကို ပစ်ချပေးပြီး ရော်ရော် ထွက်ခဲ့သည်။ ရှက်လိုက်တာ။





ရင်ထဲမှာ တစ်မျိုးလေး ရှက်လိုက်တာရှင်။

အဲသည်ဖိလင်ကလေးကို ဘာခေါ်သလဲလို့ ချစ်ချစ်ကို ညကျမှ မေးကြည့်ရမည်။

မျိုးခက်တို့ အေးအေး ဆေးဆေး စကားပြောနေကြသည်။

ဆရာတင်မောင်ငွေနှင့် ဆရာမောင်မောင်ဦးတို့ကဆုကြေးငွေ အကြောင်းကို ပြောပြကြပါသည်။

'ကျွန်တော်ဟာ ဒီလိုဆုကြေးတွေ ဘာတွေရဖို့ ရည်ရွယ်ပြီး လုပ်ခဲ့တာ မဟုတ်ပါဘူး ဆရာတို့ရယ်၊ ကြက်ခြေနီ ရဲဘော် တစ်ယောက်ဟာ ပြည်သူလူထုအတွက် ဘာမဆို ကူညီရမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဒီအဖျက်သမားကြီးကို ဆရာတို့နဲ့ လက်တွဲပြီး တိုက်ဖျက်ခဲ့တာပါ ဆရာ'

'ဟုတ်တာပေါ့ မောင်မျိုးခက်၊ ငါတို့ ကြက်ခြေနီ အဖွဲ့အစည်းကြီးဟာ လုပ်သားပြည်သူတွေရဲ့ ကျန်းမာရေးတစ်ခုတည်းကို ကူညီဖို့သက်သက် တစ်ခုတည်း ဖွဲ့စည်းထားတာ မဟုတ်ဘူး၊ စားဝတ်နေရေး၊ လူမှုရေးတွေ၊ အဖျက်သမားတွေရဲ့ ရန်တွေကို ကူညီတိုက်ဖျက် ချေမှုန်းဖို့ဟာ တို့ရဲ့ မွန်မြတ်တဲ့ တာဝန်တွေပဲကွ'

ဆရာ မောင်မောင်ဦးက ပြောပါသည်။

'ဒါနဲ့ ဆရာ၊ ပျောက်နေတဲ့ ဆလုံကြီး ဦးပိုန်ရဲ့ သတင်းကော ဘာကြားသေးသလဲ'

'ဘာမှတော့ မကြားမိဘူးကွ၊ ရေနစ်သေသွားပြီလို့ ယူဆရတာပဲ'

'ကျွန်တော်တော့ ဆလုံကြီး ရေနစ်သေလိမ့်မယ်လို့ မထင်ဘူး ဆရာ၊ ဆလုံကြီး ဦးပိုန်ဟာ ပင်လယ်ထဲမှာ စက်လှေမှောက်ပြီး ခုနစ်ရက်လောက် မျောနေတာတောင် ကမ်းကို ရောက်အောင် ပြန်လာနိုင်တယ်လို့ ကျွန်တော့်ကို ပြောပြခဲ့ဖူးတယ်၊ သတ္တိရှိတယ်၊ ရေမှာကျွမ်းတယ်'

'အေးလေ....သူ့ကံကြမ္မာပေါ့ကွာ၊ ဒါနဲ့ မင်း ရန်ကုန်ကို ဘယ်တော့ပြန်မှာလဲ ငမန်းလေး'

မျိုးခက် နည်းနည်းတော့ ရှက်သွားသည်။

သူနှင့် ချစ်ချစ်အကြောင်းကို သူ့ဆရာများ ရိပ်စားမိကြသည်။

'ဟို....ချစ်ချစ်တို့ သင်တန်းဆင်းလို့ပြန်ရင် တစ်ခါတည်း လိုက်ဖို့ စီစဉ်ထားပါတယ် ဆရာ၊ ဟိုမှာ တက္ကသိုလ်ကို ဆက်တက်မယ်၊ မရင်းဘိုင်အိုလော်ဂျီကို ရရင်တော့ မော်လမြိုင်မှာ တက်ရမှာပဲ ဆရာ'

'အေးကွာ....ရန်ကုန်ကျတော့လဲ တွေ့ကြသေးတာပေါ့၊ ဆရာလဲ ဌာနချုပ်ကို ပြန်ရတော့မှာ'

ဆရာ တင်မောင်ငွေက ပြောပါသည်။

'ကျွန်တော်က ဆရာ့ကို ရန်ကုန်ကြက်ခြေနီ ဌာနချုပ်က လွှတ်လိုက်တဲ့ ကြက်ခြေနီ နည်းပြ ဆရာလို့ အစက ထင်နေမိတာ'

'မထူးပါဘူးကွာ၊ တိုင်းပြည်မှာ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေ၊ ပြည်သူ့စစ်၊ ပြည်သူ့ရဲနဲ့ ပြည်သူ့တပ်မတော်ဟာ





လုပ်သားပြည်သူတွေကို ကာကွယ်ဖို့ ဖွဲ့စည်းထားတာပါပဲကွ၊ ဆရာက အထူးတာဝန်အရ ကြက်ခြေနီခေါင်းဆောင်အဖြစ် အသွင်ယူလာတာပါ၊ ကဲ....တို့လဲ ပြန်လိုက်ဦးမယ်ကွာ'

'ဟုတ်ကဲ့ ဆရာ'

သူတို့အားလုံး ထလာကြသည်။

ကိုတင်မောင်ငွေက နှုတ်ဆက်သည်။

'မရှော်ရှော်....ကျွန်တော် ပြန်လိုက်ပါဦးမယ်ခင်ဗျာ'

ရှော်ရှော်က ခေါင်းညိတ်သည်။

အသံမထွက်။ ရှက်ပြုံးကလေးသာ ထွက်သည်။

မျိုးခက်နှင့် ချစ်ချစ်၏ အပြုံးကလေးတွေ ကြည်သည်၊ ရယ်သည်။

ငပလီသည် သာယာလှပလွန်းနေပြီ။

*

အခန်း (၂၉)

'ဖော်ကာဖရင်းရှစ် အက်ဖ်-၂၇' လေယာဉ်ထဲမှ လေယာဉ်မှူး ကပ္ပတိန်ဘခက်၏ အသံသည် လေလှိုင်းထဲမှ တစ်ဆင့် သံတွဲ လေကြောင်းထိန်းမျှော်စင်သို့ ပျံ့လွင့်ရောက်ရှိသွား၏။

သူ၏လေယာဉ်တွင် တပ်ဆင်ထားသော ဆက်သွယ်ရေးစက်များ ကောင်းမကောင်း လှမ်း၍ မေးလိုက်ခြင်း ဖြစ်ပါသည်။

Sandoway Control Tower, X-Ray Delta Tango. Radio Check, How Do You Read Me, Over.

သံတွဲမျှော်စင်မှ ရေဒီယို ဆက်သွယ်ရေး အရာရှိသည် ကပ္ပတိန်ဘခက်၏အသံကို ကြည်လင်ပြတ်သားစွာ ကြားရပြီး





လေယာဉ်ပြေးလမ်း ရှင်းလင်းကြောင်း ပြန်လည် သတင်းပို့လိုက်သည်။

Sandoway Control Tower To X-ray Delta Tango, Receiving Strength is 5-5 Run Way Clear.

'အက်ဖ်-၂၇ ဖော်ကာဖရင်းရှစ်' လေယာဉ်ကြီး သည် လေယာဉ်ပြေးလမ်းထိပ်သို့ တရွေ့ရွေ့ မောင်းလာသည်။

လေယာဉ်၏ အတွင်းပိုင်းတွင်တော့ ချစ်ချစ်နှင့် မျိုးခက်တို့ ယှဉ်တွဲ၍ ထိုင်နေကြပါသည်။

သူတို့နှစ်ယောက်နှင့် ဘေးချင်းယှဉ်လျက်ထိုင်ခုံတွင်တော့ ရော်ရော်နှင့် ရဲအုပ် ကိုတင်မောင်ငွေတို့ ထိုင်နေကြသည်။

မျိုးခက်သည် လေယာဉ် ပြတင်းပေါက်မှတစ်ဆင့် မြင်နေရသော ဆရာမောင်မောင်ဦး၊ အဘဦးနန္ဒ၊ ဘိုက်ကြီး၊ ဘွားဖြူ နုတို့အား ကြည့်လိုက်သည်။

သူတို့သည် လက်များကို ဝှေ့ယမ်း၍ ပြသ နှုတ်ဆက်နေကြပါသည်။

သည်မြေ သည်ဒေသမှ သူထွက်ခွာရတော့မည်။

သည်မြေ သည်ဒေသတွင်....

သူ့မိခင်နှင့် သူ့အချစ်ကလေးတစ်ဖွဲ့ကို ဖွဲ့၍ ယူသွားခဲ့သော ကံဆိုးမလေး ခင်စန္ဒီတို့ ထာဝရ ကျန်ရစ်ခဲ့ကြပြီ။

သူချစ်သော ပင်လယ်ပြာကြီးထဲတွင် သူချစ်သောမေမေနှင့် သူချစ်ခဲ့ရသော ခင်စန္ဒီတို့ ကျန်ရစ်ခဲ့ကြပြီ။

ဖော်ကာဖရင်းရှစ် လေယာဉ်ကြီးသည် ပြေးလမ်းထိပ်မှ အရှိန်ယူကာ ပြေးထွက်လာပြီး လင်းရိုးမော်တောင်ဘေးမှ ဖြတ်၍ မိုးပေါ်သို့ဆိုးတက်ခဲ့သည်။

မိုးပေါ်ကမချော မပါလာတော့။

ဒါပေမယ့် သူ့ချစ်ချစ်ကလေးက သူ့ဘေးတွင်ပါလာပါသည်။

'ကိုကို'

'ချစ်ချစ်'

'ကိုကို့မျက်နှာ တစ်မျိုးပဲကွယ်'

'မေမေတို့ကို သတိရမိလို့ပါ ချစ်ချစ်ရယ်'

မေမေတို့ကိုတဲ့။

ဗဟုဝုစ်ကိန်းကို သူသုံးသည်။

ခင်စန္ဒီကို ကိုကိုမမေ့သေးဘူး ထင်ပါသည်။

ဖော်ကာဖရင်းရှစ် လေယာဉ်သည် ပင်လယ်ကမ်းခြေမှ အရှေ့ဘက်သို့ ပျံသန်းလာသည်။

မဇင်၊ ဇီးဖြူကုန်း၊ ငပလီ၊ ဝါးတောင်ကွင်း၊ လင်းသာ၊ မြပြင်။

ကျိတ်တောတို့ကို ကျော်လွန်လာပြီး သူနှင့် ခင်စန္ဒီတို့ တွေ့ခဲ့ကြသော လုံးသာချိုင်ပင်လယ်ကွေ့ကို ဖြတ်နေသည်။

မဒေးတောင်၊ ကသစ်ကျွန်း၊ မေရိုးဘေး၊ မှော်ရုံတောများကို လေယာဉ်ပေါ်မှ မြင်ရသည်။

'ကိုကို'

'ဗျာ....ဗျာ'





'ခင်စန္ဒီဟာ ကိုကို့ကို သိပ်ချစ်တယ်နော်'

'ကိုကိုကလဲ ချစ်ချစ်ကို ချစ်တာပါပဲ'

'ချစ်ချစ်မေတ္တာ ခွင့်လွှတ်ခြင်းတွေပါ ပါတယ်ကိုကိုရယ်၊ ဒါပေမယ့် ခင်စန္ဒီကို မီနိုင်ပါ့မလား မသိဘူး'

'ဪ.... ချစ်ချစ်လေးကလဲကွယ်၊ ကိုကို့ရဲ့ အချစ်ဆုံး ချစ်ချစ်ဟာ ချစ်ချစ်ပါ'

သူ့အသံကလေးက နူးသက်သည်။

အဲသည်တော့လည်း ချစ်ချစ် ကျေနပ်ရပါသည်။

'ချစ်ချစ်'

'ရှင်....ကိုကို'

'ရန်ကုန်ရောက်ရင် မေမေနဲ့ဖေဖေကို ဖွင့်ပြောပြီး ကိုကိုတို့ လက်ထပ်ကြမယ်နော်'

'ကိုကိုရယ် မစောဘူးလားဟယ်၊ ကိုကို ကျောင်းဆက်တက်ရဦးမယ် မဟုတ်လား၊ ကိုကိုကျောင်းပြီးမှ လက်ထပ်ကြရင် မကောင်းဘူးလား'

'ဟင့်အင်း.... လေးနှစ်ကြီးများတောင် ကိုကိုမစောင့်နိုင်ဘူး'

'ဟွန့်....ကိုကိုကလဲ'

'ဘာဖြစ်လို့လဲ ချစ်ချစ်ရဲ့၊ ချစ်ချစ်က ဘွဲ့ရတော့မှာပဲ၊ အဲဒီဘွဲ့ထဲမှာ ကိုကိုက ငမန်းမလေးဆိုတဲ့ ဘွဲ့ကလေးပါ ထည့်ပေးလိုက်မလို့'

'ကြောက်သို့'

မခို့တရို့လေး ဆိုသည်။

အဲသလိုဆိုတော့လည်း ချစ်သူ့မျက်နှာကလေးကိုကြည့်၍ အရာရာကို မေ့သွားရသည်။

လက်ကလေးချင်း ဆုပ်ညှစ်မိကြသည်။

'ဟိတ်....'

'ဘာလဲ'

'ဟိုမယ်'

ချစ်ချစ်က မေးကလေးကို ထိုး၍ပြသည်။

လေယာဉ်စက်သံနှင့်မို့ မကြားရသော်လည်း ရော်ရော်နှင့် ကိုတင်မောင်ဌေးတို့ စကားပြောနေကြပါသည်။

သူတို့မျက်နှာကလေးတွေကလည်း ပြုံးလို့။

*



## အခန်း (၃၀)

မင်္ဂလာဒုံလေဆိပ်သို့ အရောက်တွင် Terminal ရှေ့၌ရပ်၍ လက်ပြကြိုဆိုနေသော ဒေါ်နုနုချွတ်ကို တွေ့ရသည်။

ချစ်ချစ်က ဝမ်းသာနေသလောက် မျိုးခက်ရင်မှာ မေမေ့ကို ပိုလို့သာ သတိရမိသည်။

ကပ္ပတိန်ဘခက်သည် လေယာဉ်မောင်းခန်းထဲမှ ဆင်းလာသည်။

သူတို့သုံးယောက်သည် လေယာဉ်ရပ်နားထားရာ နေရာမှ လေဆိပ်အဆောက်အအုံဆီသို့ လျှောက်လာကြသည်။

ဒေါ်နုနုချွတ်သည် သူတို့သုံးယောက်ကိုကြည့်၍ ဝမ်းသာအားရ ဖြစ်နေသည်။

ချစ်ချစ်နှင့် မောင်မျိုးခက်တို့ကို ဘယ်ညာထား၍ ကြွားကြွားရွှားရွှား လျှောက်လာသော လေယာဉ်မှူးဝတ်စုံနှင့် မောင့်ကိုကြည့်၍ နုနုချွတ်ရင်မှာ ကြည်နူးမိသည်။

မောင်မျိုးခက်ကလေးကို သားကလေးတစ်ယောက်ကဲ့သို့ နူနူချက်ရင်မှာ သဘောထားမိသည်။

စင်စစ်....

သူမသည် သားကလေးတစ်ယောက်လောက် ထပ်လိုချင်ချင်နေသော်လည်း သူမ၏ ကျန်းမာရေး အခြေအနေက မကောင်း။

ထို့ပြင်....

တင်ပါးဆုံရိုး ကျဉ်းသဖြင့် ချစ်ချစ်ကိုပင် မွေးဆေးပေး၍ ညှပ်နှင့်ဆွဲပြီး မွေးခဲ့ရသည်ဟု ဆရာဝန်က ပြောခဲ့သည်။

'လာကြ၊ လာကြ၊ မောင်မျိုးခက် ပါမှပါပါ့မလားလို့ အန်တီက စိတ်ပူနေတာ၊ သမီးလေး ချစ်ချစ်ကော နေကောင်းတယ်နော်'

'ကောင်းပါတယ် မေမေ'

သူတို့တစ်တွေ ပြုံးရွှင်စွာ စကားပြောနေကြသည်။

ရော်ရော်နှင့် ကိုတင်မောင်ငွေတို့ နှစ်ယောက်က သူတို့နောက်က ရောက်လာကြသည်။

သူတို့ မျက်နှာကလေးတွေကလည်း ပြုံးကြည်လို့နေသည်။

'အိမ်လာလည်ပါရစေနော် ရော်ရော်'

'ရပါတယ်ရှင်၊ နှင်တော့မလွှတ်ပါဘူး၊ ဟော....ဟိုမှာ ရော်ရော့်မိဘတွေ လာကြိုနေကြတယ်၊ ခပ်ဝေးဝေးက ခွာလိုက်ရှင့်၊ သိပ်မကပ်နဲ့'

'ဟုတ်....ဟုတ်ကဲ့ ခင်ဗျ'





လေဆိပ်အဆောက်အအုံထဲမှ သူတို့တစ်တွေ ထွက်ခဲ့ကြသည်။

ဖင်မလီယာကားအနီကလေးကို နူနူချက်က မောင်းသည်။

သူမဘေးတွင် ကပ္ပတိန်ဘခက်။

မျိုးခက်နှင့် ချစ်ချစ်က နောက်ခန်းက။

'သတင်းစာထဲက ဖတ်ရတော့မှပဲ သမီးလေး ချစ်ချစ်နဲ့ မောင်မျိုးခက်တို့ဟာ ပုလဲကြီးတွေကို ရှာဖွေတွေ့ရှိပြီး သက်ဆိုင်ရာကို ပေးအပ်လှူဒါန်းတယ်ဆိုတာ အန်တီ သိရတော့တယ်ကွယ်'

'ဟုတ်ပါတယ် အန်တီ၊ အဲဒီလို တာဝန်သိသိ ပေးအပ်ခဲ့တဲ့ အတွက် နိုင်ငံတော်ကလဲ ကျွန်တော်တို့နှစ်ယောက်ကို ဆုကြေးငွေ တစ်သိန်းခွဲစီ ပြန်လည်ချီးမြှင့်ခဲ့ပါတယ် အန်တီ၊ ကျွန်တော်တော့ ဒါလောက်များတဲ့ငွေတွေကို ဘာလုပ်ရမှန်းတောင် မသိဘူး'

'ဟုတ်တယ် မေမေ၊ ဒီငွေတွေကို ချစ်ချစ်တို့ ဘာလုပ်ရင်ကောင်းမလဲဟင်'

'သုံးသင့်တာလဲ သုံးပေါ့ကွယ်၊ ကျန်တာတွေကို မိဘမဲ့ကျောင်းတို့၊ ဆေးရုံတို့ကို လှူလိုက်ကြတာပေါ့၊ မကောင်းဘူးလား မောင်'

'ဟာ.... သိပ်ကောင်းတာပေါ့၊ ဘယ့်နှယ်လဲ ချစ်ချစ်နဲ့ မောင်မျိုးခက်တို့ကကော'

'မေမေ့သဘောပါပဲ'

'မောင်မျိုးခက်ကကော'

'ကျွန်တော်လဲသဘောတူပါတယ် အန်တီရယ်၊ အခုအချိန်ကစပြီး ကျွန်တော့်ဘဝကို ဖေဖေ....အဲ အဲ....ဖေဖေနဲ့ မေမေတို့ကို လွှဲအပ်လိုက်ပါပြီဗျာ၊ ကျွန်တော် မလိမ္မာတာရှိရင်လဲ သားအရင်းလို ဆုံးမကြပါ'

မျိုးခက်သည် ဖေဖေ့ကိုယောင်၍ခေါ်မိသဖြင့် မထူးတော့သည့် အတူတူ မေမေဟု ဒေါ်နုနုချွတ်ကို ခေါ်လိုက်ရသည်။

'အေးပါကွယ်၊ တို့ကိုလဲ မောင်မျိုးခက်ရဲ့ မိဘအရင်းလို သဘောထားပေါ့၊ အန်တီတို့ကလဲ သားလို့ပဲ ခေါ်ပါ့မယ်၊ မကောင်းဘူးလား မောင်'

'ဟာ....သိပ်ကောင်းတာပေါ့၊ပြီးတော့ ချွတ်ချွတ်ကို ပြောရဦးမယ်၊ မောင်မျိုးခက်နဲ့ သမီးတို့ဟာ လူငယ်ချင်း မေတ္တာရှိနေကြတယ် ချွတ်ချွတ်ရဲ့'

'ဟာ.... ဖေဖေကလဲ၊ ဘာတွေ လျှောက်ပြောနေမှန်းမသိဘူး၊ ချစ်ချစ်ရှက်တာပေါ့လို့'

ချစ်ချစ် ခေါင်းကလေး ငုံ့သွားသည်။

မျက်နှာလေးကို မထားတတ်။

အဲသည်မျက်နှာလေးကို ကိုကို့ရင်ခွင်ထဲမှာပဲ ဝှက်ထားလိုက်ချင်သည်။

မျိုးခက်ကတော့ ချစ်ချစ်လက်ကလေးကို အသာဆုပ်ညှစ်ထားရင်း ဒေါ်နုနုချွတ်၏အမေးဖြေကို ရင်တမမဖြင့် စောင့်နေမိသည်။





ဘုရား....ဘုရား၊ ငါလို ပင်လယ်တံငါလေးနှင့် ချစ်ချစ်လို မိုးပေါ်က မချောကလေးကို သဘောမှတူပါ့မလား။

ပထမတော့ ဒေါ်နုနုချွတ်၏ မျက်နှာကလေးက တည်သွားသယောင် ရှိသည်။

နောက်တော့ ပြုံးသွားသည်။

'မေမေလဲ နည်းနည်းပါးပါးတော့ ရိပ်မိပါတယ်ကွယ်၊ သားနဲ့သမီးကို ပညာစုံရင် လက်ဆက်ပေးမှာပေါ့၊မကောင်းဘူးလား မောင်'

'ဟာ....သိပ်ကောင်းတာပေါ့ ချွတ်ချွတ်ရယ်'

ချွတ်ချွတ်က မောင့်ကို ကားမောင်းရင်း တံတောင်နှင့် တွက်လိုက်သည်။

သူ့ကို ဘာပဲ မေးလိုက် မေးလိုက် သိပ်ကောင်းတာပေါ့ချည်း ဖြေသည်။

အတော့်ကိုခက်တဲ့ မောင်ပဲ။

ချစ်ချစ်ကတော့ ခေါင်းကလေးငုံ့ပစ်ထားသည်။

သူမမျက်နှာလေးတွင်....

သူမရင်ထဲတွင်....

ဟုတ်တာပေါ့။

ချစ်ချစ် ရှစ်တာပေါ့၊ အဲ့....ရှက်တာပေါ့လို့။

ကိုကိုကတော့ ပြုံးလို့။

သူ့ကျောပြင်ကြီးကို တအုန်းအုန်းထုပစ်ဖို့ ကောင်းသည်။

မျိုးခက်သည် ဖေဖေနှင့်မေမေတို့၏စကားလေးကို တွေးဝဉ်းစားနေသည်။

မေမေက တစ်ခုခု ပြောပြီးတိုင်း ဖေဖေ့ကို မကောင်းဘူးလား မောင် ဟု မေးလေ့ရှိသည်။

သူလည်း မေးဦးမည်။

မကောင်းဘူလား ချစ်ချစ်လို့။

အဲသည်လိုဆိုရင် သူ့ 'မိုးပေါ်က မချော' ကလေးက ဘယ်လိုများ ဖြေလေမည် မသိ။

*



## အခန်း (၃၁)

လောကကြီးသည် မျှော်လင့်သလို ဖြစ်မလာသလို မမျှော်လင့် မတွေးဆခဲ့ကြဖူးကလေးတွေနှင့် တွေ့တတ် ကြုံတတ်ပါသည်။

အာကာသယာဉ်မှူး ယူရီဂါဂါရင်သည် ကမ္ဘာ့လူသားများ မတက်ရောက်နိုင်ဟု ယူဆထားသည့် ဆုံးစ မရှိသော အာကာသထဲသို့ တက်ရောက်နိုင်ခဲ့သလို....

ဆန့်ဖွပ်သည့် အဘိုးအိုနှင့် ဖိုးရွှေယုန်ကလေးတွေနေသည်ဟု ပုံပြင်ဆန်ခဲ့သည့် လမ္ဘာပေါ်သို့ မနုဿ လူသားတွေက ခြေချနိုင်ခဲ့သည်။

တစ်ချိန်က မမျှော်လင့်ခဲ့သည့် အရာကလေးတွေက ဖြစ်လာတတ်၏။

ကြည့်....

ခင်အိအိဝင်းလှဲဖြူသည် ပွဲထိုင်ထဘီ အသစ်စက်စက်ကို ဝတ်၍ အင်းလျားလိတ်မှ မင်္ဂလာဆောင်တစ်ခုကိုသွားသည်။

ပရိသတ်ဗိုလ်ပုံအလယ်တွင် ကြွကြွရွရွကလေး လျှောက်၍ ကုလားထိုင်ကို ညင်ညင်သာသာကလေး ထိုင်ချလိုက်၏။

'ဖြို'

ခါးပေါ်ရှိ ထဘီအသစ်စက်စက်က ဖြိုခနဲ တင်နှင့် ဟုပ်၍ နှစ်ခြမ်းကွဲထွက်သွားသည်။

တိုက်ဆွေးနှင့် မိခဲ့ပြီ ထင်သည်။

ညောင်ဦးက ကမ်းပါးပြိုဘာနှင့် စမ္ပာနဂိုရ်က နွားမ ပေါင်ကျိုးခြင်းသည် တစ်ခါတစ်ရံ ဆက်စပ်နေတတ်သလို....

တစ်ခါတစ်ရံ....

ဘယ်လိုမှ မထင်မှတ်၊ မဆက်စပ်၊ မတွေးခေါ်၊ မမျှော်လင့်ဘဲ ဖြစ်လာတတ်တာကလေးတွေလည်း အနမတဂ္ဂ ရှိကြသည်။

မြေငလျင်လှုပ်သည်။

အိမ်တွေပြို၍ လူတွေသေသည်။

အပျိုကလေးတစ်ယောက် တင်လှုပ်သည်။

လူပျိုလေးတစ်ယောက် ကားတိုက်၍ သေသည်။

ကားကလည်း ဘာရိတ်မမိ။

ကောင်ကလေးကလည်း ဘာရိတ်မမိ။

အဲဒါကို အပျိုလေး မသိ။





လောကကြီးသည် သူ့ဟာသူ ရိုးရိုးသားသားကလေးနေရင်း အင်မတန် ဆန်းကြယ်နေတတ်သည်။

မမျှော်လင့်သည့်ဖြစ်ရပ်ကလေးတွေသည် မထင်မှတ်သော အချိန်ကလေးတွေတွင် လောကကြီးပေါ်၌ ဖြစ်တတ် ရှိတတ်သည်ကို မည်သူမှ မငြင်းနိုင်။

၁၉၇၈–ခု၊ မတ်လ ၂၅–ရက်နေ့။

နံနက်....

ထိုနေ့နံနက်တွင် ချစ်ချစ်တို့ မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိနေကြသည်။

မေမေ့ကို မန္တလေးသို့ လိုက်ပို့ရန် ဖြစ်သည်။

ကပ္ပတိန်ဘခက်နှင့် မျိုးခက်တို့လည်း ပါ၏။

ချစ်ချစ်၏ ဘွားဘွား၊ ဘိုးဘိုးတို့သည် မန္တလေးတွင် အလှူကြီး ပေးသည်။

ရန်ကုန်ရှိ မိသားစုကို မန္တလေးသို့လာရန် စာနှင့် ဖိတ်ခေါ်သည်။

ကပ္ပတိန်ဘခက်ကလည်း တာဝန်တွေနှင့်မို့ မအား။

မျိုးခက်ကမော်လမြိုင်ကောလိပ်မှ မရင်းဘိုင်အိုလောဂျစ်ကွဲ ရခဲ့၍ စက်စဲသို့ လက်တွေ့ သင်တန်းသွားရတော့မည်။

ချစ်ချစ်ကလည်း ပုလဲနှင့် ငါးလုပ်ငန်း ဌာနတွင် တာဝန်ထမ်းဆောင်နေရသည်။

မန္တလေးကို ဒေါ်နုနုချွတ် တစ်ယောက်ပဲ သွားရတော့မည်။

မသွားလို့ကလည်း မဖြစ်။

မန္တလေး၌ ဒေါ်နုနုချွတ်၏ မိဘ၊ချစ်ချစ်၏အဘိုးအဘွား များသည် မစိုးရိမ် ကျောင်းတိုက်တွင် ဆွမ်းစားဆောင်ကြီး တစ်ဆောင် ဆောက်လုပ်၍ လှူဒါန်းသည်။

အလှူရေစက်ချရာတွင် သားသမီးမြေးမြစ်များပါဝင်စေ ချင်သည်မှာ လူကြီးတိုင်း၏ ဆန္ဒဖြစ်ပါသည်။

နုနုချွတ်ကတော့ ဝမ်းသာနေပါသည်။

မန္တလေးကအပြန်တွင် မောင်မျိုးခက်နှင့် ချစ်ချစ်ကို လက် ဆက်ပေးရန် စီစဉ်ထားပြီးဖြစ်သည်။

'ချွတ်ချွတ်၊ မန္တလေးရောက်ရင် အစားအသောက် ဂရု စိုက်နော်၊ စိတ်ထိခိုက်စရာတွေဆိုရင် ဘာမှမတွေးနဲ့၊ မစဉ်း စားနဲ့၊ ချွတ်ချွတ်မှာ အနီးမီးယားရှိတယ်ဆိုတာ သိတယ် မဟုတ်လား'

'ချွတ်ချွတ်အတွက် ဘာမှမပူပါနဲ့ မောင်ရယ်၊ မောင်သာ ညနေကျရင် ဟိုဟာတွေ သိပ်မများနဲ့ သိလား'

'ဘာလဲ'

'ဘရန်ဒီ'

'ရက်စ်၊ ရက်စ်.... စိတ်ချ ဒီးယား၊ မောင်ဖြတ်ထားပါ့ မယ်၊ ချွတ်ချွတ်ပြန်လာတဲ့အထိ စောင့်မယ်၊ ချွတ်ချွတ် ကိုယ် တိုင်ထည့်ပေးမှ'

နုနုချွတ် မျက်စောင်းထိုးသည်။





မျိုးခက်နှင့် ချစ်ချစ်တို့ မသိမသာ ပြုံးမိကြသည်။

ထိုအပြုံးထဲတွင် သူတို့ချင်းသာသိကြသည့် အပြုံးကလေး တွေလည်းပါသည်။

မေမေ ပြန်လာလျှင် သူတို့နှစ်ဦးအား လက်ထပ်ပေးရန် စီစဉ်ပြီး ဖြစ်သည်။

ပညာစုံပြီ။ ကြင်ရာကလေးသာ လိုတော့သည်။

ထိုအခိုက် ကပ္ပတိန်ဘခက်အနီးသို့ လေယာဉ်မှူး တစ်ဦး လျှောက်လာသည်။

'ဟလို.... ကိုဘခက်၊ ဒီနေ့ ခင်ဗျား ဘယ်ရှယ်ဂျူးကျ သလဲ'

'အား....ကပ္ပတိန်သန်းမောင်ရင်ပါလား၊ကျွန်တော် ဒီနေ့ ဆန်းဒိုးဝေး ကျောက်ဖြူ၊ အက်ကရပ်ဗျ၊ ဝယ်သာကတော့ သိပ်မကောင်းဘူး၊ ခင်ဗျားကော'

'ကျွန်တော် မကွေး၊ မန္တလေး၊ ဗန်းမော်၊ မြစ်ကြီးနား ပြီးတော့ Back. ကဲ...ကျွန်တော့်လေယာဉ် အဆင်သင့် ဖြစ် နေပြီ၊ သွားဦးမယ်ဗျာ'

'ကောင်းပြီ....ကပ္ပတိန် သန်းမောင်ရင်'

မကြာခင် မြေပြင်လေယာဉ်ညွှန်မယ်လေး ခင်စောဝင်း သည် အသံချဲ့စက်၏ မက်ကရိုဖုန်းခွက်ကိုကိုင်ရင်း ခရီးစဉ်ကို ကြေညာလိုက်သည်။

'ကျေးဇူးပြု၍ နားဆင်ကြပါရှင်၊ မကွေး၊ မန္တလေး၊ ဗန်းမော်နှင့် မြစ်ကြီးနားမြို့သို့လိုက်ပါကြမည့် ခရီးသည်များ

လေယာဉ်အမှတ် XY–ADK ပေါ်သို့ တက်ရောက်ကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်၊ ကျေးဇူးတင်ပါတယ်ရှင်'

'ဟော....မောင်၊ ချွတ်ချွတ်တို့ဖလိုက်ကို ခေါ်နေပြီ၊သွားမယ်နော်၊ သမီးလေးနဲ့ မောင်မျိုးခက်၊ မမေ သွားတော့မယ်ကွယ်'

သူမအသံက ဝမ်းနည်းသံပါနေသည်။

ဘာလို့မှန်းတော့ မသိ။

နုနုချွတ်သည် မောင့်လက်ကို အသာဆုပ်ညှစ် နှုတ်ဆက်လိုက်ပြီး စသင်းဘက်ကလေးကိုလွယ်၍ လေယာဉ်ရှိရာသို့ လျှောက်သွားသည်။

ကပ္ပတိန် ဘခက်၊ မျိုးခက်နှင့် ချစ်ချစ်တို့သည် လက်ကလေးပြ၍ လေယာဉ်ပေါ်ကိုတက်သွားသော နုနုချွတ်ကို နှုတ်ဆက်လိုက်ကြသည်။

XY–ADK အိတ်ဝိုင်–အေဒီကေ ဖော်ကာဖရင်းရှစ် လေယာဉ်သည် ရပ်ထားရာမှ ပြေးလမ်းထိပ်သို့ တရွေ့ရွေ့ထွက်ခွာသွားပါသည်။

ချစ်ချစ်တို့ ရပ်ကြည့်နေကြပါသည်။

ဖော်ကာလေယာဉ်သည် စက်ရှိန်မြှင့်၍ ပြေးလမ်း တစ်လျှောက်မှ အရှိန်နှင့် ပြေးထွက်သွားသည်။

လေယာဉ်တွင် တပ်ဆင်သော Roll–Royce ရိုးရွိုက်အမျိုးအစား အင်ဂျင်နှစ်လုံးသည် ဖော်ကာလေယာဉ်ကို ကောင်းကင်သို့ ဆွဲတင်သွားသော်လည်း....

မြူးပန်းတစ်ရာစာပေ



'အုန်း'

လေယာဉ်ကွင်းထိပ်ရှိ အနမ်းပင်နှင့်မင်္ဂလာဒုံရွာအကျော်တွင် လယ်ကွင်းထဲသို့ ထိုးကျပျက်စီးသွားလေပြီ။

'မေ....မေ'

ချစ်ချစ်သည် မေမေ့ကိုအော်ခေါ်ရင်း သွေးရူးသွေးတန်း ပြေးထွက်သည်။

'ချစ်ချစ်....သမီး'

'ညီမလေး....ချစ်ချစ်'

ကပ္ပတိန်ဘခက်နှင့် မျိုးခက်တို့က ချစ်ချစ်ကို ဆွဲခေါ်နှစ်သိမ့်ရသည်။ သို့သော်လည်း....

XY–ADK လေယာဉ်ထဲတွင် စီးနင်းလိုက်ပါသွားကြသောခရီးသည်များနှင့် လေယာဉ်အမှုထမ်းအားလုံး အသက်ဆုံးရှုံးခဲ့ကြသည်။

မေမေ သေရှာပါပြီ။

ချစ်ချစ်သည် ကိုကို့ ရင်ခွင်တွင် ရှိုက်၍ရှိုက်၍ ငိုနေရှာသည်။

'မငိုပါနဲ့ ချစ်ချစ်ရယ်၊ လူတွေဟာ တစ်နေ့မဟုတ်တစ်နေ့ နည်းအမျိုးမျိုးနဲ့ သေကြရမှာချည်းပါပဲ၊ မေမေရဲ့ ကံကြမ္မာလို့သာ ယူဆပြီး ချစ်ချစ်စိတ်ကို ဖြေပါကွယ်'

ကိုမျိုးက အားပေးသည်။

မြူးပန်းတစ်ရာစာပေ

ချစ်ချစ်သည် ကိုကို့မျက်နှာကို မျက်ရည်တွေကြားထဲမှ မော့ကြည့်ရင်း အားတင်းလိုက်ရပါသည်။

ထိုနေ့ကို ချစ်ချစ်မမေ့။

၁၉၇၀-ခု၊ မတ်လ ၂၅-ရက်နေ့။

*



အခန်း (၃၂)

ဝမ်းသာ ကြည်နူးခြင်း၊ ပူဆွေးစာမ်းတခြင်းများသည် အချိန်နှင့်အမျှ ပြောင်းလဲနေကြသည်။

လောကကြီးတစ်ခုလုံးသည် အချိန်နာရီနှင့်အမျှ ပြောင်းလဲနေသည်။

မပြောင်းလဲသော အရာ တစ်ခုသာ ရှိသည်။

ထိုအရာသည် ပြောင်းလဲခြင်းပင် ဖြစ်သည်။

စိန်လျှံ နှစ်ထပ် သင်္ဘောကလေးသည် ရန်ကုန်-မုတ္တမ မီးရထားမှ ခရီးသွားများကို တင်ဆောင်၍ မုတ္တမ မီးရထားတံတားမှ တရွေ့ရွေ့ ထွက်ခွာလာပါသည်။

စင်ရော်ကလေးများသည် သင်္ဘောအေးတွင် လူးလာခတ်မျှ ပျံဝဲရင်း ပါလာကြသည်။

'ချစ်ချစ်'

'ရှင်....ကိုကို'

'ဟိုမှာကြည့်စမ်း....မလှဘူးလားဟင်'

မျိုးခက်က ဝင်စပြုနေသော နေလုံးကြီးကို လက်ညှိုးထိုးပြသည်။

'လှတယ် ကိုကို....သိပ်လှတာပဲ၊ နေလုံးကြီး ဝင်သွားရင် ချစ်ချစ် ရင်ထဲမှာ တစ်မျိုးပဲ ကိုကိုရယ်'

'ဘယ်လိုတစ်မျိုးလဲဟင်'

'ဝမ်းနည်းသလိုလို....လွမ်းသလိုလိုပဲ'

'ချစ်ချစ်ရယ်၊ ကိုကိုနဲ့ ချစ်ချစ်တို့ဟာ ဝမ်းနည်းစရာတွေ၊ ကြေကွဲစရာတွေ မရှိတော့ပါဘူး၊ အားလုံး အားလုံးဟာ ပြီးခဲ့ပြီပဲ၊ ရှေ့လျှောက် သာယာကြည်နူးစရာကလေးတွေသာ ရှိတော့မှာပါ'

'ဟုတ်ပါတယ် ကိုကို၊ ချစ်ချစ်လဲ ဒီလိုပဲ မျှော်လင့်မိပါတယ်၊ ကိုကိုနဲ့သာ လက်တွဲနေရရင် ချစ်ချစ်ဘဝဟာ သာယာ နေမှာပါ'

စိန်လျှံ နှစ်ထပ်သင်္ဘောကလေးသည် မော်လမြိုင်တစ်ဖက်ကမ်းရှိ အမှတ် ၄-ဂျက်တီသို့ ဖြည်းညင်းစွာ ကပ်လိုက်သည်။

မျိုးခက်သည် ချစ်ချစ်၏ လက်ကလေးကိုဆွဲရင်း သင်္ဘောအောက်ထပ်သို့ ဆင်းခဲ့ပါသည်။

ထိုစဉ်တွင် မြင်လိုက်ရခြင်းပေါပဲ။

'ဟင်....'

'ဘာလဲ ကိုကို'

'ဦးပိန်....ဆလုံကြီး ဦးပိန်နဲ့ တူလိုက်တာ၊ လာ....ချစ်ချစ်၊ မြန်မြန်လာ'





မျိုးခက်နှင့် ချစ်ချစ်သည် ခရီးသည်များကြားမှ အတင်းတိုး၍ ဇော်ယာပေါ်သို့ တက်ခဲ့ကြ၏။

ဦးပိန် မရှိတော့။

'လာ....ချစ်ချစ်၊ မြန်မြန်လာ၊ တံတားပေါ်ကို တက်ရအောင်'

မျိုးခက်သည် ချစ်ချစ် လက်ကလေးကို ဆွဲ၍ သင်္ဘောတံတားပေါ်သို့ ပြေးတက်သည်။ ခရီးသည်တွေကို တိုးထွက်ပြီး လမ်းပေါ်သို့ အတက်တွင် ကားဘစ်စီးဘေးတွင် ရပ်နေသော ဦးပိန်ကို မြင်လိုက်ရသည်။

'ဦးပိန်....ဦးပိန်....အဘ'

'ဟာ....ငမန်းလေးပါလား'

'အဘ....မသေဘူးနော်'

'မသေလို့ တွေ့တာပေါ့ကွ၊ ဩော်....မင်းချစ်ချစ်ကလေးလဲ ပါလာသကိုး'

'ဟုတ်ပါတယ် အဘ၊ အခု ကျွန်တော်တို့ နှစ်ယောက် လက်ထပ်ပြီးကြပြီလေ၊ ဒါနဲ့ ကျွန်တော်တို့ အားလုံးဟာ အဘကို ရေနစ်သေပြီလို့ ထင်နေကြတာ'

'ဆလုံဟာ ဘယ်တော့မှ ရေနစ်မသေဘူးကွ၊ မင်းတို့ကို တွေ့ရတာ သိပ်ဝမ်းသာသကွာ၊ အခု ဘယ်သွားကြမှာလဲ'

'စက်စဲ၊ ကျွန်တော်က ပုလဲနဲ့ငါးလုပ်ငန်းမှာ လက်တွေ့သင်တန်းဆင်းဖို့ စက်စဲကို သွားရမယ်၊ ချစ်ချစ်က ခွင့်ယူပြီး ဟန်းနီးမွန်း လိုက်လာတာလေ'

'ဘာလဲဟ....ဟန်းနီးမွန်း'

'ပျားရည်ဆမ်း ခရီးပေါ့ဗျ၊ အဘကလဲ သိပ် အ တာပဲ၊ ကဲ....အခု အဘ ဘယ်မှာနေသလဲ'

'နိုင်းပရိုင်ရွာမှာ၊ ကျောက်တလုံးနားကလေ၊ မင်းတို့ ဒီည ငါ့အိမ်ကိုလိုက်ပြီး ပျားရည်ဆမ်းကြပါလား၊ ဟား.... ဟား....ဟား'

အဘိုးကြီးက ထုံးစံအတိုင်း တဟားဟားရယ်ရင်း ဖိတ်ခေါ်သည်။ ချစ်ချစ်ကတော့ ရှက်နေသည်။

သူတို့နှစ်ယောက် ရေပက်မဝင်အောင် ပြောနေကြသည်။

'ကဲ....ချစ်ချစ်၊ ကိုကိုတို့ မော်လမြိုင်မှာ မတည်းဘဲ အဘနဲ့ လိုက်သွားကြရအောင်၊ မကောင်းဘူးလား ချစ်ချစ်'

'ကောင်းသားပဲ ကိုကို၊ ကိုကို့ သဘောပေါ့'

မျိုးခက်သည် ဒတ်ဆန်းကားကလေးကိုငှား၍ ဦးပိန်နှင့် အတူ လိုက်ခဲ့သည်။

'အဘက ဘာဖြစ်လို့ ကျွဲကူးကို မပြန်တော့တာလဲ'

'အကြောင်းရှိလို့ပေါ့ကွာ၊ ငါတို့ အခု နိုင်းပရိုင်မှာ စိုက်ခင်း လုပ်နေကြတယ်ကွ၊ တို့ စိုက်ခင်းက သီးနှံတွေ အရမ်းထွက်တာပဲ၊ ခြံကလေးက သိပ်သာယာတယ်၊ အချိန်ရရင် ငါ့အိမ်မှာ တစ်ရက် နှစ်ရက် နေကြဦး၊ အေး....ငါ့အိမ်ရောက်ရင် မင်း ပြန်ချင်မှာ မဟုတ်ပါဘူးကွာ'

'အခြေအနေအရပေါ့ အဘရာ၊ ကျွန်တော်လဲ သုံးလေးရက်တော့ အချိန်ရပါတယ်၊ မကောင်းဘူးလား ချစ်ချစ်'

'ကောင်းသားပဲ ကိုကို'





ဒတ်ဆန်း ကားပြာကလေးသည် စမ်းကြီးကို ကျော်လာသည်။

ရွှေနတ်တောင်ကို ဖြတ်လာသည်။

'ဒီနေ့ ငါ မဒမကို သွားမိတာ သိပ်ကောင်းသတော့၊ မင်းနဲ့ တွေ့ချင်နေတာ ကြာပကော'

'ကျွန်တော်ကလဲ သိပ်တွေ့ချင်ပါတယ် အဘရာ၊အားလုံးက အဘသေပြီလို့ ထင်နေကြတာ'

'ငါမသေဘူး ရေကူးတတ်တယ်'

'အဘ'

'ဟေ'

'အဘ နားပြန်ကြားနေပြီနော်'

'ဟ....ငါက အစကတည်းက အကန်းမှ မဟုတ်ဘဲ'

'ဗျာ....'

'ဦးစောဒီနဲ့တွေ့မှ ကန်းချင်ယောင် ဆောင်နေတာကွ၊ ဒီလူကြီးက ယုတ်မာတတ်တယ်ဆိုတာ ငါက သိပြီးသား၊ ဒါကြောင့် ကန်းချင်ယောင် ဆောင်ပြီး သူတို့စကားတွေကို နားထောင်နေတာကွ၊ ဒါကြောင့်လဲ ငါမသေခဲ့တာ'

'ဗျာ....'

'ဒီလိုကွာ၊ မင်းတို့ကို ကျွန်းနံ့သာမှာထားခဲ့ပြီး ဦးစောဒီက ငါ့ကို မုတ်ငုပ်ဖို့ ခေါ်သွားတယ်၊မုတ်လဲငုပ်ပြီးရော သူက ငါ့ကို သတ်မလို့ သူ့တပည့်တွေ အမိန့်ပေးထားပြီးပြီကွ၊ ငါက သူတို့ကိုပြန်ချပြီး ရေငုပ်ထွက်ပြေးတာပေါ့'

'အဘကိုတော့ ချီးကျူးပါတယ်ဗျာ'

'ငါလဲ ပင်လယ်ကို ပိုက်ချထွက်လာတဲ့ တံငါလှေတစ်စင်းနဲ့ တွေ့လို့ပေါ့'

သူတို့နှစ်ယောက် စကားပြောရင်း ပါလာကြသည်။

မျိုးခက်က သူတို့ လွတ်မြောက် လာကြပုံနှင့် ဦးစောဒီ အကြောင်းကို ဆလုံကြီးအား ပြောပြသည်။

'အေး....လောကကြီးမှာ မကောင်းမှုကို လုပ်တဲ့သူဟာ မကောင်းသော သေခြင်းနဲ့ သေကြရတာ ဓမ္မတာပဲကွ'

ညဥ့်သည် မှောင်ပြီ။

လရောင်ကလေးတွေကတော့ လင်းသည်။

ဒတ်ဆန်းကားကလေးသည်....

ခရွန်း၊ သာယာကုန်း၊ မြိုင်ကုန်း၊ တာပသွန်၊ကော့ခိုက်၊ ကွေ့ဝမ်းတို့ကို ကျော်လာသည်။

'ဟော့....အဲဒီရှေ့က မြေနီလမ်းကလေးကနေ ညာဘက်ကို ချိုးဝင်လိုက်ပေါ့'

ဆလုံကြီးက ရှေ့ခန်းက ဒရိုင်ဘာကို အော်ပြောသည်။

နိုင်းမြိုင်ရွာ။

တချို့က နိုင်းပရိုင်ဟု ခေါ်ကြပါသည်။

ကားငယ်လေးသည် မေမြို့ပန်းများ၊ မုန်လာဥများ၊ ဂေါ်ဖီပန်းများ စိုက်ထားသော ခြံကလေးရှေ့တွင် ရပ်သွားသည်။

သပ်သပ်ရပ်ရပ် အိမ်ကလေးတစ်လုံးကို တွေ့ရသည်။

အိမ်ပေါ်မှ ရက်ကန်းခတ်သံသဲ့သဲ့ ကြားရသည်။

'ကဲ....ဆင်းကြ....ဆင်းကြ၊ အဘ ပစ္စည်းတွေ သယ်ခဲ့မယ်'





မျိုးခက်က အရင်ဆင်းသည်။

ချစ်ချစ်ခါးကလေးကို ပွေ့မ၍ အောက်သို့ချသည်။

ချစ်ကိုကိုလေးနှင့် ချစ်ညီမလေးတို့ မင်္ဂလာဦး ညတလေးက စောင့်ကြိုနေပါသည်။

ရက်ကန်းခတ်သံကလေးက သာယာလှပါသည်။

မျိုးခက်သည် ချစ်ချစ်လက်ကလေးကိုဆွဲ၍ အိမ်ကလေးဘေးသို့ လျှောက်သွားပါသည်။

ချစ်ချစ် မျက်နှာကလေးက လရောင်တွင် ဝင်းပနေသည်။

ဝင်းပနေသည့် မျက်နှာကလေးတစ်ခုကို ရက်ကန်းစင်ဘေးတွင် မျိုးခက် မြင်လိုက်ရလေသည်။

'ဟင်....မေမေ'

'သား....မောင်မျိုးခက်'

*

## အခန်း (၃၃)

'မဆွေ....မဆွေ'

ပန်းခင်းကလေးတွေ ကြားထဲမှ ပန်းကလေးတွေကို ပွေ့ထားသော ပန်းကလေးလို လှနေသည့် မဆွေ၏ မျက်နှာကလေးကို မြင်လိုက်ရသည်။

'ဟင်....ကို....ကိုဘခက်'

'မဆွေ'

သူတို့နှစ်ယောက်သည် အကြာကြီး တစ်ယောက်နှင့် တစ်ယောက် ကြည့်နေမိကြသည်။

တင်မျိုးဆွေ၏လက်ထဲမှ ပန်းခက်ကလေးတွေ လွတ်ကျသွားသည်။

သူတို့နှစ်ယောက် ဟန်မဆောင်နိုင်ကြတော့ဘဲ ပြေးပွေ့မိကြသည်။





ချစ်နှလုံးသားကလေးတွေ ထိကပ်မိကြသည်။

တစ်ယောက်နှင့် တစ်ယောက် လွတ်ထွက်သွားမည်ကဲ့သို့ ဖက်ပွေ့ထားမိကြသည်။

လောက၏ လှည့်စားမှု အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ကြရသော ချစ်သူနှစ်ဦးတို့ ရင်ချင်းအပ်မိကြပါပြီ။

'ကို....ကိုဘခက်'

'မဆွေ'

'မဆွေရှိနေမှန်း ဘယ်လိုသိသလဲဟင်'

'သားနဲ့သမီးက ချက်ချင်း ကြေးနန်းရိုက်လိုက်လို့ ချစ်မယားလေးဆီကို အပြေးအလွှား ပေါက်ချလာရတာပေါ့၊ ကိုယ်တို့အားလုံးကတော့ မဆွေကို....'

'သေပြီလို့ထင်ကြတာပေါ့ ဟုတ်လား၊ အဲသလိုထင်အောင်လဲ မဆွေဟာ ကျွန်းနံ့သာက ကျောက်ဆောင်တစ်ခုကြားမှာ ပုန်းနေခဲ့ပါတယ် ကိုဘခက်ရယ်၊ သားကလေးဟာ သူ့အဖေကို သူသိပြီး အားလုံး ပျော်ပျော်ရွှင်ရွှင် ဖြစ်ကြရမယ့် အချိန်မှာ မဆွေ မရှိတာ အကောင်းဆုံးပဲ မဟုတ်လား'

'မဆွေရယ်....ကိုယ်တို့အားလုံးက မဆွေ ကျည်ဆန်မှန်ပြီး ရေထဲကျ သေသွားတယ်လို့ ထင်ထားကြတာ'

'ဟုတ်တယ် ကိုဘခက်၊ ကံကြမ္မာများ သိပ်ဆန်းကြယ်တာပဲ၊ မဆွေ ကျည်ဆန်မမှန်ပါဘူး၊ ဘုတ်ပေါ်ကလွင့်ပြီး ကျကျန်

ခဲ့တာပါ၊ ကိုဘခက်တို့ပြန်သွားမှ ဦးပိန်ဟာ တံငါလှေကလေးနဲ့ ရောက်လာပြီး မဆွေကို တွေ့သွားခဲ့တယ်လေ၊ မဆွေလဲ ဘဝကိုမြှုပ်နှံပြီး နေခဲ့တာ၊ သားကလေး မော်လမြိုင်ကောလိပ်မှာ ကျောင်းတက်နေတယ်ဆိုတာ သိတာတောင် သွားမတွေ့ခဲ့ပါဘူး ကိုဘခက်ရယ်၊ ချွတ်ချွတ်တို့ ကိုဘခက်တို့နဲ့ သားနဲ့သမီးအတွက် မဆွေဘဝကို မြှုပ်နှံနေတာ အကောင်းဆုံးလို့ မဆွေ ဆုံးဖြတ်ထားလိုက်တယ်လေ'

'ဒါပေမယ့် မဆွေရယ်၊ ချွတ်ချွတ် ခမျာမှာတော့ ကံမကောင်းရှာပါဘူးကွယ်'

'မဆွေသိပါတယ် ကိုဘခက်ရယ်၊ မဆွေ တစ်ခါတုန်းက ပြောခဲ့ဖူးတယ် မဟုတ်လား၊ မဆွေတို့ အဖြစ်အပျက်ဟာ ရုပ်ရှင်တွေ ဝတ္ထုတွေထဲကလို တစ်ဦးနဲ့ ပေါင်းရဖို့အတွက် တစ်ယောက်က သေပေးလို့ မရပါဘူးလို့၊ ဒါပေမယ့် မဆွေ ပြောခဲ့တဲ့အတိုင်း ချွတ်ချွတ်ခမျာမှာ မထင်မှတ် မမျှော်လင့်ဘဲ သေဆုံးရတဲ့အတွက် မဆွေ သိပ်ပြီး ဝမ်းနည်းခဲ့ရပါတယ် ကိုဘခက်ရယ်'

'ဟင်....ဒါဖြင့် ချွတ်ချွတ်ဆုံးတာကို မဆွေ သိတယ်ပေါ့'

'သိပါတယ် ကိုဘခက်ရယ်၊ မဆွေ သတင်းစာထဲမှာ ဖတ်ရပါတယ်၊ ဒါပေမယ့် မဆွေ နိမိတ်ဖတ်ခဲ့သလို ဖြစ်လာမှာစိုးလို့ မဆွေဘဝကို ဦးပိန်နဲ့အတူ စိုက်ပျိုးရေးကလေးလုပ်၊ ရက်ကန်းကလေးခတ်ပြီး ဆက်လက်ပုန်းရှောင်နေတော့မယ်လို့ ဆုံးဖြတ်ပြီး နေတုန်းမှာ သားနဲ့သမီးက....'





'မဆွေ'

'ရှင်....'

'အခုကော ရှောင်ပုန်းနေဦးမှာလားဟင်'

'အင်....'

'ပြောလေ'

'အင်း'

'ကဲ....ဒါဖြင့် လွတ်အောင်ပြေးစမ်း'

'အရှမ်းမဖက်နဲ့ကွယ်၊ လူတွေမြင်ကုန်လိမ့်မယ်'

'မြင်....မြင်'

'အင်....ကိုဘခက်ကလဲ၊ အခုအထိ ကလေးဆိုးကြီးလိုပဲ၊ ဖယ်ဦးလို့ဆိုနေ၊ တော်ကြာ သားနဲ့သမီးပြန်လာရင်'

'သူတို့ ဘယ်သွားကြသလဲဟင်'

'အဘပိန်နဲ့အတူ ကျောက်တစ်လုံးတောင်ကို ဘုရားဖူးသွားကြတယ်၊ ကဲ....ဖယ်ကွယ်၊ အိမ်ပေါ်တက်ပြီး စကားပြောကြရအောင်'

'အင်း....အင်း....ကောင်းတယ်'

'ဘာကောင်းတာလဲ'

'ဪ....အေးအေးဆေးဆေး စကားပြောကြရအောင် အိမ်ပေါ်တက်ကြရင် ကောင်းမယ်လို့'

'ကို....နော်....ဟွန်း'

ရွှန်းပသည့်အပြုံးကလေးတွေ....
ချစ်တာတွေ၊ မေတ္တာတွေ....
ကမ္ဘာအသခေါ်ဝေးနေသော်လည်း....

မေတ္တာစစ် မေတ္တာမှန်ကလေးတွေမှာ နေရာကလေးတွေ ရှိနေပါသည်။

သစ္စာရှင်တွေအတွက် လောကကြီးက လှပသော နေရာကလေးတွေ....

လှပသည့် အချိန်ကလေးတွေ၊ လှပသည့် အချစ်ကလေးတွေ ပေးတတ်ပါသည်။

'ချစ်'

'ရှင်....ကိုကို'

'တောင်ပေါ်တက်ခဲ့ရတာ မညောင်းဘူးလားဟင်'

'ညောင်းတာပေါ့လို့၊ ပေါင်တွေကို တောင့်နေတာပဲ'

'အတော်ပဲ....အိမ်ကျရင် ကိုကိုနှိပ်ပေးမယ်'

'သွား....သူများ ငရဲကြီးမှာပေါ့'

'ကြီးပါစေ၊ ဘယ်လောက်ကြီးကြီး နှိပ်မှာပဲ၊ ဟော....'

'ဘာလဲ ကိုကိုရယ်'

'ဟိုမယ်....ကြည့်စမ်း'

'ဟင်....ဖေဖေနဲ့ မေမေပါလား'

'လာ....လာ၊ ကိုကိုတို့ကို မမြင်စေနဲ့၊ ကိုကိုနဲ့ချစ်က ဟို ဘက်က ပန်းခင်းကလေးထဲမှာ သစ္စာပန်း ကလေးတွေ





သွားခူးပြီး ဖေဖေနဲ့ မေမေ့ကို လက်ဆောင်ပေးရအောင်၊ မကောင်းဘူးလား ချစ်'

'ကောင်းတယ် ကိုကို၊ ဟာ....ကိုကိုကလဲ'

အသည်းကလေးတွေ တုန်သွားသည်။

ရင်ကလေးတွေ သိမ့်သွားသည်။

ရွှင်ကြည်လန်းသည့် အချစ်ပန်း ကလေးတွေ
ကမ္ဘာမြေအနှံ့ ပွင့်ကြပါစေ။

ဆွေလှိုင်ဦး